စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း

## အစီရင်ခံစာ





Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

# ကျေးဇူးတင်လွှာ

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ယူကေ အခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ် အခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင်ဖွဲ့စည်းကာ ရန်ကုန်တွင် အခြေစိုက်ဖွင့်လှစ်ထားသည်။ ရန်ပုံငွေများကို ပြည်ပအစိုးရ အလှူရှင်များမှ ထောက်ပံ့ပေးထားသည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများ ပေါ်ပေါက်လာစေရန် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်သည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတကာစံသတ်မှတ်နှုန်းများကို အခြေခံ၍ လူမှုရေးတာဝန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာပြည်သူ၊ ပြည်သားများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းအား လုပ်ဆောင်ခြင်းကို ဆိုလိုသည်။

**မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ Institute for Human Rights and Business (IHRB) နှင့် Danish Institute for Human Rights (DIHR) တို့၏ မူပိုင်ဖြစ်ပါသည်။ ဩဂုတ်လ ၂၀၁၄**

MCRB၊ IHRB နှင့် DIHR တို့က ထုတ်ဝေသည်။

မူပိုင်ခွင့်-အစီရင်ခံစာတွင်ပါရှိသည့် အကြောင်းအရာများကို လွတ်လွပ်စွာထုတ်နုတ်၊ ကူးယူအသုံးပြုရန် MCRB၊ IHRB နှင့် DIHR တို့က ခွင့်ပြုထားသည်။ အစီရင်ခံစာကို ရယူရန်အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချုပ်သို့ ဆက်သွယ်နိုင်သည်။ အစီရင်ခံစာအား ပြန်လည်ထုတ်ဝေခြင်းနှင့် ဘာသာပြန်ခြင်းအတွက် MCRB၊ IHRB နှင့် DIHR ၏ ခွင့်ပြုချက်ကို ရယူပါ။

**Myanmar Centre for Responsible Business**
15 Shan Yeiktha Street
Sanchaung, Yangon, Myanmar
Email: info@myanmar-responsiblebusiness.org
Web: www.myanmar-responsiblebusiness.org
or www.mcrb.org.mm

**Institute for Human Rights and Business (IHRB)**
34b York Way
London, N1 9AB
United Kingdom
Email: info@ihrb.org
Web: www.ihrb.org

**Danish Institute for Human Rights (DIHR)**
Wilders Plads 8K
1403 Copenhagen K
Email: info@humanrights.dk
Web: www.humanrights.dk

Myanmar Centre for Responsible Business

Institute for Human Rights and Business

THE DANISH INSTITUTE FOR HUMAN RIGHTS

MCRB ကို အဓိက ရန်ပုံငွေထောက်ပံ့ပေးသည့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ဒိန်းမတ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် ယူကေ အစိုးရတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ သီးသန့်အနေဖြင့် General Electric Foundation အားလည်း ယခုလုပ်ငန်းများအတွက် ထောက်ပံ့ပေးသည့်အတွက် IHRB က အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကွင်းဆင်းစစ်တမ်းကောက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသော မြန်မာပြည်တစ်ဝှမ်းမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ၂၀၁၄-ခုနှစ်၊ မတ်လနှင့်ဧပြီလတွင် ပြုလုပ်ခဲ့သည့် SWIA အစီရင်ခံစာ မူကြမ်းဆွေးနွေးညှိနှိုင်းပွဲတွင် ပါဝင်အားဖြည့်ပေးခဲ့ကြသော အဖွဲ့ အစည်းများနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးခဲ့ကြသည့် ပြည်ထောင်စုအစိုးရ၊ မကွေးတိုင်း ဒေသကြီးအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရတို့အား ကျေးဇူးအထူးတင် ရှိပါကြောင်း ဖော်ပြလိုပါသည်။

UKaid
from the British people

NORWEGIAN MINISTRY OF FOREIGN AFFAIRS

DANIDA

Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha

Government of the Netherlands

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Federal Department of Foreign Affairs FDFA

ပဋိပက္ခအား ဘက်ပေါင်းစုံမှ ရှုမြင်မှု (Conflict Dimensions) မူကြမ်းအတွက် ထောက်ပံ့ကူညီမှုနှင့် ထောက်ခံအကြံပြုချက်များအတွက် Peace Nexus Foundation နှင့် Dr Richard Horsey တို့အား အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ ရေးသားသူများဖြစ်ကြသော IHRB မှ Margaret Wachenfeld, Donna Guest နှင့် Haley St. Dennis၊ MCRB မှVicky Bowman နှင့် သီသီသိမ်း၊ ထောက်ပံ့ကူညီပေးခဲ့ကြသော DIHR မှ Allan Jorgensen ၊ Frank Seier၊ Tulika Bansal နှင့် Elin Wrzoncki တို့နှင့် MCRB ၏ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ကွင်းဆင်းသုတေသနအဖွဲ့ဝင်များ ဖြစ်ကြသော သုတေသနမှူး အောင်ကျော်စိုးနှင့် သုတေသီများဖြစ်ကြသော ကျော်သူရ၊ ခင်မို့မို့မြင့်၊ စန္ဒာချိုဦး၊ လှိုင်မင်းဦး၊ သက်နိုင်ဦးနှင့် ဥမ္မာဆွေ၊ သုတေသနအတွက် နောက်ခံစာတမ်း (Background Papers) များအား ကူညီဆောင်ရွက်ပေးခဲ့ကြသော Delphia Lim ၊ Ross Wilson နှင့် Chandler Vandergrift တို့အား အထူးပင် အသိအမှတ်ပြု ကျေးဇူးတင် ရှိပါကြောင်းဖော်ပြလိုပါသည်။

# အသိပေးချက်

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အပြီးသတ်အစီရင်ခံစာကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။ ထိုအပြီးသတ်အစီရင်ခံစာထဲမှ အကြံပြုချက်များနှင့် အရေးကြီးသည့်အပိုင်းအချို့အား ထုတ်နှုတ်၍ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

| မာတိကာ | ဘာသာပြန်ဆိုထားသည်/မပြန်ဆိုထားပါ။ |
|---|---|
| အပိုင်း (၁) နိဒါန်း | **ဘာသာ မပြန်ဆိုထားပါ** |
| အပိုင်း (၂) နိုင်ငံတော်အစိုးရ၏ ဖွဲ့စည်းတည်ရှိပုံနှင့် ဥပဒေမူဘောင် | **ဘာသာ မပြန်ဆိုထားပါ** |
| အပိုင်း (၃) ကဏ္ဍအဆင့်သက်ရောက်မှုများ | **ဘာသာ မပြန်ဆိုထားပါ** |
| အပိုင်း (၄) စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ | |
| အပိုင်း (၄.၁) စီမံချက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများ။ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၂) ရပ်ရွာလူထု | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၃) မြေယာ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၄) အလုပ်သမား | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၅) လူမျိုးစု လူနည်းစုအုပ်စုများ၊ တိုင်းရင်းသားလူမျိုးများ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၆) အန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၇) လုံခြုံရေး | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၄.၈) သဘာဝပတ်ဝန်းကျင် | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၅) ဆက်စပ်သက်ရောက်မှုအဆင့် အကျိုးသက်ရောက်မှုများ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၆) ဒေသအလိုက် ပဋိပက္ခများအား ခွဲခြမ်းစိတ်ဖြာခြင်း။<br>အပိုင်း (၆.၁) ရခိုင်ပြည်နယ်<br>အပိုင်း (၆.၂) တနင်္သာရီတိုင်း | **ဘာသာ မပြန်ဆိုထားပါ** |
| အပိုင်း (၇) ထောက်ခံအကြံပြုချက်များ | |
| အပိုင်း (၇.၁) နိုင်ငံတော်အစိုးရသို့ အကြံပြုချက်များ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၇.၂) ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍတွင် ဆောင်ရွက်လုပ်ကိုင်နေသော ကုမ္ပဏီများအတွက် ထောက်ခံအကြံပြုချက်များ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၇.၃) အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် ထောက်ခံအကြံပြုချက်များ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၇.၄) ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများအတွက် ထောက်ခံအကြံပြုချက်များ။ | ဘာသာပြန် ဆိုထားပါသည် |
| အပိုင်း (၇.၅) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ထောက်ခံအကြံပြုချက်များ | ဘာသာပြန် ဆိုထားပါသည် |

| **မာတိကာ** | **ဘာသာပြန်ဆိုထားသည်/မပြန်ဆိုထားပါ။** |
|---|---|
| အပိုင်း (၇.၆) ဆက်စပ်သက်ရောက်မှုများနှင့် ပတ်သက်၍ ထောက်ခံအကြံပြုချက်များ | ဘာသာပြန် ဆိုထားပါသည် |
| ထောက်ခံအကြံပြုချက်များဆိုင်ရာ အညွှန်းကိုးကားချက်များ- Model Production Sharing Contracts အား ပြောင်းလဲပြင်ဆင်ရန် | **ဘာသာ မပြန်ဆိုထားပါ** |
| အညွှန်းကိုးကားချက်များ (က) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ စနစ်တကျ ဆောင်ရွက်ပုံနည်းအဆင့်ဆင့်နှင့် ဆက်စပ်သော နောက်ဆက်တွဲသတင်းအချက်အလက်များ | **ဘာသာ မပြန်ဆိုထားပါ** |
| အညွှန်းကိုးကားချက်များ (ခ) မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများ၊ လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများ | **ဘာသာ မပြန်ဆိုထားပါ** |

# မာတိကာ


အပိုင်း (၄) စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

| | | |
|---|---|---|
| အပိုင်း (၄.၁) | စီမံချက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများ အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများ။ | ၁ |
| အပိုင်း (၄.၂) | ရပ်ရွာလူထု | ၁၅ |
| အပိုင်း (၄.၃) | မြေယာ | ၃၁ |
| အပိုင်း (၄.၄) | အလုပ်သမား | ၄၉ |
| အပိုင်း (၄.၅) | လူမျိုးစု လူနည်းစုအုပ်စုများ / တိုင်းရင်းသားလူမျိုးများ | ၆၅ |
| အပိုင်း (၄.၆) | အန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများ | ၇၇ |
| အပိုင်း(၄.၇) | လုံခြုံရေး | ၈၉ |
| အပိုင်း (၄.၈) | သဘာဝပတ်ဝန်းကျင် | ၉၉ |

အပိုင်း (၅) ဆက်စပ်သက်ရောက်မှုအဆင့်အကျိုးသက်ရောက်မှုများ ၁၁၃

အပိုင်း (၇) ထောက်ခံအကြံပြုချက်များ ၁၂၁

| | | |
|---|---|---|
| အပိုင်း (၇.၁) | နိုင်ငံတော်အစိုးရသို့ အကြံပြုချက်များ | ၁၂၃ |
| အပိုင်း (၇.၂) | ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍတွင် ဆောင်ရွက်လုပ်ကိုင်နေသော ကုမ္ပဏီများအတွက် ထောက်ခံအကြံပြုချက်များ | ၁၃၃ |
| အပိုင်း (၇.၃) | အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် ထောက်ခံအကြံပြုချက်များ | ၁၄၅ |
| အပိုင်း (၇.၄) | ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများအတွက် ထောက်ခံအကြံပြုချက်များ | ၁၄၇ |
| အပိုင်း (၇.၅) | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ထောက်ခံအကြံပြုချက်များ | ၁၅၁ |
| အပိုင်း (၇.၆) | ဆက်စပ်သက်ရောက်မှုများနှင့် ပတ်သက်၍ ထောက်ခံအကြံပြုချက်များ ထောက်ခံအကြံပြုချက်များဆိုင်ရာ အညွှန်းကိုးကားချက်များ- Model Production Sharing Contracts အား ပြောင်းလဲပြင်ဆင်ရန်” | ၁၅၃ |




စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# စီမံကိန်းဆိုင်ရာပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများ

# ၄

၄.၁

အပိုင်း - ၄.၁

# စီမံကိန်းဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများ

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ
(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ
(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

မြန်မာနိုင်ငံတွင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍနှင့်ပတ်သက်ဆက်နွှယ်နေသောသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းကိစ္စမှာ အကြောင်းအမျိုးမျိုးများကြောင့် အလွန်ခက်ခဲရှုပ်ထွေးသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံသားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် နှစ်ပေါင်းငါးဆယ်မျှ အတင်းအကြပ် ဖိနှိပ်ချုပ်ချယ်ခံခဲ့ရပြီး မကြာသေးမီကာလများမှသာ ရရှိလာခဲ့သော အခွင့်အရေးလည်းဖြစ်ပါသည်။ အကျိုးဆက်အနေနှင့် များစွာသောသူတို့သည် အထူးသဖြင့် အစိုးရ၊ သို့မဟုတ် စစ်တပ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုရန် ဝန်လေးလျက်ရှိသည့်အပြင် ကြောက်ရွံ့လျက်ပင် ရှိနေပါသည်။ ၎င်းအခြေအနေသည် စတင်ပြောင်းလဲရမည့် ကိစ္စရပ်ဖြစ်သည်။ အစိုးရသည် သမိုင်းအစဉ်အလာအရ လုပ်ငန်းကုမ္ပဏီများနှင့် ဒေသခံပြည်သူများအကြား ကြားခံအဖြစ်တည်ရှိနေခဲ့ပြီး ဤအစဉ်အလာအားပြောင်းလဲရန် အချိန်ယူပြုလုပ်ရမည် ဖြစ်ပါသည်။ ကွဲပြားခြားနားသော တိုင်းရင်းသားမျိုးနွယ်စုများ၊ စစ်ရေးပဋိပက္ခများနှင့် လူမျိုးရေးပဋိပက္ခများကြောင့် အခြားနိုင်ငံမှသူများ သိရှိနားလည်ရန် ခက်ခဲမည့် မတူညီသော ရှုထောင့်အမျိုးမျိုးကို ဖြစ်ပေါ်စေပါသည်။

### လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်

၂၀၁၁-ခုနှစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ချိန်မှစ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ သိသိသာသာ တိုးတက်ရရှိလာပြီး သတင်းမီဒီယာအပေါ် ကန့်သတ်ချက်များ ဖြေလျှော့ခြင်း၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်များလည်း ပါဝင်သည်။ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထုတ်ဖော်ပြောဆိုခွင့်ကို ခွင့်ပြုထားသော်လည်း ကန့်သတ်မှုများလည်း ပါရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄) အရ "ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေခြင်းမဖြစ်ပါက" လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စည်းရုံးခွင့်ကို ခွင့်ပြုသည်ဟုပါရှိသည်။ ၎င်းဖော်ပြချက်သည် အလွန်ကျယ်ပြန့်သော အဓိပ္ပာယ်ဆောင်နေပြီး ဖော်ပြပါအခွင့်အရေးကို ချိုးဖောက်နိုင်မည့်အခြေအနေ ရောက်ရှိရန် အလွန်လွယ်ကူမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအခွင့်အရေးများကို လွန်စွာဟန့်တားပိတ်ပင်သော ဥပဒေများလည်း ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အုပ်ချုပ်ရေး တာဝန်ရှိသူများအနေနှင့် ငြိမ်းချမ်းစွာစုဝေး၊ ဆန္ဒထုတ်ဖော်သူများအား ဖမ်းဆီးအကျဉ်းချနိုင်ရန်အတွက် ထိုတည်ဆဲဥပဒေများကို ဆက်လက်အသုံးပြုလျက်ရှိပါသည်။ ထိုတည်ဆဲဥပဒေများမှ အချို့မှာ ၁၉၀၈-ခုနှစ် တရားမဝင် အသင်းအဖွဲ့ဥပဒေ၊ ၁၉၅၀-ခုနှစ် အရေးပေါ်အက်ဥပဒေ၊ ၁၉၇၅-ခုနှစ် နိုင်ငံတော်ကာကွယ်ရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅-(ခ) ကဲ့သို့သော မြောက်များလှသည့် ဥပဒေပုဒ်မများပင် ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများစွာ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြသော်လည်း အများစုမှာ သံတိုင်များနောက်တွင် ဆက်လက်ကျန်ရှိနေပြီး ဖော်ပြပါဥပဒေများနှင့် အခြားဥပဒေများအရ ထပ်မံဖမ်းဆီးအကျဉ်းချနိုင်သည့် အခြေအနေများလည်း ရှိနေဆဲဖြစ်သည်။ ယခုတိုင် ဆက်လက်ထိန်းသိမ်းခံထားရသူများမှ အများစုမှာ မြေယာပိုင်ဆိုင်မှုဆိုင်ရာ တက်ကြွလှုပ်ရှားသူများဖြစ်ပြီး အထူးသဖြင့် အဓမ္မမြေသိမ်းခံရမှုအတွက် ဆန့်ကျင်လှုပ်ရှားခဲ့ကြသော

လယ်သမားများဖြစ်ကြသည်။

၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်သည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒပြနိုင်ခွင့်ဥပဒေကို ပြဌာန်းပေးခဲ့ရာမှ ဆယ်စုနှစ်များစွာအတွင်း ပထမဦးဆုံး ငြိမ်းချမ်းစွာစုဝေးနိုင်ခွင့်ကို ခွင့်ပြုခဲ့ပါသည်။ သို့ပါသော်လည်း လူတစ်ဦး ထက်ပိုသော စုဝေးခြင်း၊ ချီတက်ဆန္ဒပြခြင်းတို့အတွက် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် လိုအပ်ပြီး (သက်ဆိုင်ရာ မြို့နယ် ရဲစခန်း၏ ခွင့်ပြုချက်ရယူရန်ဖြစ်ပြီး) ၎င်းခွင့်ပြုမိန့်တောင်းခံနိုင်ရန် လိုအပ်ချက်များမှာ များစွာခက်ခဲလျက်ရှိပါသည်။ ထို့အပြင် ပုဒ်မ(၁၈)သည် ပြုပြင်ပြောင်းလဲရေးအတွက် တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ပစ်မှတ်အဖြစ်ထားပြီး ၎င်းပုဒ်မအရ လူအမြောက်အများကိုလည်း ဖမ်းဆီးအကျဉ်းချထားပြီး ဖြစ်ပါသည်။ ထိုမှုမက အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဆန္ဒဖော်ထုတ်သူများကို ထိုဥပဒေပုဒ်မ(၁၈)အရ တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဌာန်းချက်ပါရှိသည်။ ၂၀၁၄-ခုနှစ် ဇွန်လ (၁၉)ရက်နေ့တွင် လွှတ်တော်မှ ထိုဥပဒေအား ပြင်ဆင်ပြဌာန်းခဲ့ပြီး ၎င်းပြဌာန်းချက်အရ ငြင်းပယ်ရန် "ခိုင်လုံသောအကြောင်းပြချက်များ" မရှိပါက ဒေသအုပ်ချုပ်ရေးအဖွဲ့များအနေနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့် အပေါ် ခွင့်ပြုချက်များပေးရန်ဖြစ်ပြီး ကြိုတင်ခွင့်ပြုချက်မရယူဘဲ ဆန္ဒဖော်ထုတ်ခြင်းအတွက် ပြစ်ဒဏ်အနေနှင့် ထောင်ဒဏ်တစ်နှစ်အစား ခြောက်လသို့ လျှော့ချခဲ့သည်။ သို့ပါသော်လည်း ပြဌာန်းချက်အသစ်အနေနှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ဆက်လက် ဖမ်းဆီးအကျဉ်းချနိုင်ဆဲ ဖြစ်သည်။

ပုဂ္ဂလိကစီမံကိန်းများ အပါအဝင်၊ အထူးသဖြင့် သဘာဝသယံဇာတပစ္စည်းများ တူးဖော်ရေးလုပ်ငန်းများအပေါ် ကန့်ကွက်ဆန္ဒပြမှုများအား ရေးယခင်ကပင် ဖိနှိပ်မှုများရှိခဲ့ပြီး ဆက်လက်၍လည်း ရှိနေဆဲဖြစ်ပါသည်။ တစ်ခါတစ်ရံ အကြမ်းဖက်နှိမ်နင်းမှုများပင်ရှိပါသည်။ ကန့်ကွက်ဆန္ဒပြမှုများတွင် ပါဝင်သူများကို ဖမ်းဆီးပြီး နှိပ်စက်ညှဉ်းပမ်းမှုများ ပြုလုပ်ခဲ့သည်များကိုလည်း တွေ့ရပါသည်။ ၂၀၀၉-ခုနှစ်အတွင်းနှင့် မကြာသေးမီကာလဖြစ်သော ၂၀၁၃-ခုနှစ် မေလအတွင်း ရခိုင်ပြည်နယ်ရှိ ရွှေ-သဘာဝဓာတ်ငွေ့ပိုက်လိုင်းအပေါ် ဆန္ဒပြသူများကို ဖမ်းဆီးထိန်းသိမ်းမှုများရှိခဲ့ကြောင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တင်ပြခဲ့ကြသည်။ အခြားသိသာထင်ရှားသော ဥပမာတစ်ခုအနေနှင့် ၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့အနီးရှိ လက်ပံတောင်းကြေးနီစီမံကိန်းတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ရဲများက အကြမ်းဖက်ဖြိုခွင်းမှုများ ပြုလုပ်ခဲ့ကြသည်။ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးစီမံချက်များအား ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသူများအပေါ် ချမှတ်ခဲ့သော ပြစ်ဒဏ်များအတွက် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) တွင်ပါဝင်သော အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစိုးရထံသို့တင်ပြရာ အကျိုးဆက်အနေဖြင့် ဖမ်းဆီးချုပ်နှောင်မှုများ၊ ပြစ်ဒဏ်များ လျှော့နည်းသွားခဲ့သည်။

မီဒီယာဆင်ဆာဖြတ်တောက်မှုကို ဖြေလျှော့ခဲ့ပြီး နှစ်(၅၀) အတွင်း ပထမဦးဆုံးအနေနှင့် ၂၀၁၂-ခုနှစ် ဩဂုတ်လမှစတင်ကာ စာပေစိစစ်ရေးကိစ္စရပ်များကို ရုတ်သိမ်းခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အစိုးရအပေါ် ဝေဖန်သုံးသပ်မှုများ၊ စစ်တပ်နှင့် စီးပွားရေးလုပ်ငန်းများ၏ လယ်မြေသိမ်းဆည်းမှုများအပေါ် ဆန့်ကျင်ဆန္ဒပြမှုများနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို လွတ်လပ်သော သတင်းမီဒီယာများမှ ပုံမှန်အစီရင်ခံတင်ဆက်လာကြသည်။ သို့သော်လည်း အဂတိလိုက်စားမှုများ၊ စစ်တပ်နှင့် သက်ဆိုင်သည့် သတင်းတင်ပြချက်များအတွက် ပြဿနာရှိနေသေးကြောင်း မကြာသေးမီကာလဖြစ်သော ဇူလိုင်-၂၀၁၄ တွင် ဂျာနယ်လစ်များအား ဖမ်းဆီးခဲ့မှုများက ထောက်ပြလျက်ရှိသည်။ အချို့မှာ ၎င်းတို့၏ သတင်းတင်ပြချက်များအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်များပင် ချမှတ်ခံခဲ့ရသည်။ ထို့အပြင် ၂၀၀၄-ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး အက်ဥပဒေကဲ့သို့သော မီဒီယာကိစ္စရပ်များအပေါ် စွဲချက်တင်နိုင်သည့် ဥပဒေများလည်း ကျန်ရှိနေဆဲဖြစ်သည်။ စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့သော်လည်း သတင်းမီဒီယာလုပ်ငန်းများအနေနှင့် ၎င်းတို့၏ ရိုက်နှိပ်ထုတ်ဝေမှုများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်သည်။ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတို့သည် ၂၀၁၄-ခုနှစ် မတ်လတွင် ထွက်ရှိလာခဲ့ပြီဖြစ်သည်။ ဒုတိယဥပဒေတွင် ပါရှိသော မရှင်းလင်းသည့် ပြဌာန်းချက်များနှင့် ပုံနှိပ်ထုတ်ဝေခွင့်လိုင်စင် ထုတ်ပေး/ငြင်းပယ်ခွင့်ရှိသည့် မှတ်ပုံတင်ပေးသူအရာရှိ၏ လုပ်ပိုင်ခွင့်မှာ အလွန်ကျယ်ပြန့်နေသောကြောင့် မိမိတို့ကိုယ်တိုင် ဆင်ဆာတည်းဖြတ်ရန် ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေပါသည်။

## လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်

အမျိုးသားအဆင့်နှင့် ရပ်ကျေးအဆင့်တွင် လှုပ်ရှားရှင်သန်ပြီး အရင်းအမြစ်ပြည့်စုံသော အရပ်ဘက် အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ကွန်ရက်သည် သက်ဝင်လှုပ်ရှားနေကြပြီး တိုင်းရင်းသားလူနည်းစုများကို အခြေခံသော အဖွဲ့များလည်း ပါဝင်နေသည်။ မေလ ၂၀၀၈-ခုနှစ် တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းအလွန်တွင် အသက်ရှင်ကျန်ရစ်သူများကို ကူညီထောက်ပံ့မှုပေးနိုင်ရန်အတွက် မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများ တိုးပွားလာခဲ့ပါသည်။ ၎င်းအဖွဲ့များသည် နိုင်ငံအတွင်း ထင်ရှားသော အပြုသဘောဆောင်သည့် အင်အားစုတစ်ခုအနေဖြင့် အတိုင်းအတာ တစ်ခုအထိ အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ၂၀၁၁-ခုနှစ်မှစတင်ကာ အစိုးရမှ မြန်မာ့အရပ်ဘက် အဖွဲ့အစည်းများအား ပိုမိုလွတ်လပ်ခွင့်များပေးခဲ့ပြီး ၎င်းအခွင့်အလမ်းအရ ဒေသခံပြည်သူများအပေါ် ထိခိုက်နေသော ကိစ္စရပ်များအပါအဝင် အများပြည်သူတို့၏ အခွင့်အရေးများကို တောင်းဆိုပေးသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။

EITI ၏ လိုအပ်ချက်အမှတ် (၁.၃) အရ၊ အစိုးရတစ်ရပ်အနေနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ရေးတွင် အဟန့်အတားများ မကြုံတွေ့စေရန်၊ EITI အပေါ် တရားဝင် ငြင်းခုံဆွေးနွေးမှုများကို ကန့်သတ်ခြင်းများမှ ရှောင်ကြဉ်ရန်နှင့် EITI နှင့် ချိတ်ဆက်ထားသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ အခြေခံအခွင့်အရေးများကို လေးစားလိုက်နာရန် ကတိကဝတ် ပြုရမည်ဖြစ်သည်။ ဤအချက်အရ MEITI အဖွဲ့ဝင်များအနေနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လွတ်လပ်စွာ ဆက်သွယ်ဆက်ဆံနိုင်သည့် အခွင့်အရေးရှိပြီး လက်တွေ့တွင်လည်း အမှန်တကယ် ဆက်သွယ်ဆက်ဆံခဲ့ကြပါသည်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေမူကြမ်း၏ မူလဖော်ပြချက်အရ အဖွဲ့အားလုံးသည် တရားဝင်မှတ်ပုံတင်ရမည်ဖြစ်ပြီး ပျက်ကွက်ပါက ပြင်းထန်သော ပြစ်ဒဏ်များကို ရင်ဆိုင်ရမည်ဖြစ်သည်။ ဤအချက်ကို အဓိကပြဿနာတစ်ရပ်အနေဖြင့် ထောက်ပြခဲ့ကြပြီး EITI အရပ်ဘက်အဖွဲ့ အနေနှင့် EITI ၌ ပါဝင်ရန် သဘောတူညီမှုမပြုမီ ၎င်းနှင့်ပတ်သက်၍ ရှင်းလင်းသော အဖြေကို ရရှိလိုခဲ့သည်။ ၂၀၁၄-ခုနှစ် ဇူလိုင်လတွင် ဖော်ပြပါအချက်ကို ဖယ်ရှားခဲ့ပြီး ဥပဒေကိုအတည်ပြုခဲ့သည်။ သို့သော်လည်း အခြားအချက်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် မိမိတို့၏ဆုံးဖြတ်ချက်နှင့် အဖွဲ့အစည်းမှတ်ပုံတင်ခြင်းကို မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်း ဒေသကြီးအဆင့်၊ သို့မဟုတ် ပြည်ထောင်စုအဆင့်(အမျိုးသားအဆင့်)တစ်ခုခုတွင် ပြုလုပ်ရန် လိုအပ်သည့်အတွက် လုပ်ငန်းဆောင်ရွက်ရန် နယ်မြေဒေသကို ကန့်သတ်ထားသည့် သဘောဖြစ်နေပါသည်။ အကျိုးအမြတ်အတွက် မဟုတ်သော လုပ်ငန်းများ၏ ဥပဒေရေးရာကိစ္စရပ်များအတွက် အပြည်ပြည်ဆိုင်ရာစင်တာ (ICNL) ၏ ဝက်ဘ်ဆိုက်တွင် မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများအတွက် ဥပဒေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားပါသည်။

## အဂတိလိုက်စားမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အားနည်းခြင်း

မြန်မာနိုင်ငံတွင် တရားစီရင်ရေးမဏ္ဍိုင်အပါအဝင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းတို့၏ အဂတိလိုက်စားခြင်းနှင့် ပွင့်လင်းမြင်သာမှု အားနည်းခြင်းတို့သည် ရှည်ကြာစွာအမြစ်တွယ်လာသော ပြဿနာများဖြစ်ကြသည်။ ပြည်ထောင်စုအစိုးရအနေနှင့် အဂတိလိုက်စားမှုပြဿနာများရှိကြောင်း ဝန်ခံလာပြီး ဖော်ထုတ်ဖြေရှင်းနိုင်ရန်အဆင့်များ စတင်လာချိန်တွင် (အဂတိလိုက်စားမှုအပေါ် ထားရှိဆောင်ရွက်မည့်အဆင့်များအား ဆွေးနွေးခြင်းကို အခန်း-၃ တွင်ကြည့်ရန်) အဆင့်ဆင့်သော အစိုးရအဖွဲ့များအတွင်း အဂတိလိုက်စားမှုများ သိသာစွာလျော့ချနိုင်ရန် အချိန်ယူရမည်ဖြစ်ပါသည်။ ၎င်းအခြေအနေသည် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် အဓိကပြဿနာတစ်ခုအဖြစ် ကျန်ရှိနေဆဲဖြစ်ပါသည်။ ဥပမာ - အမေရိကန်ပြည်ထောင်စုအစိုးရဌာနသို့ တင်ပို့သော ကိုကာကိုလာ၏ မြန်မာနိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်မှုများအပေါ် အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင်းရှိ အဂတိလိုက်စားမှုနှင့် လာဘ်စားမှုများကို စိန်ခေါ်မှုများအဖြစ် ဖော်ပြထားပြီး ၎င်းတို့ကိုကျော်လွှားနိုင်မည့် အဆင့်ဆင့်သော အချက်များကို ဖော်ပြထားသည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထု၏ကြားမှ ဆက်ဆံရေးတွင် စီးပွားရေးလုပ်ငန်းများ အပါအဝင် အုပ်ချုပ်ရေးအဖွဲ့များဘက်မှ ပွင့်လင်းမြင်သာမှုမရှိကြောင်း သတ်မှတ်ခံခဲ့ရသည်။ မကြာသေးမီက အစိုးရအနေနှင့် နိုင်ငံပိုင်မီဒီယာ၊ သမ္မတရုံးဝက်ဘ်ဆိုက်နှင့် ဝန်ကြီးဌာနဝက်ဘ်ဆိုက်များမှတစ်ဆင့် ပွင့်လင်းမြင်သာမှုတိုးတက်ရေးအတွက် စတင်ခဲ့ပြီဖြစ်သည်။ ဥပမာအနေနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ လက်ရှိဥပဒေများနှင့် အကျိုးခံစားခွင့်ဆိုင်ရာ သတင်းအချက်အလက်များကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာနမှ ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလမ်းညွှန်ချက်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပြီးဖြစ်သည့် လုပ်ငန်းများစာရင်းကို ထုတ်ပြန်ထားခြင်း

များ ရှိပါသည်။ သို့သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် သတင်းအချက်အလက်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပတ်သက်သည့် ဥပဒေမရှိသေးဘဲ အရပ်ဘက်အဖွဲ့အစည်းများမှ ထိုသို့သော ဥပဒေပြုရေးနှင့်ပတ်သက်သည့် တိုက်တွန်းမှုများ ပြုလုပ်လျက်ရှိပါသည်။ ယေဘုယျအားဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များသည် ၎င်းတို့နယ်မြေဒေသအတွင်း လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အဓိကကျသော သတင်းအချက်အလက်များကို ဒေသခံရပ်ရွာလူထုသို့ ဖြန့်ဝေအသိပေးခြင်း မရှိကြပါ။ (စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် သက်ရောက်များအား လေ့လာဆန်းစစ်ခြင်းအတွက် ကွင်းဆင်းတွေ့ရှိချက်များကဲ့သို့ သတင်းအချက်အလက်များ)

ယခင်အစိုးရလက်ထက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ခံမှုမရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လူသားခြင်းစာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းများဖြင့် ဖော်ပြခံခဲ့ရသည်။ အုပ်ချုပ်ရေးအာဏာပိုင်များအပေါ်၊ သို့မဟုတ် ကုမ္ပဏီများအပေါ် မကျေနပ်မှုများ တိုင်တန်းမည့်သူများအတွက် ဖမ်းဆီး၊ ညှဉ်းပမ်း၊ ထောင်ချမည့်အန္တရာယ်လည်း ရှိပါသည်။ ၂၀၁၁-ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ပြီး အထူးသဖြင့် အဓမ္မမြေသိမ်းခြင်းနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ရပ်ရွာလူထုအပေါ် နစ်နာစေခဲ့မှုများအတွက် ပြန်လည်ပေးလျော်မှုများ သိသာစွာမြင့်တက်လာခဲ့ပါသည်။ အစိုးရ၏ တုံ့ပြန်မှုများဆီလျော်မှု မရှိသည်မှာ တုံ့ပြန်ဆောင်ရွက်မှုတွင်ပါဝင်သည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၏ ပြည့်စုံမှုမရှိသော ရှင်းလင်းတင်ပြမှုများကြောင့် ဖြစ်နိုင်သည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ ဆန့်ကျင်ဆန္ဒပြသူများ၊ အထူးသဖြင့် မြေယာပိုင်ဆိုင်မှုအငြင်းပွားရာတွင် ပါဝင်နေသူများကို ၎င်းတို့၏ ငြိမ်းချမ်းစွာ ဆောင်ရွက်သော လှုပ်ရှားမှုများအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့များမှ ဆက်လက်ဖမ်းဆီး ထိန်းသိမ်းနေဆဲဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် တိုင်တန်းမှုများ ကိုင်တွယ်ဖြေရှင်းနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းကာ ပြန်လည်တုံ့ပြန်ခဲ့သော်လည်း တိုင်တန်းချက်များကို ပြေလည်အောင် ဖြေရှင်းနိုင်မည့်အခွင့်အာဏာကို ပေးအပ်ခြင်းမရှိပါ။ ဥပမာအနေဖြင့် မြေယာပိုင်ဆိုင်မှုအငြင်းပွားခြင်းကိစ္စရပ်များတွင် တွေ့နိုင်ပါသည် (တရားရုံးပြင်ပ တရားစီရင်ရေး ယန္တရားဆိုင်ရာ သတင်းအချက်အလက်များကို အခန်း ၂-ဂ တွင် ကြည့်ပါ)။ ထင်ရှားသောအမှု ကိစ္စများအတွက် ပြဿနာတစ်ခုစီကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များမှ ကော်မရှင်များကို သင့်သလိုဖွဲ့စည်းခဲ့ပြီး အချို့အဖွဲ့များမှာ လုံခြုံရေးတပ်ဖွဲ့များကို ဝေဖန်ထောက်ပြခဲ့ကြပါသည်။ ၂၀၁၄-ခုနှစ် မတ်လနောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအပေါ် ဆန့်ကျင်ကန့်ကွက်မှုများကြောင့် အကူအညီပေးရေးလုပ်သားများ ရခိုင်ပြည်နယ်မှ စွန့်ခွာခဲ့ကြရသည်။ အခြေအနေကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် အစိုးရမှအဖွဲ့တစ်ဖွဲ့အား ခန့်အပ်တာဝန်ပေးခဲ့ရာ အကြမ်းဖက်မှုကိုတားဆီးနှိမ်နင်းရန် လုံခြုံရေးတပ်ဖွဲ့များ၏ တုံ့ပြန်မှုသည် "အလွန်နှေးကွေး" ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ အစိုးရမှ ခန့်အပ်တာဝန်ပေးခဲ့သော ကော်မရှင်တစ်ရပ်မှ ၂၀၁၂-ခုနှစ် နိုဝင်ဘာလ လက်ပံတောင်းဆန္ဒပြမှုအပေါ် စုံစမ်းစစ်ဆေးရာတွင်လည်း မီးစုန်းဓာတ်ပါ မီးခိုးဗုံးအသုံးပြုမှုအပါအဝင် အကြမ်းဖက်နှိမ်နင်းခဲ့သည့် လုံခြုံရေးတပ်ဖွဲ့အပေါ် ဝေဖန်ထောက်ပြထားပါသည်။

ထိရောက်မှုမရှိသော၊ အဂတိလိုက်စားမှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော တရားစီရင်ရေးနှင့် သီးသန့်ဖွဲ့စည်းထားသော ကော်မရှင်များပင် မကျေနပ်မှုများကို ပြေလည်အောင် မဖြေရှင်းနိုင်သည့် အခြေအနေတွင် ပြည်သူတစ်ဦးတစ်ယောက်ချင်းနှင့် ရပ်ရွာလူထုတွင် ထိခိုက်နစ်နာမှုများကို ထိရောက်စွာဖော်ထုတ်နိုင်မည့် အခြေအနေမရှိခြင်း၊ အစိုးရမှသက်ဆိုင်ရာအဖွဲ့များနှင့် (အထူးသဖြင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့်) ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ သို့မဟုတ် ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ရရှိနိုင်ရန် အခြေအနေမရှိခြင်းမှာ ထင်ရှားပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု စတင်ချိန်မှစ၍ ပြည်သူလူထုမှ ဖွဲ့စည်းထားသည့် ကော်မရှင်များနှင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် လူ့အခွင့်အရေးကော်မရှင်သို့ အစိုးရနှင့်စစ်တပ်တို့၏ လွဲမှားစွာပြုကျင့်မှုများအပေါ် ရာနှင့်ချီသောတိုင်ကြားစာများ ပေးပို့ခဲ့ကြပါသည်။ သို့သော်လည်း အထက်တွင်ဖော်ပြခဲ့သကဲ့သို့ များစွာသော သူတို့မှာ ၎င်းတို့၏ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် ဆက်လက်စောင့်ဆိုင်းနေရဆဲ ဖြစ်ပါသည်။

## ပဋိပက္ခဖြစ်နယ်မြေများတွင် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ပဋိပက္ခဖြစ်နယ်မြေများအတွင် ထိရောက်သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာ၌ သီးခြားစိန်ခေါ်မှုများ ရှိနေပါသည်။ ဖြစ်ပေါ်နေသောပဋိပက္ခ၏ အခြေအနေနှင့် ညှိနှိုင်းဆွေးနွေးရန်လိုအပ်သည့် အဓိကပတ်သက်ဆက်နွှယ်သူများထံမှ ပဋိပက္ခအခြေအနေများအား သုံးသပ်ဖော်ထုတ်ခြင်းမှတစ်ဆင့် သိရှိနားလည်ထားရန် အရေးကြီးပါသည်။ ထိုသို့ဖော်ထုတ်ခြင်းသည် ၎င်းနယ်မြေဧရိယာ၏ မဲဆန္ဒနယ်များမှမည်သူက ကိုယ်စားလှယ်ပြုနေသည် ဖော်ထုတ်သိရှိရန်အတွက်လည်း အရေးပါသည် (သို့သော်လည်း မည်သည့်အုပ်စုမှ အသံများကို မကြားရသေးကြောင်းကိုလည်း သိရှိရန်လိုအပ်သည် - ဥပမာ အမျိုးသမီးများအုပ်စု၊ သို့မဟုတ်

ထိခိုက်လွယ်အုပ်စု)။ ထို့အပြင် အမြဲတစေ ကိုယ်စားပြုသူများ မဟုတ်သော်လည်း အဓိကအာဏာကို လက်ကိုင်ထားသူများကိုလည်း သိရှိဖော်ထုတ်ရန် လိုအပ်သည်။ ဥပမာအားဖြင့် အချို့သောကိစ္စရပ်များတွင် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေနှင့် ဆက်သွယ်ဆက်ဆံနိုင်သော လမ်းကြောင်းများ ဖန်တီးပေးခြင်းနှင့် (သို့မဟုတ်) အစည်းအဝေးများအတွက် လက်ခံစည်းရုံးပေးခြင်းများ ပြုလုပ်ပေးနိုင်သဖြင့် ယုံကြည်ရသော ကြားခံအဖွဲ့များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ ပဋိပက္ခနယ်မြေများအတွက် သီးသန့်အခြေအနေတစ်ခုမှာ အဓိကပတ်သက်ဆက်နွယ်သူများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ၎င်းတို့ထံမှ သတင်းအချက်အလက်များ ကောက်ယူရုံ လုပ်ဆောင်ခြင်းမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် ချစ်ကြည်ရေးတည်ဆောက်ခြင်းအဖြစ် ရှုမြင်သင့်ပါသည်။ အချို့သောနယ်မြေဒေသများတွင် ရပ်ရွာလူထုနှင့် တိုက်ရိုက်ဆွေးနွေးညှိနှိုင်းခြင်းသည် ပိုမိုခက်ခဲတတ်ပါသည်။ ဥပမာအားဖြင့် ချဉ်းကပ်ရန်ခက်ခဲခြင်း၊ ပဋိပက္ခဖြစ်နေသောဘက်မှ ကြားဝင်ဆက်သွယ်နေခြင်း၊ လူအများမှ ပွင့်လင်းစွာ ပြောဆိုနိုင်ရန် ဝန်လေးနေတတ်ခြင်းများအပြင် ကောင်းမွန်စွာကိုင်တွယ်နိုင်ခြင်းမရှိပါက ဆွေးနွေးညှိနှိုင်းမှုသည် ရပ်ရွာလူထုအတွက် အန္တရာယ်ပင် ဖြစ်စေနိုင်ပါသည်။

ရခိုင်ပြည်နယ်၏ နေရာအချို့တွင်ဖြစ်ပေါ်နေသော လူ့အဖွဲ့အစည်းများအကြား တင်းမာမှုများနှင့် အကြမ်းဖက်မှုများ ရှိနေသော နေရာဒေသများတွင်လည်း အလားတူစိန်ခေါ်မှုများ ရှိနေပါသည်။ အချို့သောကိစ္စရပ်များတွင် ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုသည် အခြားအဖွဲ့အစည်းတစ်ခုနှင့် ဆွေးနွေးညှိနှိုင်းခြင်းကိစ္စရပ်အပေါ် ဆန့်ကျင်မည်ဖြစ်သည်။ အကြောင်းမှာ ဤသို့ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အခြားတစ်ဖက်မှ လူ့အဖွဲ့အစည်း၏ဖြစ်တည်မှုနှင့် ရှုထောင့်များကို တရားဝင်ဖြစ်စေသောကြောင့်ဖြစ်သည်။ ထိုသို့သော အခြေအနေသည် အလွန်သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ပြီး ဒေသအခြေအနေ၏ အတွင်းသဘောကို အတိအကျ နားလည်ထားရန်လည်း လိုအပ်ပါသည်။ အများအားဖြင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များမှ ဘက်မလိုက်သော အခြေအနေတွင် ရှိနေတတ်ပါသည်။ (ရခိုင်၊ တနင်္သာရီနှင့် မွန်တို့ရှိ ပြည်နယ်/တိုင်းအလိုက် သက်ဆိုင်ရာ ပဋိပက္ခများအပေါ် ထည့်သွင်းစဉ်းစားရန်အချက်များကို အပိုင်း-၆ တွင် ကြည့်ရှုနိုင်ပါသည်။)

## (ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင်ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

### အဓိပ္ပာယ်ပြည့်ဝသော ချိတ်ဆက်မှု

- **ရေရှည်ချိတ်ဆက်မှု။** ။ အခက်အခဲပြဿနာများ အလွန်ဖြစ်ပေါ်နိုင်သည့် မြန်မာနိုင်ငံကဲ့သို့သော အခြေအနေတွင် ရပ်ရွာလူထုနှင့် အဓိပ္ပာယ်ပြည့်ဝသော ချိတ်ဆက်မှုများကို စောစီးစွာပြုလုပ်ရန်လိုအပ်ပြီး ပုံမှန်ပြုလုပ်ရန်လည်း အလွန်အရေးကြီးပါသည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်စေမှု လေ့လာဆန်းစစ်ခြင်း (ESIA) ပြုလုပ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု တစ်ကြိမ်ပြုလုပ်ခြင်းထက် ဒေသခံရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် ပိုမိုလေးနက်သော၊ ရေရှည်တည်တံ့သော ဆက်သွယ်ဆက်ဆံရေးကို ရရှိစေကြောင်း ရှင်းလင်းစွာ ဖော်ပြနေပါသည်။ ပြည်တွင်းပြည်ပ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများသည် ရေနံ/သဘာဝဓာတ်ငွေ့ရှာဖွေခြင်းအဆင့်မှ ကုန်းတွင်းရေနံတူးဖော်ရေးလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲသွားပါက၊ သို့မဟုတ် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းအဖြစ် ပြောင်းလဲသွားပြီး လိုအပ်သော စက်ပစ္စည်း/အလုပ်ရုံများ ဆောက်လုပ်ထားရှိမည်ဆိုပါက ရပ်ရွာအတွင်းတွင် နောင်နှစ်ပေါင်း (၂၀)မှ (၃၀) အထိ ဆက်လက်လုပ်ကိုင်နိုင်ပါသည်။ ထိုသို့သောအခြေအနေတွင် ကနဦးစတင်ချဉ်းကပ်စဉ်မှစ၍ သင့်လျော်သော ချိတ်ဆက်ဆောင်ရွက်မှုကို ပြုလုပ်ထားရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် - (၁) သင့်လျော်သော ချိတ်ဆက်ဆောင်ရွက်မှုသည် ရပ်ရွာလူထုအပေါ် လေးစားမှုရှိကြောင်း ပြသရာရောက်ပါသည်။ လတ်တလောအခြေအနေအထိ ရပ်ရွာလူထု၏ မကျေနပ်ချက်/တိုင်တန်းချက်များသည် လျစ်လျူရှုခံနေရခြင်း၊ အငြိုးအတေးထား ပြန်လည်တုံ့ပြန်ခံရခြင်းများ ရှိခဲ့ပါသည်။ (၂) သင့်လျော်သော ချိတ်ဆက်ဆောင်ရွက်မှုသည် လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် သတင်းအချက်များကို ရပ်ရွာလူထုသို့ အသိပေးရန်နှင့် ၎င်းတို့ထံမှရယူရန် ပံ့ပိုးမှုပေးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ (၃) သင့်လျော်သော ချိတ်ဆက်ဆောင်ရွက်မှုကြောင့် ရပ်ရွာလူထု၏ စိုးရိမ်ကြောင့်ကြမှုများနှင့် နစ်နာမှုများကို အသိပေးဆွေးနွေးနိုင်မည်ဖြစ်သည်။ (၄) သင့်လျော်သော ချိတ်ဆက်ဆောင်ရွက်မှုသည် ကုမ္ပဏီများနှင့် ရပ်ရွာလူထုအကြား လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို အပြန်အလှန် နားလည်သဘောပေါက်စေရန် အကူအညီပေးမည်ဖြစ်သည်။

- **လွတ်လပ်သော ချိတ်ဆက်ဆောင်ရွက်မှု။** ။နိုင်ငံတစ်နိုင်ငံရှိနိုင်ငံသားများနှင့်ဆွေးနွေးညှိနှိုင်းရန်အဓိကတာဝန်ရှိသူမှာ နိုင်ငံ၏ အစိုးရပင်ဖြစ်ပါသည်။ အစိုးရအနေနှင့် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ပြည်သူလူထုနှင့် ဆွေးနွေး တိုင်ပင်မှုများဆောင်ရွက်ရန် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ဥပမာ - ရေနံဆက်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း (ESIA) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကုမ္ပဏီများအကြားတွင် သဘာဝနှင့်လူမှုပတ်ဝန်းကျင်အား အကျိုးသက် ရောက်မှုများအပေါ် ဆွေးနွေးညှိနှိုင်းနိုင်မည့် ပုံစံများ၊ ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်နိုင်မည့် နည်းလမ်းများအတွက် ရှင်းလင်းတိကျသော သဘောတူညီချက်တစ်ခုထားရှိရန် အလွန်အရေးကြီးပါသည်။ သို့သော်လည်း ဒေသခံပြည်သူများနှင့် နိုင်ငံတော်အစိုးရ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) တို့အကြား ကာလရှည်ကြာစွာ ယုံကြည်မှုနည်းပါးခြင်း များရှိခဲ့ရာ နိုင်ငံတော်အစိုးရ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား ဒေသခံပြည်သူများနှင့်ကုမ္ပဏီများ တစ်ဆင့်ခံ ကန်ထရိုက်လုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်ရန် တစ်ခုတည်းသော ကြားခံဆက်သွယ်ရေးအဖြစ် မထားရှိသင့်ပါ။ ကျေးလက်လူထုအကြားတွင်လည်း စိုးရိမ်မှုမြင့်မားခြင်းနှင့် ယုံကြည်မှုနည်းပါးခြင်းတို့ ရှိနေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းနေရာများတွင် စစ်တပ်များနေရာချထားခြင်း၊ အချို့သော ရေနံ/သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ဆက်စပ်၍ စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်များရှိခဲ့ခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများတွင် စစ်တပ်၊ ရဲ၊ သို့မဟုတ် ဒေသအုပ်ချုပ်ရေးအဖွဲ့များ ပါဝင်နေခြင်းများကြောင့် လွတ်လပ်ပွင့်လင်းသော၊ တက်ကြွစွာ ပါဝင်ဆွေးနွေးနိုင် သော၊ အများယုံကြည်လက်ခံနိုင်သော ဆွေးနွေးပွဲများဖြစ်လာရန် သိသိသာသာ အားနည်းနေပါသေးသည်။ သဘောထား ပြောင်းလဲမှုများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် အထက်အာဏာပိုင်များမှ ဒေသခံအုပ်ချုပ်သူများအဆင့်သို့ တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာရန်မှာ အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်မည်ဖြစ်သော်လည်း ကုမ္ပဏီများအနေဖြင့် ပြောင်းလဲမှုအခြေအနေများနှင့်အညီ ပြောင်းလဲရန်မှာ ထိုမျှလောက် အချိန်မရှိနိုင်ပါ။ ကုမ္ပဏီများအနေနှင့် အစိုးရအဖွဲ့နှင့် စစ်တပ်မပါရှိဘဲ ရပ်ရွာလူထုနှင့်တွေ့ဆုံနိုင်ရန် လုပ်ဆောင်သင့်ပါသည်။ ဒေသခံပြည်သူများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သို့မဟုတ် ကုမ္ပဏီများအကြား မယုံကြည်မှုများ ရှည်ကြာစွာ အမြစ်တွယ်ခဲ့သော နေရာများတွင် ယုံကြည်ရသည့် ကြားခံ အဖွဲ့များ လိုအပ်နိုင်ပါသည်။ ကုမ္ပဏီများအနေနှင့် လူ့အခွင့်အရေးနှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများ အပေါ် ဖမ်းဆီးအရေးယူမှုများ မဖြစ်စေရန် အလွန်သိမ်မွေ့စွာ ဆောင်ရွက်ရမည်ဖြစ်သည်။
- **စီးပွားရေးမိတ်ဖက်များမှတစ်ဆင့် ချိတ်ဆက်ခြင်း။** ။ တစ်ဆင့်ခံ ကန်ထရိုက်တာများသည် မကြာမီအချိန်အတွင်း လုပ်ဆောင်မည့်လုပ်ငန်းများ၏ အဦးဆုံး "မျက်နှာစာ" ဖြစ်ပြီး ၎င်းတို့သည် ဒေသခံလူထုအပေါ် ထင်ရှားသော အကျိုး သက်ရောက်မှု ရှိနေမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီအများစုသည် စီမံကိန်းဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း သဘောတရားများကို ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြပါ။ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုများကို လက်ခံဖြေရှင်းနိုင်သော စနစ်များထားရှိခြင်းဖြင့် အလုပ်သမားများနှင့် ဒေသခံပြည်သူများ၏ ထိခိုက်နစ်နာမှုများကို တိုက်ရိုက်သိရှိနိုင်မည်ဖြစ်သည်။ အစောဆုံး လုပ်ငန်း အဆင့်ဖြစ်သော ရေနံ/သဘာဝဓာတ်ငွေ့ ရှာဖွေရေးအဆင့်မှစ၍ ဒေသခံလူထုနှင့် အပြုသဘောဆောင်သော ဆက်ဆံရေး မျက်နှာစာတစ်ခု တည်ဆောက်နိုင်ရန်အတွက် တစ်ဆင့်ခံ ကန်ထရိုက်တာများအား သင်တန်းများပေးပို့ခြင်း၊ ဆက်စပ်သော မက်လုံးများပေးခြင်း/တားမြစ်ချက်များ စီစဉ်ဆောင်ရွက်ခြင်းများ လိုအပ်မည်ဖြစ်ပါသည်။
- **အပြုသဘောဆောင်သော ချိတ်ဆက်ခြင်း။** ။ပြုပြင်ပြောင်းလဲရေးအတွက်တက်ကြွစွာ ဆောင်ရွက်သူများနှင့်နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေသူများ ပေါ်ပေါက်လာခြင်းကိစ္စအား အချို့သောအစိုးရအရာရှိများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက မကောင်းမြင် ပြောဆိုမှုများရှိပြီး ၎င်းပြုပြင်ပြောင်းလဲရေးအတွက် တက်ကြွစွာဆောင်ရွက်သူများသည် ဒေသခံပြည်သူများအား ဆန့်ကျင်လှုပ်ရှားမှုများ ပြုလုပ်ရေး လှုံ့ဆော်ရန် ရည်ရွယ်ချက်များရှိကြောင်း ထုတ်ဖော်ပြောဆိုကြ သည်။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းကိစ္စရပ်များသည် ဒေသခံပြည်သူများအနေဖြင့် မကြာမီကာလများမှရရှိလာသော ၎င်း တို့၏ လွတ်လပ်စွာပြောဆိုခွင့်အား အသုံးပြုနေကြခြင်းအပေါ် ထင်ဟပ်စေပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ ရပ်ရွာလူထုနှင့် ပူးပေါင်း၍ ကုမ္ပဏီများကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးသက်ရောက်မှုများအား ကုမ္ပဏီများမှ တာဝန်ယူမှုရှိစေရန် ဆောင် ရွက်မှုများအားလည်း ပေါ်ပေါက်လာစေသည်။ ကုမ္ပဏီများအနေဖြင့် ဒေသခံလူထုနှင့် ပွင့်လင်းစွာ ပါဝင်လုပ်ဆောင်ရန်၊

ရပ်ရွာနှင့်သက်ဆိုင်သောကိစ္စများတွင် ကုမ္ပဏီများကြောင့် မည်သို့အကျိုးသက်ရောက်နိုင်မည်ကို နားလည်သဘော ပေါက်လာနိုင်ရန် ရှင်းလင်းတင်ပြခြင်းနှင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ တိကျသော သတင်းအချက်အလက်များကိုပေးရန် ကုမ္ပဏီများသို့ တိုက်တွန်းနိူးဆော်ထားပါသည်။ ထို့အပြင် အခွင့်အရေးများကို ဥပဒေအရ၊ လက်တွေ့ကျင့်သုံးမှုအရ ပံ့ပိုးပေးနိုင်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အားပေးသော ဆောင်ရွက် ချက်များ ပြုလုပ်နိုင်ရန်လည်း အားပေးထားပါသည်။ ဝေဖန်အကြံပြုမှုများအပေါ် အသုံးမဝင်သောအမည်တပ်မှု၊ သို့မဟုတ် လူတစ်ဦးစီ/အုပ်စုများကို အကြမ်းဖက်နှိမ်နင်းခြင်း၊ ဖမ်းဆီးအကျဉ်းချခြင်းကဲ့သို့ ပိုမိုဆိုးရွားသော တုံ့ပြန်မှုများမပြုလုပ်ဘဲ အပြုသဘောဆောင်သော ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် မိမိနှင့် သဘောထားမတူညီမှုများကို အခြား နည်းလမ်းများဖြင့်လည်း ဖြေရှင်းနိုင်ကြောင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပြသရာရောက်ပါသည်။ ကုမ္ပဏီလုပ်ငန်းများ နှင့် ဆက်စပ်ပတ်သက်သော ဖမ်းဆီးအကျဉ်းချမှုများနှင့် အကြမ်းဖက်မှုများရှိနေပါက ကုမ္ပဏီများမှ အစိုးရနှင့် တိုင်ပင် ဆွေးနွေးမှုများပြုလုပ်ရန် မျှော်လင့်ကြမည်ဖြစ်သည်။ တိုင်ပင်ဆွေးနွေးရာတွင် မသိသာဘဲဖြစ်စေ၊ လူသိထင်ရှားဖြစ်စေ၊ သို့မဟုတ် တစ်ဦးချင်းအနေနှင့်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပေးရန်ဖြစ်သည်။

- **ချိတ်ဆက်ဆောင်ရွက်နိုင်သော အခြားလမ်းကြောင်းတစ်ခုဖြစ်သည့် MEITI ။** ။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (The Myanmar Extractive Industries Transparency Initiative - MEITI) သည် အဖွဲ့အစည်းများစွာဖြင့် စုစည်းထားပြီး သယံဇာတတူးဖော်ထုတ်လုပ်ရေးနှင့် ဆိုင် သောကိစ္စရပ်များနှင့် ပတ်သက်နေသည့် အဓိကကျသော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပွဲများ (Forum) ပြုနိုင်ရန် စီစဉ်ပြုလုပ်ပေးပါသည်။

- **ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ချိတ်ဆက်ဆောင်ရွက်ခြင်း။** ။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ ရှိရာ နေရာများတွင် ၎င်းအဖွဲ့များနှင့် လူမျိုးစုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများအား ချိတ်ဆက်မှုပြုရန် အလွန်အရေးကြီးပါ သည်။ လက်နက်ကိုင်အဖွဲ့အများစုမှာ အစိုးရနှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူညီမှုများရရှိထားပြီး နိုင်ငံအတွင်း (လက်နက်မပါဘဲ) လွတ်လပ်စွာ သွားလာနိုင်ခြင်း၊ မည်သူနှင့်မဆို တွေ့ဆုံနိုင်ခြင်းအခွင့်များ ရရှိထားပါသည်။ အချို့သော အဖွဲ့များသည် နိုင်ငံရေးနယ်ပယ်တွင် ဩဇာသက်ရောက်မှုရှိကြပြီး လက်နက်နှင့်အုပ်ချုပ်နိုင်သော နယ်မြေ အကန့်အသတ် ထက်ကျော်လွန်၍ ဩဇာညောင်းကြသည်ကို သိရှိထားရန် အရေးကြီးပါသည်။ တိုင်းရင်းသားလူမျိုးစု နယ်မြေအများစုသည် အစဉ်အလာအရ ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် မရှိခဲ့ကြကြောင်းကိုလည်း အသိအမှတ်ပြုထားရမည်ဖြစ်သည်။ ပိုမိုအားကောင်းသော လက်နက်ကိုင်အဖွဲ့များသည် စင်ပြိုင်အုပ်ချုပ်ရေးအနေနှင့် ကျန်းမာရေး၊ ပညာရေးမှ အစပြုကာ မြေယာပိုင်ဆိုင်ခွင့် မှတ်ပုံတင်ခြင်း၊ သစ်တောရေးရာနှင့် အခွန်ကောက်ခံခြင်းများပင် ပြုလုပ်ကြပါသည်။ ထိုသို့ အမှန် တကယ် ဩဇာသက်ရောက်သော အုပ်ချုပ်ရေးအဖွဲ့များရှိနေသည့် ၎င်းတို့နယ်မြေအတွင်း ဆောင်ရွက်မည့် မည်သည့် လုပ် ငန်းဆောင်ရွက်မှုမျိုးမဆို ၎င်းအဖွဲ့များ၏ ခွင့်ပြုချက်ရရှိရန် လိုအပ်ပါသည်။ ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာ၌ လက်နက်ကိုင်အဖွဲ့များသည် ဒေသခံများအားလုံး၏ အမြင်များကို ကိုယ်စားပြုလိမ့်မည်ဟု မယူဆသင့်ပါ။ အချို့သော ကိစ္စရပ်များတွင် နှစ်ဘက်ဆက်ဆံရေးကို အတင်းအကြပ် ဆောင်ရွက်စေခြင်းများ ရှိနိုင်ပြီး ထိုသို့သောအခြေအနေတွင် အတွေ့အကြုံရင့်ကျက်သော ကြားခံဆောင်ရွက်သူများမှ ရပ်ရွာလူထုအတွက် လုံခြုံစိတ်ချရပြီး လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆွေးနွေးရာနေရာတွင် အစိုးရ အဖွဲ့ရှိနေခြင်း၊ သို့မဟုတ် လက်နက်ကိုင်အဖွဲ့ ကိုယ်စားပြုသူများရှိနေခြင်းသည် ရပ်ရွာလူထုအတွက် လွတ်လပ်ပွင့်လင်းစွာ ပြောဆိုနိုင်ရန် အဟန့်အတားဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။

## တာဝန်ခံမှုနှင့် ထိခိုက်နစ်နာမှုဆိုင်ရာ ကိုင်တွယ်ဖြေရှင်းရေးစနစ်များ

- **လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရေးစနစ်များ ထားရှိဆောင်ရွက်ခြင်း ။** ။ လုပ်ငန်းဆောင်ရွက်မှုများကို ကောင်းမွန်စွာစီမံခန့်ခွဲသည့်တိုင် ရပ်ရွာလူထုအနေနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ၊ လူမှု ရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများအပေါ် များစွာစိုးရိမ်ပူပန်မှုများ ရှိကြပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေး စံနှုန်းများအရ ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားပေးရန်လိုအပ်ပြီး အပြည်ပြည်ဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များအရ ရပ်ရွာလူထုနှင့် စောစီးစွာချိတ်ဆက်ဆောင်ရွက်ခြင်း၊ စိုးရိမ်ပူပန်မှုများကို ထိရောက်စွာ ဖြေရှင်း

ပေးခြင်း (အမှန်တကယ်စိုးရိမ်မှုဖြစ်စေ၊ ယူဆထားချက်များဖြစ်စေ) များသည် လုပ်ငန်းအောင်မြင်စွာဆောင်ရွက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ပြန်လည်ကုစားရေးကို လက်ခံနိုင်ရန် လွန်စွာခက်ခဲပြီး အချို့သောကိစ္စရပ်များတွင် ဖြစ်နိုင်ချေမရှိပါ။ အထိရောက်ဆုံး အကြောင်းပြချက်တစ်ခုမှာ လက်ရှိအခြေအနေတွင် တရားရေးစနစ်သည် ပြန်လည်ကုစားခြင်းကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်မှုနည်းနေခြင်း သို့မဟုတ် ယုံကြည်မှုမရှိကြခြင်းပင် ဖြစ်သည်။ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ထိခိုက်မှု၊ သို့မဟုတ် ထိခိုက်နိုင်သည်ဟုယုံကြည်ရသော ကိစ္စများအတွက် ထိရောက်သည့် ကုစားမှုမရှိခြင်းသည် ဒေသခံများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၊ သို့မဟုတ် ၎င်းတို့၏ တစ်ဆင့်ခံ ကန်ထရိုက်တာများအကြား၌ တင်းမာမှုများ တိုးပွားလာစေနိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအဆင့် ထိခိုက်နစ်နာမှုများ ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများ - ဆိုလိုသည်မှာ ပေါ်ပေါက်လာသော ကိစ္စရပ်များကို (အလွန်ဝေးလံသောရုံးချုပ်သို့ လွှဲပြောင်းခြင်း မဟုတ်ဘဲ) လုပ်ငန်းလုပ်ဆောင်ရာအဆင့်တွင်ပင် လက်ခံဖြေရှင်းနိုင်သော လုပ်ငန်းစဉ်များ - ထိုသို့သော နည်းလမ်းများသည် ပိုမိုအရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် ပြဿနာကိစ္စရပ်များကို လက်ခံဖြေရှင်းပေးမည့်နေရာများ နည်းပါးခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွင်း မပြေလည်သေးသော ကိစ္စရပ်များစွာရှိနေခြင်း၊ ကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ ဖော်ထုတ်နိုင်မည့် အခွင့်အလမ်း နည်းပါးခြင်း၊ တိုင်ကြားမှုများကို အပြုသဘောဆန်ဆန် ထိရောက်မှုရှိရှိ ဖော်ထုတ်ကိုင်တွယ်ရမည့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ အတွေ့အကြုံနည်းပါးခြင်းနှင့် အချို့ကိစ္စရပ်များတွင် ရပ်ရွာလူထုအတွင်းတွင် ရပ်ရွာလူထုနှင့် စီးပွားရေးလုပ်ငန်းများအကြား ကြားခံဆောင်ရွက်ပေးနိုင်မည့် စေ့စပ်ညှိနှိုင်းပေးနိုင်မည့် အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုရှိသော အဖွဲ့အစည်းများ မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် မချင့်မရဲဖြစ်စေသော သာဓကတစ်ခုမှာ ကန်ထရိုက်လုပ်ငန်းများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအကြားတွင် ချိတ်ဆက်ညှိနှိုင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ကိုင်တွယ်တုံ့ပြန်ခြင်းဆိုင်ရာ အရေးပါသော ဘုံသဘောတူညီချက် မရှိခြင်းဖြစ်သည်။ လက်ရှိအနေဖြင့် ထိခိုက်နစ်နာမှုကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများမှာ ကြီးမားစွာ လစ်လပ်နေဆဲ၊ သို့မဟုတ် နားလည်မှုလွဲမှားနေဆဲပင် ဖြစ်သည်။

- **ထိရောက်မှုရှိသည့် ထိခိုက်နစ်နာမှုများ ကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းများ။** ။ လုပ်ငန်းဆောင်ရွက်မှုအဆင့်ရှိ ထိခိုက်နစ်နာမှုကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းများကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမှုများ (UN Guiding Principles on Business and Human Rights) သတ်မှတ်ထားသည့် အချက်များအတိုင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် သီးသန့်လမ်းညွှန်ထားသော ကောင်းမွန်သည့်အလေ့အထများအတိုင်း (ဇယား ၁၆-တွင် ကြည့်ပါ။) အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအဆင့် ထိခိုက်နစ်နာမှု ကိုင်တွယ် ဖြေရှင်းရေးနည်းလမ်းများသည် ပိုမိုကျယ်ပြန့်သော ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သင့်ပါသည်။ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာမှ ရရှိသောသင်ခန်းစာများကို လက်ရှိ ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆွေးနွေးရာတွင် ပိုမိုတိုးတက်လာစေရန်၊ ယခင်ဖော်ထုတ်တွေ့ရှိခဲ့သော ထိခိုက်နစ်နာမှုဖြစ်စဉ်များကို လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများတွင် ထပ်မံဖြစ်ပွားခြင်း မရှိစေရန် ပြန်လည်အသုံးပြုနိုင်ပါသည်။ ထိခိုက်နစ်နာမှု ကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်များသည် ကုမ္ပဏီများအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများအပေါ် ဒေသခံများမှ မည်သို့ရှုမြင်သုံးသပ်သည်၊ ဒေသခံလူထုအပေါ် ကောင်းမွန်သည့်၊ သို့မဟုတ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ ဖြစ်စေသည်ကို နားလည်စေပြီး "ကနဦး ကြိုတင်အသိပေးခြင်း" စနစ်တစ်ခုအဖြစ် အထောက်အကူပြုပါသည်။

- **စာပေဆိုင်ရာကိစ္စရပ်များအတွက် ထည့်သွင်းစဉ်းစားချက်များ။** ။ ရပ်ရွာလူထုကြားတွင် အမျိုးမျိုးသော စာပေတတ်မြောက်မှု ပုံစံရှိနေပြီး အရေး/အဖတ်အပေါ်၌ မှီတည်နေသည့်နည်းလမ်းထက် အခြားနည်းလမ်းများ အသုံးပြု၍ ရှုမြင်ပုံများ၊ တိုင်တန်းချက်များပြုလုပ်နိုင်သည့် နည်းလမ်းများ ရှိသင့်ပါသည်။ မတူညီသော ဘာသာစကားများအသုံးပြုသည့် တိုင်းရင်းသားလူမျိုးစုများအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

- **အခြားသောနည်းလမ်းများ ရယူအသုံးပြုခြင်း။** ။ လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် ထိခိုက်နစ်နာ မှုများကို ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများသည် အခြားသော ဖြေရှင်းနိုင်မည့်ပုံစံများဖြစ်သည့် တရားရုံးစနစ်များ၊ သို့မဟုတ် တရားရုံးပြင်ပ တရားစီရင်ရေးစနစ်များကို ဟန့်တားနှောင့်ယှက်ခြင်း မဖြစ်စေသင့်ပါ။ မြန်မာနိုင်ငံအတွင်းတွင် အစိုးရနှင့် အလှူရှင်များ၏ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအပေါ် အာရုံစိုက်မှုများကြောင့် ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အခြားသော နည်းလမ်းများ ဆက်လက်ပေါ်ပေါက်နိုင်ရန်လည်း မျှော်လင့်ပါသည်။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူတိုင်း မိမိယူဆချက်များကို လွတ်လပ်စွာဖော်ထုတ် တင်ပြခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ဒေသအတွင်း၌ ရေနံနှင့်ဓာတ်ငွေ့စီမံကိန်းများ မဖော်ဆောင်မီအစီအစဉ်နှင့်ပတ်သက်၍ ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းသော်လည်းကောင်း၊ ကြိုတင်၍ အသိပေးခြင်းသော်လည်းကောင်း ပြုလုပ်ပေးခြင်း မရှိသလောက်ရှားပါးသည်။ (မြေယာပြဿနာဆိုင်ရာ စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုအနှစ်ချုပ်တွင် ထပ်မံကြည့်ရှုပါ)။ ရပ်ရွာလူထုအနေနှင့် ရေနံ/သဘာဝဓာတ်ငွေ့လုပ်ငန်း စတင်လုပ်ကိုင်သည့်အချိန်မှသာ သိရလေ့ရှိပြီး တစ်ခါတစ်ရံတွင် တစ်ဆင့်စကားဖြင့်သာ ကြားသိကြရကြောင်း တင်ပြခဲ့ကြပါသည်။ ကုမ္ပဏီနှင့်အစိုးရမြေတိုင်းအဖွဲ့များ ဒေသခံရွာများ၏ လယ်ယာမြေများပေါ်မှ ဖြတ်သန်းသွားလာ၍ ကွင်းဆင်းလေ့လာမှုပြုကြသော်လည်း ဒေသခံများက ယင်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုများ ရှိသောအခါ မည်သို့မျှအကြောင်းပြန်ကြားမှု မရှိခဲ့ပါ။ (စီမံကိန်းမတိုင်မီဖြစ်စေ၊ စီမံကိန်းပြုလုပ်နေစဉ်ဖြစ်စေ)။ ရပ်ရွာလူထုအနေနှင့် ၎င်းတို့ထံမှ အချက်အလက်များ ကောက်ယူရရှိပြီးပါက အနည်းဆုံး မည်သည့်အတွက် ကောက်ယူသည်၊ မည်သို့အဖြေထွက်သည် ဆိုသည်ကို သိရှိလိုကြပါသည်။
- ဒေသခံများ၏ မည့်သည့်မြေအစိတ်အပိုင်းကို အသုံးပြုမည်ဆိုသော အချက်နှင့်ပတ်သက်၍ ဒေသခံများနှင့် ဆွေးနွေးမှုများ အနည်းအကျဉ်းသာရှိခဲ့ပြီး ဆွေးနွေးမှုများ လုံးဝမရှိသည့်အခါလည်း ရှိခဲ့ပါသည်။ နောက်တစ်ချက်မှာ ဒေသရပ်ရွာနှင့် ဒေသရှိ မည်သည့်မြေယာများအား အသုံးပြုမည်ကို တိကျစွာကြိုတင်ဖော်ပြခြင်း မရှိသောကြောင့် ကွင်းဆင်းစစ်ဆေးသူများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်အရ တန်ဖိုးရှိသောမြေများနှင့်စပ်လျဉ်း၍ သတိပြုဖော်ထုတ်ခြင်း၊ တန်ဖိုးထားခြင်း၊ ဖြစ်နိုင်ပါက၎င်းမြေနေရာများအား ရှောင်ရှားခြင်းတို့အား ဆောင်ရွက်ရန်အတွက် ခက်ခဲပါသည်။
- ဒေသခံရပ်ရွာလူထုအနေဖြင့် ကုမ္ပဏီများ၏ စီမံကိန်းရေးဆွဲမှုအပိုင်းတွင် ပါဝင်ဆွေးနွေးပြောဆိုခွင့် အလွန်နည်းပါးသည်။ ၎င်းတို့အား ကုမ္ပဏီများမှရေးဆွဲထားသော ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်ရန်အတွက် ချမှတ်ထားသောစနစ်များနှင့် တိုင်ကြားနိုင်ရန်အတွက် နည်းလမ်းများအားလည်း ကောင်းစွာအသိပေးထားခြင်း မရှိပါ။
- ဒေသခံများနှင့် ချိတ်ဆက်ဆွေးနွေးမှုပြုလုပ်ရာတွင် ရေနံနှင့်ဓာတ်ငွေ့စီမံကိန်းများနှင့် ၎င်းတို့၏တစ်ဆင့်ခံကန်ထရိုက်တာများသည် တစ်ဦးနှင့်တစ်ဦး မတူညီသောပုံစံများဖြင့် ပြုလုပ်လေ့ရှိသည်။ တချို့ကုမ္ပဏီများသည် ကြုံသလို၊ သင့်သလို ဆောင်ရွက်လုပ်ကိုင်ကြခြင်း၊ သို့မဟုတ် အချို့ကလည်း ဤကိစ္စများအား ၎င်းတို့၏ရုံးချုပ်ရှိ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍ လုပ်ဆောင်သောဌာန (Corporate Social Responsibility – CSR) အဖွဲ့သို့ တာဝန်များအား လွှဲပြောင်းပေးကြသည်။ အခြားကုမ္ပဏီများသည် ရွာတစ်ခုချင်းစီအလိုက် ဆက်သွယ်ရန် နေရာသတ်သတ်မှတ်မှတ်ထားရှိပြီး ရပ်ရွာအရေးအား ဒေသခံအုပ်ချုပ်ရေး၊ ရပ်ရွာလူကြီးများနှင့် ကိုယ်စားပြုသူများ၊ ရွေးချယ်ထားသော ရပ်ရွာမှပုဂ္ဂိုလ်များ၊ ကုမ္ပဏီအားကိုယ်စားပြုသူများပါဝင်ပြီး လုပ်ဆောင်ကြသည် (အောက်တွင်ဖော်ပြထားသော မြန်မာနိုင်ငံမှ ကောင်းမွန်သော အလေ့အထကောင်းများ ဥပမာကိုကြည့်ရှုပါ)။
- မြန်မာနိုင်ငံအတွင်း စီမံကိန်းများ လုပ်ကိုင်ဆောင်ရွက်နေသော နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ပုံ အလေ့အထများ တစ်နေရာနှင့်တစ်နေရာ မတူညီကြသော်လည်း အဓိကစိန်ခေါ် ချက်တစ်ရပ်မှာ ဒေသခံရပ်ရွာလူထုနှင့် တိုက်ရိုက်ချိတ်ဆက်ဆွေးနွေးမှုများပြုလုပ်ရန် အစိုးရထံမှ ခွင့်ပြုချက်ရယူရခြင်းဖြစ်သည်။ တချို့သောကုမ္ပဏီများ၏ တင်ပြချက်များတွင် ၎င်းတို့သည် ဒေသခံပြည်သူများထံသို့ ချဉ်းကပ်ရန် မလုပ်နိုင်ခဲ့သည်များရှိပြီး ထိုအစားဒေသခံများနှင့်ဆက်သွယ်ရန် နိုင်ငံတော်အစိုးရ၊ သို့မဟုတ် မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ကိုယ်စားလှယ်များက ကြားခံများအဖြစ်ဆောင်ရွက်ကြပြီး အချို့မှာမူဒေသခံများသို့ တိုက်ရိုက်ပုံမှန် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်လေ့ရှိသည်ကို တွေ့ရပါသည်။
- ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ လေ့လာတွေ့ရှိရသည်မှာ ထိုကုမ္ပဏီသည် ဒေသခံများနှင့်ဆက်သွယ်ဆောင်ရွက်မှု၊ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်မှုများ မရှိခဲ့ဘဲ ဒေသခံများ၏ အကျိုးထိခိုက်ဖွယ်ပြဿနာပေါ် ပေါက်လာသည့်အခါ ကုမ္ပဏီထံသို့ ဒေသခံများကတိုင်ကြားစာတင်ပြရန် ဖုန်းနံပါတ်သော်လည်းကောင်း၊ ကုမ္ပဏီတည်ရှိသည့် တည်နေရာသော်လည်းကောင်း၊ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်မည့်နေရာကိုသော်လည်းကောင်း၊ ဒေသခံများကို ပေးထားခြင်း မရှိသည်ကို တွေ့ရသည်။

၄

၄.၁

## ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရေးနည်းလမ်းများ

**လူ့အခွင့်အရေးဆိုင်ရာရည်ညွှန်းချက်** - ထိခိုက်နစ်နာမှုများအားကုစားမှုရယူပိုင်ခွင့်။ ထင်မြင်ယူဆချက်များအား လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- အချို့သော ဒေသခံများအနေဖြင့် ၎င်းတို့၏မကျေနပ်ချက်များအား တင်ပြခြင်းမရှိဘဲ ဆိတ်ဆိတ်သာနေကြကြောင်း၊ အထူးသဖြင့် အစိုးရအာဏာပိုင်များသို့လည်းကောင်း၊ MOGE သို့လည်းကောင်း တင်ပြခြင်းမရှိပါ။ အကြောင်းရင်းမှာ ထိုသို့တင်ပြတိုင်ကြားသော်လည်း ထူးခြားပြောင်းလဲလာမည်မဟုတ်ဟု ထင်မြင်သောကြောင့်ဖြစ်ကြောင်း သိရသည်။
- ကုမ္ပဏီအနည်းငယ်မျှတွင် ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရေးနည်းလမ်းများ ထားရှိပါသည်။ မကျေနပ်ချက်များလက်ခံရန် ဆက်သွယ်နိုင်မည့်သူအား ထားရှိသော်လည်း အမြဲတမ်းအတွက် မရှိပါ။ အချို့ကိစ္စများတွင် ဤထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရန် တာဝန်ရှိသောသူများသည် ရန်ကုန်တွင် ရုံးထိုင် အလုပ်လုပ်သောကြောင့် ဒေသခံရပ်ရွာလူထုနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန် အဟန့်အတား၊ အခက်အခဲများ ဖြစ်စေပါသည်။ ဒေသခံရပ်ရွာလူထုမှ ထုတ်ဖော်ပြောဆိုလေ့ရှိသော ကိစ္စရပ်တစ်ခုမှာ ကိစ္စများအားဖြေရှင်းပေးရန် တောင်းဆိုမှုများပြုလုပ်ရာတွင် ဒေသအာဏာပိုင်များမှ MOGE သို့လည်းကောင်း၊ MOGE မှ ကုမ္ပဏီသို့လည်းကောင်း၊ ကုမ္ပဏီမှတစ်ဖန် ဒေသအာဏာပိုင်ထံသို့လည်းကောင်း အဆင့်ဆင့်လမ်းညွှန်ကြပြီး အဆုံးတွင် ကိစ္စပြဿနာများအား ဖြေရှင်းနိုင်ခြင်းမရှိကြောင်း မှတ်သားသိရှိရပါသည်။
  - ဒေသခံများ၏ သီးနှံပင်များပျက်စီးခြင်း၊ သို့မဟုတ် သောက်သုံးရေကန်များပျက်စီးခြင်း စသည့်ထိခိုက်နစ်နာမှုများအတွက် ကုမ္ပဏီအား လျော်ကြေးပေးရန်တောင်းခံရာ၌ ကုမ္ပဏီသည် ဒေသခံများနှင့် နှစ်ဦးနှစ်ဘက်သဘောတူလက်ခံနိုင်သည့် နည်းလမ်းများဖြင့် ဖြေရှင်းပေးခဲ့သည်။
  - တချို့သောကုမ္ပဏီများတွင် ဒေသရပ်ရွာများအတွင်း၌ ဆက်သွယ်ရန်ပုဂ္ဂိုလ်များအား သတ်သတ်မှတ်မှတ်ထားရှိပေးပြီး၊ သို့မဟုတ် ထားရှိရန်စီစဉ်နေကြပြီး ၎င်းတို့အနေဖြင့် ရပ်ရွာမှတိုင်တန်းမှုများအား လက်ခံရန်နှင့် ပြဿနာများရှိပါက ဖြေရှင်းမှုတွင် ပါဝင်နိုင်ရန်ဖြစ်သည်။
  - ကုမ္ပဏီများအနေဖြင့် တိုင်ကြားမှုများ လက်ခံခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်း၊ ရပ်ရွာလူထုသို့ အစီရင်ခံတင်ပြခြင်းများတွင် ဒေသခံများနှင့် မျက်နှာချင်းဆိုင် ဆက်သွယ်နိုင်ရုံမျှသာမက တိုးတက်လာသောလက်ကိုင်တယ်လီဖုန်းအသုံးပြုမှုများ၊ အင်တာနက်အသုံးပြုမှုများ၊ လူမှုရေးသတင်းမီဒီယာများအား အသုံးချခြင်းဖြင့်လည်း ဆက်သွယ်ဆက်ဆံနိုင်မည့် နည်းလမ်းများ ပိုမိုရရှိပါသည်။ ကုမ္ပဏီများအနေနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို လျင်မြန်စွာ ထုတ်ဖော်ပံ့ပိုးနိုင်ရန်အတွက် အင်တာနက် ဝက်ဘ်စာမျက်နှာများ (Webpages) ဖန်တီးအသုံးပြုခြင်းကို ပိုမိုလုပ်ဆောင်လာကြပြီ ဖြစ်သည်။
- အချို့သော ဒေသခံများအနေဖြင့် ပေးအပ်သောလျော်ကြေးငွေများကိုလက်ခံရန် တွန့်ဆုတ်နေကြသည်။ အကြောင်းမှာ ၎င်းလျော်ကြေးငွေများအား လက်ခံခြင်းဖြင့် (ဥပမာ- မြေယာသိမ်းယူမှု၊ ရေရရှိရေးအပေါ် သက်ရောက်မှုများအတွက်) အနာဂါတ်တွင် ၎င်းနှင့်ဆက်စပ်သော ကိစ္စများအား တင်ပြရန်ပေါ်ပေါက်လာပါက၊သို့မဟုတ် ထိခိုက်နစ်နာမှုများအား တင်ပြရန်ရှိလာပါက လျော်ကြေးအား လက်ခံရယူပြီးဖြစ်သောကြောင့် တင်ပြရန်တားမြစ်ပိတ်ပင်ရာ ရောက်မည်ကို စိုးရွံ့ခြင်းနှင့် ယုံကြည်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။
- ဒေသခံများမှ ဒေသတွင်းရှိ တရားရုံးများသို့ တိုင်ကြားသည့် ကိစ္စအနည်းငယ်ရှိကြောင်းလည်း မှတ်သားသိရှိရပြီး အချို့အမှုကိစ္စများတွင် အောင်မြင်မှုများပင်ရှိကြောင်း သိရှိရသည်။ သို့သော် ယေဘုယျအားဖြင့် ပြဿနာကိစ္စများအား တရားရုံးများသို့ တင်သွင်းခြင်းလမ်းကြောင်းအား အသုံးပြုလေ့မရှိကြပါ။ တင်ပြလာသောကိစ္စရပ်တစ်ခုမှာ အဝတ်လိုက်စားမှုတစ်ခုအား ဒေသတရားရုံးမှ တရားစီရင်ဆုံးဖြတ်ရာတွင် ဒေသရပ်ရွာအား ထောက်ခံသောဆုံးဖြတ်မှု၊ အားပေးထောက်ခံမှုရှိခဲ့ပြီး ဒေသအာဏာပိုင်များ၊ ကုမ္ပဏီများမှလည်း ဟန့်တားခြင်းမရှိခဲ့ကြောင်း သိရှိခဲ့ရသည်။

**မြန်မာနိုင်ငံမှ ကောင်းမွန်သောအလေ့အထကောင်းများ ဥပမာ**

- အချို့သောကုမ္ပဏီများသည် ချိတ်ဆက်ဆောင်ရွက်မှုများ၊ တိုင်ကြားမှုများကို ရွာအလိုက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းများ သတ်မှတ်ထားရှိပြီး ဒေသခံအုပ်ချုပ်ရေး၊ ရပ်ရွာလူကြီးများ၊ ရပ်ကျေးကိုယ်စားလှယ်များ၊ ရွေးချယ်ထားသော ဒေသခံပုဂ္ဂိုလ်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့သည် ရပ်ရွာအရေးအား တက်ကြွစွာဖြင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ကြသည်။

## စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# ရပ်ရွာလူထု



၄

၄.၂

# အပိုင်း - ၄.၂

# ရပ်ရွာလူထု

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင်ထည့်သွင်းစဉ်းစားရမည့်လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

### ဆင်းရဲမွဲတေမှု၊ ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး

မြန်မာနိုင်ငံသည် ကျေးလက်ဒေသ စိုက်ပျိုးထုတ်လုပ်ရေးကိုအခြေပြုသော လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး များစွာသောသူတို့သည် အသက်ရှင်ရပ်တည်ရေးအတွက် လယ်ယာလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ဆင်းရဲသောမိသားစုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း၊ သို့မဟုတ် နေ့စားအလုပ်သမားများအဖြစ် လုပ်ကိုင်လျက်ရှိကြပြီး လူမှုစီးပွားဆိုင်ရာညွှန်းကိန်းများအတွက် တိကျခိုင်မာသော အသေးစိတ်အချက်အလက်များ မရှိသေးပါ။ ၂၀၁၄-ခုနှစ် ကုလသမဂ္ဂ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း (UN Human Development Index)တွင်မြန်မာနိုင်ငံ၏ပျမ်းမျှလူ့သက်တမ်းမှာ (၆၅.၂)နှစ်ဖြစ်ပြီးပျမ်းမျှကျောင်းတက်ရောက်မှုမှာ (၄.၀) နှစ်သာ ရှိပါသည်။ ၎င်းညွှန်းကိန်းများအရ ၁၈၇-နိုင်ငံတွင် မြန်မာနိုင်ငံအား အဆင့် (၁၅၀) သတ်မှတ်ထားပြီး "လူသားဖွံ့ဖြိုးမှုအနိမ့်ဆုံးအဆင့်" (low human development category) အတွင်း ထည့်သွင်းထားပါသည်။ အနီးနားရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုညွှန်းကိန်းအဆင့်များမှာ ထိုင်းနိုင်ငံသည် အဆင့် (၈၉)၊ ဗီယက်နမ်နိုင်ငံသည် အဆင့် (၁၂၁)၊ ကမ္ဘောဒီးယားနိုင်ငံသည် အဆင့် (၁၃၆)ဖြစ်ပြီး လာအိုနိုင်ငံမှာ အဆင့် (၁၃၉)ဖြစ်သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ အစီရင်ခံချက်အရ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းမှာ ၂၆-ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်ဒေသ၏ ဆင်းရဲမှုနှုန်းမှာ မြို့ပြထက် နှစ်ဆမြင့်ပါသည်။ သို့သော်လည်း ၎င်းကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ကိန်းဂဏန်းများကို အခြေခံ၍ ၂၀၁၄-ခုနှစ် မေလတွင်ထုတ်ပြန်ကြေညာသော ကမ္ဘာ့ဘဏ်၏ (World Bank) သတင်းအချက်အလက်တွင် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် နေ့စဉ်စားသုံးသည့် အနည်းဆုံး ကယ်လိုရီပမာဏ (Calories) အပေါ် မြင့်မားသည့် ကိန်းဂဏန်းတစ်ခု အသုံးပြုထားပြီး၊ မြို့ပြမှဆင်းရဲမှုရာခိုင်နှုန်းပိုမိုမြင့်နေကာ နိုင်ငံ၏ဆင်းရဲမှုနှုန်းမှာ ၃၇.၅-ရာခိုင်နှုန်းဟု ညွှန်းဆိုထားပါသည်။ ထိုသို့ အချက်အလက်များကို ပြန်လည်ဖော်ပြချက်အရ ရခိုင်ပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှု ၇၇.၉-ရာခိုင်နှုန်းအထိ ရှိနေကြောင်း အသိပေးညွှန်းဆိုထားပါသည်။ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားသည့် ကုန်းတွင်းပိုင်းပြည်နယ်ဖြစ်သော ရှမ်းပြည်နယ်တွင် ၂၀၁၀-ခုနှစ်၌ ဆင်းရဲနွမ်းပါးမှု (၃၃) ရာခိုင်နှုန်းရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ အဓိကလုပ်ကိုင်သည့် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် ၂၀၁၀-ခုနှစ်၌ ဆင်းရဲမှု(၂၇) ရာခိုင်နှုန်းရှိခဲ့သည်။ ဆင်းရဲမှုနှုန်းမြင့်မားခြင်းသည် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ပြည်နယ်များတွင် ပိုမိုဖြစ်ပွားနေပြီး ပဋိပက္ခဖြစ်ပွားနေခြင်း၏ အကျိုးဆက်လည်းဖြစ်သည်။ (လုံခြုံရေးအပိုင်း အခန်း ၄.၇ တွင် ကြည့်ရှုပါ)။ ၂၀၁၀-ခုနှစ်တွင် ကမ်းလွန်ရေနံဓာတ်ငွေ့လုပ်ငန်းများ ပေါ်ထွက်လာမည့် ကမ်းရိုးတန်းဒေသတစ်လျှောက်၌ ဆင်းရဲနွမ်းပါးမှုများမှာ ရခိုင်ပြည်နယ်တွင် (၄၄) ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၃၃) ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် (၁၆.၃) ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၃၂) ရာခိုင်နှုန်းတို့ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆင်းရဲမှုနှုန်းမှာ (၂၆) ရာခိုင်နှုန်း ဖြစ်သည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အားနည်းနေရခြင်း၏ အကြောင်းရင်းအချို့မှာ နိုင်ငံ၏ ဆယ်စုနှစ်များစွာ တစ်သီးတစ်သန့်ဖြစ်တည်မှုနှင့် ၁၉၉၀-ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့မှ အစိုးရများနှင့် ဥရောပသမဂ္ဂတို့မှ ပိတ်ဆို့အရေးယူမှုများကြောင့် ဖြစ်သည်။ ထို့အပြင် ယခင်စစ်အစိုးရအနေဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူ့စောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း မရှိခဲ့ သောကြောင့်လည်း ဖြစ်ပါသည်။ (၂၀၁၂-၂၀၁၃)ခုနှစ်တွင် နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ (၀.၇၆)

ရာခိုင်နှုန်းအား ကျန်းမာရေးကဏ္ဍ၊ (၁.၄၆) ရာခိုင်နှုန်းအား ပညာရေးကဏ္ဍနှင့် (၀.၀၁) ရာခိုင်နှုန်းအား လူမှုဖူလုံရေးကဏ္ဍအတွက် ဤပမာဏအောက် လျော့နည်း၍ သုံးစွဲခဲ့ပါသည်။ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍအတွက် နိုင်ငံ့အရင်းအမြစ်များ ခွဲဝေအသုံးချမှု အလွန်နည်းပါးခဲ့သည့် အကျိုးဆက်အနေနှင့် ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူ့စောင့်ရှောက်ရေး ဝန်ဆောင်မှုများတွင် ဆုတ်ယုတ်လျက်ရှိပြီး အထူးသဖြင့် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများ ဆောင်ရွက်နေသော ဝေးလံခေါင်သီသည့် ကျေးလက်ဒေသများတွင် ပိုမိုဆိုးရွားပါသည်။ အစိုးရအနေနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ခု လိုအပ်လျက်ရှိကြောင်း အသိအမှတ်ပြုလာပြီး လူမှုကာကွယ်စောင့်ရှောက်ရေး ပူးပေါင်းညှိနှိုင်းမှု အမျိုးသားအဆင့်ကော်မတီ (National Committee for the Coordination of Social Protection) တစ်ခုအား "ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ သာတူညီမျှ မဖြစ်မှု၊ လူမှုရေးရာများတွင် ချန်လှပ်ထားခြင်းကိစ္စရပ်များကို သတ်မှတ်ဖြေရှင်းရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်မှုများအတွက် အလေးထားဆောင်ရွက်နိုင်ရန် ရည်ရွယ်၍" ဖွဲ့စည်းမည် ဖြစ်သည်။

## ပညာရေး

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ ၎င်း၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသုံးသပ်ချက်တွင် "ပညာရေးနှင့်ကျန်းမာရေးကဏ္ဍအတွက် ငွေကြေးသုံးစွဲမှုကန့်သတ်ခြင်းသည် အနာဂတ်တွင် ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအဟန့်အတားတစ်ခု ဖြစ်စေသည်"ဟု မှတ်ချက်ပြုထားပါသည်။ မူလတန်းအဆင့်တွင် ကျောင်းထွက်သွားခြင်း၊ အလယ်တန်းအဆင့် ကျောင်းအပ်နှံသူနည်းပါးခြင်းတို့မှာ ဆင်းရဲမွဲတေမှုကြောင့်ဖြစ်ပြီး ထိုကိစ္စသည် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေပါသည်။ မြန်မာနိုင်ငံရှိ ကျောင်းနေသက်တမ်းမှာ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့အောက် လျော့နည်းနေပါသည်။ အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာမူဘောင်(Framework of Economic and Social Reforms – FESR) တွင် မူလတန်းကျောင်းအပ်နှံမှု (၈၇)ရာခိုင်နှုန်းဟု ဖော်ပြထားပြီး မြန်မာနိုင်ငံအနေနှင့် ထောင်စုနှစ်မျှော်မှန်းချက် (Millennium Development Goal) အမှတ်-၂ ဖြစ်သည့် "လူတိုင်း မူလတန်းပညာသင်ကြားနိုင်ရေး" အချက်အောက်တွင် အခြားအာဆီယံနိုင်ငံများ၏နောက်တွင် ရှိနေပါသည်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD)မှ ထပ်မံ၍ မှတ်ချက်ပြုထားသည်မှာ ပညာရေးအဆင့်အတန်း နိမ့်ကျနေခြင်း၊ အခြေခံစာတတ်မြောက်မှုအလွန် ပညာရေးတွင် အကန့်အသတ်ရှိနေခြင်းများနှင့်အတူ ပညာရေးစနစ် ပိုမိုတိုးတက်လာစေရေး အစိုးရ၏ဆောင်ရွက်ချက်များကို ဖော်ပြပါရှိပါသည်။

တရားဝင်စာရင်းအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စာတတ်မြောက်မှုနှုန်းမှာ (၉၀) ရာခိုင်နှုန်းရှိသော်လည်း စစ်တမ်းတစ်ခုအရ ကျေးလက်လူထု၏ သုံးပုံတစ်ပုံခန့်သည် လက်တွေ့တွင် စာကောင်းမွန်စွာတတ်မြောက်မှု မရှိကြောင်းကို တွေ့ရှိရသည်။ ယင်းအချက်သည် ပိုမိုကျယ်ပြန့်သေ ာပြဿနာအဖြစ် လေ့လာတွေ့ရှိရသည်။

အသက်မွေးမှုဆိုင်ရာသင်တန်းများ (Vocational Trainings) ပိုမိုလိုအပ်နေကြောင်းကိုလည်း ဖော်ပြနေခြင်းဖြစ်သည်။

## ကျန်းမာရေး

ခန့်မှန်းအားဖြင့် (၇၅)ရာခိုင်နှုန်းသော မြန်မာ့လူဦးရေသည် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြပါ။ ဆင်းရဲသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အမြောက်အများကို ပုဂ္ဂလိကကဏ္ဍမှ ပံ့ပိုးပေးနေသော်လည်း လုံလောက်မှုမရှိခြင်း၊ သို့မဟုတ် တတ်နိုင်မှုမရှိခြင်းများ တွေ့ရှိရပါသည်။ လက်ရှိ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများတွင် အခြေခံအသုံးအဆောင်များ၊ ဆေးပစ္စည်းများနှင့် ဝန်ထမ်းများလုံလောက်မှု မရှိသေးပါ။ (၈၇) ရာခိုင်နှုန်းခန့်သော ကျန်းမာရေးအသုံးစရိတ်များကို ဝန်ဆောင်မှုရယူသူများမှ ကုန်ကျခံကြရပြီး ၎င်းပမာဏမှာ ဒေသတွင်း အမြင့်ဆုံးပမာဏ ဖြစ်နေပါသည်။ ကျန်းမာရေးလုပ်သားနှင့် လူဦးရေအချိုးမှာ (၁း၂၁,၈၂၂) ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ဆရာဝန်ဦးရေမှာ (၂၆,၄၃၅)ဦး ဖြစ်သည်။

"အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံသားအားလုံး တန်းတူညီမျှရရှိရေး"အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ နှစ်(၂၀) အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးမှုအစီအစဉ်အတွင်း အမျိုးသားအဆင့် ကျန်းမာရေးအစီအစဉ် (၂၀၁၁-၂၀၁၆) (National Health Plan) တစ်ခုကို ရေးဆွဲခဲ့ပါသည်။ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာမူဘောင်(FESR) မှ ဖော်ပြထားသည်မှာ အစိုးရအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးတက်ကောင်းမွန်လာစေရန် နှစ်ဆကြိုးပမ်းသွားမည် ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်မျှော်မှန်းချက်များကို ဖြစ်နိုင်သမျှ ပြည့်မီစေရန် ပြည်သူ့ရေးရာဘဏ္ဍာငွေခွဲဝေခြင်းများ ပြုလုပ်သွားမည်ဟု ပါရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်သည်။ ၂၀၀၉-ခုနှစ်တွင်ပြုလုပ်သော တီဘီဖြစ်ပွားမှု စစ်တမ်းကောက်ယူမှုတစ်ခုအရ လူ ၁၀၀,၀၀၀ တွင် ၄၃၄ ဦးနှုန်းဖြစ်ပွားနေကြောင်း သိရှိရပါသည်။ မဲခေါင်ဒေသအတွင်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံသည်လည်း မြန်မာနိုင်ငံဖြစ်ပါသည်။ လူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်မှာ ငှက်ဖျားဖြစ်ပွားရာဒေသများတွင် နေထိုင်လျက်ရှိပြီး အရှေ့တောင်ပိုင်းတွင် ဆေးယဉ်ပါးသော ငှက်ဖျားရောဂါ (Artemisinin-resistant Malaria) များ တွေ့ရှိရပါသည်။ သို့သော်လည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ အစီရင်ခံချက်အရ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၀၇-ခုနှစ်မှ စတင်ကာ (၅၀)ရာခိုင်နှုန်းအထိ လျော့ကျသွားပြီဖြစ်ပြီး ၁၉၉၇-ခုနှစ်ကတည်းက တီဘီဖြစ်ပွားမှုနှုန်း လျော့ကျခဲ့ပြီဖြစ်သည်။ ၂၀၁၂-ခုနှစ်အတွင်း ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီဖြင့် အသက်ရှင်နေထိုင်သူ ၂၁၆,၀၀၀ ရှိပြီး မူးယစ်ဆေးထိုးသွင်း အသုံးပြုသူများ၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းဖြင့် အသက်မွေးသူများ၊ ၎င်းတို့နှင့်ဆက်ဆံသူများ၊ အမျိုးသားချင်း လိင်ဆက်ဆံသူများအကြား ကူးစက်မှုမြင့်မားလျက်ရှိသည်။ ဖော်ပြပါအုပ်စုများအတွင်း ရောဂါဖြစ်ပွားမှုနှုန်းမှာ "လွန်ခဲ့သောနှစ်များအတွင်း သိသိသာသာ လျော့ကျသွားခဲ့သည်"။

## အစားအစာ

၂၀၁၀-ခုနှစ်တွင် (၅) ရာခိုင်နှုန်းသောလူဦးရေသည် အစားအစာငတ်မွတ်ခေါင်းပါးခြင်းကို ကြုံတွေ့ခဲ့ကြရပါသည်။ တိုင်း/ပြည်နယ်အလိုက် ကွဲပြားမှုရှိပြီး အမြင့်ဆုံးအနေဖြင့် ချင်းပြည်နယ်တွင် (၂၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစားအစာငတ်မွတ်ခြင်း၏ (၈၅) ရာခိုင်နှုန်းမှာ ကျေးလက်ဒေသမှ ဖြစ်သည်။

## အခြေခံအဆောက်အအုံ

လူဦးရေ၏ (၇၀)ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိခြင်း မရှိပါ။ လမ်းများနှင့် မီးရထားလမ်းများအပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ဖွံ့ဖြိုးမှုမှာ  သိသာစွာနောက်ကျနေပါသည်။ ထို့အတွက် စီးပွားရေးလုပ်ငန်းများ နှောင့်နှေးနေရပြီး ပစ္စည်းများ သယ်ယူရွှေ့ပြောင်းရန်၊ ကျေးလက်ဒေသနေ ပြည်သူများ ဈေး၊ ကျောင်း၊ ဆေးခန်းများသို့သွားရောက်ရန် အခက်အခဲများကြုံတွေ့ကြရခြင်းနှင့် လမ်းကြောင့်သေဆုံးမှု မြင့်မားခြင်းများရှိနေပါသည်။ မြန်မာနိုင်ငံမှ အကြံပေးအဖွဲ့တစ်ခုဖြစ်သော MDRI-CESD ၏ ကူညီပံ့ပိုးမှုဖြင့် မာစတာကဒ် (Mastercard)၏ အစီရင်ခံစာတစ်ခုအရပုံမှန်ဘဏ်လုပ်ငန်း ထိုးဖောက်ဝင်ရောက်မှုသည် မြို့ပြဒေသများတွင် (၁၀) ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသများတွင် ပိုမိုနည်းပါးကြောင်း၊ အကြောင်းရင်းမှာ ငွေစက္ကူပေါ်တွင်မှီခိုနေကြပြီး ဘဏ်စနစ်အပေါ် ယုံကြည်မှု မရှိခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

## ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နေရာများ

တိုင်းရင်းသားလူနည်းစုများ/ဌာနေတိုင်းရင်းသားများအပေါ် အခန်း(၄.၅)တွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအရ အလွန်ကွဲပြားခြားနားစွာ တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်းတွင် ယုံကြည်ကိုးကွယ်မှုဆိုင်ရာနှင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာနေရာများ မြောက်များစွာပြန့်နှံ့တည်ရှိနေပြီး ဒေသရှိဘုရားကျောင်းများ၊ စေတီများနှင့်အတူ တည်ရှိနေထိုင်သော အလွန်အရေးပါသည့် လူအုပ်စုများလည်းရှိသည်။ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းလုပ်ဆောင်သော နေရာများတွင်လည်း မတူကွဲပြားသောယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အရေးကြီးသော နေရာဒေသများ ရှိနေတတ်ပါသည်။ ထိုဒေသများတွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ပါဝင်ပြီး ဒေသခံမွန်လူမျိုးများ၊ ကရင်လူမျိုးများ၊ ထားဝယ်လူမျိုးစုများအတွင်း ဗုဒ္ဓဘာသာကိုးကွယ်သူများ၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများနှင့် နတ်ကိုးကွယ်ယုံကြည်သူများ ရောနှောလျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်သူရခိုင်လူမျိုးများနှင့် ဗမာလူမျိုးများအပြင် မွတ်စလင်ဘာသာကိုကိုးကွယ်သူအုပ်စုများဖြစ်သည့် ကမန် (Kaman) နှင့် ရိုဟင်ဂျာ (Rohingya) ဆိုသူများ တည်ရှိနေထိုင်ကြသည်။

အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာများတွင် ရေနံနှင့်ဓာတ်ငွေ့တူးဖော်ခြင်းကို တားမြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနေရာများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၉၉၈) အပိုဒ် (၂၀-ဃ)၊ ပြင်ဆင်ချက်ဥပဒေအမှတ် (၁/၂၀၀၉) တွင် "မည်သူတစ်ဦးတစ်ယောက်မျှ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာများတွင် အောက်ပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ .... (ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်ကျောက်မျက်များနှင့် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်း" ဟု ဖော်ပြပါရှိပါသည်။

## စီးပွားရေးလုပ်ငန်းများ၏ လူမှု တာဝန်ယူမှု (CSR) / လူမှုဘဝ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ

မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility – CSR) လုပ်ငန်းများနှင့်ပတ်သက်သည့် အသိအမြင်အယူအဆများ တိုးပွားလာသည့်အချိန်တွင် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးအဖွဲ့များအပေါ်၊ သို့မဟုတ် ရပ်ရွာလူထုအပေါ် လှူဒါန်းမှုများပြုလုပ်သည့် ပရဟိတရေးရာအယူအဆများမှာ တစ်ခါတစ်ရံ၌ အကန့်အသတ်ရှိနေပါသည်။ စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု (CSR) လုပ်ငန်းများဆောင်ရွက်ရာတွင် ၎င်းစီးပွားရေးလုပ်ငန်း၏ လူမှုအသိုက်အဝန်းအပေါ်နှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိနေသည့် အကျိုးဆက်များအား တာဝန်ယူသည့် သဘောတရားအပေါ် အခြေခံသည့် နည်းလမ်းတစ်ခုသည် "လုပ်ငန်းဆောင်ရွက်နိုင်ရန် လူမှုရေးရာခွင့်ပြုချက်" တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများနှင့် အစိုးရ၏ သေချာစွာသဘောပေါက်နားလည်မှု နည်းပါးပါသည်။ ဆိုလိုသည်မှာ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းများအရ ရရှိသောလုပ်ငန်းဆောင်ရွက်ခွင့်ထက် ဒေသခံရပ်ရွာလူထု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအပေါ် လက်သင့်ခံနိုင်မှုက ပိုမို၍ အရေးပါအရာရောက်ပါသည်။

သယံဇာတတူးဖော်ရေး ထိပ်တန်းကုမ္ပဏီများ၏ စီမံကိန်းနယ်မြေတစ်ဝိုက်တွင် ရပ်ရွာလူထုများအတွက် ဆောင်ရွက်သော လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ဆောင်ရွက်မှုနည်းလမ်းများ၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထု၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ကုမ္ပဏီများအကြား ထိရောက်သောဆက်သွယ်ဆက်ဆံရေးကို မည်သို့တည်ဆောက်နိုင်ကြောင်း နည်းလမ်းများကို ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် အစိုးရတို့မှ မသိရှိရပါ။

ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (The Model Production Sharing Contract – PSC) အရ လူမှုဘဝရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ (Social investment Programmes) ပြုလုပ်ရန် မလိုအပ်ပေ။ သို့သော် မြန်မာနိုင်ငံရင်းနှီးမြှုနှံမှုကော်မရှင် (MIC) ၏ ဆွေးနွေးချက်များအရ ရင်းနှီးမြှုပ်နှံသူများအား အခွန်မပေးဆောင်မီ ရှိနေသော အကျိုးအမြတ်များ၏ (၁-၃ ရာခိုင်နှုန်း) ပမာဏကို စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု (CSR) လုပ်ငန်းများအတွက် လျာထားရန်နှင့် ရပ်ရွာလူထု၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာတွင် အသုံးပြုရန် တိုက်တွန်းထားပါသည်။ ဖော်ပြပါပမာဏသည် လက်ရှိအခြေအနေအရ မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စ မဟုတ်သော်လည်း လက်ပံတောင်းကြေးနီစီမံကိန်း ပြန်လည်ညှိနှိုင်းမှုတွင် (၂-ရာခိုင်နှုန်း) ကို အမှန်တကယ် ထည့်သွင်းချုပ်ဆိုခဲ့ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် သဘောတူစာချုပ်ချုပ်ဆိုသော ကုမ္ပဏီတို့အကြား ဖော်ပြထားသည့် စာချုပ်ပါလုပ်ငန်းဧရိယာအတွင်းတွင် ၎င်းတို့၏ လိုက်နာရမည့်စည်းမျဉ်းများ (Code of Conduct)နှင့်အညီ စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု (CSR) လုပ်ငန်းများကို ဆောင်ရွက်ရန်သာ လိုအပ်ပါသည်။ ၎င်းစာချုပ်အရ ကုမ္ပဏီတစ်ခုချင်းအလိုက် သက်ဆိုင်ရာနည်းလမ်းများ အသုံးပြုဆောင်ရွက်ရန် ဖြစ်သည်။ ထို့အတွက် စီမံကိန်းရေးဆွဲရေးအတွက် ပြောင်းလွယ်ပြင်လွယ်ဖြစ်စေသော်လည်း ကုမ္ပဏီများအနေနှင့် ထိရောက်မှုရှိသည့် လူမှုတာဝန်ယူမှု၊ သို့မဟုတ် လူမှုဘဝရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေးဆွဲနိုင်မည့် သင့်လျော်သော အတွေ့အကြုံများ ရှိပြီးဖြစ်သည်ဟု ယူဆပါသည်။ ပရဟိတဆန်သော လှူဒါန်းခြင်းများနှင့် လူမှုတာဝန်ယူမှုဆိုင်ရာ လျာထားငွေကို စွမ်းဆောင်ရည် နည်းပါးသော ဒေသ/ တိုင်းဒေသကြီး အစိုးရများထံ လွှဲပြောင်းပေးခြင်းများသည် ရပ်ရွာလူထု၏ လုပ်ငန်းဆောင်ရွက်နိုင်ရန် လူမှုရေးရာခွင့်ပြုချက်ရရှိရေးတွင် ထိရောက်မှု မရှိလှပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ဒေသခံများအတွင်း ပဋိပက္ခဖြစ်မှုများ၊ သို့မဟုတ် အကျင့်ပျက်ခြစားမှုများပင် ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် ကုမ္ပဏီများ၏ ဂုဏ်သိက္ခာရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများအရ ထိုသို့သောပေးကမ်းမှုများကို ခွင့်မပြုပါ။

အကယ်၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လိုအပ်ချက်တွင် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု/တာဝန်ခံမှု လုပ်ငန်းများအတွက် လျာထားငွေသတ်မှတ်ချက်ကို မဖြစ်မနေလုပ်ရမည့် အချက်တစ်ခုအနေနှင့် သတ်မှတ်မည်ဆိုပါက ၎င်းလျာထားငွေကို မည်သို့အသုံးပြုသင့်ကြောင်း ပွင့်လင်းမှုရှိသော မူဘောင်များချမှတ်ထားရန် လိုအပ်ပါသည်။ ဥပမာ - ဒေသအတွင်းတွင် အသုံးပြုမည့်ငွေပမာဏကို ရပ်ရွာလူထုနှင့် သဘောတူညှိနှိုင်းမှုပြုရန် လိုအပ်ကြောင်း၊ ထိုသို့ ညှိနှိုင်းမှုများအတွက် စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဦးစွာဆွေးနွေးရန်လိုအပ်ကြောင်း မူဘောင်များဖြစ်သည်။ လျာထားငွေကို မည်သည့်ကိစ္စများအတွက် သုံးစွဲခြင်းမပြုရန် (ဥပမာ-သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝစီမံခန့်ခွဲမှုအစီအစဉ် (ESMP) နှင့် ပတ်သက်ပြီးလိုအပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စများ)နှင့် ထုတ်လုပ်မှုအကျိုးအမြတ်များ ခွဲဝေခံစားမှုဆိုင်ရာ စံပြသဘောတူစာချုပ် (PSC) အောက်မှ ပြန်လည်ရရှိမည့်စရိတ်များအတွက် သုံးစွဲခြင်းမပြုရန် လမ်းညွှန်ချက်များထားရှိသင့်သည်။ ခြုံငုံကြည့်မည်ဆိုပါက လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များနှင့် ရေနံနှင့်ဓာတ်ငွေ့စီမံကိန်းများ

အကြား စီးပွားရေးဆိုင်ရာမဟာဗျူဟာမြောက် အဆက်အစပ်အဖြစ်ထားရှိရန် အရေးကြီးပါသည်။ ထိုသို့မဟုတ်ပါက ကုမ္ပဏီများ အနေနှင့် အထူးသဖြင့် မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းရှိသည့် နိုင်ငံတစ်နိုင်ငံအတွင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်သော အဖွဲ့အစည်းများ၊ သို့မဟုတ် ပရဟိတလူမှုအကျိုးဆောင်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသို့သာ ရောက်ရှိမည်ဖြစ်ပြီး ၎င်းအခြေအနေသည် ကုမ္ပဏီများ၏ မူလရည်မှန်းချက် မဟုတ်ပါ။ အမှန်တွင် အစိုးရအနေဖြင့် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းကဏ္ဍအပါအဝင် အခွန်ကောက်ခံရရှိနိုင်သည့်နေရာများမှ အခွန်အခများ ပြည့်ဝစွာကောက်ခံရယူပြီး ၎င်း၏ "ကာကွယ်စောင့်ရှောက်ရေးတာဝန်"၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို ထမ်းဆောင်ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

## (ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

### အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ

- **ထိလွယ်ရှလွယ်ဖြစ်နိုင်မှု မြင့်မားခြင်း ။** ။ ကျေးလက်ဒေသလူထုအတွင်းတွင် မြေနေရာအခြေပြုစိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသငါးလုပ်ငန်းများအပေါ် အလွန်မှီခိုအားထားကြရသောကြောင့် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ သက်ရောက်မှု အကျိုးဆက်များသည် ၎င်းတို့အတွက် ထိလွယ်ရှလွယ်ဖြစ်နိုင်မှု အလွန်မြင့်မားပါသည်။ ထိုသို့သော အကျိုးသက်ရောက်မှုများသည် ရပ်ရွာလူထုအတွင်း အခက်အခဲ၊ အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော အမျိုးသမီးများ၊ အရွယ်မရောက်သေးသူများနှင့် မသန်စွမ်းသူများအပေါ် ပိုမို၍ ဆိုးကျိုးသက်ရောက်နိုင်ပါသည်။ (လူနည်းစုလူမျိုးစုများ/ ဌာနေတိုင်းရင်းသားများနှင့် အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော အုပ်စုများအကြောင်းကို အခန်း (၄.၅)နှင့် အခန်း (၄.၆) တွင်ကြည့်ပါ။)
- **ရှင်းလင်းသော လုပ်ငန်းစဉ်များအားနည်းခြင်း ။** ။ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် အကျိုးသက်ရောက်မှုများအတွက် တစ်ဦးချင်းကိုသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဆွေးနွေးညှိနှိုင်းမှုများ၊ လျော်ကြေးပေးမှုများ ပြုလုပ်ရာတွင် ရပ်ရွာလူထုအတွက် (တစ်ခါတစ်ရံ ဒေသအုပ်ချုပ်ရေးအဖွဲ့များအတွက်ပင်) ဆောင်ရွက်ဖြည့်ဆည်းရမည့် လုပ်ငန်းစဉ်များ၊ ဥပဒေရေးရာလိုအပ်ချက်များသည် ရှင်းလင်းမှု၊ ပွင့်လင်းမြင်သာမှုများ အားနည်းပါသည်။ အထူးသဖြင့် မြေလွှာညစ်ညမ်းမှုနှင့် မြေအောက်ရေ ညစ်ညမ်းစေမှုတို့ကိုဖြစ်စေသည့် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုသည် တဖြေးဖြေးချင်း၊ သို့မဟုတ် ရေရှည်အကျိုးသက်ရောက်နိုင်ပါသည်။
- **ပေးလျော်မှုအမျိုးအစား အကန့်အသတ်များ ။** ။ ရွာသူရွာသားများအား မြေယာအခြေပြု လျော်ကြေးပေးအပ်ခြင်းကိစ္စရပ်များ၌ ဥပဒေအရ သတ်မှတ်ချက်မရှိခြင်းနှင့် ပေးလျော်မှုအမျိုးအစား အကန့်အသတ်များရှိခြင်းတို့ ဖြစ်နိုင်ပါသည်။ အခြေခံအကျဆုံးသော ဘဏ်စနစ်များမရှိသည့် များစွာသောကျေးလက်ဒေသများ၌ ငွေကြေးအသုံးပြု၍ ပေးလျော်မှုများ ပြုလုပ်နိုင်မှုအခြေအနေ၊ ကျွမ်းကျင်မှု၊ သို့မဟုတ် အခွင့်အလမ်းများမှာ အကန့်အသတ်ဖြင့် ရှိနေပါသည်။
- **ကနဦးစုဆောင်းထားသော အခြေခံအချက်အလက်များ အားနည်းခြင်း ။** ။ နိုင်ငံအတွင်းရှိ မည်သည့် ကိစ္စရပ်အတွက်မဆို ကနဦးစုဆောင်းထားသော အခြေပြုအချက် အလက်များအားနည်းခြင်း၊ အခြေခံစံပြုရမည့် အခြေအနေများအတွက် မှတ်တမ်းထားသည့် အလေ့အထအားနည်းခြင်း၊ သို့မဟုတ် လိုအပ်ချက် မထားရှိခြင်းများကြောင့် ရပ်ရွာလူထု (နှင့် ကုမ္ပဏီများ) တွင် စီမံကိန်းနှင့်ဆက်စပ်သည့် အကျိုးဆက်များအား သိရှိနိုင်ရန်နှင့် ပြန်လည်တင်ပြတောင်းဆိုနိုင်ရန် အခက်အခဲများ ရှိနေပါသည်။ ဆိုလိုသည်မှာ လယ်သမားများနှင့် ငါးလုပ်ငန်းသမားများသည် တစ်ခါတစ်ရံတွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ရေရှည်အကျိုးသက်ရောက်မှုရှိလာမည့် ကိစ္စရပ်များအတွက် လျော်ကြေးမရရှိခြင်းများ ဖြစ်လာပါသည်။
- **ငါးဖမ်းလုပ်ငန်းအပေါ် သက်ရောက်နိုင်သော အကျိုးဆက်များ ။** ။ ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းကြောင့် ငါးတည်ရှိရာနေရာများနှင့် အရင်းအမြစ်များ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်ငန်းများနှင့် ရိုးရာဓလေ့ငါးဖမ်းလုပ်ငန်းများ၊ ငါးလုပ်ငန်းဖြင့် အသက်မွေးသည့်စီမံကိန်းဒေသများရှိ ရပ်ရွာလူထုအပေါ် ဆိုးဝါးစွာ ထိခိုက်နိုင်ဖွယ်ရှိပါသည်။ စီမံကိန်းလုပ်ငန်းများမှ (ရေလမ်းခရီးစဉ်များ၊ တုန်ခါမှုများထုတ်လွှတ်သော လုပ်ငန်းစဉ်များ၊ ကန့်သတ်နယ်မြေသတ်မှတ်ခြင်းများနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့်) တစ်နိုင်တစ်ပိုင်နှင့် ရိုးရာဓလေ့ ငါးဖမ်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများ ရှိနေနိုင်ပါသည်။ သို့ပါသော်လည်း အကြောင်းအမျိုးမျိုးအတွက် (ဥပမာ - နိုင်ငံရေးအရ

ကန့်သတ်မှုများ၊ ပတ်ဝန်းကျင်နှင့်လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များ လုံလုံလောက်လောက် မပြုလုပ်ထားခြင်း၊ တူးဖော်ထုတ်လုပ်မည့် သယံဇာတ၏ သဘာဝအခြေအနေနှင့် ၎င်းသယံဇာတကို လူတို့၏ အမျိုးမျိုးသော အသုံးချမှုနည်းလမ်းများ) လေ့လာဆန်းစစ်မှုများနှင့် ၎င်းလူထုအပေါ် ကျရောက်နေသော စီမံကိန်းအကျိုးဆက်များအပေါ် စီမံခန့်ခွဲမှုများသည် လုံလောက်မှုမရှိပါ။ အချို့သော ငါးလုပ်ငန်းလုပ်ကိုင်သည့် လူထုအတွင်းတွင် (အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းရိုးတန်းဒေသများရှိ "ပင်လယ်ပျော် ဂျစ်ပဆီများ"ဟု အမည်တွင်သည့် မွန်ကင်းတိုင်းရင်းသား (Moken) လူမျိုးများကဲ့သို့) ထုံးတမ်းစဉ်လာအရ ပင်လယ်အခြေပြု၍ ရွှေ့ပြောင်းလုပ်ကိုင်နေကြသဖြင့် လေ့လာဆန်းစစ်မှုများပြုလုပ်ရာတွင် အခက်အခဲများစွာ တွေ့နိုင်ပါသည်။ သို့သော်လည်း ငါးလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများသည် ထိုသို့သော လူမျိုးစုများအပေါ် အထူးပင် အန္တရာယ်ကျရောက်စေနိုင်ပါသည်။

- **မိုက်ခရို စီးပွားရေးအပေါ် သက်ရောက်မှုများ** ။ ။ ဖြန့်ကျက်ကြည့်မည်ဆိုပါက ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းမှ လုပ်ငန်းဆောင်ရွက်ရာနေရာများသို့ ငွေစီးဆင်းမှုသည် မိုက်ခရိုစီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ကြောင်း ရှင်းလင်းစွာတွေ့နိုင်ပါသည်။ ဒေသတွင်း ပေါက်ဈေးထက်များစွာပိုသော လစာရရှိသည့်ဝန်ထမ်းသည် ၎င်းရပ်ရွာဒေသတွင် ပစ္စည်းဝယ်ယူမှုများပြုလုပ်သည့်အခါ ဒေသတွင်းရှိ အခြေခံကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် တက်လာနိုင်ဖွယ်ရှိပါသည်။ ထိုသို့သော အခြေခံကုန်ပစ္စည်းဈေးနှုန်း တက်လာခြင်းသည် လူမှုအဖွဲ့အစည်းအတွင်း ဆင်းရဲသောသူများနှင့် ထိရှလွယ်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနေသည့်အပြင် ၎င်းတို့သည် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများမှ စီးပွားရေးရာ အကျိုးအမြတ်များကိုလည်း ရရှိခံစားရမည် မဟုတ်ပါ။ ပိုမိုဆိုးရွားစေသည့် အခြေအနေမှာ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများသည် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း လုပ်ဆောင်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စုပေါင်းအကျိုးဆက်များသည် ဒေသခံလူထုနှင့် အသစ်ရောက်ရှိလာသူများ နှစ်ဦးနှစ်ဖက်လုံးအပေါ်တွင် အကျိုးသက်ရောက်စေမည့် အလားအလာများ ရှိနေပါသည်။ (ဆက်စပ်သက်ရောက်မှုများအကြောင်း အခန်း-၅ တွင် ကြည့်ပါ။)

## ဒေသခံများအား အလုပ်ခန့်အပ်ခြင်းနှင့် ဒေသအခြေအနေ

- **မျှော်လင့်ထားချက်များနှင့် ကျွမ်းကျင်မှုအဆင့်အကြား ကွာဟချက်။** ။ ဒေသခံလူထုအနေဖြင့် အလုပ်အကိုင်များရရှိရန် မျှော်လင့်ချက်ကြီးစွာထားသော်လည်း ဒေသခံအများစုမှာ လုပ်ငန်းလိုအပ်ချက်များနှင့်ကိုက်ညီသော ကျွမ်းကျင်မှုနှင့်ပညာများ ပြည့်စုံလုံလောက်မှု မရှိကြောင်းကို တွေ့ရှိရပါသည်။ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၏ အချို့သောကာလများတွင် ကျွမ်းကျင်မှု ရှိရန်မလိုသော လုပ်သားလိုအပ်ချက်သည် ခဏတာမြင့်လေ့ရှိသည်မှအပ (ဥပမာ - ဘူမိရူပ လေ့လာဆန်းစစ်ချက်နှင့် အဆောက်အဦများဆောက်လုပ်နေစဉ်) ကျွမ်းကျင်မှုမရှိသောလုပ်သားများကို ရေရှည်အတွက် ခန့်ထားနိုင်ရန် အကန့်အသတ်များ ရှိပါသည်။ အများအားဖြင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများသည် ပိုလျှံနေတတ်ပြီး ၎င်း အခြေအနေအရ ယာယီလုပ်သားများအား ခေါင်းပုံဖြတ်ခြင်းကဲ့သို့ အခြေအနေမျိုးကို ဖြစ်ပေါ်စေတတ်ပါသည်။ ကုမ္ပဏီများအနေဖြင့်လည်း ပြည်တွင်းအလုပ်သမားထုမှ လုပ်ငန်းကျွမ်းကျင်သော အလုပ်သမားများကို ရှာဖွေရရှိနိုင်ရန်ခက်ခဲသည့်အပြင် ရပ်ရွာဒေသတွင်းရှိ အလုပ်သမားထုမှ ရှာဖွေရရှိနိုင်ရန် ပိုမိုခက်ခဲမည်ဖြစ်သည်။
- **ဒေသတွင်းယှဉ်ပြိုင်မှု မြင့်မားခြင်း** ။ ။ လုပ်ငန်းကျွမ်းကျင်မှုမရှိသော အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ အရေအတွက်အကန့်အသတ်ဖြင့်သာ ရှိနေသောကြောင့် အထူးသဖြင့် စီမံကိန်းတည်ဆောက်မှုကာလ (construction period) နောက်ပိုင်း၊ အလုပ်သမားအချင်းချင်းကြား၌ အလုပ်ရရှိရန် ပြိုင်ဆိုင်မှုများ ပိုမိုရှိလာနိုင်သကဲ့သို့ အလုပ်သမားထုနှင့်ကုမ္ပဏီများအကြားတင်းမာမှုများရှိလာနိုင်သည့်အပြင်အလုပ်သမားများကိုငှားရမ်းရာ၌လာဘ်ပေးလာဘ်ယူမှုများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။
- **ဒေသတွင်း ပစ္စည်းဝယ်ယူရေးဆိုင်ရာ စိန်ခေါ်မှုများ** ။ ။ ထုတ်လုပ်မှုအကျိုးအမြတ်များ ခွဲဝေခံစားမှုဆိုင်ရာ စံပြသဘောတူစာချုပ် (PSC) တွင် ဒေသတွင်း ကုန်ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းဆိုင်ရာ အထွေထွေလိုအပ်ချက်များ ပါရှိပါသည်။ စာချုပ်အရ စီမံကိန်းများမှ အကျိုးအမြတ်များကို ဒေသတွင်းပြန်လည်မျှဝေခြင်းဆိုင်ရာ အခြားအခွင့်အလမ်းတစ်ခုပေါ်ပေါက်စေပါသည်။ သို့သော် ကုမ္ပဏီများအနေနှင့် ၎င်းတို့လိုအပ်သော အရည်အသွေးကို ပံ့ပိုးပေးနိုင်မည့် ဒေသခံကုမ္ပဏီများရရှိနိုင်ရန် ကနဦးတွင် စိန်ခေါ်မှုများတွေ့ရမည်ဖြစ်သည်။ လုံခြုံရေးနှင့် အခြားလိုအပ်ချက်များ၊ တစ်ခါတစ်ရံတွင်

အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်သည့် အစားအသောက်ပံ့ပိုးမှုများတွင်ပင် အရည်အသွေးမပြည့်မီမှုများ တွေ့ရှိရပါသည်။ "ဒေသတွင်း" ကုန်ပစ္စည်းဝယ်ယူခြင်း (ဒေသတွင်း၏အဓိပ္ပာယ်မှာ ရပ်ရွာအသိုင်းအဝိုင်းမှ ဖြစ်သည်။) အပေါ် ဒေသရပ်ရွာလူထု၏ သိမြင်သဘောပေါက်မှုနှင့် ကုမ္ပဏီများ၏/ဥပဒေရေးရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် (နိုင်ငံခြားမှ တင်သွင်းခြင်း မဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း ဝယ်ယူခြင်း) ကွဲလွဲမှုများ ရှိနေပါသည်။

## ပညာရေး

- **ပညာတတ် အလုပ်သမားများမရှိခြင်း ။** ။ ပညာရေးစရိတ်အသုံးပြုခြင်းနှင့် ပညာရေးဆိုင်ရာ အောင်မြင်ဖြစ်ထွန်းမှု အဆင့်များ နိမ့်ကျနေသည့်အတွက် ပညာတတ်မြောက်သော၊ လုပ်ငန်းကျွမ်းကျင်သောဝန်ထမ်းများ ရှားပါးနေပါသည်။ လက်ရှိပြုလုပ်နေသော ပညာရေးပြုပြင်ပြောင်းလဲမှုများ၏ ကောင်းမွန်သောရလဒ်များ ထွက်ရှိလာရန် နှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်သောကြောင့် ထိုအခြေအနေသည် ခန့်မှန်းနိုင်သော အနာဂတ်ကာလအထိ ဆက်လက်ကြုံတွေ့နေရမည်ဖြစ်သည်။ အစိုးရအနေနှင့် အလုပ်ခန့်အပ်ခြင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို လိုက်နာထားပြီး ၎င်းဥပဒေအရ လုပ်ငန်းရေးရာကျွမ်းကျင်မှု သင်တန်းများပေးခြင်းနှင့် အလုပ်ရှင်များမှ ၎င်းကုန်ကျစရိတ်များအတွက် ကျခံရန်ဖြစ်သည်။ သို့သော်လည်း ၎င်းစနစ်ကိုစတင်နိုင်ရန်နှင့် ကျွမ်းကျင်မှုရေးရာစီမံကိန်းများမှ အလုပ်သမားများ ဘွဲ့ရရှိနိုင်ရန် အချိန်များစွာယူရမည်ဖြစ်သည်။ (လုပ်ငန်းကဏ္ဍအလိုက် သင့်လျော်ရာ ကျွမ်းကျင်မှုရေးရာစီမံကိန်းများရှိသည်ဟု ယူဆလျက်)။ (အလုပ်သမားကဏ္ဍအကြောင်း အခန်း-၄.၄ တွင် ကြည့်ပါ)

## ကျန်းမာရေး

- **ကျန်းမာရေးစောင့်ရှောက်မှုသည် အဓိကလိုအပ်ချက်ဖြစ်သည် ။** ။ နိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပျံ့နှံ့စွာဆောင်ရွက်နိုင်မှု အားနည်းသောကြောင့် ကုမ္ပဏီများထံမှ ကျန်းမာရေးစောင့်ရှောက်မှုပံ့စံအချို့အား မျှော်လင့်လျက်ရှိသည်ကို ရင်ဆိုင်တွေ့ရှိရမည်ဖြစ်သည်။ အနည်းဆုံး ၎င်းကုမ္ပဏီများ၏ လုပ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို မျှော်လင့်နေကြမည်ဖြစ်ပြီး (အလုပ်သမားကဏ္ဍအကြောင်း အခန်း-၄.၄ တွင် ကြည့်ပါ) ရပ်ရွာလူထုမှလည်း ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တောင်းခံနိုင်ပါသည်။
- **ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ။** ။ ဝန်ထမ်း၊ သို့မဟုတ် ကန်ထရိုက်တာ၏ အပြုအမူများသည် ရပ်ရွာလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။ ၎င်းအကျိုးသက်ရောက်မှုများမှာ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အပါအဝင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကူးစက်ပြန့်ပွားခြင်း၊ စက်တပ်ယာဉ်ကြောင့်ဖြစ်သော သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ၊ ဆိုးရွားလာသော လမ်းချို့ယွင်းမှုကြောင့် သေဆုံးမှုများဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စများသည် ရပ်ရွာလူထုအပေါ်တွင် ကျန်းမာရေးဆိုင်ရာပြဿနာများ ထပ်ပေါင်းဖြစ်စေနိုင်ဖွယ်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်လည်း ပိုမိုတက်စေပါသည်။ ရပ်ရွာလူထုအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်မည့် နေရာများမရှိသကဲ့သို့ ငွေကြေးလည်းမရှိပါ။ ၎င်းအခြေအနေပေါ်တွင် စီမံကိန်းတစ်ခုတည်း၌ အလုပ်လုပ်နေကြသော်လည်း ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအကြား အမျိုးမျိုးသော ကွဲပြားခြားနားခြင်းများကြောင့် ပိုမိုရှုပ်ထွေးနိုင်ပါသည်။ နယ်မြေဒေသတစ်ခုတွင် သိသာထင်ရှားသော အကျိုးဆက်ဖြစ်သည့် မတော်တဆဖြစ်မှုများ၊ သို့မဟုတ် သေဆုံးမှုကိစ္စများအတွက် မည်သူ့တွင်တာဝန်ရှိသည်၊ ရောဂါဖြစ်ပွားမှုမြင့်တက်စေခြင်းကဲ့သို့သော ရေရှည်အကျိုးသက်ရောက်မှုများအတွက် မည်သူကတာဝန်ယူမည် ဟူသောအချက်များသည် ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအတွင်း ရှင်းလင်းမှုမရှိခြင်းများကြောင့်လည်း ပိုမိုရှုပ်ထွေးသော အခြေအနေများ ဖြစ်စေပါသည်။
- **ငှက်ဖျားရောဂါ ။** ။ အဆောက်အဦဆောက်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများသည် ပတ်ဝန်းကျင် အခြေအနေကို အမြဲတမ်း အပြောင်းအလဲဖြစ်စေပြီး ကာလတိုနှင့် ကာလရှည်ရောဂါ အကျိုးဆက်များဖြစ်စေရန် အလားအလာရှိပါသည်။ ၎င်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ငှက်ဖျားရောဂါကဲ့သို့ အင်းဆက်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ပေါ်စေသည့် အကျိုးဆက်များရှိနိုင်ပြီး မြန်မာနိုင်ငံရှိ ငှက်ဖျားဖြစ်လွယ်သောဒေသများတွင် အလုပ်သမားများနှင့် ရပ်ရွာလူထုကိုပါ ကူးစက်နိုင်သည် ဖြစ်သည်။

၄

၄.၂

## အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ

- **အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် အရင်းအမြစ်များ ကိုက်ညီမှုမရှိခြင်း။** ။ လက်ရှိအခြေအနေအရ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများမှရရှိသော အခွန်အခများမှ လိုအပ်သော အခြေခံအဆောက်အအုံပံ့ပိုးပေးရေး၊ သို့မဟုတ် လူမှုဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးရေးတို့အတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအကြား အခွန်အခမျှဝေရေးဆိုင်ရာယန္တရား သတ်သတ်မှတ်မှတ်မရှိသေးပါ။ ကုမ္ပဏီများ၏ စီးဆင်းဝင်ရောက်မှုနှင့် ၎င်းနှင့်ဆက်နွယ်သော အခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှုများ ရလိုမှုများအကြား ကိုက်ညီမှုမရှိပါ။ ထိုသို့သောအခြေအနေသည် ရပ်ရွာလူထုများနှင့် ကုမ္ပဏီများအတွက် အဟန့်အတားဖြစ်စေရန် အကြောင်းခံဖြစ်စေပါသည်။ ထို့အပြင် ဒေသ အုပ်ချုပ်ရေးအဖွဲ့များတွင် ၎င်းတို့ဒေသရှိ လမ်း၊ တံတားများအပါအဝင် အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းနိုင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိပါ။ လမ်း၊ တံတားများသည် စီမံကိန်း၏ ဆောက်လုပ်ရေးသုံး အကြီးစားယာဉ်ယန္တရားများကြောင့် ပျက်ဆီးနိုင်သည့်အတွက် ကုမ္ပဏီများမှ အခြေခံအဆောက်အအုံများ အသုံးပြု၍ ဖြစ်ပေါ်လာသော ပျက်ဆီးမှုများအတွက် ပြန်လည်ပေးလျော်မည်ဆိုပါက သင့်လျော်ပါသည်။
- **ကုမ္ပဏီမှ ပံ့ပိုးမည့် အခြေခံအဆောက်အအုံများ၏ မျှော်လင့်ချက်များ။** ။ အခြေခံ အဆောက်အအုံများ၊ သို့မဟုတ် ဝန်ဆောင်မှုများ မရှိသည့်အတွက် ရပ်ရွာလူထုအနေနှင့် တစ်ခါတစ်ရံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ ၎င်းတို့လုပ်ငန်းနယ်မြေ တစ်ဝိုက်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် လိုအပ်သည့်အခြေခံအဆောက်အအုံများ ပံ့ပိုးပေးလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ ယေဘုယျအားဖြင့် မြန်မာပြည်သူလူထုအနေနှင့် အစိုးရမှပံ့ပိုးသော ဝန်ဆောင်မှုများထက် ကုမ္ပဏီများမှပံ့ပိုးသော ဝန်ဆောင်မှုများကို ပိုမိုလိုလားကြပါသည်။ ထို့ကြောင့်အစိုးရနှင့်ရပ်ရွာလူထု နှစ်ဖက်လုံးသည် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများရရှိရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများအပေါ် ရေရှည်မှီခိုအားထားလိုမှုများ ဖြစ်ပေါ်လာနိုင်သည်။ အစိုးရမှ ကုမ္ပဏီများအပေါ် ဝန်ဆောင်မှုများအတွက် မှီခိုပြီး ရပ်ရွာလူထုအနေနှင့် အစိုးရထံမှ အခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှုများနှင့် သက်ဆိုင်ရာ တာဝန်ယူမှု/တာဝန်ခံမှုကိစ္စများ တောင်းဆိုရန် ပျက်ကွက်သွားနိုင်ပါသည်။ ဒေသတွင်း အခြေခံအဆောက်အအုံအတွက် တောင်းဆိုမှုများရှိနေစဉ်တွင် စီမံကိန်းနှင့် လူထုအတွက် နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိစေမည့် ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံ ပေါ်ပေါက်လာရေးအတွက် ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ စီမံကိန်းရေးဆွဲရေးနှင့် လျာထားရံပုံငွေများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။

## ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှု

- **ယဉ်ကျေးမှုဆိုင်ရာ ထိရှလွယ်မှုအခြေအနေ။** ။ မြန်မာနိုင်ငံတွင် မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့စရိုက်များရှိပြီး တစ်ခါတစ်ရံတွင် သေးငယ်သောနယ်ပယ်တစ်ခုအတွင်း များစွာသောယဉ်ကျေးမှုဓလေ့စရိုက်များ တွေ့ရှိရနိုင်ပါသည်။ အထူးသဖြင့် နိုင်ငံခြားသားများနှင့် ထိတွေ့မှုမရှိသော၊ မြန်မာနိုင်ငံသား အချင်းချင်းနှင့်ပင် ပြောဆိုဆက်ဆံမှု နည်းပါးသော ဝေးလံခေါင်သီသည့် ဒေသများရှိ ရပ်ရွာလူထုများ၏ ဒေသယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူမှုရေးစံနှုန်းများကို သိရှိနားလည်ပြီး လေးစားသမှုပြုရန် လိုအပ်ပါသည်။ မည်သည့်နေရာဒေသတွင်ဖြစ်စေ ဝေးလံခေါင်သီသော လုပ်ငန်းခွင်များရှိ အလုပ်သမားများအတွက် ကုမ္ပဏီများ၏ ကောင်းမွန်သောအလေ့အထမှာ ရပ်ရွာလူထုမှ ခေါင်းဆောင်များပါဝင်စေပြီး ဒေသယဉ်ကျေးမှုဓလေ့စရိုက်များနှင့် မိတ်ဆက်ပေးနိုင်မည့် လုပ်ငန်းခွင်ဝင်သင်တန်းများပေးခြင်း၊ ဝန်ထမ်းများအတွက် ဒေသယဉ်ကျေးမှုနှင့် ရပ်ရွာလူထုအပေါ် လေးစားမှုပြုနိုင်မည့် ဆောင်ရန်/ရှောင်ရန်အချက်များကို ဖော်ထုတ်ပေးခြင်း၊ လိုက်နာကျင့်ကြံစေခြင်းများဖြစ်သည်။
- **အထူးကျွမ်းကျင်သူများ။** ။ ယဉ်ကျေးမှုဆိုင်ရာနေရာများပြန့်နှံ့စွာ တည်ရှိနေချိန်တွင် အချို့သောနေရာများမှာ ဒေသခံမဟုတ်သော ပြင်ပမှလာရောက်သူများ သတိမထားမိနိုင်သဖြင့် စစ်တမ်းကောက်ယူရာ၌ မပါဝင်ဘဲ ကျန်ရစ်ခဲ့နိုင်ပါသည်။ ထို့အတွက် နယ်မြေဒေသအတွင်း စစ်တမ်းကောက်ယူရာတွင် ယဉ်ကျေးမှုဆိုင်ရာနေရာများကို အသုံးပြုမှုအခြေအနေ၊ သို့မဟုတ် ဖြစ်ပေါ်လာဖွယ်ရှိသော အကျိုးသက်ရောက်မှုများနှင့်တကွ ချိတ်ဆက်၍ ကျွမ်းကျင်သူနှင့် ပြုလုပ်သင့်ပါသည်။

### စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု-တာဝန်ခံမှု/လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်း စီမံကိန်းများ

- **စီမံကိန်းရေးဆွဲရာတွင် ရပ်ရွာလူထုပါဝင်ခြင်း။** ။ ပွင့်လင်းမြင်သာမှု မြင့်မားစေရေး၊ လူထုပူးပေါင်းပါဝင်သော ဖွံ့ဖြိုးရေးဆိုင်ရာ နည်းလမ်းများအား ရပ်ရွာလူထုမှစတင် ထိတွေ့ စေရေးတို့နှင့်အတူ၊ လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများ ဖြစ်ပေါ်လာနိုင်ရန် ဆွေးနွေးမှုများတွင် ရပ်ရွာလူထုနှင့် ကျေးလက်အုပ်ချုပ်ရေးအဖွဲ့များမှ ပိုမိုမျှော်လင့်လာကြပါသည်။ လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများ ရှားပါးနေသေးသည့်အချိန်၌ မြန်မာနိုင်ငံရှိ ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သော၊ ၎င်းတို့ကို လေးစားလိုက်နာသော လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများ ဖြစ်ပေါ်လာစေရန် ကောင်းမွန်သည့် အလေ့အထများနှင့် လမ်းညွှန်ချက်များလည်း ပိုမိုများပြားလာနေပါသည်။
- **လူမှုဘဝများအတွက် အသုံးစရိတ်များကို MEITI အောက်မှ ဖော်ထုတ်လာဖွယ်ရှိခြင်း။** ။ ပြန်လည်ပြုပြင်ရေးဆွဲထားသော EITI စံနှုန်းများတွင် ကုမ္ပဏီများအနေနှင့် လူမှုဘဝများအတွက် ပံ့ပိုးသုံးစွဲမှုပြုနိုင်မည့် လူမှုဘဝရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသုံးစရိတ်များကို ဥပဒေအရ၊ သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းအရ လိုအပ်ချက်တစ်ခုအနေဖြင့် ဖော်ထုတ်သတ်မှတ်ရန် လိုအပ်ကြောင်း ပါဝင်ပါသည်။ မြန်မာနိုင်ငံအတွင်း EITI ကိုအကောင်အထည်ဖော်သည်နှင့် တစ်ပြိုင်နက် ထုတ်လုပ်မှုအကျိုးအမြတ်များ ခွဲဝေခံစားမှုဆိုင်ရာ သဘောတူစာချုပ် (PSC) အောက်တွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု (CSR) စီမံကိန်းများနှင့် လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ (Social Investment) အတွက် သုံးစွဲမည့်ငွေကြေးပမာဏများအား ဖော်ထုတ်ပြောဆိုရန် လိုအပ်လာမည် ဖြစ်သည်။
- 

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

<table>
<tr><th>အသက်မွေးဝမ်းကျောင်းမှု</th></tr>
<tr><td>လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက် - လူတိုင်းမိမိယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်တင်ပြခွင့်။ မိမိကြမ္မာအားကိုယ်တိုင်ဖန်တီးနိုင်ခွင့်။</td></tr>
<tr><td>
ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ<br><br>
■ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့်ဆက်စပ်သော လမ်းများဖောက်လုပ်ခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်းကြောင့် ဒေသတွင်းအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပျက်စီးခဲ့ရသောသူများမှာ လျော်ကြေးရရှိရန် ဖြစ်နိုင်ချေမရှိခြင်း။ (ဥပမာ - ယခင်က ဖြစ်ခဲ့ဖူးခြင်းမရှိသော ကောက်ပဲသီးနှံစိုက်ပျိုးမြေနေရာများ၌ မုတ်သုံရာသီ ရေလွှမ်းမိုးမှုများသည် ရာသီဥတု၏ပြောင်းလဲလာသော အခြေအနေတစ်ရပ်ဖြစ်၏) ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်နေသော နယ်မြေများတွင် မြေယာအခက်အခဲ၊ ပြဿနာများသည် ဖြစ်လေ့ဖြစ်ထရှိသော်လည်း မြန်မာနိုင်ငံ လယ်သမားများအတွက် မိမိတို့လယ်ယာမြေနစ်နာမှုများနှင့် ပတ်သက်၍ မကျေနပ်မှုများကို တိုင်ကြားနိုင်သည့်စနစ်၊ သို့မဟုတ် အခြားသောနစ်နာမှုများအတွက် လျော်ကြေးရရန်နည်းလမ်းများ တိကျစွာမရှိပါ။ မကျေနပ်ချက်များကို တိုင်ကြားတင်ပြရာ၌ အချို့ကိစ္စများတွင် ဒေသမှတာဝန်ရှိသူများ (သို့) ထိုဒေသတွင်း လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများမှတိုင်ကြားချက်များကို မည်သည့်အတွက်ကြောင့် မဆောင်ရွက်သည်ကို ရှင်းပြရန်ပျက်ကွက်ခြင်းများလည်းရှိသည်။ ပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ရေရှည်အကျိုးသက်ရောက်မှုကြောင့် နစ်နာသောလယ်သမားများအနေဖြင့် နစ်နာမှုများအတွက် လျော်ကြေးရရှိရန်မှာ ခက်ခဲသည်ကို တွေ့ကြုံလာရသည်။<br><br>
• ကုမ္ပဏီတစ်ခုသည် ဖော်ပြပါကိစ္စရပ်များအား တင်ပြဆွေးနွေးနိုင်ရန်အတွက် ရပ်ရွာအတွင်းတွင် ဆက်သွယ်နိုင်သောသူ/စနစ် ထားရှိရပါမည်။<br><br>
• တခြားကုမ္ပဏီတစ်ခုမှ စမ်းသပ် အစီအမံအနေဖြင့် ရပ်ရွာလူထုမှ ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရေးနည်းလမ်းများ (Grievance mechanisms) နှင့် ၎င်းတို့မှကုမ္ပဏီနှင့် မည့်ကဲ့သို့ဆက်သွယ်ဆောင်ရွက်ရမည်၊ တိုင်ကြားရမည်တို့ကို ပညာပေးဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိပါသည်။
</td></tr>
</table>

- လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အသုံးပြုခဲ့သောဖောက်ခွဲရေးပစ္စည်းများ၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပေါ်လာရသော ငါးအကောင်ရေရှားပါးမှုကြောင့် တံငါသည်များ ငါးရရှိရန်အတွက် ကမ်းနှင့်ပိုမိုဝေးကွာသော နေရာများသို့ သွားရောက်၍ ငါးများကို ရှာဖွေနေကြရသည်။ တံငါလုပ်ငန်းနှင့်အသက်မွေးနေသူတချို့ ကြုံတွေ့ရသောကိစ္စတချို့တွင် ယင်းကဲ့သို့သော အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ငါးဖမ်းလုပ်သားများနှင့် ကြိုတင်၍တွေ့ဆုံဆွေးနွေးခြင်း မရှိခဲ့ပါ။ ထို့အပြင် ငါးဖမ်းလုပ်ငန်းကို မှီခိုနေသူများ၏ အသက်မွေးဝမ်းကျောင်းအပေါ် ဆိုးကျိုးသက်ရောက်မှုအား လျော့နည်းရန် စီစဉ်ဆောင်ရွက်ပေးခြင်းများလည်း မရှိခဲ့ပါ။ တချို့ကုမ္ပဏီနှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများသို့ ဒေသမှအစီရင်ခံတင်ပြကြသော်လည်း ရပ်ရွာလူထုအား လျော့နည်းသွားသော ငါးအကောင်ရေ အရေအတွက်စာရင်းဇယားအား သက်သေအဖြစ်တင်ပြရန် တောင်းခံခဲ့ပါသည်။
- စီမံကိန်းများတည်ဆောက်ခြင်းအဆင့် နောက်ပိုင်းတွင် မြေယာပြန်လည်ပြုပြင်ခြင်းနှင့် မြေယာနှင့် ပတ်သက်၍ထိန်းချုပ်မှုများရှိခြင်းတို့ကြောင့် လယ်သမားများ၏ လုပ်ငန်းများကို ကန့်သတ်ချက်များ ဖြစ်ပေါ်စေသည်။ မူလမြေဆီမြေသားများအစား (ကျောက်ခဲနှင့် မြေဆီမြေနှစ်နည်းပါးမှု) ညံ့ဖျင်းသော မြေဆီမြေနှစ်များ အစားထိုးပြုပြင်ပေးခြင်းကြောင့် တောင်သူလယ်သမားများအနေဖြင့် ယခင်စိုက်ပျိုးသော အသီးအနှံများအစား သီးနှံအသစ်ကို ပြောင်းလဲစိုက်ပျိုးရခြင်း (စိုက်ပျိုးသော ကောက်ပဲသီးနှံအသစ်များသည် ယခင်စိုက်ပျိုးအသီးအနှံထက် အစာအာဟာရကြွယ်ဝမှု လျော့နည်းခြင်းနှင့် အကျိုးအမြတ်ရရှိမှုနည်းခြင်းများ ရှိတတ်သည်)၊ သို့မဟုတ် မြေယာများမှကျောက်ခဲများအား အချိန်ကုန်၍ ပင်ပန်းကြီးစွာ ကြိုးပမ်းစစ်ထုတ်ခြင်းများ ပြုလုပ်ကြရသည်။ ပြုပြင်ပြီးသော မြေယာများတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ ကန့်သတ်ချက်များ (မြေဆီမြေနှစ် များကောင်းမွန်ရန် ရိုးဖြတ်များကိုမီးရှို့ခြင်းကို တားမြစ်ထားခြင်း) ရှိသော်လည်း ယင်းတားမြစ်ချက်များကြောင့် အစားထိုးလျော်ကြေးပေးချေခြင်းများ မရရှိပါ၊ (လျော်ကြေးရပါက ၎င်းအစား ဓာတ်မြေသြဇာများ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။) အခြေခံအဆောက်အဦအသစ်များ ဖော်ဆောင်ရာမှ လယ်ယာမြေများ ဖော်ဆောင်ရာ၌ ကန့်သတ်ချက်များဆိုင်ရာ ကိစ္စရပ်များရှိသည်။
- မြှုပ်နှံထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအပေါ် ရပ်ရွာလူထုမှ အပင်များ ပြန်လည်စိုက်ပျိုးခွင့်ပြုခြင်း၊ မပြုခြင်းမှာ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားချက်များ ရှိသည်။ ပုံမှန်အားဖြင့် မြှုပ်နှံထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအပေါ် ပြန်လည်စိုက်ပျိုးခွင့်ပေးလေ့မရှိပါ။ ဤကိစ္စများတွင် ရပ်ရွာလူထုမှ စိုက်ပျိုးရေးလုပ်ငန်းအား ဆက်လက်မလုပ်ကိုင်နိုင်တော့သည့်အခါ မြေယာဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် အခြားနည်းလမ်းများကို ရှာဖွေရန်အတွက် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက် အစားထိုးမြေယာများ ပေးခြင်းမရှိခဲ့ပါ။ မြေယာလျော်ကြေးပေးသည့်အခါများ၌လည်း ညှိနှိုင်းတိုင်ပင်မှုများ မရှိခဲ့ပါ။ (မြေယာနှင့်ပတ်သက်သော သက်ရောက်မှုအနှစ်ချုပ်ကိုကြည့်ပါ။)
- တချို့နေရာများတွင် တောင်သူများလျော်ကြေးငွေရနိုင်ရန်၊ အာမခံချက်များရရှိရန်၊ သို့မဟုတ် လုပ်ငန်းများမှစွန့်ပစ်လိုက်သောရေဆိုးရေညစ်များကြောင့် လယ်ယာစိုက်ပျိုးရေးမြေများ ပိုမိုပျက်စီးသွားသည့်ကိစ္စရပ်များအတွက် ထုတ်ဖော်ပြောဆိုရန် အခက်အခဲများနှင့် ကြုံတွေ့ရတတ်သည်။
- ဒေသမှထွက်ကုန်များအားဝယ်ယူခြင်း၊ သို့မဟုတ် ဒေသမှဝန်ဆောင်မှုများ ငှားရမ်းအသုံးပြုခြင်းနည်းပါးသောကြောင့် ဒေသ၏စီးပွားရေးအပေါ် ကောင်းသောအကျိုးသက်ရောက်မှုများ ရှိစေမည့်အခြေအနေ အားလျော့နည်းစေသည်။
    - ဤအချက်ကို ထောက်ရှုသောအားဖြင့် အချို့သောကုမ္ပဏီများမှ ကျွမ်းကျင်မှုမလိုအပ်သော အလုပ်သမား နေရာများအတွက် ဒေသခံများအားဦးစားပေးရှာဖွေ ခန့်အပ်ခဲ့သည်။

၄
၄.၂

## ပြည်သူ့ဝန်ဆောင်မှုနှင့် ရပ်ရွာဒေသအတွက် ဝန်ဆောင်မှုများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ပြည့်စုံလုံလောက်သော နေထိုင်မှုအဆင့်ရရှိပိုင်ခွင့်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများအတွက် အမြင့်မားဆုံးရယူနိုင်ခွင့်၊ ပညာသင်ကြားနိုင်ခွင့်၊ လွတ်လပ်စွာသွားလာနိုင်ခွင့်၊ လူတစ်ဦးတစ်ယောက်စီ၏ လွတ်လပ်မှုနှင့် လုံခြုံမှုရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- စီမံကိန်းတစ်ခု၊ သို့မဟုတ် စီမံကိန်းအများကြောင့် ယာဉ်အသွားအလာများပြားလာရာမှ ဒေသတွင်းရှိ လမ်းများပျက်စီးလာသောကြောင့် ဒေသခံများ၏သွားရေးလာရေးများမှာ ခက်ခဲလာမှုများရှိသည်။
    - တချို့ကိစ္စများတွင် လုပ်ငန်းလုပ်ဆောင်ရန်အတွက် ဒေသတွင်း၌ လမ်းများဖောက်လုပ်ခြင်း၊ ဒေသတွင်းရှိလမ်းများ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးခြင်းများဖြင့် ဒေသခံများအသုံးပြုနိုင်သောလမ်းများ ရရှိလာခြင်းများရှိသည်။ အချို့ကိစ္စရပ်တွင် ဆောက်လုပ်ရေးသုံးထရပ်ကားများကြောင့် ဖြစ်ပေါ်လာသော ဖုန်ထူထပ်မှုများ တိုးပွားလာခြင်း ကိစ္စများအား လျင်မြန်စွာ ဖြေရှင်းပေးမှုများရှိသည်။
- အချို့ကိစ္စများတွင် တည်ဆောက်ပြီးမကြာမီ တံတားပျက်စီးမှုဖြစ်စဉ်တစ်ခုအကြောင်းနှင့် ဒေသရပ်ရွာ လူထုသို့ပေးသော သောက်ရေပိုက်များ၏ အရည်အသွေးညံ့ဖျင်းခြင်းနှင့် ကုမ္ပဏီအလုပ်သမားများအတွက် ရေထောက်ပံ့ပေးခြင်းနှင့် ကွဲပြားကြောင်း နှိုင်းယှဉ်မှုများရှိခဲ့သည်။ အချို့သောကုမ္ပဏီများမှ တည်ဆောက်ပေးခဲ့သော လမ်းတံတားများသည် အရည်အသွေး ညံ့ဖျင်းပြီး၊ တည်ဆောက်ဆဲကာလအတွက်သာ အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်းဖြစ်၍ ဒေသခံလူထုကို ရေရှည်ထောက်ပံ့မှုမျိုး မဟုတ်ခြင်းတို့ကို တွေ့ရသည်။ တံတားတည်ဆောက်ပြီး မကြာမီ တံတားကျိုးကျခြင်းကိစ္စ၊ ရပ်ရွာလူထုသောက်သုံးရေရရှိရန် သွယ်တန်းထားပြီး အချိန်တိုအတွင်း ပိုက်သံချေးတက်မှုကိစ္စနှင့် ကုမ္ပဏီဝန်ထမ်း၊ အလုပ်သမားများအတွက် သွယ်တန်းထားသော ရေပိုက်များ၏ အရည်အသွေးနှင့်ကွာဟမှု စသည်တို့ကိုတွေ့ရသည်။
    - တချို့ကိစ္စများတွင် ဆောက်လုပ်ရေးအတွက် ဖောက်လုပ်ထားသော တံတားသစ်များနှင့် ကောင်းမွန်အောင် ပြုပြင်ထားသော တံတားနှင့်လမ်းများသည် ယင်းလုပ်ငန်းများအနီးတစ်ဝိုက်တွင် နေထိုင်သောဒေသခံများကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ ရပါသည်။
- ကျေးရွာလူထုအတွက် လျှပ်စစ်ဓာတ်အားရရှိရေးမှာ အဓိကတောင်းဆိုချက်ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက လျှပ်စစ်သွယ်တန်းရေးကို ကတိပေးခဲ့သော်လည်း သေသေချာချာပေးဝေနိုင်ခြင်း မရှိသေးပါ။ ကိစ္စရပ်တစ်ခုတွင် ကတိပေးထားသည့်ကျေးရွာများသို့ လျှပ်စစ်ရရှိရေးကို နိုင်ငံတော်မှနိုင်ငံတော်ပိုင် ဘီလပ်မြေစက်ရုံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အခြားကိစ္စရပ်တစ်ခုမှာ အစိုးရမှ မီးစက်များတပ်ဆင်ပေးရန် ကတိရှိခဲ့သော်ငြားလည်း တပ်ဆင်ပေးခြင်းမရှိသည်တို့ကို တွေ့ရသည်။
    - ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းအနီးအနားရှိ ဒေသခံလူထုအနည်းစုသည် လျှပ်စစ်မီးပိုမိုရရှိခြင်း အကျိုးခံစားခွင့်များ ရရှိခဲ့သည်။ ရေနံနှင့်ဓာတ်ငွေ့ စီမံကိန်းဆောင်ရွက်သည့် ကုမ္ပဏီတစ်ခုမှ ရွာအချို့ကိုရွေးချယ်၍ နေစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်သည့် ဆိုလာပြား (Solar) များကို လျှော့ဈေးဖြင့် ထောက်ပံ့ပေးခဲ့သည်ကို တွေ့ရသည့်အပြင် အခြားကုမ္ပဏီတစ်ခုကလည်း ဒေသခံလူထုအတွက် မီးစက်များတပ်ဆင်ပေးခဲ့သည်။ သို့သော် ဒေသခံလူထုသည် မီးစက်တွင်ထည့်ရန် ဒီဇယ်ဆီဝယ်ယူကာ သုံးစွဲရန်လိုသည်ကို တွေ့ရပါသည်။
- ကိစ္စရပ်တော်တော်များများတွင် ဒေသခံများအတွက် လမ်းဖောက်ပေးခြင်း၊ သို့မဟုတ် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးရန် တင်ပြခဲ့သော်လည်း ကုမ္ပဏီများက ဖြည့်ဆည်းပေးမှုများ မရှိသည်ကို တွေ့ရသည်။ ယင်းကိစ္စများကြောင့် ဒေသခံလူထုသည် ကုမ္ပဏီများအပေါ် စိတ်ပျက်လျက်ရှိပြီး ဒေသတွင်းစီးပွားရေးအကျိုးရှိရန် ကတိပြုမှုများအပေါ်၌လည်း ယုံကြည်ချက်ကင်းမဲ့လာသည်ကို တွေ့ရသည်။

- ခြွင်းချက်အနည်းငယ်မှအပ ကုမ္ပဏီတော်တော်များများသည် ဒေသခံရပ်ရွာလူထု၏ လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံရမည့်ကိစ္စများအတွက် ဒေသခံလူထု၏ ဦးစားပေးရမည့်ကိစ္စနှင့် လိုအပ်ချက်များကို သေသေချာချာ နားလည်သဘောပေါက်စေရန် ဒေသခံများနှင့် လုံလောက်သော ဆွေးနွေးတိုင်ပင်မှုများ မပြုခဲ့ပါ။ ဒေသခံတာဝန်ရှိသူများနှင့်လည်း ယင်းတို့၏ လုပ်ငန်းတာဝန်မစမီ ရပ်ရွာလူထု၏ လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံရမည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးမှုများလည်း မရှိခဲ့သည်ကိုတွေ့ရ၏။ (စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းခြင်းနည်းလမ်းများ ဆွေးနွေးတိုင်ပင်မှုအတွက် မူကြမ်းကိုကြည့်ပါ။)

## ရပ်ရွာလူထု ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ကိုယ်ကာယနှင့် စိတ္တကျန်းမာရေးအခြေအနေ အမြင့်ဆုံး ရရှိခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း လုပ်ဆောင်နေသော ကုမ္ပဏီအနည်းအကျဉ်းမျှကသာ ကျေးရွာအချို့ကို ရွေးချယ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်း၊ ကျန်းမာရေးဗဟုသုတရရှိရန် ဖော်ဆောင်ပေးခြင်းတို့ကို စီစဉ်လုပ်ဆောင်ပေးခဲ့ပါသည်။ ဥပမာအားဖြင့် (၂၄) နာရီ သူနာပြုယာဉ်အဆင်သင့်ထားခြင်း၊ ဆရာဝန်များနှင့် ပုံမှန်ကုသနိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။
- ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ ရပ်ရွာလူထုအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းများနှင့်ဆက်နွှယ်သော ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ကျန်းမာရေးသက်ရောက်မှုများအား စိုးရိမ်နေကြသည်။ ထိုစိုးရိမ်မှုများတွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ကျန်းမာရေးသက်ရောက်မှုများနှင့် ပတ်သက်သော သတင်းများမပေးခြင်း၊ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ထိခိုက်သည့် ကိစ္စများဖြစ်ပေါ်လာပါက ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် နေရာများမရှိခြင်းတို့လည်း ပါဝင်သည်။ ထိုစိုးရိမ်ပူပန်မှုသည် ကုမ္ပဏီများမှ သေချာစွာဖြေရှင်းမှုများ ပြုလုပ်ပေးခဲ့ပါလျှင် ထိုပူပန်မှုများအား လျှော့ချနိုင်ခဲ့မည်ဖြစ်သည်။ ၎င်းဖြေရှင်းမှုများအား စီမံကိန်းလုပ်ငန်းများ စတင်ချိန်တွင်ပေးကောင်းပေးခဲ့မည် ဖြစ်သော်လည်း၊ ပေးခဲ့လျှင်ပင် တိကျရှင်းလင်းသောဖြေရှင်းမှုများ၊ သတင်းအချက်အလက်များအား ပုံမှန်ပေးနေရန် လိုအပ်ပါသည်။
- ဒေသခံအများ၏ တင်ပြချက်အရ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကြောင့် ဖြစ်ပွားနိုင်သည့် အန္တရာယ်များမှ ကာကွယ်ရန် ပြည့်စုံသော အရေးပေါ်စီမံချက်များ (Comprehensive Emergency Plan) ရှိပုံမပေါ်ကြောင်းနှင့် ရှိခဲ့လျှင်လည်း အနီးပတ်ဝန်းကျင်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကြောင့် မတော်တဆထိခိုက်မှုများဖြစ်ခဲ့လျှင် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို အများသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ဆောင်ရွက်မှုများမရှိကြောင်း ပြောကြားခဲ့ပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ ရပ်ရွာလူထုနှင့်ဆွေးနွေးတိုင်ပင်ရန်အတွက် စနစ်၊ ပုံစံမရှိခြင်းကြောင့် SWIA သုတေသီများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကြီးများနှင့် နီးသောရပ်ရွာလူထုအတွင်း ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့်ဆိုင်သော ပညာပေးသင်တန်း အနည်းငယ်သာရှိကြောင်း သိရှိရသည်။
- ပိုက်လိုင်းဖြတ်ရာဒေသများရှိ ရပ်ရွာလူထုအား ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အမြင်ဖွင့် သင်တန်းများပေးရန် စိတ်ကူးလျာထားမှုရှိကြောင်း၊ သို့ရာတွင် စိတ်ကူးအဆင့်သာရှိပြီး လုပ်ငန်းစတင်လည်ပတ်ပြီး အတော်အတန် အဆင့်ရောက်မှသာ ထိုအမြင်ဖွင့်သင်တန်းများအား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးကုမ္ပဏီများအကြား သဘောထားကွဲလွဲချက်များ ရှိပါသည်။ ယင်းမှာရေနံများ ယိုစိမ့်မှုကြောင့်ဖြစ်ရသောကိစ္စများ၌ ရေနံထုတ်လုပ်သူများ၏ တာဝန်လော၊ ဒေသခံ အာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်လောဆိုသည်မှာ အဖြေရရန် ဒွိဟဖြစ်နေပါသည်။

## ပညာရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူတိုင်းပညာသင်ကြားခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရသည်မှာ အမြဲတမ်းလိုလို ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်ရေး၏ တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းများ ဆောက်လုပ်ပေးခဲ့ပါသည်။
- တချို့ကိစ္စများတွင် အထက်ဖော်ပြပါကျောင်းများအတွက် နိုင်ငံတော်မှ ကျောင်းဆရာ/ဆရာမ အရေအတွက် လုံလောက်အောင် ချထားပေးနိုင်ခဲ့ခြင်း မရှိပါ။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မူလတန်း ဆရာ/ဆရာမဦးရေ မလုံလောက်မှုနှင့် ရှားပါးသည်ကို တွေ့ရပြီး ဝေးလံခေါင်ပါးသောအရပ်ဒေသများ၌ ဆရာ/ဆရာမများအား ထိန်းထားနိုင်ခြင်း အားနည်းသည်ကို တွေ့ရှိရသည်။ ဤအကျိုးဆက်များကြောင့် ကျောင်းအဆောက်အဦများ ရှိသော်လည်း ထိုအဆောက်အဦများကို အသုံးမပြုခြင်း၊ သို့မဟုတ် လက်တွေ့တွင် အပြည့်အဝ အသုံးချနိုင်ခြင်းများမရှိသည်ကို တွေ့ရပါသည်။
- ခြွင်းချက်တစ်ခုမှအပ ဒေသခံပြည်သူများ လုပ်ငန်းခွင်ကျွမ်းကျင်အောင် ပြုလုပ်ပေးရေး အစီအစဉ်များကိုလည်း မဆောင်ရွက်ပေးနိုင်ပါ။
- ကုမ္ပဏီအတော်များများသည် အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာရေးများတွင် ပညာသင်ဆုထောက်ပံ့မှုများ ရှိသည်ကိုတွေ့ရသည်။ တချို့ကုမ္ပဏီများသည် ကလေးများကို ကူညီထောက်ပံ့မှုများရှိသလို လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ ရှိသည်ကိုလည်း တွေ့ရသည်။

## ယဉ်ကျေးမှုအမွေအနှစ်

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူတိုင်းမိမိတို့၏ယဉ်ကျေးမှုဘဝပုံစံများ ဖော်ဆောင်ပိုင်ခွင့်၊ လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ယဉ်ကျေးမှုနှင့်ယဉ်ကျေးမှုဆိုင်ရာ နယ်မြေဒေသများအပေါ်၌ သက်ရောက်မှုအနည်းငယ်မျှလောက်သာ ရှိသည်ကိုတွေ့ရသည်။
- MOGE အရာရှိမှ ဓာတ်ငွေ့ပိုက်လိုင်းအနီးရှိ သချိုင်းကိုရွှေ့ပြောင်းရန် တောင်းဆိုခဲ့သော်လည်း ထိုကိစ္စအား ဒေသခံများက ငြင်းပယ်ခဲ့ပြီး ယနေ့ထက်တိုင် ထိုသချိုင်းကို မပြောင်းရွှေ့ဘဲထားရှိကြောင်း သိရသည်။
- မြန်မာ့လွတ်လပ်ရေးတပ်မတော်မှ ဗိုလ်ရန်နိုင်နှင့် ရဲဘော်များစခန်းချရာအနီးရှိ အသုံးပြုခဲ့သော ရေကန်ငယ်သည် သမိုင်းဝင် အထိမ်းအမှတ်နေရာဖြစ်ပြီး ရေနံပိုက်လိုင်းချရန် တူးဖော်သည့် မြေစာများဖြင့် ရေကန် အဖို့ခံလိုက်ရသည်။
- နိုင်ငံတော်က ရေနံတွင်းများကို ပြည်သူပိုင်အဖြစ် သိမ်းပိုက်ပြီးသည့်နောက် ရှေးရိုးစဉ်ဆက်မပြတ်ရှိခဲ့သော တွင်းရိုး၊ တွင်းစားများ၏ အခန်းကဏ္ဍသည်လည်း ပြည်သူပိုင် သိမ်းပိုက်မှုနှင့်နှယ်လျက် ကျဆုံးမေးမှိန်သွားခဲ့ရသည်။ (တွင်းရိုး၊ တွင်းစားများသည် လက်ယက်တွင်း ပိုင်ရှင်၊ ရိုးရာလက်မှု ရေနံအလုပ်သမားများ) ယင်းတွင်းရိုး၊ တွင်းစားများသည် ရှေးယခင်ရာစုနှစ် ပေါင်းများစွာကတည်းက မြန်မာဘုရင်များနှင့် ဆက်နွယ်မှုများရှိခဲ့၏။ ရေနံချောင်းတွင် တွင်းရိုး၊ တွင်းစားများသည် မြို့မျက်နှာဖုံးများဖြစ်ခဲ့သလို ယင်းတို့၏ ဥစ္စာခနခြွယ်ဝမှုများသည် ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများနှင့် လူမှုရေးဖွံ့ဖြိုးရန် အထောက်အကူပြုနိုင်သူများဟု သိသိသာသာ၊ ထင်ထင်ရှားရှားရှိခဲ့သူများ ဖြစ်ခဲ့ကြပါသည်။

## လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူတိုင်း မိမိယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်တင်ပြခွင့်၊ မိမိကြမ္မာအား ကိုယ်တိုင်ဖန်တီးနိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- SWIA သုတေသီများမှ ဒေသရပ်ရွာအား ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများနှင့် တွေ့ဆုံလျှင် မည်သည့်ကိစ္စရပ်များအား ပြောဆိုဆွေးနွေးလိုပါသနည်းဟုမေးမြန်းရာ အောက်ဖော်ပြပါအချက်များအား အများဆုံးမှတ်သားရပါသည်။
  - အခြေခံအဆောက်အဦများ၊ အထူးသဖြင့် လမ်းများဖောက်လုပ်ပေးရေးနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးတို့ကို တောင်းဆိုလေ့ရှိသည်။
  - စီမံကိန်းအတွက် ဆောက်လုပ်ရေးကိစ္စများ ဆောင်ရွက်ပြီးစီးသွားသောအခါ ထိုနေရာများတွင် ပျက်စီးသွားမှုများအား ပြန်လည်တည်ဆောက်ပေးရေးနှင့် ထိုနယ်မြေများကို မူလအခြေအနေအတိုင်း ပြန်လည်ပြုပြင်ပေးရန်။
  - စိုက်ပျိုးရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ ဗဟုသုတနှင့်သင်တန်းများပေးရန်။
  - ပညာရေးနှင့်ပတ်သက်ပြီး အထောက်အပံ့များပေးရန်။
  - အလုပ်လက်မဲ့လူငယ်များနှင့် အမျိုးသမီးများအတွက် သင်တန်းများပေးခြင်းနှင့် အလုပ်အကိုင်များ ဆောင်ရွက်ပေးရန်။
  - အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်အုပ်စုများအား ပိုမိုကောင်းမွန်သော၊ ပိုမို ရေရှည်ဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်မှုများ ပြုလုပ်ပေးရန်။
- လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် - ဥပမာအားဖြင့် ပြည်သူ့ဝန်ဆောင်မှုများနှင့် ရပ်ရွာဝန်ဆောင်မှုများအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရှေးဦးစွာ ဒေသရပ်ရွာလူထုနှင့်တွေ့ဆုံ၍ ရပ်ရွာ၏ အမှန်တကယ် လိုအပ်ချက်များအား မေးမြန်းခြင်းမပြုဘဲ တစ်ဖက်သတ်ဆုံးဖြတ်မှုများရှိသည်။ အချို့သောကုမ္ပဏီများမှာ ရပ်ရွာများအတွက် စာသင်ကျောင်းများ၊ ဆေးပေးခန်းများ တည်ဆောက်ပေးခဲ့သော်လည်း ရပ်ရွာများနှင့်ဆွေးနွေး တိုင်ပင်ခြင်း၊ လိုအပ်ချက်များအား လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိပါ။ (ရပ်ရွာလူထုအပေါ် သက်ရောက်မှုအနှစ်ချုပ်ကို ကြည့်ပါ)။
- ချိတ်ဆက်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဒေသခံလူထုနှင့် ရပ်ရွာအာဏာပိုင်များမှ ဒေသဖွံ့ဖြိုးရေး ရံပုံငွေများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု ပိုမိုရှိစေလိုကြောင်းနှင့် သုံးစွဲစရိတ်များကိုလည်း ပိုမိုတိုးမြင့်စေလိုကြောင်း တင်ပြပြောဆိုခဲ့ပါသည်။

### မြန်မာနိုင်ငံမှ ကောင်းမွန်သော အလေ့အထကောင်းများ ဥပမာ

- ကုမ္ပဏီတစ်ခု၏ ပြောကြားတင်ပြချက်အရ ၎င်းကုမ္ပဏီအနေနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးတို့နှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုရှိပြီး ဒေသအာဏာပိုင်များမှ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် ရည်ရွယ်ထားသော လုပ်ငန်းအစီအစဉ်များအား မျှဝေအသိပေးခဲ့ပြီး ထိုသို့ပြုလုပ်ရခြင်းမှာ လုပ်ငန်းများ မထပ်ရန်နှင့် ကောင်းကျိုးရလဒ်များအား အမြင့်ဆုံးရရှိရန်ဖြစ်ကြောင်း သိရှိရပါသည်။ အခြားကုမ္ပဏီတစ်ခုမှလည်း ရပ်ရွာအတွက် လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား ဦးစားပေးအဆင့်များသတ်မှတ်၍ ရပ်ရွာမှဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မူဘောင်များချမှတ်နိုင်ရန် ရပ်ရွာကော်မတီများဖွဲ့စည်းခဲ့သည်။ မြန်မာပိုင်ကုမ္ပဏီတစ်ခုမှလည်း ၎င်းတို့၏ ရပ်ရွာဒေသတွင်း လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှု (social investment) အား ထောက်ပံ့ကူညီမှုလုပ်ငန်း လုပ်ဆောင်ရန် အစီအစဉ်ရှိပြီး ၎င်းလုပ်ငန်းအား ထိရောက်စွာဆောင်ရွက်နိုင်ရန် ရပ်ရွာ၏ အခြေခံအချက်အလက်များအပေါ် အခြေခံစံပြုနိုင်မည့် ဆန်းစစ်ချက် (community baseline assessment) အား ကောက်ခံရန်စီစဉ်လျှက် ရှိသည်။





စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# မြေယာ

၄

၄.၃

# အပိုင်း - ၄.၃

# မြေယာ

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

မြေယာသည် ကျေးလက်ဒေသနေမိသားစုအများစု၏ အဓိကကျသော ပိုင်ဆိုင်မှုဖြစ်ပါသည်။ ၇၀ ရာခိုင်နှုန်းသော မြန်မာနိုင်ငံ၏လူဦးရေသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနှင့်ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ လယ်သမားအမြောက်အများသည် အထူးသဖြင့် လူနည်းစုလူမျိုးစုများ နေထိုင်တည်ရှိရာ တောင်ပေါ်ဒေသများတွင် ဓလေ့ထုံးတမ်းစဉ်လာ မြေယာစီမံခန့်ခွဲမှုစနစ်အောက်၌ မြေယာအသုံးချခြင်းများ ပြုလုပ်ကြပါသည်။ ထုံးတမ်းစဉ်လာအရ မြေယာသုံးစွဲခြင်းနှင့် မြေယာပိုင်ဆိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ကာလကြာမြင့်စွာပင် ကျင့်သုံးလာခဲ့ကြပါသည်။ ကွင်းဆင်းသုတေသနပြုလုပ်ရာမှ တွေ့ရှိချက်များသည် တစ်ဆင့်ခံရရှိသော (secondary research) သတင်းအချက်အလက်များမှ ထင်ရှားသည့်အချက်များကို အတည်ပြုပေးသည်။ ယင်းမှာ အသက်မွေးဝမ်းကျောင်းအတွက် မြေယာအပေါ် အမှီပြုနေကြသော မြန်မာလူဦးရေအများစုအတွက် မြေယာ အသိမ်းဆည်းခံရသည့်အခါ ငွေကြေးဆိုင်ရာ လျော်ကြေးရရှိလျှင်ပင် သင့်တော်သည့် လူနေမှုအဆင့်အတန်းအပေါ် ကြီးမားသည့်သက်ရောက်မှုရှိနိုင်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ပေးလျော်သော ငွေကြေးပမာဏသည် လျင်မြန်စွာမြင့်တက်လာသော မြေယာဈေးနှုန်းများနှင့် လိုက်လျောညီထွေမရှိပါ။ ဆိုလိုသည်မှာ ပြောင်းရွှေ့ပေးရမည့် လယ်သမားများသည် အနီးအနားရှိ မြေနေရာအသစ်ကို ပြန်လည်ဝယ်ယူနိုင်ရန် မတတ်နိုင်ကြပါ။

### မြန်မာနိုင်ငံရှိ မြေယာမဲ့များ

ကျေးလက်နေပြည်သူများသည် မြေယာသိမ်းယူမှုများ၏ အန္တရာယ်ကိုဆက်လက် ကြုံတွေ့နေရဆဲ ဖြစ်သည်။ ၎င်းအန္တရာယ်သည် ဆယ်စုနှစ်များစွာကတည်းက ရှိနေခဲ့ပြီး လူထုအတွင်းတွင် မြေယာမဲ့ဦးရေ များပြားလာစေခဲ့ပါသည်။ ခန့်မှန်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ၂၅ ရာခိုင်နှုန်းသော လယ်သမားများအား လယ်ယာမဲ့လယ်လုပ်သားအဖြစ် သတ်မှတ်ထားပြီး အထူးသဖြင့် အခြေခံ စားသောက်ကုန်ဈေးနှုန်း မြင့်မားလာချိန်တွင် ၎င်းတို့အား စားနပ်ရိက္ခာ ဖူလုံမှုမရှိသောအဖြစ်သို့ ရောက်ရှိစေပါသည်။ အစိုးရကိုယ်တိုင် ၎င်း၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင် (FESR) တွင် မြေယာမဲ့ပြဿနာသည် အဓိကပြဿနာဖြစ်ကြောင်း အသိအမှတ်ပြုလက်ခံထားပြီး ၂၀၀၅-ခုနှစ်တွင် နိုင်ငံ၏ ၂၆ ရာခိုင်နှုန်းသည် လယ်ယာမဲ့ဖြစ်နေကြောင်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ "ဆန်အိုးကြီးများ" ဟု အမည်သတ်မှတ်ထားသော တိုင်းဒေသကြီးများတွင် ၎င်းရာခိုင်နှုန်းမှာ ပိုမိုမြင့်မားနေပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၃၉ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၃ ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးတွင် ၄၁ ရာခိုင်နှုန်းဖြစ်သည်။ ထို့အပြင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်အနေနှင့် မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ သိန်းဂဏန်းပမာဏရှိသော လူနည်းစုလူမျိုးစုနိုင်ငံသားများကို ရွှေ့ပြောင်းနေထိုင်စေခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော လူထုအချင်းချင်းအတွင်း ဖြစ်ပွားသောပဋိပက္ခများကြောင့် ၂၀၁၂-ခုနှစ် ဇွန်လမှစတင်ကာ လူပေါင်း ၁၄၃,၀၀၀ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ နိုင်ငံ၏ အရှေ့ဘက်ရှိ အချို့သော လူနည်းစုလူမျိုးစုများသည် ဆယ်စုနှစ်များစွာတည်းက ပြောင်းရွှေ့သွားလာနေထိုင်နေကြရ၍ ၎င်းတို့၏ မူလမြေနေရာပိုင်ဆိုင်မှုပင် ခိုင်ခိုင်မာမာ မရှိတော့ပေ။ ၎င်းတို့မူလပိုင်ဆိုင်ခဲ့သော မြေနေရာများတွင် နှစ်ပေါင်းများစွာ မနေထိုင်နိုင်ခြင်းနှင့် အခြားသူများမှ အသုံးပြုနေခြင်းများ ဖြစ်နေနိုင်ပါသည်။

## မြေယာစီမံအုပ်ချုပ်ရေး (Land Regime)

မြန်မာနိုင်ငံရှိ မြေယာဥပဒေနှင့် မူဝါဒရေးရာ ပြုပြင်ပြောင်းလဲမှုသည် ပြည့်စုံမှုမရှိသေးဘဲ မြေယာအသုံးပြုမှုနှင့် ပတ်သက်သောမူဝါဒအား ပြည့်စုံစွာရေးဆွဲထားရှိရန် လိုအပ်သည်ဟု အသိအမှတ်ပြုထားကြသည်။ မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီ (the Land Allotment and Utilisation Committee) သည် အစိုးရဝန်ကြီးအဆင့်ကော်မတီဖြစ်ပြီး ဇူလိုင် ၂၀၁၂-ခုနှစ်မှ စတင် ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒ၊ မြေယာအသုံးချမှု စီမံကိန်းရေးဆွဲရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို မြင့်မားစေမည့် မြေယာအသုံးချမှုအတွက် ယှဉ်ပြိုင်တောင်းဆိုမှုများတွင် ပိုမိုမျှတသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြေယာခွဲဝေပေးရေးတို့ကို ဦးတည်ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းကော်မတီ၏ လုပ်ငန်းကော်မတီတစ်ခုတွင် အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး လက်ရှိတွင် မြေယာမူဝါဒအကြမ်းကို ရေးဆွဲလျက်ရှိပြီး အပြီးသတ်ကိုမူ ၂၀၁၅-ခုနှစ်၊ သို့မဟုတ် ၂၀၁၆-ခုနှစ် အထိ လွှတ်တော်သို့ရောက်ရှိရန် မမျှော်မှန်းထားပါ။ မူဝါဒအတည်ပြုပြီးသည်နှင့် ၂၀၁၆-ခုနှစ်တွင် အဓိကကျသော မြေယာဥပဒေကြမ်းတစ်ခုကို ရေးဆွဲနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ မြေယာစီမံခန့်ခွဲရေးတွင် ဥပဒေအသစ်နှင့် ဥပဒေအဟောင်းများ တစ်ခုနှင့်တစ်ခု ထပ်နေခြင်း၊ ဆန့်ကျင်နေခြင်း၊ ရှုပ်ထွေးခြင်းများဖြစ်နေသည့် အပိုင်းများလည်းရှိနေသည်။ ခိုင်မြဲမှုမရှိသော မြေယာပိုင်ဆိုင်မှုကလည်း အဓိကပြဿနာတစ်ခုဖြစ်သည်။ ထို့အပြင် မြေယာမှတ်ပုံတင်ခြင်းစနစ်တွင်လည်း ပြည့်စုံမှုမရှိခြင်း၊ လိုအပ်ချက်များရှုပ်ထွေးခြင်းနှင့် မြေယာမှတ်ပုံတင်ရခြင်း၏ အကျိုးကျေးဇူးမရှိခြင်းများဖြင့် သတ်မှတ်ထားပါသည်။ ကုလသမဂ္ဂပြန်လည်နေရာချထားရေးအစီအစဉ် (UN HABITAT)မှ မြေယာစီမံအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုအသစ်အား မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ မြေပုံရေးဆွဲမှတ်တမ်းပြုခြင်း (Cadastral) စနစ်သည် အားနည်းနေသေးသည့်အတွက် မြေယာပိုင်ဆိုင်မှုအငြင်းပွားခြင်းပြဿနာများကို ပိုမိုဆိုးရွားစေပါသည်။ အဘယ့်ကြောင့်ဆိုသော် မြေယာအမျိုးအစားခွဲခြားမှုများနှင့် မြေပုံဆွဲခြင်း မှတ်တမ်းပြုခြင်းကိစ္စများသည် တစ်ခုခုနှင့်တစ်ခုထပ်နေခြင်း၊ သို့မဟုတ် အမှန်တကယ် မြေယာအသုံးချမှုနှင့် ကိုက်ညီမှုမရှိခြင်းများကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် မြေပုံတစ်ခုတွင် မြေနေရာတစ်ကွက်အား သစ်တောမြေအဖြစ် အမျိုးအစား သတ်မှတ်ထားနိုင်သော်လည်း အခြားမြေပုံတစ်ခု၌ ၎င်းအကွက်အား လယ်ယာမြေအဖြစ် အမျိုးအစား သတ်မှတ်ထားနိုင်ပါသည်။ အကျိုးဆက်အနေနှင့် မြေယာအသုံးချရေးဆိုင်ရာ အခွင့်အရေးများ ရှုပ်ထွေးမှုဖြစ်စေခြင်း၊ ရောင်းချနိုင်သော မြေနေရာ ဟုတ်/မဟုတ် အငြင်းပွားဖွယ်ရာရှိခြင်းများ ဖြစ်စေပါသည်။ မြေယာအသုံးပြုသောသူအားလုံးအတွက် ချိန်မျှပေးစေမည့် လူထုပူးပေါင်းပါဝင်သော မြေယာအသုံးချရေး စီမံကိန်းရေးဆွဲနိုင်ရန် လိုအပ်လျက်ရှိပါသည်။

စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(OECD) မှ ၎င်း၏ မြန်မာနိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသုံးသပ်ချက်တွင် "အကြောင်းအမျိုးမျိုးဖြင့် လယ်သမားငယ်များအတွက် မြေယာပိုင်ဆိုင်မှုမှာ ခိုင်ခိုင်မာမာ မရှိသေးပါ။ (၁) မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် ရှုပ်ထွေးပြီး အချိန်ရှည်ကြာသည့်အတွက် မြေယာမှတ်ပုံတင်မှုနည်းပါးခြင်း၊ (၂) သတ်မှတ်ထားသော မြေယာအမျိုးအစားများသည် ပြောင်းလွယ်ပြင်လွယ်မရှိဘဲ အမှန်တကယ်ရှိနေသော မြေယာအသုံးပြုမှုနှင့် ကိုက်ညီမှုမရှိခြင်း၊ (၃) ထုံးတမ်းစဉ်လာ မြေယာအသုံးချမှုအခွင့်အရေးများကို အသိအမှတ်မပြုခြင်း၊ (၄) မှတ်ပုံတင်ထားသော မြေယာအသုံးချမှုအခွင့်အရေးများကို အကာအကွယ်ပေးနိုင်မှု အားနည်းခြင်း၊ (၅) ဖြစ်မြောက်မှုမရှိသော မြေယာစီမံအုပ်ချုပ်မှု၊ (၆) လုံလောက်သော ကာကွယ်စောင့်ရှောက်ရေး အစီအမံများမပါရှိဘဲ အကြီးစားမြေနေရာ ခွဲဝေခြင်းများအား ထောက်ကူအားပေးခြင်း" ဟု ဖော်ပြပါရှိပါသည်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ အကြံပြုထားသည်မှာ မြေယာဝယ်ယူမှုအားလုံးအတွက် လွတ်လပ်စွာ ကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (Free, Prior and Informed Consent – FPIC) ကို အသုံးပြုရန် ဖြစ်သည်။

## မြေယာအငြင်းပွားမှု

မကြာမီကစတင်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ နိုင်ငံအတွင်းရှိ နေရာအနှံ့အပြား၌ မြေယာသိမ်းဆည်းမှုများကို ဆန့်ကျင်ကန့်ကွက်ကြသည့်အကြောင်း  အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သတင်းစာများတွင် အမြဲမပြတ်ဖော်ပြမှုများရှိနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အကြီးစား မြေယာခွဲဝေရေးကိစ္စရပ်များလည်း မြင့်တက်လာခဲ့ပါသည်။ အချို့သော မြေယာသိမ်းဆည်းမှုများမှာ အသစ်ဖြစ်သော်လည်း များစွာသော အမှုကိစ္စများမှာ ယခင်အစိုးရလက်ထက်မှ မြစ်ဖျားခံလာသည့် မြေယာသိမ်းဆည်းမှုများပင် ဖြစ်သည်။ အစိုးရမှ အသုံးပြုသည့် နည်းလမ်းများအပါအဝင်

၎င်းလုပ်ရပ်များသည် ယခုအခါ မြန်မာပြည်သူများမှ စိန်ခေါ်လာသည့် အစဉ်အလာတစ်ရပ်ပင် ဖြစ်လာသည်။ အတိတ်ကာလက ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဆောက်လုပ်နိုင်ရန် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းများအား ကာကွယ်နိုင်ရန်အတွက် ပြောင်းရွှေ့လာသည့် စစ်တပ်များနှင့် ဆက်စပ်၍သော်လည်းကောင်း ကျေးရွာများအား အလိုဆန္ဒမပါဘဲ ရွှေ့ပြောင်းနေရာချထားမှုများ ရှိခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေး စတင်ချိန်မှစ၍ မြန်မာနိုင်ငံရှိ အချို့သောမြေယာများကို လယ်သမားများနှင့် အခြားသူများအား ပြန်လည်ပေးအပ်ခဲ့ပါသည်။ ၂၀၁၄-ခုနှစ် ဇန်နဝါရီလတွင် ယခင်မြေယာသိမ်းဆည်းမှုများအတွက် တောင်းပန်ပါကြောင်း၊ ထိုသို့သော အလေ့အထများကို ရပ်တန့်သွားမည်ဟု ကတိပြုပါကြောင်း စစ်တပ်မှတင်ပြခဲ့ပြီး အချို့သောမြေယာများအား ပြန်လည်ပေးအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့သော်လည်း အစိုးရ၏ မြေယာသိမ်းဆည်းမှုကြောင့် သောင်းဂဏန်းမျှသော ကျေးလက်နေပြည်သူများသည် ၎င်းတို့၏ မြေယာများ ဆက်လက်ဆုံးရှုံးလျက်ရှိပါသည်။

မြေယာအငြင်းပွားမှုပြဿနာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြေယာပြဿနာအလိုက် ဖြေရှင်းနိုင်ရန်အတွက် အဖွဲ့နှစ်ဖွဲ့ကို အစိုးရမှဖွဲ့စည်းပေးခဲ့ပါသည်။ (အထက်တွင် ဖော်ပြခဲ့သော) မြေယာ ခွဲဝေအသုံးချမှု စိစစ်ရေး ကော်မတီနှင့် လွှတ်တော်၏ လယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင် (ပြည်သူလူထုမှ တိုင်ကြားမှုများလက်ခံရန်) တို့ကို ၂၀၁၂-ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလတွင် လွှတ်တော်ကော်မရှင်မှ အစိုးရအား လယ်ယာမြေသိမ်းဆည်းမှုများ ဖြေရှင်းပေးရန် နောက်ဆုံးအဖြစ် ၂၀၁၄-ခုနှစ် စက်တင်ဘာလအား သတ်မှတ်ပေးခဲ့သည်ဖြစ်ရာ အုပ်ချုပ်ရေးပိုင်းအနေနှင့် ၎င်းတို့၏ မတ်လ-၂၀၁၃ အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် ဆိုးရွားနေသော မြေယာသိမ်းယူမှုအခြေအနေများကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်း မရှိသေးကြောင်း ဖော်ပြနေပါသည်။ ကျယ်ပြန့်သောပြဿနာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် သမ္မတမှ ၂၀၁၁-ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (the Myanmar National Human Right Commission) မှလည်း ၎င်းတို့လက်ခံရရှိသော တိုင်ကြားစာအများစုမှာ မြေယာသိမ်းယူမှု ကိစ္စရပ်များနှင့် ပတ်သက်ကြောင်း ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံ ဥပဒေရေးရာ အကူအညီပေးရေးကွန်ရက် (Myanmar Legal Aid Network - MLAW) အဖွဲ့သည်လက်ရှိတွင် အပြန်အလှန်အကျိုးပြုသော မြေယာဆိုင်ရာတရားရေးကူညီမှု (Land Legal Aid-LLA) နည်းစနစ်နှစ်ခုအားကွပ်ကဲလျက်ရှိပြီး ကိစ္စအချို့အားတရားရုံးသို့ပင် ရောက်ရှိသည့်အဆင့်သို့ ကူညီနိုင်ခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင်၂၀၁၃-ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ အဓမ္မအလုပ်စေခိုင်းမှုယန္တရားအပေါ် အစီရင်ခံစာ၌ မြေယာသိမ်းယူမှုနှင့်ဆက်စပ်၍ အဓမ္မအလုပ်စေခိုင်းမှုဆိုင်ရာ တိုင်ကြားမှုများ အရေအတွက် မြင့်မားလာကြောင်း ဖော်ပြထားပါသည်။ (အလုပ်သမား ကဏ္ဍအကြောင်း အခန်း-၄.၄ တွင် ကြည့်ပါ)။

## ပြန်လည်နေရာချထားရေး

မြန်မာနိုင်ငံတွင် စီမံကိန်းများအတွက် မြေယာသိမ်းဆည်းမှုများတွင် သိမ်းဆည်းခံပြည်သူများ အတွက်ပြန်လည်နေရာချထားရေးလမ်းစဉ်အပေါ် စိုးမိုးသည့် စံသတ်မှတ်ချက်များမှာ အကန့်အသတ်များ ရှိနေပါသေးသည်။ အောက်တွင်ဖော်ပြထားသော ဆွေးနွေးချက်များမှာ ၁၉၈၄-ခုနှစ် မြေယာ သိမ်းဆည်းရေးအက်ဥပဒေတွင် ပြည်သူ့အကျိုးစီးပွားအရ အစိုးရမှသိမ်းယူခဲ့သော မြေယာများအတွက် လျော်ကြေးပေးရန် ပြဋ္ဌာန်းထားသော်လည်း ကာကွယ်စောင့်ရှောက်ရေး အစီအမံများနည်းပါးပြီး ပြန်လည်နေရာချထားရေးနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ မပါရှိပါ။

မကြာသေးမီက မြေယာသိမ်းယူမှုနှင့် ပြန်လည်နေရာချထားရေးအဖြစ်အပျက်တစ်ခုမှာ ပို၍ကြီးမားသော ပြန်လည်နေရာချထားရေးကိစ္စရပ်များအတွက် အသေးစိတ်လိုအပ်ချက်များ မရှိသည့်အပြင် အစိုးရ၌လည်း ပြန်လည်နေရာချထားရေးနှင့် ပတ်သက်သည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရန် အတွေ့အကြုံအနည်းငယ်သာရှိသည်။ ဂျပန်နိုင်ငံဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (JICA) ထောက်ခံမှုဖြင့် သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်မြို့အပြင်ဘက်တွင် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံကိန်းပထမအဆင့်အဖြစ် အိမ်ထောင်စုခြောက်ဆယ့်ရှစ်ခုအား ပြောင်းရွှေ့နေရာချထားခဲ့ပြီးဖြစ်သော်လည်း ပြောင်းရွှေ့နေရာချထားခံရသည့် လယ်လုပ်သူများသည် လောလောဆယ်တွင် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ ရွေးချယ်စရာမရှိသေးဘဲ ပြန်လည်နေရာချထားသည့်နေရာအသစ်တွင် သန့်ရှင်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ပင် စိုးရိမ်ပူပန်မှုများ ရှိနေကြပါသည်။ ပြန်လည်နေရာချထားခံရသူများ၏ ကိုယ်စားကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ တိုက်ရိုက်တင်ပြတိုင်ကြားရန်၊ JICA ၏ ကိုယ်ပိုင်လမ်းညွှန်ချက်များကို ထိထိရောက်ရောက် ကျင့်သုံးရန်နှင့် တွန်းအားပေးရန် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

# ၄ မြေယာရယူခြင်း သို့မဟုတ် မြေယာအငှားချခြင်းအတွက် ဥပဒေရေးရာမူဘောင်

## မြန်မာအစိုးရမှ/နှင့်အတူ မြေယာရယူခြင်း

၄.၃ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သည် မြန်မာနိုင်ငံရှိ မြေယာအားလုံး၏အဆုံးစွန်သောပိုင်ရှင်ဖြစ်သော်လည်း ပုဂ္ဂလိကမြေယာပိုင်ဆိုင်ခွင့်နှင့် ကာကွယ်ခွင့်ကို ထောက်ပံ့ပေးထားသည်။ အောက်တွင် ဖော်ထုတ်ထားသကဲ့သို့ အစိုးရအနေနှင့် နိုင်ငံတော်၊ သို့မဟုတ် ပြည်သူ့အကျိုးစီးပွားအရ မဖြစ်မနေ မြေယာသိမ်းယူခြင်းကိုလုပ်ဆောင်နိုင်သည်။ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနှင့် အစိုးရထံမှသော်လည်းကောင်း၊ ပုဂ္ဂလိကမြေယာသုံးစွဲခွင့်ရှိသူထံမှ သော်လည်းကောင်း မြေယာရယူခြင်း၊ သို့မဟုတ် မြေယာသုံးစွဲခွင့်ရယူခြင်းတို့ကို လက်ခံရယူနိုင်ပါသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူအနေနှင့် မြေယာ ငှားရမ်းအသုံးပြုနိုင်ပါသည်။

အခြားသော တိတိကျကျသတ်မှတ်ပြဌာန်းထားသည့် မြေယာဥပဒေများ ("မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ" သို့မဟုတ် "လယ်ယာမြေ" - အောက်တွင်ဆက်လက် ကြည့်ရှုပါ။)နှင့် အကျုံးမဝင်သောမြေယာများကို သိမ်းယူရာ၌ ဗြိတိသျှကိုလိုနီခေတ်လက်ကျန်ဖြစ်သော အနှစ် ၁၂၀ ခန့် ရှိပြီဖြစ်သည့် ဥပဒေဖြင့်ဆောင်ရွက်ပါသည်။ ၁၉၈၄-ခုနှစ် မြေယာသိမ်းဆည်းရေးအက်ဥပဒေတွင် အစိုးရအနေနှင့် "ပြည်သူ့အတွက် အကျိုးပြုကြောင်း သက်သေပြနိုင်ဖွယ်ရှိပါက" ကုမ္ပဏီများအတွက် မြေယာသိမ်းယူနိုင်ကြောင်း (အပိုဒ် ၄၀-၁ (ခ)တွင်) ဖော်ပြထားပါသည်။ အစိုးရအနေနှင့် မြေယာသိမ်းယူခြင်းနှင့် ၎င်းအတွက် လျော်ကြေးငွေပေးအပ်ခြင်းများအတွက် တာဝန်ရှိသော်လည်း ပေးအပ်မည့်လျော်ကြေးငွေအား မြေယာရယူသုံးစွဲမည့် ကုမ္ပဏီများမှ ပေးဆောင်ရမည်ဖြစ်သည်။ လျော်ကြေးငွေအဖြစ် ငွေကြေးအစား မြေယာပြန်လည်ပံ့ပိုးခြင်းလည်းဖြစ်နိုင်သည်။ မြေယာသိမ်းယူမှုအတွက် ဆောင်ရွက်ရမည့် အခြေခံလုပ်ထုံးလုပ်နည်းများကို ပြဌာန်းထားပြီး မြေယာအား ကနဦးစုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ အသိပေးအကြောင်းကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မြေယာအကျိုးစီးပွားအတွက် ပုဂ္ဂလိကငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်မည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည် (အပိုဒ်-၅(က))။ ကုမ္ပဏီနှင့် အစိုးရအကြား သဘောတူညီချက်များကို အမျိုးသားအဆင့်ပြန်တမ်း (နိုင်ငံ့သတင်းစာ) ၌ ဖော်ထုတ်ကြေညာပြီး ပြည်သူလူထုအား အသိပေးရမည်ဖြစ်သည် (အပိုဒ်-၄၂)။ သို့သော်လည်း ပြည်သူလူထုအား မည်သို့မည်ပုံ အသိပေးရမည်နှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိဘဲ မြေနေရာပိုင်ဆိုင်သူများ၊ သို့မဟုတ် နေထိုင်လုပ်ကိုင်နေသူများအား တိုက်ရိုက်အသိပေးရန် လိုအပ်ကြောင်း မပါရှိပေ။ လက်တွေ့အားဖြင့် ဒေသခံ မြေယာပိုင်ဆိုင်သူများ၊ သို့မဟုတ် ၎င်းမြေယာပေါ်တွင် နေထိုင်လုပ်ကိုင်နေသူများသည် ၎င်းတို့၏ မြေယာသိမ်းဆည်းခံရမည်ကို သတိမပြုမိဘဲ ရှိနေတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်တမ်း(သတင်းစာ)တွင် ဖော်ပြသည့် သတိပေးချက်သည် လုံလောက်မှုမရှိဘဲ ဥပဒေသတ်မှတ်ချက်အရ ငြင်းဆိုမှုပြုနိုင်မည့် အချိန်ကာလသည် တိုတောင်းပြီး ငြင်းဆိုမှု မပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ပြန်တမ်း(သတင်းစာ)တွင် မှန်ကန်စွာ ပုံနှိပ်ဖော်ပြပြီး အသိပေးမှုပြုသူများအတွက် ဥပဒေနှင့်အညီ ခွင့်ပြုချက်ရရှိနိုင်မည်ဖြစ်သည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ လယ်ယာမြေဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ (အောက်တွင်ကြည့်ပါ)သည် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေနှင့် အခွန်ဘဏ္ဍာများရရှိနိုင်ရေး မြေယာကို အများဆုံးအသုံးပြုရန်အတွက် အစိုးရ၏ မြေယာမူဝါဒများကို အကောင်အထည်ဖော်နိုင်သည့် ဥပဒေရေးရာမူဘောင်တစ်ခုအဖြစ် ရည်ရွယ်ပါသည်။ စိတ်ချရသည့် မြေယာပိုင်ဆိုင်မှုဆိုသည်ကို ကန့်သတ်ထားရှိပြီး အစိုးရမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်ဟု ယူဆမည်ဆိုပါက ပိုင်ဆိုင်ခွင့်/အသုံးပြုခွင့် လွှဲပြောင်းပေးရန် ခွင့်ပြုထားပါသည်။ အစိုးရမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဟု အမျိုးအစားသတ်မှတ်ထားသော်လည်း လက်တွေ့တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်၌ ထုံးတမ်းအစဉ်အလာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေး အလေ့အထများဖြင့် လူအများသုံးစွဲနေပါသည်ဟု အရပ်ဖက်အဖွဲ့အစည်းများနှင့် လယ်သမားအဖွဲ့များမှ ထောက်ပြပြောဆိုခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ဥပဒေအသစ်များအောက်ရှိ ခက်ခဲရှုပ်ထွေးသော လယ်ယာမြေမှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများကြောင့် မြန်မာနိုင်ငံရှိ လူဦးရေအများဆုံးဖြစ်သည့် လယ်သမားငယ်များမှာ ၎င်းတို့၏ လယ်မြေများကို မှတ်ပုံတင်နိုင်ရေး ပိုမို ရုန်းကန်ရနိုင်ခြေရှိပြီး ပိုမိုအားကောင်းသော အခြားသူများမှ ရယူမှတ်ပုံတင်နိုင်မည့် အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ချေရှိနေပါသည်။ကာလရှည်ကြာစွာ အသုံးပြုခဲ့သည့် လယ်ယာမြေများတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် စာရင်းဝင်လာပြီး လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသူများမှ လယ်ယာမြေများအား ၎င်းတို့၏ အမည်ပေါက် မြေယာမှတ်ပုံတင်ခြင်းများ ရှိလာနိုင်ပါသည်။ ဥပဒေ

ကြောင်း အရမဟုတ်သော မြေယာအခွင့်အရေးများကို အသိအမှတ်မပြုခြင်း၊ လက်တွေ့ကြုံတွေ့ရသော တောင်းဆိုမှုများမှ မဟုတ်ဘဲ အမည်ခံမြေယာအခွင့်အရေးများအား တရားဝင်ဖြစ်စေခြင်းများဖြင့် ဥပဒေအသစ်များသည် လက်ရှိရှိနေသည့် မညီမျှမှုများအား ပိုမိုဆိုးရွားစေခြင်းနှင့်၊ သို့မဟုတ် တရားမျှတမှုမရှိသည့် အခြေအနေအသစ်များ၊ တင်းမာမှု/ပဋိပက္ခများ ဖြစ်လာဖွယ်ရာ၊ သို့မဟုတ် ပိုမိုဆိုးရွားဖွယ်ရာ အခြေအနေများကို ပိုမိုဖြစ်ပေါ်စေနိုင်မည် ဖြစ်သည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ (VFV) အဖြစ် သတ်မှတ်ထားသည့် မြေယာများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများသည် (VFV) မြေယာအခွင့်အရေး ရရှိရန်အတွက် အစိုးရထံမှ လျှောက်ထားရယူနိုင်ပါသည်။ ၂၀၁၂-ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ အပိုဒ်ခွဲ-၅ (က)၊ (ဃ) နှင့် (င) အရ အစိုးရနှင့်ဖြစ်စေ၊ နိုင်ငံသားနှင့်ဖြစ်စေ အကျိုးတူလုပ်ငန်း ဆောင်ရွက်မည့် (Joint Ventures) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုချက်အရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှလည်းကောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများမှလည်းကောင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၌ စိုက်ပျိုးလုပ်ကိုင်ရန်၊ အသုံးပြုရန် VFV စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ လျှောက်ထားတောင်းခံနိုင်ပါသည်။ MIC ၏ ခွင့်ပြုချက်မပါရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ ထိုသို့ လျှောက်ထား၍ မရနိုင်ပါ။ ဤ VFV အသုံးပြုခွင့်မှာ ယာယီသာဖြစ်ပြီး လွှဲပြောင်း၍လည်းမရပါ။

၂၀၁၂-ခုနှစ် VFV ဥပဒေ အပိုဒ်-၅၅ အရ VFV မြေများပေါ်၌ "နိုင်ငံတော်၏အကျိုးစီးပွားအတွက် လိုအပ်သော အခြေခံအဆောက်အအုံ စီမံကိန်းများ၊ သို့မဟုတ် အထူးစီမံကိန်းများ ဆောင်ရွက်ရန်"နှင့် သဘာဝသယံဇာတများ ရှာဖွေတွေ့ရှိခဲ့ပါက အခြားသူအား ပေးအပ်ထားသော VFV မြေယာများအား VFV စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ ပြန်လည်ရယူရန် ခွင့်ပြုထားပြီး လျော်ကြေးငွေမှာ ကာလတန်ဖိုးအပေါ်တွင် အခြေပြုရန်ဖြစ်သည် (အပိုဒ်-၅၆)။ ၂၀၁၂-ခုနှစ် VFV ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် မြေယာသိမ်းယူခြင်းအပေါ်၊ သို့မဟုတ် ပေးအပ်သည့်လျော်ကြေးအပေါ် ကန့်ကွက်နိုင်မည့် လုပ်ထုံးလုပ်နည်းများ မပါရှိသည့်အပြင် တရားရေးရာအရ ပြန်လည်သုံးသပ်မှုပြုနိုင်မည့် လုပ်ထုံးလုပ်နည်းများ မပါသည့်အတွက် များစွာဝေဖန်ခံခဲ့ရပါသည်။ ခွင့်ပြုချက်မရှိဘဲ VFV မြေများအတွင်း "ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း"၊ VFV မြေများပေါ်ရှိ ပိုင်ရှင်များ၏ အခွင့်အရေးများကို "ပိတ်ဆို့ဟန့်တားခြင်း"၊ VFV မြေများပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဥစ္စာများ၏ "အကျိုးအမြတ်များကို ဖျက်ဆီးခြင်းများ" နှင့် ပတ်သက်၍ ပြုလုပ်သူများအား အဟန့်အတားပြုနိုင်ရန်၊ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်နိုင်ရန် VFV ဥပဒေအတွင်း အထူးကြပ်မတ်ထားပါသည်။ VFV မြေယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ သို့မဟုတ် ပြန်လည်ကုစားရေး ဆိုင်ရာ ဆန္ဒပြသူများအပေါ် ဤရာဇဝတ်ကြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် လွဲမှားစွာ အသုံးပြုနိုင်ဖွယ်ရှိနေပါသည်။

## လယ်ယာမြေ

လယ်ယာမြေနှင့် ပတ်သက်၍ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ အပိုဒ်ခွဲ-၆(က-၄)နှင့် အပိုဒ်ခွဲ-၇(က-၄)တို့တွင် တစ်ဦးချင်း လျှောက်ထားသူများသည် မြန်မာနိုင်ငံသားများဖြစ်ရမည်ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။ သို့သော်လည်း အစိုးရဌာန၊ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအပါအဝင် "အဖွဲ့အစည်းများ" ကိုလည်း လျှောက်ထားခွင့်ပြုသည်ဟု ဖော်ပြပါရှိပါသည် (အပိုဒ် - ၆-ခ၊ ၇-ခ)။ ဤဖော်ပြချက်အရ ကုမ္ပဏီများအနေနှင့် လျှောက်ထားရာ၌ လယ်ယာမြေအသုံးပြုခွင့် ပေးအပ်မည့်ကုမ္ပဏီသည် မြန်မာကုမ္ပဏီဖြစ်ရမည်ဟု အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်အတွင်း ထည့်သွင်းမထားသည့်အတွက် နိုင်ငံခြားကုမ္ပဏီများပါ အကျုံးဝင်ကြောင်း ယူဆနိုင်ပါသည်။ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေအသုံးပြုခွင့်အား လွတ်လပ်စွာလွှဲပြောင်းနိုင်ပါသည် (နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လွှဲပြောင်းခြင်းအား ကန့်သတ်ခြင်းကဲ့သို့ အချက်များမှအပ)။ ဤအချက်သည်ပင် ပြဿနာတစ်ရပ် ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ဆင်းရဲသည့်လယ်သမားများ အနေနှင့် ယာယီအားဖြင့် အကျိုးအမြတ်ရရှိနိုင်သည့် ၎င်းတို့၏ လယ်လုပ်ခွင့်ကိုရောင်းချစေရန် အားပေးနေသကဲ့သို့ဖြစ်နေပြီး မြေမဲ့၊ ယာမဲ့ဘဝဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမရှိသော ဘဝများအဖြစ်သို့ ရောက်ရှိစေနိုင်၍ ဖြစ်သည်။ လယ်ယာမြေအသုံးပြုခွင့်ရှိသူအနေနှင့် ၎င်းပိုင်ဆိုင်သည့်ပစ္စည်းကို အလိုရှိသည့်အချိန်၌ ငွေသားတန်ဖိုးအဖြစ် ပြောင်းလဲနိုင်သည့်အတွက် လယ်ယာမြေအသုံးပြုခွင့် လွှဲပြောင်းခြင်းအား ပုဂ္ဂလိကညှိနှိုင်းမှုနှင့် သဘောတူညီချက်များအရ ပြုလုပ်ခြင်းသည် ပြဿနာတစ်ရပ် မဟုတ်ပါ။ ကိစ္စရပ်တစ်ခုမှာ မည်ရွေ့မည်မျှအထိ အကာအကွယ်ပေးမည်ဆိုသည်ပင်ဖြစ်သည် (မှုတမှုမရှိသော ဖော်ပြသတ်မှတ်ချက်များဖြင့် ရေးသားချုပ်ဆိုခြင်း၊ အတင်းအဓမ္မ သဘောတူညီမှုပြုစေခြင်း၊ သို့မဟုတ် ဖိအားပေး၍ သဘောတူစေခြင်း၊ အမှားအယွင်းများဖြင့်၊ သို့မဟုတ် လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူစေခြင်းအားဖြင့် သဘောတူညီမှုပြုစေခြင်းများ မဖြစ်စေရန် နိုင်ငံတော်တော်များများ၏ စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ ဥပဒေများ၌ အကာအကွယ်ပေးထားပါသည်)။ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ၌ "နိုင်ငံတော်၊ သို့မဟုတ် ပြည်သူ့အကျိုးစီးပွားအတွက်" လယ်ယာမြေ ပြန်လည်ရယူပိုင်ဆိုင်ခွင့်"ကို ခွင့်ပြုထားပြီး

"သင့်လျော်သော လျော်ကြေးငွေနှင့် အာမခံချက်ပေးရန်၊ လယ်ယာမြေအသုံးပြုခွင့်ရှိသူအား "ဆုံးရှုံးမှုတစ်စုံတစ်ရာ" မရှိစေဘဲ ပေးလျော်မှုပြုရန်" ဖော်ပြပါရှိပါသည် (အပိုဒ်-၂၆)။ VFV ဥပဒေနှင့်အတူ လယ်ယာမြေဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း မြေယာသိမ်းယူခြင်း၊ သို့မဟုတ် လျော်ကြေးပေးအပ်ခြင်းများအပေါ် ကန့်ကွက်နိုင်မည့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် တရားရေးရာ ပြန်လည်သုံးသပ်နိုင်မည့် လုပ်ထုံးလုပ်နည်းများ မပါရှိပါ။

## နိုင်ငံသား မဟုတ်သူများ၏ မြေအသုံးချခြင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပတ်သက်၍ ၁၉၈၇-ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာ ကန့်သတ်မှုဥပဒေ (the Restriction on the Transfer of the Immoveable Property Law - 1987) အရ မြေယာဝယ်ယူခြင်းနှင့် တစ်နှစ်ထက်ပိုသော မြေယာငှားရမ်းခြင်းမပြုရန် နိုင်ငံခြားကုမ္ပဏီများအား ကန့်သတ်ထားပါသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ အနေနှင့် ယခုအခါ လူပုဂ္ဂိုလ်တစ်ဦးချင်းမှ သာမာန်သဘောတူစာချုပ်များအရ မြေယာရယူသုံးစွဲနိုင်ပြီး အောက်ပါ ဥပဒေရေးရာ ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်သည်။ ပထမဦးစွာ မြေယာကို နိုင်ငံခြားသားထံသို့ ပုဂ္ဂလိကရောင်းဝယ်ဖောက်ကားမှုအရ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရပါ။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေနှင့်မှု ဤကန့်သတ်ချက်များမှ ကင်းလွတ်ခွင့် ပေးနိုင်ပြီး ပြည်ထောင်စုအစိုးရ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၁) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအား မြေယာအငှားချနိုင်မည့် အခြေအနေများကို ဖော်ထုတ်ချမှတ်ထားပါသည်။ ဒုတိယအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် အစိုးရ၏ခွင့်ပြုချက်မရဘဲ VFV မြေယာအသုံးပြုခွင့်နှင့် လယ်ယာမြေအသုံးပြုခွင့်များကို ပုဂ္ဂလိကရောင်းဝယ်ဖောက်ကားမှုအရ ရယူခွင့်မရှိပါ (VFV ဥပဒေ အပိုဒ်-၁၆-ဂ) (လယ်ယာမြေဥပဒေ အပိုဒ်-၁၄)။ အသစ်ဖြစ်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအောက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပိုမိုရှည်လျားသော အချိန်ကာလအထိ (အနှစ်-၅၀) မြေယာငှားရမ်းသုံးစွဲခွင့်ပြုနိုင်ပြီး လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် ၁၀-နှစ် နှစ်ကြိမ် ထပ်မံသက်တမ်းတိုးနိုင်ပါသည်။ "ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် လက်လှမ်းမမီသည့် နေရာဒေသများ" တွင်မူ မြေယာငှားရမ်းမှုသည် ပိုမိုသက်တမ်း ရှည်ကြာနိုင်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ၌ လွဲမှားစွာ ပြုမူဆောင်ရွက်ခြင်းများအား အကာအကွယ်ပေးထားသော်လည်း ထိုအကာအကွယ်များမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ခွင့်ပြုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား မြေယာငှားရမ်းမှုများသည်သာ အကျုံးဝင်ပါသည်။ မြေယာငှားရမ်းမှုကိစ္စများကို MIC သို့ တင်ပြရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများမှ ကတိပြုထားသည့် ငှားရမ်းခပေးဆောင်ရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် သဘောတူညီချက်များ ချိုးဖောက်ခြင်းများရှိပါက မြေယာငှားရမ်းပေးသူ (မြေပိုင်ရှင်)မှ MIC သို့ တိုင်ကြားနိုင်ပါသည်။ ထိုအခါ MIC မှ ငှားရမ်းမှုကို ရပ်ဆိုင်းပေးနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူမှ ငှားရမ်းထားသည့် မြေယာပေါ်၌ ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်သည်ဟု MIC မှ စစ်ဆေးတွေ့ရှိပါကလည်း မြေယာငှားရမ်းမှုကို ရပ်ဆိုင်းခွင့်ရှိပါသည်။ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ "ပြည်သူလူထုမှ လွှဲပြောင်းပေးရန် ဆန္ဒမရှိသောနေရာနှင့် ပြောင်းရွှေ့ပေးရန် ဆန္ဒမရှိသောနေရာ"ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအား ငှားရမ်းခွင့်မပြုခြင်းဖြစ်သည်။ ငှားရမ်းမည့် မြေနေရာ၌ လက်ရှိနေထိုင်သူရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအနေနှင့် သက်ဆိုင်ရာမြေပိုင်ရှင်၏ သဘောတူညီမှုဖော်ပြချက်နှင့် ရွှေ့ပြောင်းခြင်း၊ ပြန်လည်အခြေချခြင်း၊ ကာလတန်ဖိုးအပါအဝင် ပေးချေခြင်းများနှင့် ပျက်ဆီးနစ်နာမှုများအပေါ် ကျေနပ်မှုရှိကြောင်း ဖော်ပြချက်များကို MIC သို့ တင်ပြရမည်ဖြစ်သည်။ ၎င်းအချက်များအရ မြေယာငှားရမ်းသုံးစွဲရာ၌ ပုဂ္ဂလိကညှိနှိုင်းမှုများဖြင့်သာ ဆောင်ရွက်ကြပြီး သဘောဆန္ဒမပါဘဲ ပြန်လည်နေရာချထားခြင်းများ မရှိသင့်ကြောင်း ညွှန်ပြလျက်ရှိပါသည်။ ဤသို့ ကျယ်ပြန့်သော ပြဋ္ဌာန်းချက်များရှိနေချိန် အစိုးရအနေနှင့် ၎င်းပြဋ္ဌာန်းချက်များ၏ အခွင့်အာဏာများ တည်မြဲအားကောင်းစေရေး အတွက် လုပ်ဆောင်နိုင်မည်လား၊ သို့မဟုတ် ဆောင်ရွက်လိမ့်မည်လားဟူသည်မှာ မေးခွန်းထုတ်ဖွယ်ဖြစ်လာပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဘာသာရေးနှင့် သက်ဆိုင်သည့်နေရာများ၊ သို့မဟုတ် ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့်နေရာများ၊ သို့မဟုတ် သဘာဝအမွေအနှစ်များတည်ရှိရာ နေရာများငှားရမ်းခြင်းကို တားမြစ်ထားပါသည်။

## လက်ရှိဥပဒေရေးရာမူဘောင်အပေါ် စိုးရိမ်ပူပန်မှုများ

လက်ရှိဥပဒေရေးရာမူဘောင်နှင့် ပတ်သက်၍သော်လည်းကောင်း၊ မြေယာပိုင်ရှင်များနှင့် မြေယာအသုံးပြုခွင့် ရရှိသူများ အပေါ် ၎င်းနှင့်ဆက်စပ်သည့် အကျိုးဆက်များအပေါ်၌လည်းကောင်း စိုးရိမ်ပူပန်မှုများစွာရှိနေပါသည်။ အစိုးရအနေနှင့် "ပြည်သူ့အကျိုးစီးပွားအတွက်"၊ သို့မဟုတ် "ပြည်သူ့အတွက် အကျိုးရှိမည်ဟု သက်သေပြနိုင်ဖွယ်ရှိသည့်"ဆိုသည့် အချက်များဖြင့်ပင် မြေယာသိမ်းယူရေးအတွက် အကြောင်းပြချက် များစွာရှိနေပါသည်။ ၁၉၈၄-ခုနှစ် မြေယာသိမ်းယူမှု အက်ဥပဒေအရ မြေယာ

သိမ်းယူမှုကို ခွင့်ပြုပါသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရသည် အခြားပြည်သူ့အကျိုးစီးပွားအတွက် လိုအပ်ချက်တစ်စုံတစ်ရာ ရှိရန်မလိုဘဲ ကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်တစ်ခုအရ မြေယာပေးအပ်ရန် "တာဝန်ရှိနေသောကြောင့်" ဖြစ်သည်။ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် မြေယာသိမ်းယူမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အသေးစိတ်ပြဋ္ဌာန်းချက် အနည်းငယ်သာ ပါရှိပြီး မြေယာသိမ်းယူခြင်းခံရမည့်သူအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ အနည်းငယ်သာပါရှိကြောင်း သိရှိရပါသည်။ ၁၉၈၄-ခုနှစ် အက်ဥပဒေ၌သာ ငြင်းဆိုမှုပြုလုပ်နိုင်မည့် လုပ်ငန်းစဉ်များ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ VFV မြေယာဥပဒေနှင့် လယ်ယာမြေဥပဒေများတွင် မြေယာသိမ်းယူခြင်း၊ သို့မဟုတ် လျော်ကြေးပေးခြင်းကိစ္စရပ်များအပေါ် ကန့်ကွက်မှုပြုလုပ်နိုင်မည့် လုပ်ထုံးလုပ်နည်းများ မပါဝင်ပါ။ ထိုဥပဒေများမှအပ အခြားသော မြေယာသိမ်းယူမှု၊ သို့မဟုတ် ပြန်လည်နေရာချထားမှုနှင့် ပတ်သက်သည့် ဥပဒေများမရှိပါ။

## (ခ) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ

### မြေယာရယူခြင်း / မြေယာအသုံးချခြင်းအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ

- **၂၀၁၁-ခုနှစ်မတိုင်မီ နည်းလမ်းများ။** လမ်းပန်းဆက်သွယ်မှုရရှိရေးနှင့် ထုတ်ယူမှုဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နယ်မြေများအရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များသည် များသောအားဖြင့် မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပေါ်စေသည့် ဇစ်မြစ်အကြောင်းအရာများဖြစ်နေပြီး တိုင်းရင်းသားရေးရာ အငြင်းပွားမှုများ၊ သို့မဟုတ် ဒေသတွင်းအငြင်းပွားမှုများ ဖြစ်ပေါ်စေသော အခြေခံအကြောင်းအရင်းတစ်ရပ်လည်း ဖြစ်နေတတ်သည်။ မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ ၂၀၁၁-ခုနှစ်မတိုင်မီနည်းလမ်းများ (လုပ်ထုံးလုပ်နည်းများ)၊ အထူးသဖြင့်အစိုးရ၊ သို့မဟုတ် စစ်ဘက်မှသိမ်းယူမှုမျိုးသည် လက်တွေ့တွင်ဖြစ်နေဆဲဖြစ်သော်လည်း ထိုကဲ့သို့သောလုပ်ရပ်များအား အများပြည်သူမှ လက်မခံတော့ပေ။
- **မြေယာ သိမ်းယူမှုအတွက် ရှေးကျသောနည်းလမ်းများ။** ။ မြန်မာနိုင်ငံတွင် မြေယာသိမ်းယူမှုနှင့်ပတ်သက်၍ အသေးစိတ်ကျသည့် လုပ်ထုံးလုပ်နည်း မရှိပေ။ မြေသိမ်းယူမှုနှင့် ရေနံလုပ်ကွက်နယ်မြေသတ်မှတ်ခြင်းကိစ္စများအတွက် (၁၉) ရာစုနှင့် (၂၀) ရာစုများမှဥပဒေများကို သုံးစွဲနေပုံရသည်။ ဤဥပဒေများသည် အခြားသောဘုံဥပဒေ အသုံးပြုသည့်နိုင်ငံများမှ သတ်မှတ်ထားသည့်နည်းနာများနှင့် အကာအကွယ်ပေးမှု အနက်အဓိပ္ပာယ်များ၏ ပိုမိုခေတ်မီသော အကာအကွယ်ပေးမှုများအပေါ် ထင်ဟပ်မှုမရှိသည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဦးဆောင်၍ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် မြေယာရယူခြင်းဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုအပေါ် နိုင်ငံတကာလမ်းညွှန်ချက်များနှင့်ပင် အလှမ်းဝေးနေပါသေးသည်။
- **ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများကို အသိအမှတ်မပြုခြင်း။** ။ မြေယာဥပဒေအသစ်သည် ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်မှုအခွင့်အရေး၊ သို့မဟုတ် မြေယာအတွင်းဝင်ရောက်နေထိုင်သူများ၏ အခွင့်အရေး၊ သို့မဟုတ် မြေယာသုံးစွဲခွင့် တရားဝင် အထောက်အထားမရှိသည့်သူများ၏ အခွင့်အရေးကို အသိအမှတ်မပြုပေ။ အစိုးရအနေနှင့် မြေယာသုံးစွဲခွင့်အပေါ် ထုံးတမ်းစဉ်လာဥပဒေများအား တရားဝင်အသိအမှတ်ပြုရန်နှင့် လူနည်းစုလူမျိုးစုအခွင့်အရေးများအား အကာအကွယ်ပေးမှုများမှ တစ်ခုအဖြစ် အများပိုင် (ရပ်ရွာပိုင်) မြေနေရာသတ်မှတ်ပေးခြင်းဆိုင်ရာ ယန္တရားများပံ့ပိုးပေးရန် ကျွမ်းကျင်ပညာရှင်များမှ အကြံပြုပြီးဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အစိုးရအနေနှင့် အမှန်တကယ် မြေလွတ်မဟုတ်သည့် မြေယာအား မြေလွတ်အဖြစ် ကြေညာနိုင်သည်ဖြစ်ရာ ရလဒ်အားဖြင့် မည်သည့်အစိုးရမှတ်တမ်းတွင်မှ မပါရှိဘဲ မြေယာမဲ့များစွာ ဖြစ်ပေါ်လာခဲ့ကြပါသည်။ သို့သော်လည်း ၎င်းတို့သည် ရွှေ့ပြောင်းလာသည့် စီးပွားရေးများအတွက် ပြောင်းရွှေ့ခဲ့ကြရပြီး ထို့အတွက်နှင့် ၎င်းတို့၏ ဆုံးရှုံးသွားသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လျော်ကြေးရရှိရန်ဖြစ်ပြီး လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း၏ အစိတ်အပိုင်းအဖြစ်လည်း ၎င်းကိစ္စရပ်များကို ဖော်ထုတ်ဖြေရှင်းနိုင်ပါသည်။
- **မြေယာသိမ်းဆည်းမှုများ။** ။ နှစ်ပေါင်းများစွာကာလအတွင်း ဒေသခံရွာသားများအနေဖြင့် မြေယာအသိမ်းခံရပြီး လျော်ကြေးမရသည့်ကိစ္စရပ်များ၊ ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိသော "မြေယာသိမ်းဆည်းမှုများ" အား သတင်းစာများ၌လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလာကြသည်။ မြေယာအတွက် ထိုက်သင့်သည့်

တန်ဖိုးအောက်လျော့ချ၍ အပေးခံရခြင်း၊ သို့မဟုတ် စစ်ဘက်၊ အစိုးရအာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းများက ရွာသားများ၏ မြေယာပိုင်ဆိုင်မှုကို အသိအမှတ် မပြုခြင်းများလည်းရှိပြီး အချို့ဖြစ်ရပ်များသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ပတ်သက်နေသည်။ မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော မြေယာကိစ္စများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့် ဆက်စပ်သော၊ သို့မဟုတ် ရှေ့ဆက်မျှော်မှန်းထားသည့် စီမံကိန်းများနှင့်ပတ်သက်သည့် မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်နိုင်သည်ဟူသော လက်တွေ့ကျသည့် စိုးရိမ်မှုများရှိနေပြီး ၎င်းကိစ္စရပ်များသည် ဒေသခံရပ်ရွာလူထု၏ အခြေအနေတင်းမာမှုကိုဖြစ်စေသည့် အကြောင်းခံဖြစ်စေသည့်အပြင် (ပိုမိုကောင်းမွန်သော နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်စေလိုသော) အရပ်ဘက်အဖွဲ့အစည်းများ၏ ဦးတည်ပြောဆိုမည့် အကြောင်းအရာလည်းဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ၏ မကြာသေးမီက ပြုလုပ်ခဲ့သည့် ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြန်လည်သုံးသပ်ချက်များအရ မြေယာ ရယူသုံးစွဲရာ၌ လူနည်းစု လူမျိုးစုများပိုင်ဆိုင်သည့်/အသုံးပြုသည့် မြေယာများသာမက မည်သည့်မြေယာအတွက် မဆို လွတ်လပ်စွာ ကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (Free, Prior and Informed Consent – FPIC) လုပ်ငန်းစဉ်များကို အသုံးပြုရန်အတွက် ပိုမို နိုးဆော်လာပါသည်။

- **ဈေးကစားခြင်း** ။ ။ ကုမ္ပဏီများအနေဖြင့် မြေယာနှင့်ပတ်သက်သည့် ဈေးကစားမှုများကို သတိပြုသင့်ပါသည်။ စီမံကိန်းလုပ်ဆောင်မည်ဟု ယူဆရသည့်နေရာများတွင် ဈေးကစားသူများမှ မြေယာရယူနိုင်ရန် ကြိုတင်ရောက်နှင့်နေသည့် ကိစ္စရပ်များ ရှိခဲ့ပါသည်။ ထိုသူများမှာ စီမံကိန်းနှင့်ပတ်သက်၍ သတိမပြုမိသေးသော မူလမြေပိုင်ရှင်များထံမှ မြေယာများကို အဖိုးနှုန်းချိုသာစွာဖြင့်ရယူထားပြီး လျော်ကြေးငွေအကျိုးအမြတ်များရယူနိုင်ရန် မျှော်လင့်ကြပါသည်။ ဤသို့ဖြင့် အမှန်တကယ် မြေယာလျော်ကြေးများ ပေးအပ်သည့်အခါ၌ မူလမြေပိုင်ရှင်များအနေနှင့် ၎င်းတို့အား လိမ်လည်၍ မြေယာရယူသည်ဟု ခံစားရနိုင်ပြီး အခြေအနေတင်းမာမှုများ ဖန်တီးနိုင်ပါသည်။
- **အသေးစိတ်ကျသည့် သင့်လျော်သော ဆောင်ရွက်မှုများ**။ ။ ကုမ္ပဏီများသည် ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်ရာ နယ်မြေအတွင်း ဒေသခံရပ်ရွာလူထုနှင့် ရေရှည်တည်မြဲသည့် ဆက်ဆံရေးတည်ဆောက်နိုင်ရန် ရှာဖွေလုပ်ဆောင်သင့်သည်။ ဤဆက်ဆံရေးများအား အစဦးပိုင်းကတည်းမှစတင်၍ ဒေသခံရပ်ရွာလူထုနှင့် တည်ဆောက်ထားခြင်းဖြင့် မြေယာရယူခြင်း၊ မြေယာသုံးစွဲခြင်းလုပ်ငန်းစဉ်အတွင်း ဒေသမှမည်ကဲ့သို့တုံ့ပြန်မှုမည် (အကောင်း/အဆိုး) ဟူသော အချက်အပေါ် သက်ရောက်မှုများ ရှိနိုင်သည်။ မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းအတွက် တူညီသည့်ပုံစံနှင့် လက်လှမ်းမီနိုင်မှုမရှိခြင်း၊ ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်မှုအပေါ် အသိအမှတ်မပြုခြင်း၊ သိသာထင်ရှားသော မြေယာအခြေပြု အသက်မွေးဝမ်းကျောင်းမှုများနှင့် ဘိုးဘွားပိုင်မြေယာများပေါ်၌ အခြေချနေနိုင်မှုများရှိနေချိန်တွင် မြေအသုံးချရေးနှင့် မြေယာ ရယူသိမ်းဆည်းခြင်း ကိစ္စရပ်များသည် ထိုသို့သော ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများကို အသိအမှတ်ပြုလိုက်နာရန် လိုအပ်ပြီး ၎င်းမြေယာပိုင်ရှင်များအား ဥပဒေကြောင်းအရ မြေယာပိုင်ဆိုင်သူများကဲ့သို့ပင် တူညီမျှတစွာ ဆက်ဆံဆောင်ရွက်သင့်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ရွာသူ/သားများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးကာ အသေးစိတ်ကျပြီး သင့်လျော်သည့်ဆောင်ရွက်မှုများထားရှိရန် လိုအပ်ပါသည်။ မြေယာ သိမ်းဆည်းမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို တင်ပြပြောဆိုသည့်အခါ ရွာသူရွာသားများ၏ စိုးရိမ်ကြောင့်ကြမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ကို ကုမ္ပဏီများအနေနှင့် သတိချပ်သင့်ပါသည်။ ဆိုလိုသည်မှာ စိုးရိမ်ပူပန်မှုများသည် ဖုံးကွယ်နေပြီး ပြေလည်မှု မရရှိနိုင်ဘဲ ဖြစ်နေနိုင်ပါသည်။ အစိုးရမှ မြေယာသိမ်းဆည်းမှုပြုလုပ်ရာတွင် သင့်လျော်သော လုပ်ငန်းစဉ်များအနေနှင့် ရပ်ရွာလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရာ၌ အစိုးရဘက်မှ ပျက်ကွက်မှုများ ရှိနေခြင်း၊ သို့မဟုတ် လုံးဝ ညှိနှိုင်းမှုမရှိခြင်း၊ ထုံတမ်းစဉ်လာအရ မြေယာပိုင်ဆိုင်သူများ၊ သို့မဟုတ် မြေယာသုံးစွဲနေသူများ၊ နိုင်ငံတွင်းရှိဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ စံ-သတ်မှတ်ချက်များအား လေးစားလိုက်နာခြင်း ရှိ၊ မရှိ အပါအဝင် မြေယာသိမ်းယူမှုနှင့် လျော်ကြေးပေးမှု လုပ်ငန်းစဉ်များအတွင်း ပျက်ကွက်မှုများ ဖော်ထုတ်နိုင်ရန် အလေးထားသင့်ပါသည်။ မြေယာသိမ်းဆည်းမှု၊ သို့မဟုတ် ပြန်လည်နေရာချထားပေးမှုများသည် အစိုးရမှပြုလုပ်သည့်အတွက် နိုင်ငံအတွင်းရှိ ဥပဒေနှင့်အညီ၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ၊ ရပ်ရွာလူထု၏ မျှော်လင့်ချက်နှင့်အညီ ပြုလုပ်သည်ဟုမယူဆသင့်ပါ။ SWIA အဖွဲ့မှ သိရှိခဲ့ရသည်မှာ မြေယာသိမ်းယူမှုကိစ္စရပ်များပါဝင်ပါက သိမ်းယူမှုလုပ်ငန်းစဉ်အတွက် မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း (MOGE) သည် အဓိက တာဝန်ရှိသူဖြစ်ပြီး တစ်ခါတစ်ရံတွင် ပြန်လည်နေရာချထားရေးဌာနနှင့် မြေစာရင်းဌာနများပါဝင်သည့် မြေယာရယူရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပါသည်။ ရယူသည့် မြေယာမှန်သမျှအတွက် MOGE မှ အမည်ခံပါသည်။ PSC အား လက်မှတ်ရေးထိုး

သည့် လုပ်ငန်းဆောင်ရွက်သူများအနေနှင့် မြေယာအသုံးပြုခွင့်လက်မှတ်၊ သို့မဟုတ် အခြားလက်မှတ်များကို မြေယာပိုင်ရှင်များထံမှရယူပြီး ပျက်ဆီးဆုံးရှုံးမှုများအတွက် အပါအဝင် ယာယီ/အမြဲ မြေယာရယူမှုအတွက် အခကြေးငွေပေးအပ်ရမည်ဖြစ်သည်။ သဘောတူညီမှုဖြင့်ရရှိထားသော မြေယာ (Voluntary Land Acquisition) များအတွက် ကုမ္ပဏီများအနေနှင့် MOGE ၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းရန်လိုအပ်ပါသည်။ အချို့သော မြေတိုင်းပုံစံများသည် စာရွက်ပုံစံအဖြစ် အများအားဖြင့် မြို့နယ်အဆင့်၌ရှိနေပြီး တစ်ခါတစ်ရံတွင် မည်သူက အမည်ပေါက်မြေပိုင်ရှင်ဖြစ်ကြောင်း သိရှိနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့များမှ ပြန်လည်ဖြေကြားပါသည်။

- **မြေယာအမွေကိစ္စရပ်များ။** ။ ဝင်ရောက်လာမည့် ကုမ္ပဏီများအတွက် ဥပဒေရေးရာအရ တာဝန်မရှိနိုင်သော်လည်း အစိုးရမှခွဲဝေပေးသော မြေယာနှင့်ပတ်သက်၍ သိသာထင်ရှားသည့် အမွေစားအမွေခံဆိုင်ရာ ကိစ္စရပ်များရှိနေပြီး လက်တွေ့တွင် ၎င်းကိစ္စရပ်နှင့်ပတ်သက်၍ လျစ်လျူရှုပါက တင်းမာမှုများနှင့် ယုံကြည်မှုပျက်ဆီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အမွေဆိုင် မြေယာတောင်းခံမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင်လစ်ဟာချက်များ ဖော်ထုတ် တွေ့ရှိလာပါက ကုမ္ပဏီများအနေဖြင့် မြေယာကော်မတီနှင့် အစိုးရအုပ်ချုပ်ရေးအဖွဲ့များ အပေါ်၌သာ မှီခိုနေခြင်းထက် (လိုအပ်ပါက ပူးပေါင်းညှိနှိုင်းသင့်ပါသော်လည်း) ရပ်ရွာလူထုနှင့် ဖြစ်နိုင်သမျှ တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။
- **မြေအသုံးချမှု လျော့ချခြင်း။** ။ ရှင်းလင်းပြတ်သားသည့် ပိုင်ဆိုင်မှုသတ်မှတ်ချက် မရှိခြင်း၊ အချို့နေရာများ၌ ရွှေ့ပြောင်းစိုက်ပျိုးရေးစနစ်များ များပြားခြင်းနှင့် မြေယာမဲ့ဦးရေ များပြားခြင်းတို့ကြောင့် လုပ်ငန်းများအနေနှင့် လူအများကို မည်သည့်လျော်ကြေးပေးအပ်မှုမျိုးမှ မလုပ်ဘဲ ရှိနေနိုင်သည်မှာ ရှင်းလင်းပါသည်။ ထို့သို့ မြေယာအခြေပြု လျော်ကြေးပေးအပ်ခြင်းမျိုးကို ဆောင်ရွက်လေ့မရှိချိန်တွင် ကုမ္ပဏီများအနေနှင့် ၎င်းတို့၏ အကျိုးဆက်များကို အနည်းဆုံး လျော့ချနိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်ပါသည်။ ၎င်းတို့၏လုပ်ငန်းမှ ပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုများကို ကန့်သတ်ခြင်း၊ လုပ်ငန်းများအတွက် ဆက်လက်သုံးစွဲရန် မလိုအပ်တော့ပါက မြေယာပြန်လည်အပ်နှံခြင်းနှင့် တိုက်ရိုက်ဝယ်ယူမှု မဟုတ်သည့် အခြားနည်းလမ်းများ ရှာဖွေခြင်း (မြေယာကို ငှားရမ်းအသုံးပြုခြင်း - ထို့အတွက် မြေပိုင်ရှင်အား ပုံမှန်ဝင်ငွေ ရရှိစေပါသည်) (လယ်ယာမြေနှင့်ပတ်သက်၍မူ စိုက်ပျိုးရေးမှအပ ပြောင်းလဲသုံးစွဲခွင့်မပြုဘဲ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အလွန်ရှုပ်ထွေးပါသည်)။

## ပြန်လည်နေရာချထားခြင်း

- **ဥပဒေရေးရာ လစ်ဟာမှုများ။** ။ မကြာသေးမီက လယ်ယာမြေဥပဒေနှင့် VFV ဥပဒေများ အပါအဝင် လက်ရှိဥပဒေမူဘောင်သည် မြေယာသိမ်းဆည်းမှုကိစ္စရပ်များအပေါ် "ပြည်သူ့အကျိုးစီးပွားအတွက်"ဟုသာ ယေဘုယျဖော်ပြထားပြီး နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်း၊ သို့မဟုတ် လက်တွေ့ကျသည့် ကန့်သတ်ချက်များ မပါရှိသည့်အတွက် လွဲမှားစွာပြုမူစေမည့် လုပ်ငန်းစဉ်များအား ဖြစ်ပေါ်စေပါသည်။ (လုပ်ငန်းစဉ်အရ အိမ်ထောင်စုများပြောင်းရွှေ့ရန် လိုအပ်လာချိန်၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာရွှေ့ပြောင်းမှု မဟုတ်သည့်တိုင် စီးပွားရေးအရ ပြောင်းရွှေ့ရန် လိုအပ်လာချိန်တွင်) မြန်မာနိုင်ငံ၌ မြေယာအမျိုးအစားအားလုံးအတွက် လျော်ကြေးငွေသတ်မှတ်ချက်အဆင့်ဆင့်၊ သို့မဟုတ် အလိုဆန္ဒမပါဘဲ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များအတွက် အသေးစိတ်ပြဋ္ဌာန်းချက်များ မရှိပါသေးပါ (မည်သည့် အရာကို "အလိုဆန္ဒမပါဘဲ ပြန်လည်နေရာချထားခြင်း"ဟူသည့် သတ်မှတ်ချက်နှင့်ပတ်သက်၍ ကန့်သတ်ချက်အချို့ ရှိနေပါသည်)။ လျော်ကြေးပေးအပ်မှုဆိုင်ရာ နည်းလမ်းများတွင်လည်း အခြေခံစည်းမျဉ်းများ၊ သို့မဟုတ် သတ်မှတ်နည်းလမ်း အဆင့်ဆင့် မရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ စံ-သတ်မှတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲလျက် ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ပြန်လည်နေရာချထားရေးအတွက် ရည်ရွယ်ချက်မှာ ပစ္စည်းဥစ္စာအတွက် လျော်ကြေးပေးအပ်ခြင်း သက်သက်မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အပြည့်အဝ ပြန်လည်ဖြည့်ဆည်းပေးရေးဖြစ်ပါသည်။ ထိုသို့ ဖြည့်ဆည်းပေးရာတွင် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ဆုံးရှုံးသွားခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် ပေးလျော်သည့်ငွေသားများ အလွယ်တကူကုန်ဆုံးပျောက်ပျက်မှု မရှိစေရန်အတွက် ငွေကြေး (ငွေသား) လျော်ကြေးထက် မြေယာအစားပြန်ပေးခြင်းကို ဦးစားပေးသင့်ပါသည်။ ထို့အပြင် လတ်တလော အခြေအနေ၌ မြေယာအစားပြန်ပေးခြင်း ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ပုံစံတူညီသည့် လုပ်ရိုးလုပ်စဉ်များ မရှိခြင်းတို့ကြောင့် လွဲမှားစွာကျင့်သုံးနိုင်မည့် အခွင့်အလမ်းများ ဖြစ်ပေါ်စေပါသည်။ များစွာသော အခြေအနေများတွင် မြေယာရယူမှုကို ငြင်းပယ်နိုင်မည့်၊ သို့မဟုတ် လျော်ကြေးအခြေအနေကို ညှိနှိုင်းနိုင်မည့် ထိရောက်သော လုပ်ငန်းစဉ်မရှိပါ။ အလို

ဆန္ဒဖြင့်ဖြစ်စေ၊ အလိုဆန္ဒမပါဘဲဖြစ်စေ နှစ်မျိုးလုံးသော ပြန်လည်နေရာချထားရေးနှင့် ပတ်သက်သည့် လမ်းညွှန်ချက်လုံးဝမရှိသည့်အတွက် အစိုးရအား IFC လုပ်ကိုင်ဆောင်ရွက်မှု စံသတ်မှတ်ချက် (၁) နှင့် (၅) တို့ကို ကျင့်သုံးရန်နှင့် ၎င်းတို့ကိုယ်တိုင် လမ်းညွှန်ချက်များအား လိုက်နာရန် ကုမ္ပဏီများအနေမှ တိုက်တွန်းသင့်ပါသည်။

- **အလိုဆန္ဒမပါဘဲ ပြန်လည်နေရာချထားမှုအပေါ် EIA လုပ်ထုံးလုပ်နည်းမူကြမ်း။** ။ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း (EIA) လုပ်ထုံးလုပ်နည်းမူကြမ်း၏ နောက်ဆုံးအင်္ဂလိပ်ဘာသာပြန်ဆိုမှုတွင် ပြန်လည်နေရာချထားရေးအတွက် မပါဝင်ကြောင်း၊ ပြန်လည်နေရာချထားရေး ကိစ္စများပါဝင်မည့်၊ သို့မဟုတ် တိုင်းရင်းသားလူမျိုးများအား ထိခိုက်ဖွယ်ရှိသည့် စီမံကိန်းများအနေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် သီးသန့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။"ထိုသို့သော လုပ်ထုံးလုပ်နည်းများမရှိပါက ၎င်းစီမံကိန်းများအနေနှင့် သဘောတူညီမှုမပါသော ပြန်လည်နေရာချထားရေးဆိုင်ရာ အကောင်းဆုံးသော အပြည်ပြည်ဆိုင်ရာ အလေ့အထများကို ကျင့်သုံးရမည်..."ဟု အတိအလင်းဖော်ပြထားပါသည်။ ထိုသို့သော အခြေအနေတွင် အပြည်ပြည်ဆိုင်ရာ အလေ့အထကောင်းများကို ကျင့်သုံးခြင်းသည် ရွေးချယ်စရာတစ်ခုအနေနှင့် မဟုတ်ဘဲ မဖြစ်မနေပြုလုပ်ရမည့် လိုအပ်ချက်တစ်ခုဖြစ်လာမည်ဖြစ်သည်။

## လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာနေရာနှင့် လူထုအတွင်းတင်းမာမှု ဖြစ်ပွားရာနေရာများမှ မြေယာ

- **ထပ်မံဖြစ်ပေါ်လာသော ရှုပ်ထွေးမှု။** ။ ပဋိပက္ခဖြစ်ပွားရာနေရာများ၌ ရှုပ်ထွေးမှုများ ထပ်မံပေါ်ပေါက်လာပါသည်။ ပဋိပက္ခဖြစ်ပွားရာနေရာအများစုသည် နိုင်ငံ၏အခြေခံကျသော မြေပုံများအတွင်း မပါရှိဘဲ၊ သို့မဟုတ် အလိုအလျောက်ပင် VFV မြေယာများအဖြစ် သတ်မှတ်ထားပါသည်။ အချို့သော လူနည်းစုလူမျိုးစု လက်နက်ကိုင်ဒေသများတွင် မြေယာမှတ်ပုံတင်ခြင်းအတွက် ၎င်းတို့၏ကိုယ်ပိုင်စနစ်ရှိပြီး အများပိုင်အခွင့်အရေး၊ ထုံးတမ်းစဉ်လာအခွင့်အရေးနှင့် ရွှေ့ပြောင်းစိုက်ပျိုးရေးဆိုင်ရာ ဓလေ့ထုံးတမ်းများလည်း ပါဝင်ပါသည်။ ၎င်းစနစ်များအတွင်း အားနည်းချက်များအဖြစ် လာဘ်စားမှုများ၊ ပွင့်လင်းမြင်သာမှု မရှိခြင်းတို့မှာ သစ်ခုတ်ခွင့်ပြုခြင်း၊ ဓာတ်သတ္တုရှာဖွေခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းများ အပါအဝင် ဆုံးဖြတ်ချက်ချရာ၌ ၎င်းဒေသအတွင်း နေထိုင်သူများအား ဆွေးနွေးညှိနှိုင်းမှု မရှိခြင်းပင်ဖြစ်သည်။ ဆန့်ကျင်ဘက် အုပ်ချုပ်ရေးအဖွဲ့များရှိသည့်နေရာများရှိ ရပ်ရွာလူထုများတွင်မူ တစ်ခါတစ်ရံ ထိုသို့သောလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခြင်းကိုပင်၊ သို့မဟုတ် မည်သူက လုပ်ကိုင်ခွင့်ပေးသည်ကိုပင် မသိရှိလိုက်ကြပါ။ ဒေသလက်နက်ကိုင်အဖွဲ့များမှ အရာရှိများသည် ၎င်းတို့၏ ဌာနချုပ်သို့ပင် အသိမပေးဘဲ ခွင့်ပြုမိန့်ပေးနိုင်ပါသည်။ ထို့အပြင် နယ်စပ်စည်းတစ်လျှောက် စစ်ပွဲမှကျန်ရစ်သော မြေမြှုပ်မိုင်းများနှင့် အခြားပေါက်ကွဲစေသည့် အကြွင်းအကျန်များ ပြန့်နှံ့တည်ရှိနေပြီး ရပ်ရွာလူထုနှင့် အခြားမြေယာအသုံးပြုမည့်သူများအတွက် ၎င်းနေရာများကို အသုံးမပြုနိုင်ရန် ကန့်သတ်ထားသကဲ့သို့ ဖြစ်နေပါသည်။ ဤအချက်ကြောင့်ပင် အသုံးပြုခွင့်ရရှိသူများအနေနှင့် ကာလကြာမြင့်စွာပင် အသုံးမပြုနိုင်ဘဲ ဆုံးရှုံးရန်အခွင့်အလမ်းများ များပြားလာပါသည်။ အထူးသဖြင့် ဘေးကင်းလုံခြုံသော မြေယာအသုံးပြုမှုအတွက် နောင်တွင် မိုင်းရှင်းလင်းရေးစီမံကိန်းများ လုပ်ဆောင်မည်ဆိုပါက မြေယာသိမ်းယူမှုကိစ္စများ ဖြစ်လာဖွယ်ရာရှိပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အတွင်း မြေယာကိစ္စရပ်များ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြပြီး မြန်မာ့ငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) အတွင်း မြေယာစင်တာ (Land Center) ၏ အဆိုပြုချက်မှာ မူဝါဒရေးရာနှင့် နည်းပညာကိစ္စရပ်များအပေါ် (ကောင်းကင်မြေပုံ ရေးဆွဲခြင်းကဲ့သို့ - geospatial) အလေးပေးထားပါသည်။
- **ရခိုင်ပြည်နယ်အတွင်း ထပ်မံလိုအပ်သည့် သင့်လျော်သော လုပ်ငန်းများ။** ။ ရခိုင်ပြည်နယ် အတွင်းတွင် ၂၀၁၂-ခုနှစ် ဇွန်လမှစတင်ကာ လူထုအတွင်း အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၄၃,၀၀၀-ခန့် ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး အများစုမှာ မူဆလင်ဘာသာဝင် ရိုဟင်ဂျာဆိုသူများ ဖြစ်ကြပါသည်။ ထိုသို့သော လူထုအတွင်း တင်းမာမှုများရှိနေသည့် နေရာများ၌ ကုမ္ပဏီများအနေနှင့် အသုံးပြုရန်လိုအပ်မည့် မည်သည့်နေရာမဆို ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် မူရင်းဇစ်မြစ်အပေါ် သင့်လျော်သောလုပ်ငန်းများ အထူးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ပထမဦးစွာ လူထုအတွင်းအကြမ်းဖက်မှုများကြောင့် ရွှေ့ပြောင်းနေထိုင်နေသောလူများနှင့် ဆက်စပ်မှု ရှိ၊ မရှိအား လေ့လာသင့်ပါသည်။ ရွှေ့ပြောင်းနေထိုင်သူများအနေနှင့် ၎င်းတို့၏အိမ်ယာများသို့ ပြန်လည်နေထိုင်ခွင့်ရှိသဖြင့် ကုမ္ပဏီများအနေနှင့် ထပ်လောင်းပြဿနာများ မဖြစ်ပေါ်စေရန်၊ သို့မဟုတ် လူထုရွှေ့ပြောင်းမှုဖြစ်စေသည့် ကိစ္စရပ်များအား တိတ်တဆိတ် ကူညီပံ့ပိုးပေးသည့်အသွင် မရောက်ရှိစေရန်၊ သို့မဟုတ် ၎င်းကိစ္စရပ်များမှ အကျိုးကျေးဇူးရနေသည့် အသွင်မဖြစ်စေရန် အရေးကြီးပါသည်။ ကုမ္ပဏီများအနေနှင့်

ဆက်လက်ဆောင်ရွက်မည့် ဆုံးဖြတ်ချက်များ မချမီတွင် ထိုသို့သောနေရာများရှိ ကယ်ဆယ်ရေးအဖွဲ့များ၊ အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် ဒေသကျွမ်းကျင်သူများထံမှ အကြံဉာဏ်များ ရယူတောင်းခံသင့်ပါသည်။ ပဋိပက္ခကိစ္စရပ်များ ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထည့်သွင်းစဉ်းစားရန်အချက်များအား အခန်း (၆) တွင် ကြည့်ရှုပါ။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### မြေသိမ်းခြင်းမပြုမီ ဆွေးနွေးတိုင်ပင်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - အများပြည်သူဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ပါဝင်နိုင်ခွင့်။ သတင်းအချက်အလက် ရရှိပိုင်ခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ဒေသရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ်ယူခြင်းအတွက် လုံလောက်သည့်အသိပေးမှု မရှိပေ။ ထိုသူတို့၏ အသက်မွေးဝမ်းကျောင်းအပေါ် ရိုက်ခတ်နိုင်သည်။ အထူးသဖြင့် အချို့သောပိုက်လိုင်းစီမံကိန်းများနှင့် သက်ဆိုင်ရာမြေ သိမ်းမှုများအကြောင်း ပါဝင်ဆွေးနွေးခွင့် မရရှိကြပေ။ ကိစ္စအများစု တွင်ဒေသရပ်ရွာလူထုသည် -
  - ၎င်းတို့၏ မြေကိုသိမ်းယူရန် ရည်ရွယ်ချက်ရှိသည့်အကြောင်း၊ သို့မဟုတ် မြေကိုသိမ်းယူမည့် စီမံကိန်းအကြောင်း ကြိုတင်အသိပေးမှုမရရှိကြပါ။
  - စီမံကိန်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အကြောင်းကြားတိုင်ပင်မှု၊ သို့မဟုတ် အသိပေးခံရရန် အခွင့်အရေး မရရှိကြပါ။ ထိုအစား မြေယာလျော်ကြေးနှင့်ပတ်သက်၍သာ သတင်းရရှိပြီး များသောအားဖြင့် ပိုက်လိုင်းတည် ဆောက်ရေးအဖွဲ့သားများ ရောက်မလာမီ တိုတောင်းသည့် ကာလအတွင်းမှသာ ကပ်၍အသိပေးတတ်သည်။
  - စီမံကိန်းပုံစံရေးဆွဲခြင်းအဆင့်ဆင့်တွင် စီမံကိန်း၏ဖြစ်နိုင်ခြေရှိခြင်း၊ မရှိခြင်းနှင့်ပတ်သက်၍ အသိပေးခြင်းနှင့် ပါဝင် ဆွေးနွေးခွင့်တို့ မရရှိပါ။
  - သိမ်းယူမည့်မြေကွက်၊မြေယာသိမ်းယူမှုနှင့်ပတ်သက်၍ဆွေးနွေးညှိနှိုင်းခွင့်၊သို့မဟုတ်မြေယာသုံးစွဲမှုနှင့်ပတ်သက်၍ ကန့်သတ်ထားရှိသော စည်းကမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခွင့် မရရှိခဲ့ပါ။

### မြေယာသိမ်းယူခြင်းမပြုမီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ပိုင်ဆိုင်မှုများအား ဆန္ဒအလျောက်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်၊ သင့်တော် လုံလောက်သည့် လူနေမှုအဆင့်အတန်း ရရှိပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- မြေယာသိမ်းယူမှုမပြုလုပ်မီ ရွာသားများအား ကြိုတင်အသိပေးဆောင်ရွက်ခြင်းများ အားနည်းသည် (ကုမ္ပဏီအစား အစိုးရအာဏာပိုင်များက မြေယာသိမ်းဆည်းမှု၊ ရယူမှုကို ဆောင်ရွက်လေ့ရှိသည်)။ ရပ်ရွာလူထုအား ၎င်းတို့၏ မြေယာ များ သိမ်းယူခြင်းမပြုမီ ကြိုတင်အသိပေးခြင်း၊ မြေယာသိမ်းယူမှုနှင့်ပတ်သက်၍ ရပ်ရွာ၏ သဘောတူညီမှု ခွင့်ပြုမှုရယူခြင်း၊ မြေယာလျော်ကြေးကိစ္စအား ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များ အားနည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဒေသရပ်ရွာလူထု အနေဖြင့် -
  - ၎င်းတို့၏ မြေသိမ်းယူရန်ဆွေးနွေးရာတွင် မည်သည့်အစိုးရအာဏာပိုင်၊ သို့မဟုတ် ကုမ္ပဏီတို့ ပါဝင်သည်ကိုပင် အသိပေးခံရခြင်း မရှိပေ။ မည်သူ့ကိုယ်စားဆောင်ရွက်သည်၊ သို့မဟုတ် နောက်ထပ် သတင်းအချက်အလက် မည်မျှရနိုင်မည် စသည်တို့ကို အသိပေးခံရခြင်းမရှိပေ။ မြေယာကော်မတီ ပါဝင်သည့်ကိစ္စများတွင်သာ ခြွင်းချက်ရှိ ပါသည်။

- ၎င်းတို့၏ မြေဝယ်ယူမှုအခြေအနေများအား ဖော်ပြသော စာရွက်စာတမ်းများတွင် တစ်သမတ်တည်းရှိသော စာရွက်စာတမ်းများ ပေးအပ်ခံရခြင်းမရှိပေ။
- အချို့နေရာများတွင် ဒေသခံများနားမလည်သော ဘာသာစကားဖြင့် ရေးသားဖော်ပြထားသည့် စာရွက်စာတမ်းများတွင် လက်မှတ်ထိုးခိုင်းခြင်း ခံရသည်များရှိသည်။ စာရွက်စာတမ်းများကို မြန်မာစာမှ တိုင်းရင်းသားဘာသာစကားသို့ ပြန်ဆိုထားခြင်းမရှိပေ။ တစ်ခါတစ်ရံ မြန်မာဘာသာစကားဖြင့်ပင် ရေးသားထားသည်ကို မတွေ့ရပေ။ (ဥပမာ - နိုင်ငံခြားဘာသာများ)။ (အချို့စာချုပ်များတွင်မူ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်ရေးသားကြသည်။)
- တစ်ခါတစ်ရံ စာရွက်စာတမ်းတွင် လက်မှတ်ထိုးခြင်းဖြင့် စီမံကိန်းကို မကန့်ကွက်ရန်၊ တားဆီးနှောင့်ယှက်မှုမပြုရန် သဘောတူပြီး ဖြစ်သည်ဟုလည်း ထည့်သွင်းဖော်ပြကြသည်။
- အချို့ မြန်မာဘာသာစကားသို့ ပြန်ဆိုထားသော စာရွက်စာတမ်းများသည် သဘောတူညီမှုစာရွက်စာတမ်းမှ ဖော်ပြချက်အတိုင်းမဟုတ်သည်ကိုတွေ့ရသည်။ တူညီသည့်သဘောအယူကို ထင်ဟပ်မှုမရှိသော စာရွက်စာတမ်း ဖြစ်နေသည်။ ဥပမာ - ရွာတစ်ရွာတွင် သဘောတူညီမှု စာရွက်စာတမ်း၏အင်္ဂလိပ်မူတွင် "လျော်ကြေး" ဟူသော အသုံးအနှုန်းကို မြန်မာမူ၌ "ကရုဏာကြေး"ဟု ရည်ညွှန်းထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် "ရပိုင်ခွင့်အဖြစ်ပေးရန်ရှိသည့်လျော်ကြေး"ဟူသော ဆိုလိုရင်းအဓိပ္ပာယ် အားပျော့လျော့နည်းသွားစေသည်။
- လျော်ကြေးအားလက်ခံရရှိရန် စိတ်ရှုပ်ထွေးဖွယ်ကောင်းသော၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အပိုလုပ်ငန်းအဆင့်များပြုလုပ်ခဲ့ရသည်လည်း ရှိသည်။ ဥပမာ-လျော်ကြေးကိုတောင်းယူရန် အုပ်ချုပ်ရေးရုံးစိုက်ရာမြို့သို့ သွားရသည်။ တိုက်ရိုက်အပေးခံရခြင်း မဟုတ်ဘဲ ဒေသဆိုင်ရာ အာဏာပိုင်များထံမှတစ်ဆင့် ပေးချေငွေကိုထုတ်ယူရသည်။ တစ်ခါတစ်ရံ လျော်ကြေးငွေပေးချေမှုရရှိရန် ဒေသဆိုင်ရာအာဏာပိုင်များကို လာဘ်ထိုးရခြင်းမျိုးလည်း ရှိတတ်သည်။

■ ရွာအများစုတွင် ရွာသားများသည် ပုံစံ (၇) ကို အခြေခံ၍ လျော်ကြေးရရှိသည်။ (ယခင် ပုံစံ- ၁၀၅၊ မြေယာ၊ သို့မ ဟုတ် ပိုင်ဆိုင်မှုအပေါ် အခွန်ဆောင်ထားသည်ကိုပြသည့် အခွန်ပုံစံ) သို့မဟုတ် အခြားစာရွက်စာတမ်း၊ အိမ်နီးနားချင်း၏ ထောက်ခံချက်(အစစ်ခံချက်)ဖြင့်လည်း ဖြစ်နိုင်သည်။ တသမတ်တည်းကျသော၊ အလွယ်တကူ ရယူသုံးစွဲနိုင်သည့် မြေယာမှတ်ပုံတင်မှု မရှိခြင်းကိုကြည့်လျှင် ပိုင်ဆိုင်မှုကိုသက်သေပြရန် အခြားသော စာရွက်စာတမ်းပုံစံ တင်ပြနိုင်မှုသည် မြေယာပိုင်ရှင်အတွက် အရေးပါသည့် ကာကွယ်မှုဖြစ်ပါသည်။ သို့ရာတွင် ယင်းနည်းလမ်းသည် အစဉ်အလာအရ ပိုင်ဆိုင်သူများ၏ အခွင့်အရေးကိုကျော်လွှားသွားရန် အသုံးပြုနိုင်သောကြောင့် ကြီးမားသည့်ပြဿနာလည်း ဖြစ်လာနိုင်ဖွယ်လည်းရှိသည်။ အကျိုးရလဒ်အနေဖြင့် အစဉ်အလာအရ မြေယာပိုင်ဆိုင်မှု အပါ အဝင် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များအတွက် စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏လုပ်ငန်းလည်ပတ်မှုကြောင့် လူမှု၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း၊ ထိခိုက်နိုင်သည့် အကြောင်းအခြင်းအရာများကို ကြိုတင်ကာကွယ်တားစီးရန် အစီအမံများ ဆောင်ရွက်ခြင်းအစရှိသည့် သင့်မြတ်လျော်ကန်အောင် ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ပြီး မကြာခဏ ရွာသားများ၊ ဒေသအာဏာပိုင်များနှင့် တိုက်ရိုက်ဆွေးနွေးရန်လည်း လိုအပ်သည်။

## မြေယာရယူမှု၊ အသုံးပြုမှုအတွက် လျော်ကြေးပေးဆောင်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ပိုင်ဆိုင်မှုပစ္စည်းများအား လက်လွတ်စပယ်သိမ်းယူမှုမှ ကင်းလွတ်ခွင့်။ လူတိုင်းလုံလောက်သော လူနေမှုအဆင့်အတန်းရပိုင်ခွင့်၊ ထိရောက်သည့်ကုစားမှုရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

လူမှုအသိုင်းအဝိုင်းများမှ မကြာခဏဆိုသလို မြေယာ၊ နေအိမ်၊ သီးနှံတို့အတွက် လုံလောက်သည့် လျော်ကြေးမရရှိခြင်းကို မကျေမနပ်တိုင်တန်းပြောဆိုကြသည်။ အထူးသဖြင့် -

- မြေနှင့်သီးနှံတို့အတွက်ပေးချေသည့်နှုန်းထားနှင့်ပတ်သက်၍ပွင့်လင်းမြင်သာမှုနှင့် မှတ်တမ်းမှတ်ရာ အားနည်းခြင်း။ အဓိကအားဖြင့် မြေနှင့်သီးနှံအတွက် ဈေးကွက်ပေါက်ဈေးအတိုင်းပေးလျော်ပုံရပြီး ယင်းမှာသင့်တော်သည့်စံနှုန်းလည်းဖြစ်ပါသည်။ ဒေသအလိုက် ၎င်းဒေသ၏ မြေယာဈေးကွက်ပေါက်ဈေးအပေါ် မူတည်ပြီးတွက်ချက်သောကြောင့်စီမံကိန်းဆောင်ရွက်နေသောပြည်တွင်းရှိ အခြားသောနေရာများ၏ ပေါက်ဈေးနှင့်နှိုင်းယှဉ်ကြည့်လျှင်မူရလဒ်များကွဲပြားခြားနားမှုများ ရှိနိုင်သည်။ အချို့ ကိစ္စများ တွက်မူ မြေယာလျော်ကြေး နှုန်းထားများ၊ လျော်ကြေးညှိနှိုင်းမှုများနှင့် ပတ်သက်သော မှတ်တမ်းများမှာပွင့်လင်းမြင်သာမှုအနည်းငယ်သာရှိခြင်း သို့မဟုတ် လုံးဝမရှိခြင်းတို့ကို တွေ့ရသည်။ နှုန်းထားများကွဲပြားမှုရှိပြီး တွက်ချက်ပုံနည်းစနစ်များမှာ ပွင့်လင်းမြင်သာမှုမရှိသောကြောင့် အချို့ နယ်မြေများရှိ ရွာသားများအနေဖြင့် အခြားနယ်မြေများတွင် မြေယာလျော်ကြေးအတွက် ၎င်းတို့ထက် ပိုမိုရရှိကြောင်း ကြားသိရသောအခါ မကျေနပ်မှုများဖြစ်ကြသည်ကို တွေ့ရသည်။
- အချို့သောဒေသများတွင် ငွေပေးချေမှုကို အကြောင်းအရာအလိုက် ခွဲခြားပေးချေမှုမရှိဘဲ တစ်ပေါင်းတည်းပေးချေမှုများရှိသည်။ ထို့ကြောင့် လျော်ကြေးရရှိသူဒေသခံများအနေဖြင့် သင့်တော်သည့်နှုန်းထားဖြင့် လက်ခံရရှိမှု ရှိ၊ မရှိကို ကိုယ်တိုင်စစ်ဆေး အတည်ပြုရန် ခက်ခဲပါသည်။
- တည်နေရာနှင့် ကုမ္ပဏီအပေါ် မူတည်၍ လျော်ကြေးပေးသည့်ပုံစံ ကွဲပြားမှုလည်းရှိသည်။ အချို့ကိစ္စများတွင် အမြဲတမ်းနေထိုင်လုပ်ကိုင်သည့်မြေအတွက် လျော်ကြေးပေးသလို မြေကွက်အတွင်း သီးနှံရှိလျှင် ငါးနှစ်စာသီးနှံအတွက် လျော်ကြေးပေးသည်။ အချို့ကိစ္စများတွင် အမြဲတမ်းလုပ်ကိုင်သည့် မြေအတွက်ပင် လယ်သမားများသည် မြေအတွက်လျော်ကြေးနှင့် သုံးနှစ်စာသီးနှံလျော်ကြေးသာ ရရှိသည်ဟု SWIA သုတေသီများမှသိရှိရသည်။ ယာယီလုပ်ကိုင်သည့် မြေအတွက် မြေတန်ဖိုး၏ (၉၀) ရာခိုင်နှုန်းနှင့် သုံးနှစ်စာသီးနှံလျော်ကြေးပေးသည့် ကုမ္ပဏီရှိသကဲ့သို့ အချို့တွင် မြေအတွက် လျော်ကြေးမပေးရသေးသည့် ကုမ္ပဏီလည်းရှိသည်။ ဒေသအများစုတွင် သီးနှံအတွက်လျော်ကြေးပေးသည်။ ဥပမာအားဖြင့် မြေပျက်စီးသည့်အခါ ကုမ္ပဏီတစ်ခုက ပထမနှစ်အတွက် တစ်နှစ်စာသီးနှံအတွက် လျော်ကြေးပေးချိန်တွင် ၎င်းဒေသအတွင်းရှိ အခြားကုမ္ပဏီတစ်ခုမှ ပထမတစ်နှစ်စာအတွက် လျော်ကြေးအားတစ်နှစ်ခွဲစာအတွက် (၁၅၀) ရာခိုင်နှုန်း ဖြင့်ပေးချေခဲ့သည်။
- အရင်းအမြစ်သုံးစွဲစရာနယ်မြေသို့ ဆက်သွယ်ရေးလမ်းကြောင်း ပေါက်ရောက်မှုဆုံးရှုံးခြင်း၊ အစဉ်အဆက် သုံးစွဲခဲ့ရာနယ်မြေနှင့် အများနှင့်ဆိုင်ရာနယ်မြေများအတွက် လျော်ကြေးပေးမှု ဖြစ်နိုင်ခြေနည်းပါးသည်။ ဒေသခံများ၏အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုသော၊ စီးပွားရေးအတွက် အသုံးပြုသော မြေယာများမှပြောင်းရွှေ့ခံရခြင်း (economic displacement) အတွက် တောင်းဆိုမှုများ ပြုလုပ်သော်လည်း များသောအားဖြင့် ငြင်းပယ်ခံရသည် (လုပ်ငန်းအရင်းအနှီးဆုံးရှုံးခြင်း၊ ဝင်ငွေရလမ်းရင်းမြစ်များ၊ သို့မဟုတ် အသက်မွေးမှုနည်းလမ်းများ ရယူသုံးစွဲနိုင်မှု ဆုံးရှုံးခြင်း)။
- အချို့မှာ ၎င်းတို့မြေယာအပေါ် လျော်ကြေးငွေရရှိရေး သင့်လျော်သည့် စာရွက်စာတမ်းများဖြင့် တင်ပြတောင်းဆိုသည့်တိုင်မည်သည့်လျော်ကြေးငွေမှ ရရှိခြင်းမရှိဘဲ အချို့သူများမှာမူ ၎င်းတို့ရရှိသော လျော်ကြေးငွေအနည်းအများအပေါ် မကျေနပ်၍ တိုင်တန်းချက်များ ရှိခဲ့ပါသည် (တစ်ခါတစ်ရံတွင် အခြားနေရာများ၌ ရရှိနေသည့် လျော်ကြေးငွေပမာဏ၏ သတင်းအချက်အလက်များအပေါ် အခြေခံ၍ နှိုင်းယှဉ်ပါသည်)။ အစိုးရတာဝန်ရှိသူများမှ မြေယာလျော်ကြေးအတွက် ဒေသခံများအားပေးချေသောငွေအား ဖြတ်တောက်မှုပြုလုပ်ခြင်း၊ ငွေကြေးတောင်းခံခြင်းများကြောင့် တိုင်တန်းခံရမှုများလည်းရှိသည်။

- အချို့ကိစ္စရပ်များတွင် ရွာသားများမှ လက်ခံရရှိသော လျော်ကြေးနှင့်ပတ်သက်၍ ကျေနပ်မှုရှိကြပါသည်။
- ပိုက်လိုင်းကြောင်းတစ်ခုတွင် ယင်းပိုက်လိုင်းတစ်လျှောက် မြေယာကော်မတီသတ်မှတ်ထားရှိပြီး၊ အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ အစိုးရဌာနများ၊ MOGE နှင့် ကုမ္ပဏီက ရွေးချယ်ပေးသော လူများဖြင့် ဖွဲ့စည်းထားသည်။ မြေယာရယူခြင်းနှင့်ပတ်သက်၍ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့်သဘောဆောင်ပြီး ရွာသားများအနေဖြင့်လည်း စုံစမ်းမေးမြန်းလိုပါက တစ်နေရာတည်းသို့သာ သွားရောက်စုံစမ်းမေးမြန်းနိုင်သည့် နည်းလမ်းလည်းဖြစ်သည်။
- ယေဘုယျအားဖြင့် အမျိုးသမီး၊ သို့မဟုတ် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအတွက် လျော်ကြေးငွေ လက်ခံရရှိနိုင်ရန်အတွက် တရားဥပဒေဆိုင်ရာ အတားအဆီးမရှိပါ။ သို့ရာတွင် အိမ်ထောင်စုများသည် အိမ်ထောင်ဦးစီး၏ အမည်ဖြင့်သာ မှတ်ပုံတင်ကြပြီး အများအားဖြင့် အမျိုးသားများသာဖြစ်သောကြောင့် လျော်ကြေးအား မိသားစုတွင် ခင်ပွန်းဖြစ်သူမှသာ လက်ခံရယူလေ့ရှိသည်။ သို့သော် မုဆိုးမများကဲ့သို့ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများတွင်လည်း အမျိုးသားဦးဆောင်သော အိမ်ထောင်စုများနည်းတူ လျော်ကြေးငွေ လက်ခံရရှိကြပါသည်။
- စီမံကိန်းနယ်မြေအတွင်း သက်ရောက်မှုခံရသူများအတွက် အခြားသောအသက်မွေးမှုဆိုင်ရာ နည်းလမ်းဖန်တီးပေးမှုများ၊ သို့မဟုတ် သင့်လျော်သည့် လျော်ကြေးပေးမှုပုံစံ စီစဉ်ရေးဆွဲခြင်း ကိစ္စရပ်များအား ထည့်သွင်းစဉ်းစားပေးမှု နည်းပါးပါသည်။
- မြေယာအခြေပြု အသက်မွေးသူများအတွက် အခြားသောမြေနေရာ အစားထိုးပေးခြင်းရှိသည်ဟု မကြားရပေ။ ထို့ကြောင့် အကျိုးဆက်အနေဖြင့် အနီးပတ်ဝန်းကျင်တွင် မြေနေရာအစားပြန်လည်မရရှိနိုင်သော ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအပေါ် ကြီးမားသည့်သက်ရောက်မှုများ ရှိသည်။
- မြေယာလျော်ကြေးအတွက် ပေးချေမှုအားငွေသားဖြင့်သာ ပြုလုပ်သည်။ ကျေးလက်ဒေသများစွာတွင် ငွေသားများလုံခြုံစွာ ထိန်းသိမ်းထားရန်အတွက် ဘဏ်များနှင့်ပတ်သက်သော အသိပညာ၊ ဝန်ဆောင်မှုများအကြောင်း သိရှိမှု အလွန်နည်းပါးသည်။ ထို့အတူ ငွေကြေးအား စနစ်တကျစီမံခန့်ခွဲရန်လည်း ကျွမ်းကျင်မှုမရှိပါ။ အချို့သူများသည် လျော်ကြေးငွေကို လျင်မြန်စွာသုံးစွဲပစ်ကြပြီး အသက်မွေးမှု၊ သို့မဟုတ် အရင်းအနှီးပြုလုပ်ရန်အတွက်မရှိဘဲ ဖြစ်ကျန်နေတတ်ပြီး အလုပ်သမားအဖြစ် အသက်မွေးရပ်တည်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများလည်းမရှိဘဲ ဖြစ်နေတတ်သည်။
- အချို့ကုမ္ပဏီများနှင့် ဒေသခံတာဝန်ရှိသူများသည် ငွေကြေးပေးချေမှုလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုတိုးမြှင့်ရန် သက်ဆိုင်ရာအုပ်စုများ၏ ရှေ့မှောက်၊ အများပြည်သူ၏ရှေ့၌ ငွေပေးချေမှုကိုပြုလုပ်ကြသည်၊ သို့မဟုတ် ဘဏ်ငွေစာရင်းများအတွင်းသို့ တိုက်ရိုက်ပေးသွင်းနိုင်ရန် ကြိုးပမ်းနေကြသည်။

## ဆန္ဒအလျောက်မဟုတ်သော ပြန်လည်နေရာချထားမှု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - အိုးအိမ်ပိုင်ဆိုင်ခွင့်။ သင့်တော်လုံလောက်သည့် လူနေမှုအဆင့်အတန်းရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- SWIA ကွင်းဆင်းလေ့လာရေးအဖွဲ့အနေဖြင့် သုတေသနပြုလုပ်ရာတွင် စီမံကိန်းနှင့် တိုက်ရိုက်ဆက်နွှယ်သော လူအများစုအား အစုလိုက်အပြုံလိုက် ပြန်လည်နေရာချထားခြင်းမျိုး မတွေ့ရှိခဲ့ရပါ။ (အခြားနေရာဒေသများအတွက် သိရှိနိုင်ရန် အထက်တွင်ရေးသားထားသော "ပတ်သက်ဆက်နွှယ်နေသည့် နိုင်ငံရေးရာအခြေအနေ"ကို ဖတ်ရှုပါ။)
- ကွင်းဆင်းလေ့လာသောနေရာများတွင် မိသားစုတစ်စု၊ နှစ်စု စသဖြင့် အနည်းငယ်သာ တွေ့ရှိခဲ့ရပါသည်။ သို့သော် ၎င်းမိသားစုအား နေရာသစ်တွင် ပြန်လည်အခြေကျရန် အကူအညီပေးခြင်းမျိုး မရှိပေ။ ငွေသားလျော်ကြေး ပေးသော်လည်း ၎င်းရွှေ့ပြောင်းမိသားစုများမှသာ ၎င်းတို့၏အစီအစဉ်ဖြင့် နေရာအသစ်ရှာဖွေခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် နေအိမ်အသစ် တည်ဆောက်ခြင်းတို့ကို ပြုလုပ်ကြရသည်။

## မြေယာနှင့်ပတ်သက်သော ထိခိုက်နစ်နာမှုများအတွက် ကုစားမှုနည်းလမ်းများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ထိရောက်သော ကုစားမှုနည်းလမ်းများ ရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရွာသားအများစုသည် မြေယာသိမ်းယူမှု၊ သို့မဟုတ် မြေယာလျော်ကြေးနှင့်ပတ်သက်၍ မကျေနပ်မှုကို ထုတ်ဖော်ပြောဆိုရန် စိုးရိမ်ကြကြောင်း ဖော်ထုတ်ပြောဆိုမှုများရှိသည်။ ကြောက်ရွံ့မှုပင်ရှိပြီး မကျေနပ်မှုအား တိုင်တန်းပြောဆိုလျှင် ခြိမ်းခြောက်ခံရမည်ကို စိုးရိမ်သူများလည်း ရှိသည်။
- အဆင့်ဆင့်အုပ်ချုပ်သော စနစ်(bureaucracy)အတွင်း အဆင့်များစွာရှိပြီး ရုံးဌာနတစ်ခုမှတစ်ခုသို့၊ သို့မဟုတ် အာဏာပိုင်တစ်ယောက်မှ အခြားတစ်ယောက်သို့ လက်ဆင့်ကမ်းရာတွင် နှောင့်နှေးကြန့်ကြာနေပြီး သိသိသာသာကာ ဆီးထားသဖြင့် တိုင်တန်းမှုများသည် အချည်းနှီးသာဖြစ်သည်ဟု ဆိုသည်။ မြေယာသိမ်းယူခြင်း၊ သို့မဟုတ် လျော်ကြေးပေးချေမှုနှင့်ပတ်သက်၍ တိုင်တန်းခြင်းကြောင့် ဆုံးဖြတ်ချက်ပြောင်းလဲနိုင်ခဲ့သည်ဟူသောကိစ္စမျိုး SWIA သုတေသီများမှ မကြားသိခဲ့ရပါ။ သို့ရာတွင် အမှုကိစ္စတစ်ခုတွင် မြေယာလျော်ကြေးငွေအား လက်ဝယ်သိမ်းယူထားမှုဖြင့် ဒေသခံတာဝန်ရှိသူတစ်ဦးမှ တရားစွဲဆိုခံရပြီး အလုပ်မှ အနားပေးခံခဲ့ရသည်ဟု သိရှိရပါသည်။
- ကုမ္ပဏီအချို့မှ ရပ်ရွာများနှင့် ဆက်သွယ်ပူးပေါင်း၍ ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရေးနည်းလမ်းများ (grievance mechanism) အား ကိုယ်တိုင်ပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းအား ပိုမိုလွယ်ကူစေရန်နှင့် ဒေသမှလွယ်ကူစွာပိုမိုအသုံးပြုနိုင်ရန် စီစဉ်မှုများပြုလုပ်ခဲ့သည်။
- ရွာသားများသည် များသောအားဖြင့် ၎င်းတို့၏တိုင်တန်းမှုများပြုလုပ်ရန် MOGE သို့ ညွှန်းဆိုခံရသော်လည်း၊ အလုည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်ကြပြီး ရပ်ရွာလူထုမှ တိုင်တန်းမှုများအား ဖြေရှင်းရန်ကျွမ်းကျင်မှု၊ ကိုင်တွယ်ဖြေရှင်းနည်းဆိုင်ရာ သင်တန်းများ မရရှိထားကြပါ။
- ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းနှင့်ပတ်သက်သော မြေယာသိမ်းဆည်းမှုကြောင့်ဒေသခံများမှ ဒေသတွင်းဆန္ဒပြမှုများရှိခဲ့ပြီး အဖြစ်အပျက်တစ်ခုတွင် ဆန္ဒပြကန့်ကွက်သူများ ထောင်ဒဏ်ကျခံခဲ့ရသည်။

**မြန်မာနိုင်ငံမှ ကောင်းမွန်သောအလေ့အထကောင်းများ ဥပမာ**

- ပိုက်လိုင်းကြောင်းတစ်ခုတွင် ယင်းပိုက်လိုင်းတစ်လျှောက် မြေယာကော်မတီ သတ်မှတ်ထားရှိပြီး၊ အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ အစိုးရဌာနများ၊ MOGE နှင့် ကုမ္ပဏီကရွေးချယ်ပေးသော လူများဖြင့် ဖွဲ့စည်းထားသည်။ မြေယာရယူခြင်းနှင့်ပတ်သက်၍ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် သဘောဆောင်ပြီး ရွာသားများအနေဖြင့်လည်း စုံစမ်းမေးမြန်းလိုပါက တစ်နေရာတည်းသို့သာ သွားရောက်စုံစမ်းမေးမြန်းနိုင်သည့် နည်းလမ်းလည်းဖြစ်သည်။
- အချို့ကုမ္ပဏီများနှင့် ဒေသခံတာဝန်ရှိသူများသည် ငွေကြေးပေးချေမှုလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်ရန် သက်ဆိုင်ရာအုပ်စုများ၏ ရှေ့မှောက်၊ အများပြည်သူ၏ရှေ့၌ ငွေပေးချေမှုကို ပြုလုပ်ကြသည်၊ သို့မဟုတ် ဘဏ်ငွေစာရင်းများအတွင်းသို့ တိုက်ရိုက်ပေးသွင်းနိုင်ရန် ကြိုးပမ်းနေကြသည်။
- "ကျေးရွာအခွင့်အရေးကော်မတီ" (Village Rights Committee – VRC) ပုံစံသည် တိုင်ကြားမှုများအား ဖြေရှင်းပေးရာ၌ ပထမခြေလှမ်းအဖြစ် လူထုပါဝင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ထိခိုက်ခံရသူများအတွက် တရားမျှတမှုပြန်လည် ရရှိစေရန် အကူအညီပေးမည်ဖြစ်ပါသည်။ အကယ်၍ ရပ်ရွာလူထုအနေနှင့် ပဋိပက္ခများ ပြေလည်စေရေးအတွက် စီမံခန့်ခွဲခြင်း မပြုလုပ်ပါက "ဥပဒေရေးရာ ကုစားရေး" (Legal Clinics) (ကျွမ်းကျင်သူ ရှေ့နေ၏ အကူအညီကိုယူပြီး ထိုသူမှ ရပ်ရွာလူထုအတွင်း ကြားခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခြင်း) အလေ့အထသည် အလွန်အောင်မြင်နိုင်ပါသည်။

စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# အလုပ်သမား



# အပိုင်း - ၄.၄

# အလုပ်သမား

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

အလုပ်သမားကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအတွင်း တာဝန်ယူရမည့် စိန်ခေါ်မှုအမြောက်အများရှိနေပါသည်။ အနှစ်(၅၀)ကာလအတွင်း လွတ်လပ်သော အလုပ်သမားသမဂ္ဂများနှင့် အလုပ်ရှင် အဖွဲ့အစည်းများဖွဲ့စည်းခြင်းကို တားမြစ်ပိတ်ပင်ခဲ့ပြီး အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဥပဒေများသည် ခေတ်ဟောင်းနေခြင်းနှင့်၊ သို့မဟုတ် အကန့်အသတ်များရှိနေခြင်း၊ စစ်တပ်နှင့်အရပ်ဘက်အုပ်ချုပ်သူများမှ အရပ်သားများအား အဓမ္မစေခိုင်းခြင်းများမှာ အစဉ်အလာကဲ့သို့ ဖြစ်ခဲ့ခြင်းနှင့် ကလေးလုပ်သားကိစ္စရပ်မှာ ယခုအချိန်ထိ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သော ပြဿနာများပင်ဖြစ်သည်။ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်-၃၄၈ အရ ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် မည်သည့်နိုင်ငံသားကိုမဆို ၎င်းတို့၏ လူမျိုး၊ မွေးရပ်၊ ကိုးကွယ်မှုဘာသာ၊ တရားဝင်အလုပ်အကိုင်၊ အဆင့်အတန်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လိင်၊ ကြွယ်ဝမှုတို့နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခြင်းမပြုရန် အကာအကွယ်ပေးထားပါသည်။ သို့သော် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် စံနှုန်းများဖြစ်သော အသားအရောင်၊ ဘာသာစကား၊ နိုင်ငံရေး၊ သို့မဟုတ် အခြားသော ထင်မြင်ယူဆချက်များနှင့် မိခင်နိုင်ငံတို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုး မပြုလုပ်ရန်ကိုမူ အခြေခံဥပဒေအရ အကာအကွယ်မပေးထားသည့်အတွက် ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်၍ အကာအကွယ်ပေးမှုတွင် ကွာဟချက်ကြီးများ ရှိနေပါသည်။

ခန့်မှန်းအားဖြင့် ၇၀-ရာခိုင်နှုန်းသော လူဦးရေသည် စိုက်ပျိုးရေး၊ သို့မဟုတ် ဆက်စပ်လုပ်ငန်းများ၌ လုပ်ကိုင်နေကြပြီး ၂၃-ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုကဏ္ဍအတွင်း၊ ၇-ရာခိုင်နှုန်းမှာ စက်မှုလုပ်ငန်းကဏ္ဍများအတွင်း အသီးသီးလုပ်ကိုင်လျက် ရှိနေပါသည်။ မြန်မာနိုင်ငံရှိ အလုပ်လက်မဲ့ဖြစ်မှုနှုန်းမှာ ၂၀၁၀-ခုနှစ်တွင် ၃၇-ရာခိုင်နှုန်းဖြစ်ပြီး ၎င်းကိန်းဂဏန်းမှာ ကျေးလက်တွင်နေထိုင်သူ/ မြို့ပြတွင်နေထိုင်သူ၊ ဆင်းရဲသူ/မဆင်းရဲသူ၊ ကျား/မ အားလုံးအပေါ် သက်ရောက်နေကာ အထူးသဖြင့် လူငယ်များပါဝင်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် အလုပ်သမားနှင့်ပတ်သက်၍ ယုံကြည်စိတ်ချရသော စာရင်းအင်းနှင့် အခြားတိကျခိုင်မာသည့် အချက်အလက်များမရှိပါ။ အလုပ်သမား၊ အလုပ်ခန့်အပ်ရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (Ministry of Labour, Employment and Social Security) မှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ ပံ့ပိုးမှုဖြင့် အမျိုးသားအဆင့် အလုပ်သမားထုဆိုင်ရာ ပြီးပြည့်စုံသောစစ်တမ်းတစ်ခုကို ၂၀၁၄-ခုနှစ် တတိယလပတ်အတွင်း ကောက်ယူမည်ဖြစ်သည်။

### လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုပေါင်းအရေးဆိုခွင့်

အလုပ်သမားများ၊ အလုပ်ရှင်များ၏ အခွင့်အရေးများနှင့် လုပ်ငန်းတာဝန်များအပေါ် အကာအကွယ်ပေးနိုင်ရန်အတွက် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အဓိကကျသည့် အလုပ်သမားဥပဒေအသစ်များသည် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အပေါ် အကာအကွယ်ပေးရာတွင် ကွာဟချက်များရှိနေသေးသော်လည်း နှစ်(၅၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် လွတ်လပ်သော အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ကို ခွင့်ပြုပေးခဲ့ပါသည်။ ၂၀၁၁-ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်းကို ခွင့်ပြုပြီး ၂၀၁၂-ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ အငြင်းပွားမှုများအားဖြေရှင်းနိုင်မည့် အဖွဲ့အစည်းများနှင့် ယန္တရားများအတွက် ခွင့်ပြုပေးပါသည်။ ထိုအချိန်မှစ၍ မှတ်ပုံတင်လာကြရာ ရာနှင့်ချီသော အလုပ်သမားသမဂ္ဂများ ပေါ်ပေါက်လာပြီး အများစုမှာ လုပ်ငန်းအဆင့် (Enterprise Level) ၌ ဖြစ်ကြသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ယခုအချိန်သည် တိုင်းပြည်အတွက်လိုအပ်လျက်ရှိသော အလုပ်သမားသမဂ္ဂများ၊ အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးများ ဆောင်ရွက်ရန်အတွက် အခွင့်အခါကောင်းတစ်ရပ်ဖြစ်သည်။ သို့သော် လက်ရှိဥပဒေအရ သမဂ္ဂများအနေဖြင့် မိမိတို့လုပ်ကိုင်နေသော လုပ်ငန်းအဆင့် (Enterprise Level) ထက်ကျော်လွန်၍ သမဂ္ဂများဖွဲ့စည်းရန် ခက်ခဲလျက်ရှိပါသည်။ သမဂ္ဂကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိနားလည်မှု မရှိခြင်းကြောင့်လည်းကောင်း၊ အချို့ကိစ္စရပ်များတွင် ခိုင်မာစွာ အမြစ်တွယ်နေသည့် အတွေးအခေါ်အပြုအမူများကြောင့် လည်းကောင်း၊ လူ့အခွင့်အရေးကိုအခြေခံသော အလုပ်သမားသမဂ္ဂများ၊ အလုပ်ရှင်အလုပ်သမား ဆွေးနွေးညှိနှိုင်းမှုများသည် (မူဘောင်များအရအခွင့်အလမ်းသစ်များကို အခြေခံသော အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးများသည်) ပဋိပက္ခပုံစံအသွင်သို့ ရောက်ရှိသွားစေနိုင်သည်။ ထိုကဲ့သို့သော ပဋိပက္ခများ ဖြစ်လာနိုင်ခြေသည် လူသိများသည့် ငြင်းခုံမှုကိစ္စရပ်များကိုအခြေခံသော နားလည်မှုအမြင်များနှင့် ဥပဒေ၏ အားနည်းချက်များကြောင့် လက်တွေ့တွင် အလုပ်ရှင်များအနေဖြင့် ဥပဒေအသစ်အရ ၎င်းတို့၏ အခွင့်အလမ်းများကို လက်တွေ့ကျင့်သုံးရန် ရှာဖွေနေသော အလုပ်သမားများအပေါ် ခွဲခြားဆက်ဆံမှုများ ရှိလာနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)မှ အလုပ်သမားအငြင်းပွားမှု ခုံသမာဓိ၏ ခိုင်မာသောဆုံးဖြတ်ချက်များ အားကောင်းစေရန်နှင့် ပါတီများအတွင်း အပေးအယူမျှတသော စေ့စပ်ညှိနှိုင်းမှုများအပေါ် တာဝန်ရှိခြင်းဟူသော အချက်များအပါအဝင် လွတ်လပ်စွာ အသင်းအဖွဲ့များဖွဲ့စည်းခွင့် ဥပဒေအသစ်အား ပိုမိုကောင်းမွန်စေရန် အကြံပြုချက်များ ပြုလုပ်ခဲ့ပါသည်။

## အဓမ္မစေခိုင်းမှု

၁၉၉၅-ခုနှစ်တွင် အဓမ္မစေခိုင်းမှုမပြုလုပ်ရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)၏ ကွန်ဗင်းရှင်းအမှတ်-၂၉ အား အစိုးရမှ လက်မှတ်ရေးထိုးခဲ့သော်လည်း တပ်မတော် (မြန်မာ့စစ်တပ်) နှင့် အရပ်ဘက်အုပ်ချုပ်ရေးများမှ ဆယ်စုနှစ်များစွာအတွင်း အရပ်သားများအား အဓမ္မစေခိုင်းမှုမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေခြင်းနှင့် ပုံစံတကျ အသုံးပြုခြင်းများမှာ အဓိကစိုးရိမ်ဖွယ်ရာတစ်ရပ်ဖြစ်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ၊ သို့မဟုတ် ပြည်တွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း နေရာများအတွက် လုံခြုံရေးနှင့် ဆက်စပ်၍ များစွာသော အခြေခံအဆောက်အအုံစီမံကိန်းများအတွင်း အဓမ္မစေခိုင်းမှု ကိစ္စရပ်များအပေါ် တိုင်တန်းချက်များ ရှိခဲ့ပါသည်။ ၂၀၁၁-ခုနှစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ချိန်မှစ၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) အပါအဝင် စောင့်ကြည့်သူများမှ လျော့ပါးသွားသည့် အဓမ္မစေခိုင်းမှုများအပေါ် ကြိုဆိုခဲ့ကြသော်လည်း အချို့နေရာများတွင် ဆက်လက်ဖြစ်ပေါ်နေဆဲပင် ဖြစ်သည်။ ၂၀၁၅-ခုနှစ်တွင် အဓမ္မစေခိုင်းမှုများ ပပျောက်စေရမည်ဟု သမ္မတဦးသိန်းစိန်မှ ကတိကဝတ် ပြုခဲ့ပါသည်။

ယခုအခါ ကုမ္ပဏီများအနေဖြင့် လမ်းဖောက်ခြင်းကဲ့သို့သော စီမံချက်များတွင် အဓမ္မစေခိုင်းမှုများနှင့်ပတ်သက်၍ အန္တရာယ်နည်းပါးလာပြီ ဖြစ်သော်လည်း အဆိုပါကိစ္စရပ်သည် ဆယ်စုနှစ်များစွာ ကျင့်သုံးလာသည့် အလေ့အထဖြစ်နေခြင်း၊ ဒေသအုပ်ချုပ်ရေးနှင့် အခြားသောအာဏာရှိသူများမှ ယခုအချိန်ထိ တစ်ခါတစ်ရံ ကျင့်သုံးနေခြင်းများ ရှိနေဆဲဖြစ်သောကြောင့် စောင့်ကြည့်ရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) မှ မှတ်ချက်ပြုသည်မှာ ပုဂ္ဂလိကကဏ္ဍအတွင်း အဓမ္မစေခိုင်းမှုကိစ္စရပ်ဆိုင်ရာ တိုင်တန်းမှုများ အလွန်နည်းပါးကြောင်းနှင့် ဖြစ်နိုင်သည်မှာ မြန်မာနိုင်ငံရှိ အဓမ္မစေခိုင်းမှုသည် ယေဘုယျအားဖြင့် အစိုးရနှင့်သာ ဆက်စပ်နေသည်ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း အတိတ်ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံချက်များနှင့် စပ်လျဉ်း၍ အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားမှု အမြောက်အများရှိခဲ့ပြီး များမကြာမီက ကိစ္စရပ်များမှာ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း (Shwe Gas Pipeline) ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း လမ်းဖောက်လုပ်ခြင်းကိစ္စတစ်ခုနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပိုက်လိုင်းတည်ဆောက်မှုဆိုင်ရာ ကိစ္စတစ်ခုအတွင်း အဓမ္မစေခိုင်းမှုများရှိခဲ့ကြောင်း ၂၀၁၁-ခုနှစ် စက်တင်ဘာလတွင် အစိုးရမဟုတ်သော မြန်မာ့အဖွဲ့အစည်းတစ်ခုမှ အစီရင်ခံတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ သူ၏ ၂၀၁၀-ခုနှစ် မတ်လအစီရင်ခံစာအတွင်း ရွှေဓာတ်ငွေ့ပိုက်လိုင်းအနီး နေရာဒေသများနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကန်ပေါက်-မြိုင်ကလေး ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဒေသများမှ အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားမှု အမြောက်အများ ရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

## ကလေးလုပ်သား

ကလေးလုပ်သားကိစ္စရပ်သည် မြန်မာနိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်တွေ့ရှိရပြီး လက်ဖက်ရည်ဆိုင်၊ သို့မဟုတ် စားသောက်ဆိုင် အလုပ်သမားများအဖြစ်၊ လမ်းပေါ် ဈေးသည်များအဖြစ်၊ အလုပ်ကြမ်းသမားများအဖြစ်၊ အမှိုက်ကောက်သူများ၊ သို့မဟုတ် တောင်းရမ်းစားသောက်သူများအဖြစ် ရှိနေသည့်အပြင် အစားအစာပြင်ဆင်ခြင်းလုပ်ငန်းများ၊ အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်ဒေသ လယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိကြပါသည်။ ယေဘုယျအားဖြင့် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများအတွင်း တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်မှု မရှိနိုင်သည့်တိုင် မြောက်များစွာသော လုပ်ငန်းကဏ္ဍများအတွင်း ကလေးများ ဝင်ရောက်လုပ်ကိုင်နေကြသည့်အတွက် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေကြသည့် ကုမ္ပဏီများအတွက် ကလေးလုပ်သား အန္တရာယ်မှာ ကြီးမားပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် တစ်စုံတစ်ဦး၏ အသက်အရွယ်ကို စစ်ဆေးနိုင်ရန်ကိစ္စရပ်မှာ လွယ်ကူမှု မရှိပါ။

မြို့ပြရှိ မွေးစာရင်းမှတ်ပုံတင်မှုမှာ ၉၄-ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်ဒေသများတွင်မူ ၆၄-ရာခိုင်နှုန်းသာ ရှိသည်ဟု တင်ပြထားပါသည်။ ၂၀၁၄-ခုနှစ် မေလတွင် ဒေသမီဒီယာတစ်ခုမှ အစီရင်ခံ တင်ပြထားသည်မှာဒီဇင်ဘာ-၂၀၁၃ တွင် အစိုးရမှ လက်မှတ်ရေးထိုးခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ကွန်ဗင်းရှင်းအမှတ်-၁၈၂ ဖြစ်သည့် အဆိုးရွားဆုံးသော ကလေးလုပ်သားပုံစံများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် အလုပ်သမားဝန်ကြီးဌာနအနေနှင့် ၂၀၁၅-ခုနှစ်တွင် အဆိုးရွားဆုံးသော ကလေးလုပ်သားပုံစံများ ပပျောက်သွားစေရန် ရည်ရွယ်လျက်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

## အလုပ်သမားဥပဒေများ

အထက်တွင် ဖော်ပြခဲ့သော လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုပေါင်းအရေးဆိုခွင့်ဆိုင်ရာ ဥပဒေများအပြင် အလုပ်သမားကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်သို့တင်ပြခဲ့သော ဥပဒေအသစ်များမှာ အလုပ်အကိုင်ခန့်အပ်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးရေးဥပဒေ (၃၀ ဩဂုတ်လ ၂၀၁၃)၊ လူမှုဖူလုံရေးဥပဒေ (ဩဂုတ်လ ၂၀၁၂) နှင့် အနည်းဆုံးလုပ်ခလစာ အက်ဥပဒေ-၂၀၁၃ တို့ ဖြစ်ကြသည်။ အခြားသော ဥပဒေများမှာ အကြမ်းအဆင့်သာရှိနေမည်၊ သို့မဟုတ် အကြမ်းရေးဆွဲ နေဆဲအဆင့်၌သာ ရှိနေသည်ဟု ယုံကြည်ရပြီး ဈေးဆိုင်များနှင့်လုပ်ငန်းများ အက်ဥပဒေ-၂၀၁၃၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး အက်ဥပဒေနှင့် စက်ရုံများအက်ဥပဒေပြင်ဆင်ချက် ဥပဒေကြမ်း-၂၀၁၃တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) သည် အစိုးရနှင့်ပူးပေါင်းကာ ပြီးပြည့်စုံသည့် အလုပ်သမားဥပဒေတစ်ခု အကြမ်းရေးဆွဲနိုင်ရာ၌ လွှမ်းခြုံအခြေပြုနိုင်မည့် ဥပဒေရေးရာနှင့် မူဝါဒရေးရာမူဘောင်တစ်ခု ပေါ်ပေါက်လာနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

အနည်းဆုံးလုပ်ခလစာဥပဒေအသစ်တွင် လခစားအလုပ်သမားများအတွက် တစ်ပတ်လျှင်တစ်ရက် နားခွင့်ရရှိရန်နှင့် ၎င်းနားရက်အတွက် လစာခံစားခွင့်ပေးရမည်ဖြစ်ပြီး နားရက်တွင်အလုပ်လုပ်သည့် လခစားအလုပ်သမားအတွက် အချိန်ပိုကြေးပေးရန် ဖော်ပြပါရှိပါသည် (အပိုဒ် ၁၆-ဃ)။ နေ့စား အလုပ်သမားများအတွက် အကာအကွယ်ပေးမှုမှာ သိသိသာသာနည်းပါးပါသည်။ သို့သော်လည်း နေ့စားအလုပ်သမားတစ်ဦးသည် တစ်နေ့အလုပ်ချိန်အတွင်း အလုပ်သမားကြောင့်မဟုတ်ဘဲ အလုပ်ရှင်ကြောင့်ဖြစ်ရသည့် အလုပ်ချိန်လျော့နည်းသွားမှုအတွက် အဆိုပါအလုပ်သမားအနေနှင့် တစ်ရက်လုပ်ခ အပြည့်အဝရရှိမည်ဖြစ်သည် (အပိုဒ် ၁၆-င)။ ဥပဒေအရအချိန်ပိုင်းအလုပ်များ၊ ကြာမြင့်ချိန်၊ သို့မဟုတ် ပြီးမြောက်သည့်အခုရေကို အခြေခံသည့်အလုပ်များ (အပိုဒ် ၁၆-ဂ) ပါဝင်ပြီး အမျိုးသားနှင့်အမျိုးသမီးအကြား ခွဲခြားမှုမရှိစေဘဲ တူညီသည့် အနည်းဆုံးလုပ်ခလစာ ရရှိသင့်ပါသည် (အပိုဒ် ၁၆-စ)။ အနည်းဆုံးလုပ်ခလစာဥပဒေတွင် အနည်းဆုံးလုပ်ခလစာပေးရန် ပျက်ကွက်သည့် အလုပ်ရှင်အတွက် ပြစ်ဒဏ်သတ်မှတ်ထားသော်လည်း အနည်းဆုံးလုပ်ခလစာနှုန်းများ၊ သို့မဟုတ် နှုန်းထားများကို သတ်မှတ်ထားခြင်း မရှိသေးပါ။ အလုပ်သမားဝန်ကြီးဌာနမှ နှစ်ကုန်ပိုင်းတွင် သတ်မှတ်ထုတ်ဖော်မည်ဟူ၍ ၂၀၁၄-ခုနှစ် ဇန်နဝါရီလတွင် ကြေညာခဲ့ပါသည်။ အလုပ်သမားရေးရာ ကျွမ်းကျင်သူများမှ မှတ်ချက်ပြုသည်မှာ မြန်မာနိုင်ငံရှိ အလုပ်ရှင်များ၊ အလုပ်သမားများသည် အနည်းဆုံးလုပ်ခလစာနှင့်ပတ်သက်သည့် သဘောတရားများအပေါ် အပြည့်အဝ နားလည်မှုမရှိသေးဟူ၍ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အလုပ်ချိန်နာရီများမှာ ကြာမြင့်လေ့ရှိပြီး အလုပ်သမားဥပဒေအသစ်နှင့်အတူ အလုပ်ချိန်နာရီများ လျော့ချနိုင်ရေး ဦးတည်သွားကြမည် ဖြစ်သည်။

လူမှုဖူလုံရေးဥပဒေအသစ် (ဩဂုတ်လ ၂၀၁၂) တွင် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်စလုံးမှ ထည့်ဝင်ရမည့် လူမှုဖူလုံရေးရံပုံငွေမှ ကျန်းမာရေးနှင့် လူမှုရေးအာမခံစနစ်၊ မိသားစု ပံ့ပိုးမှုအာမခံစနစ်၊ နာမကျန်းခံစားခွင့်၊ ပင်စင်ခံစားခွင့်နှင့်

အသက်ရှင်ကျန်ရစ်သူခံစားခွင့် အာမခံစနစ်နှင့် အလုပ်မရရှိချိန်ခံစားခွင့် အာမခံစနစ်များအား ပံ့ပိုးပေးထားပါသည်။ ဤဥပဒေအရ လူမှုဖူလုံရေး အက်ဥပဒေ-၁၉၅၄ အား လွှမ်းမိုးပယ်ဖျက်လိုက်ပြီး ၂၀၁၄-ခုနှစ် ဧပြီလ တစ်ရက်နေ့မှ စတင် သက်ရောက်မည် ဖြစ်သည်။ လက်ရှိအချိန်တွင် လူဦးရေ၏ တစ်ရာခိုင်နှုန်းသာ လူမှုဖူလုံရေး စနစ် အတွင်း မှတ်ပုံတင်ထားပါသည်ဟု လူမှုဖူလုံရေး ဘုတ်အဖွဲ့ဦးဆောင်သူထံမှ သိရှိရပါသည်။ လူမှုဖူလုံရေး စည်းမျဉ်းများနှင့် သတ်မှတ်ချက်များအား ၂၀၁၄-ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ ထုတ်ပြန်ကြေညာခဲ့ပြီး မည်သည့်ဝင်ငွေပမာဏရှိသည့် ဝန်ထမ်းများအတွက်မဆို ဆောင်ရွက်ပေးရန် ကုမ္ပဏီအများစုအတွက် မဖြစ်မနေလုပ်ဆောင်စေခဲ့ပါသည်။ ကုန်ထုတ်လုပ်ရေး၊ ဖျော်ဖြေရေး၊ သယ်ယူပို့ဆောင်ရေး၊ သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးကဏ္ဍများအားလုံးတွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းနှစ်ယောက်နှင့် နှစ်ယောက်အထက်ရှိသည့် ကုမ္ပဏီများအနေနှင့် လူမှုဖူလုံရေးအတွက် ငွေကြေးပေးသွင်းရမည်ဖြစ်သည်။ လူမှုဖူလုံရေးလုပ်ငန်းစဉ်အသစ်မှ အချို့သောခံစားခွင့်များအား ၂၀၁၄-ခုနှစ် ဧပြီလမှစတင်ကာ ပေးအပ်သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

အလုပ်အကိုင်ခန့်အပ်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးရေးဥပဒေအရ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးအပ်မည်ဖြစ်ပြီး အလုပ်ရှင်များမှ ထည့်ဝင်ရမည့်ရံပုံငွေအား ပံ့ပိုးပေးမည်ဖြစ်သည်။ ၎င်းဥပဒေအရ အလုပ်သမား၊ အလုပ်အကိုင်ခန့်အပ်ရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Employment and Labor Exchange Office) တစ်ရုံးဖွင့်လှစ်ရန်လည်း ဖော်ပြထားပါသည်။ အထူးအချက်အနေနှင့် ဥပဒေအပိုဒ်-၃ အရ ယခုအခါ အလုပ်ရှင်နှင့် အလုပ်သမားအကြား အလုပ်ခန့်အပ်ရေး သဘောတူစာချုပ်များ ချုပ်ဆိုရန် လိုအပ်လာမည်ဖြစ်သည်။ အဆိုပါဥပဒေသည် ၂၀၁၃-ခုနှစ် နိုဝင်ဘာလ (၃၀) ရက်နေ့မှ စတင်အသက်ဝင်ခဲ့ပြီး အလုပ်ခန့်အပ်ရေးနှင့် လေ့ကျင့်သင်ကြားရေးအက်ဥပဒေ (၁၉၅၀) အား ပယ်ဖျက်ပြီး ဖြစ်ပါသည်။

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအက်ဥပဒေအသစ်သည် ၂၀၁၄-ခုနှစ် နောင်းပိုင်း၌ လွှတ်တော်မှ အတည်ပြုနိုင်မည်ဟု မျှော်လင့်ရပါသည်။ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အစိုးရ၏ လုပ်သားစစ်ဆေးရေးမှူးများ၏ အရေအတွက် ပိုမိုလိုအပ်လျက်ရှိပါသည်။ အလုပ်သမားဝန်ကြီးဌာန၏ အဆိုအရ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွက် လုပ်သားစစ်ဆေးရေးမှူးအသစ်များ ငှားရမ်းထားပြီးဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်မှု မပြုလုပ်မီ သင်တန်းများပေးရန် လိုအပ်နေပါသည်။ ၁၉၅၁-ခုနှစ် ရေနံမြေအက်ဥပဒေ (လုပ်သားနှင့် လုပ်သားရေးရာ) (Oilfields – labour & welfare – act)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်သားများအတွက် ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးမှုများ ပြဋ္ဌာန်းထားပြီး ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်သားရေးရာကိစ္စရပ်များ ပါဝင်ပါသည်။ ဥပဒေတွင် အလုပ်ချိန် နာရီသတ်မှတ်ချက်၊ အားလပ်ရက် သတ်မှတ်ချက်များနှင့် ကလေးများအား အလုပ်ခန့်အပ်ခြင်းအား ပြင်းထန်စွာတားမြစ်ခြင်းများ ပြဋ္ဌာန်းထားသကဲ့သို့ လုပ်ငန်းခွင်စစ်ဆေးခြင်းပြုလုပ်ရန်နှင့် ပြစ်ဒဏ်သတ်မှတ်ချက်များလည်း ပါဝင်ပါသည်။ သို့ပါသော်လည်း လုပ်ငန်းခွင် စစ်ဆေးခြင်း ရှိ၊ မရှိနှင့် အဆိုပါ အခြေခံပြဋ္ဌာန်းချက်များ လက်တွေ့ကျင့်သုံးမှုများမှာ ရှင်းလင်းမှုမရှိသေးပါ။

## အလုပ်သမားအခွင့်အရေးများ သိရှိခြင်းနှင့် ကျင့်သုံးခြင်း

ယေဘုယျအားဖြင့် အလုပ်သမားများမှာ ဥပဒေအရပေးအပ်သော အခွင့်အရေးအသစ်များနှင့် အကာအကွယ်ပေးမှုဆိုင်ရာ အသိအမြင်များ မရှိကြပါ။ ဥပဒေအသစ်များအား လက်တွေ့ကျင့်သုံးရေးသည် အစိတ်အပိုင်းတစ်ခုစီအဖြစ် ဆောင်ရွက်ရန် လိုအပ်ပြီး ၎င်းဥပဒေအား ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန်အတွက် အချိန်ကြာမြင့်မည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိချက်များသည် အဆိုပါအချက်အား ပြန်လည်ထင်ဟပ်စေပါသည်။ မြန်မာနိုင်ငံရှိ သိသာထင်ရှားသည့် အားနည်းချက်တစ်ခုမှာ အလုပ်သမားများ၏ အခြေအနေများနှင့် လုပ်သားများ၏ စိတ်ကျေနပ်မှုများကို အလွန်ကွဲပြားစွာပင် အစီရင်ခံ တင်ပြထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အလုပ်သမားဥပဒေများ ကျင့်သုံးမှုတွင် တပြေးညီမဖြစ်ခြင်းပင် ဖြစ်သည်။

## (ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင်ထည့်သွင်းစဉ်းစားရမည့်လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

### အလုပ်ခွင်မှ ကိစ္စရပ်များ

- **အလုပ်သမား သမဂ္ဂများ။** ။ ဝန်ထမ်းများနှင့် အခြားအလုပ်သမားများအား ၎င်းတို့၏ အလုပ်သမားအခွင့်အရေးများ (အထူးသဖြင့် မြောက်များစွာသော ဥပဒေအသစ်များနှင့် နှစ်ပေါင်း (၅၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ပြုခြင်းဖြစ်သောကြောင့်)နှင့် ပတ်သက်သည့် သင့်လျော်သော သတင်းအချက် အလက်များ၊ ရှင်းလင်းချက်များ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ လုပ်ငန်းကဏ္ဍအတွင်း အလွန်နည်းပါးသော အလုပ်သမားသမဂ္ဂအဖွဲ့ အရေအတွက်ကြောင့်ပင် မဝေးတော့သည့်ကာလအတွင်း အဆိုပါအခန်းကဏ္ဍအတွက် ပြည့်ပြည့်ဝဝ တာဝန်ထမ်းဆောင်နိုင်ရန် မဖြစ်နိုင်ပါ။ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စုပေါင်းတောင်းဆိုခွင့်ဆိုင်ရာ အသိပညာများနှင့် နားလည်မှုများ မရှိသေးခြင်း၊ ယခုအချိန်မှ စတင်သိရှိလာခြင်းများကြောင့် ကုမ္ပဏီများအနေနှင့် အလုပ်သမားအခွင့်အရေးများကို အလုပ်သမားများကိုယ်တိုင် သိရှိလာစေရန်နှင့် ရရှိစေရန်အတွက် ၎င်းအလုပ်သမားများ ရွေးချယ်ဖွဲ့စည်းထားသည့် အလုပ်သမားသမဂ္ဂများနှင့် အပြုသဘောဆောင်သော ချိတ်ဆက်မှုများ ပြုလုပ်သင့်ပါသည်။
- **နိုင်ငံတကာစံနှုန်းများနှင့် တိုင်းတာခြင်း** ။ ။ လျင်မြန်စွာပေါ်ပေါက်လာသည့် အလုပ်သမားဥပဒေများအား ကျင့်သုံးခြင်းဖြစ်သည့်အတွက် အဆိုပါဥပဒေများအတွင်း ထပ်နေသည့်နေရာများ၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်သည့် သဘောသက်ရောက်နေသည်များ ရှိနေနိုင်ပြီး နိုင်ငံတကာအလုပ်သမားရေးရာ စံနှုန်းများနှင့် ချိန်ညှိရာတွင် လွဲချော်မှုများလည်း ရှိနိုင်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) သည် လိုက်လျောညီထွေဖြစ်ပြီး လွှမ်းခြုံနိုင်မည့် အလုပ်သမားဥပဒေတစ်ခု ပေါ်ပေါက်လာရေးအတွက် အစိုးရနှင့် လုပ်ဆောင်လျက်ရှိနေပါသည်။ ၎င်းဥပဒေ မတိုင်မီ အချိန်အတွင်း၌ နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုင်းတာနိုင်မည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အလုပ်သမား စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များအား ခိုင်မာမှန်ကန်စေမည် ဖြစ်ပါသည်။

### ဒေသခံများအား အလုပ်အကိုင်ခေါ်ယူရေး မျှော်လင့်ချက်များ

- **"ဒေသခံ" ဟူသော အသုံးအနှုန်းအပေါ် မတူညီသည့် ယူဆချက်အမြင်များ။** ။ ဒေသရပ်ရွာလူထုမှ အလုပ်အကိုင်ရရှိရန် မျှော်လင့်ချက်များ မြင့်မားလျက်ရှိသော်လည်း လုပ်ငန်းလိုအပ်ချက်နှင့်ကိုက်ညီသောလုပ်ငန်းကျွမ်းကျင်မှုမရှိခြင်းနှင့်ပညာအရည်အချင်းပြည့်မီမှု မရှိခြင်းများရှိနေပါသည်။ ကုမ္ပဏီများအနေဖြင့် မြန်မာပြည်တွင်းရှိအခြားဒေသများမှ အလုပ်သမားများကို ခန့်အပ်ခြင်းသည်လည်း "ဒေသခံများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လိုအပ်ချက်" အား ပြည့်မီနိုင်သော်လည်း ရပ်ရွာလူထုအနေဖြင့် "ဒေသခံ"များအား အလုပ်ပေးအပ်ခြင်းဆိုသည်မှာ ၎င်းရပ်ရွာလူထုအတွင်း နေထိုင်သူများအား အလုပ်ခန့်အပ်ခြင်းဟု နားလည်သဘောပေါက်ကြသည်။
- ဤကဲ့သို့ ဝေါဟာရ၏အဓိပ္ပာယ်နှင့် သိမြင်ယူဆချက်အကြား လွဲမှားစွာဖြစ်တည်နေမှုသည် ဒေသအတွင်း၌ ရေရှည်တွင် ဆက်ဆံရေးတင်းမာမှုများအား ပေါ်ပေါက်လာစေနိုင်ပါသည်။ ထို့အပြင် ဒေသခံအလုပ်သမားများအနေဖြင့် အလုပ်နေရာ အရေအတွက် အကန့်အသတ်များနှင့် ရရှိနိုင်သည့် အလုပ်အကိုင်အဆင့်များ (လုပ်ငန်းကျွမ်းကျင်မှု အထူးမလိုအပ်သော လုပ်ငန်းများ၊ လုပ်ခနည်းသော လုပ်ငန်းများနှင့် ယာယီဝန်ထမ်းအဖြစ်သာ) ကြောင့် စိတ်ပျက်ခြင်း၊ မကျေမနပ်ဖြစ်ခြင်းများ ဖြစ်ပေါ် ခံစားရစေနိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွမ်းကျင်မှုမလိုအပ်သော အလုပ်သမားနေရာများတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်အပ်ရမည်ဖြစ်သည်။ တည်ဆောက်ရေး လုပ်ငန်းကာလအလွန် လုပ်ငန်းဆောင်ရွက်မှုကာလတွင်မူ လုပ်ငန်းကျွမ်းကျင်သူများကိုသာ လိုအပ်ပြီး ရပ်ရွာလူထုအတွင်းတွင် ထိုသို့ ကျွမ်းကျင်မှုများအား ပြည့်မီသူ မရှိပါ။
- **ဒေသခံများအား အလုပ်အကိုင်ခေါ်ယူရေး လျာထားချက်များ။** ။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများသည် "ဒေသတွင်း နေထိုင်သူ"များအား အလုပ်အကိုင်ခန့်အပ်ရေး လျာထားချက်များ ပြည့်မီရန်အတွက် ရုန်းကန်ကြရနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အကန့်အသတ်ဖြင့်သာရှိနေသည့် မြန်မာ့ကျွမ်းကျင်လုပ်သားထုအတွင်း ကြပ်တည်းစွာပင် ယှဉ်ပြိုင်ရယူကြရမည် ဖြစ်သောကြောင့်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပထမ(၂)နှစ်အတွင်း ၂၅-ရာခိုင်နှုန်း၊ (၄)နှစ်အတွင်းတွင် အနည်းဆုံး ၅၀-ရာခိုင်နှုန်းနှင့် (၆)နှစ်အတွင်းတွင် အနည်းဆုံး ၇၅-ရာခိုင်နှုန်းဖြင့် ကျွမ်းကျင်လုပ်သား

နိုင်ငံသားများအား အလုပ်ခန့်အပ်ရမည်ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများအနေနှင့် စံ-ထုတ်လုပ်မှုအပေါ် ခွဲဝေရေးသဘောတူစာချုပ် (PSC) ချုပ်ဆိုရန် "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားဥပဒေများအရ မြန်မာနိုင်ငံသားများအား အလုပ်အကိုင်ခန့်ထားရန် ကြိုးစားအားထုတ်ပြီး ဝန်ထမ်းနေရာချမှုအစီအစဉ်အား တင်ပြရပါမည်" (အပိုဒ် ၁၅-၁)၊ အချက်အလက်များ ကောက်ယူရန်နှင့်၊ သို့မဟုတ် သင်တန်းပံ့ပိုးရန်အတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ငါးသောင်းနှစ်စဉ် အသုံးပြုရန် (အပိုဒ် ၁၅-၂) သဘောတူလိုက်နာရမည်ဖြစ်သည်။ ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများအား လတ်တလောဘွဲ့ရများနှင့် အမျိုးသမီးများအား အလုပ်ခေါ်ယူရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တိုက်တွန်းထားပါသည်။ အခြားဖွံ့ဖြိုးလာသော စီးပွားရေးများအတွင်း တူညီသည့် အခြေအနေများအောက်တွင် ဤသို့ယှဉ်ပြိုင်မှုများသည် လုပ်ခလစာနှင့် ဈေးနှုန်းဖောင်းပွမှုများကို ဦးတည်စေပြီး အချိုးမညီစွာပင် လုပ်ခနည်းဝန်ထမ်းများ၊ သို့မဟုတ် သတ်မှတ်ဘောင်ပြင်ပမှ လုပ်သားထုများအပေါ် အကျိုးသက်ရောက်စေပါသည်။

- **စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းအတွင်း ဒေသခံများအား အလုပ်အကိုင်ခန့်ထားမှု။** ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်ပါရှိသော ဒေသခံများအား အလုပ်အကိုင်ခန့်ထားရေး စဥ်းမျဉ်းများသည် စမ်းသပ်တိုင်းတာခြင်းအဆင့်အတွက် အကျုံးမဝင်ကြောင်း အချို့သောကုမ္ပဏီများက ပြောကြပါသည်။ သို့သော်လည်း ဒေသရပ်ရွာလူထုအနေနှင့် ၎င်းတို့ ဒေသအတွင်း လုပ်ကိုင်နေသော ကုမ္ပဏီများသည် ဒေသခံလုပ်သား အနည်းငယ်ဖြင့်သာ သုံး-လေးနှစ်အထိ လုပ်ငန်းဆောင်ရွက်နေသည်ဟု မြင်လာပါက တင်းမာမှုများဖြစ်ပေါ်လာနိုင်ပါသည်။

## အဓမ္မစေခိုင်းမှုနှင့် အခြားသော လုပ်အားခေါင်းပုံဖြတ်မှုများ

- **အဓမ္မစေခိုင်းမှု လျော့ပါးလာခြင်း။** ။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများအတွင်း အဓမ္မစေခိုင်းမှုကိစ္စရပ်များ လျော့ပါးလာသည်နှင့်အမျှ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်သူများအနေနှင့် ၎င်းတို့လုပ်ငန်းများအတွင်း ပေါ်ပေါက်လာဖွယ်ရှိသော အဓမ္မစေခိုင်းမှုဆိုင်ရာအန္တရာယ်များအား သတိချပ်၍ စောင့်ကြည့်နေသင့်ပါသည်။ သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့်ဆက်စပ်၍ တပ်မတော်မှ အဓမ္မစေခိုင်းမှုကိစ္စရပ်များ ဖြစ်ပေါ်ဖွယ်ရှိနေသေးပြီး အဆိုပါကိစ္စရပ်သည် ပြည်ထောင်စုအစိုးရနှင့် လူမျိုးစုအုပ်စုများအကြား ပဋိပက္ခဖြစ်ပွားဖွယ်ရာ တွန်းအားတစ်ခု၊ သို့မဟုတ် ပဋိပက္ခဖြစ်ပွားရန် အကြောင်းအရာများမှ တစ်ခုအဖြစ် ရှိနေပါသေးသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် အဓမ္မစေခိုင်းမှုအကြားမှ အဆက်အစပ်မှာ အများအားဖြင့် တပ်မတော်၊ သို့မဟုတ် ဒေသအုပ်ချုပ်ရေး အဖွဲ့များမှ တစ်ဆင့်သာဖြစ်ပြီး ပိုက်လိုင်းများကဲ့သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းနေရာတစ်ဝိုက် လုံခြုံရေးအတွက် စစ်တပ်အသုံးအဆောင်များ သယ်ပို့ရန်ဖြစ်စေ၊ လမ်းတံတားနှင့် အခြားအခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် လိုအပ်မည့် လုပ်အားပံ့ပိုးခြင်းဖြစ်စေ ဒေသခံရွာသားများအား ခေါ်ယူစုဆောင်းခြင်းများ ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဓမ္မစေခိုင်းမှုကိစ္စရပ်များ လျော့နည်းလာချိန်တွင် အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားမှုများ လက်ခံဖြေရှင်းရေးယန္တရားအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) မှ အဆိုပြုခြင်း မရှိသေးပါ။ ပြောင်းလဲမှုပြုလုပ်ရန်အတွက်လည်း အချိန်များစွာကြာမြင့်မည်ဖြစ်ပါသည်။ အထူးသဖြင့် ဒေသခံရွာသားများအား အဓမ္မစေခိုင်းမှုများမှ ငွေကြေးဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာနှင့် အခြားသော အကျိုးကျေးဇူးများ ရရှိနေခြင်း ရှိပါက ပိုမိုအချိန်ကြာမြင့်မည်ဖြစ်သည်။
- **အခြားသော လုပ်အားခေါင်းပုံဖြတ်မှုပုံစံများ။** ။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံဖြစ်ပြီး (LDC) ကျေးလက်ဒေသနွမ်းပါးမှုအခြေအနေ မြင့်မားခြင်း၊ စာမတတ်သူလူဦးရေ များပြားခြင်း၊ အလုပ်အကိုင်မရရှိသူ များပြားခြင်း၊ စီးပွားရေးပြောင်းလဲမှုတစ်ခု၏ အစိတ်အပိုင်းအဖြစ် ပါဝင်လိုသည့် ဆန္ဒပြင်းပြသူများစွာ ရှိနေခြင်း၊ ခြစားမှုများနှင့် လက်ရှိအလုပ်သမားများမှ ၎င်းတို့၏ အခွင့်အရေးများအား သိရှိမှုရှိခြင်းများ၊ အလုပ်သမားသမဂ္ဂများ နည်းပါးနေခြင်းများ တွေ့ရှိရပါသည်။ အဆိုပါ ဒေသရပ်ရွာများအတွက် အလုပ်အကိုင်များစွာမှာ ကျွမ်းကျင်မှုမလိုအပ်သော၊ နေ့စားအလုပ်များပင် ဖြစ်နေပြီး တစ်ခါတစ်ရံတွင်မူ ၎င်းအလုပ်များအား အတိအလင်းဖြစ်စေ၊ မသိမသာဖြစ်စေ (ကြားခံပုဂ္ဂိုလ်) လုပ်သားပွဲစားများမှ တစ်ဆင့် ထိန်းချုပ်ပါသည်။ အလုပ်သမားများအား ပေးအပ်ရမည့်လုပ်ခများမှ ရာခိုင်နှုန်းအများစုကို လုပ်သားပွဲစားများမှ ရယူကြကြောင်း ကွင်းဆင်းလေ့လာမှုများမှ ညွှန်ပြလျက်ရှိပါသည်။ တစ်ခါတစ်ရံတွင် လုပ်သားများအတွက် အခြေခံကာကွယ်စောင့်ရှောက်မှုများလည်းမရှိပါ (ရေးသားထားသော စာချုပ်များ၊ အလုပ်လုပ်ရမည့်အခြေအနေနှင့် ပတ်သက်သည့် ဖွင့်ဆိုချက်များ၊ ပြည့်စုံလုံလောက်မှုရှိစေမည့် နေထိုင်စားသောက်မှု စရိတ်များ)။ မြန်မာနှင့် နိုင်ငံခြားမှ တစ်ဆင့်ခံ ကန်ထရိုက်တာ

များအကြားတွင် အလုပ်သမားများအား လုပ်ခပေးချေရန်အချိန် အလွန်ကြန့်ကြာပါသည် (ဆောက်လုပ်ရေး လုပ်ငန်းစဉ်အတွင်းတွင် ၂-လ မှ ၃-လ အထိ)။ ထို့အပြင် လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်သူများသည် ဒေသခံမှ လုံခြုံရေးအစောင့်များကဲ့သို့ လုပ်ငန်းကျွမ်းကျင်မှု မလိုအပ်သော၊ သို့မဟုတ် အနည်းငယ်သာလိုအပ်သော ရေရှည်အလုပ်အကိုင်များ အပါအဝင် အဓိကမကျသော လုပ်ငန်းများအတွက် ပြင်ပဝန်ဆောင်မှုများ (Outsourcing) ရယူသုံးစွဲနေကြပြီဟု ကွင်းဆင်းလေ့လာမှုများမှ ညွှန်ပြလျက်ရှိပါသည်။ အလုပ်အကိုင် ရှာဖွေရေးအတွက် မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြသည်မှာ စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ဖြစ်သည့်အတွက် အဆိုပါလမ်းကြောင်းသည် ပြောင်းပြန်ဖြစ်လာနိုင်ပြီး အထူးသဖြင့် နယ်စပ်ဒေသများမှ ရွှေ့ပြောင်းလုပ်သားများသည် အလုပ်အကိုင် ရှာဖွေရန်အတွက် ပြန်လည်ဝင်ရောက်လာနိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် မကြာခဏဆိုသလိုပင် လုပ်အားခ ခေါင်းပုံဖြတ်ခံရလေ့ရှိပါသည်။

- **ရွှေ့ပြောင်းလုပ်သားနှင့် ယာယီအလုပ်သမားများ။** ။ အထက်တွင်ဖော်ပြခဲ့သည့် အခြေအနေများသည် လုပ်ငန်းခွင်အခြေအနေနှင့် အလေ့အထများအတွင်း ခေါင်းပုံဖြတ်မှုများ ဖန်တီးပေးနိုင်ပြီး အချို့သောကိစ္စရပ်များသည် အဓမ္မစေခိုင်းမှုအဖြစ်ပင် သတ်မှတ်နိုင်ပါသည်။ လူတစ်ဦးတစ်ယောက်သည် ပြစ်ဒဏ်တစ်ခုဖြင့် ခြိမ်းခြောက်ခံရမှုအောက်မှ ဆောင်ရွက်ရသည့်လုပ်ငန်းကို အဓမ္မစေခိုင်းမှုဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ အလုပ်သမားများအနေနှင့် အခကြေးငွေရရှိသည့် မည်သည့်အလုပ်မျိုးကိုမဆို ဆောင်ရွက်ရန်ဆန္ဒရှိကြသည့်အတွက် တစ်ခါတစ်ရံတွင် ခေါင်းပုံဖြတ်မှု လုပ်ငန်းအခြေအနေများအကြောင်း ထုတ်ဖော်ပြောဆိုရန် ဝန်လေးကြပါသည်။ နေ့စားလုပ်သား၊ သို့မဟုတ် ယာယီအလုပ်သမားများအား ကြားခံပုဂ္ဂိုလ်များမှတစ်ဆင့် ချိတ်ဆက်ပေးရာတွင်ခေါင်းပုံဖြတ်မှု အခြေအနေများ မဖြစ်မြောက်စေရေးအတွက် ကုမ္ပဏီများအနေနှင့် လုပ်ငန်းအစီအစဉ်များနှင့် သတ်မှတ်ချက်များအပေါ်တွင် အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတကာ အလုပ်သမားစံနှုန်းများအရ အလုပ်အကိုင် ရှာဖွေပေးအပ်ခြင်းများအတွက် လုပ်သားပွဲစားများသည် အလုပ်သမားများထံမှ အခကြေးငွေရယူခြင်းကို တားမြစ်ပါသည်။ ၎င်းအစား အလုပ်အကိုင်ရှာဖွေပေးအပ်ခများကို အလုပ်ရှင်မှသာ ပေးရမည်ဖြစ်သည်။ မြန်မာအစိုးရ အနေနှင့် ထိုအချက်နှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးထားခြင်းမရှိပါ။ အဆိုပါ ကွန်ဗင်းရှင်းသည် ကုမ္ပဏီများလက်တွေ့ ကျင့်သုံးရမည့် လမ်းညွှန်ဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာ ထိပါးမှုကိစ္စရပ်များပေါ်ပေါက်မည့် နေရာများအတွက် နိုင်ငံတကာသုံးစံနှုန်းပင် ဖြစ်ပါသည်။ အလုပ်ရှင်များအနေနှင့် ဝန်ထမ်းငှားရမ်းခြင်း၊ သို့မဟုတ် လုပ်သားပွဲစားများ အသုံးပြုခြင်းကိစ္စရပ်များအတွက် ရှင်းလင်းသည့် မူဝါဒများ ချမှတ်ထားသင့်ပါသည်။ လုပ်သားကြီးကြပ်သူများနှင့် မန်နေဂျာများအနေနှင့် ခေါင်းပုံဖြတ်မှုဆိုင်ရာ လက္ခဏာများအား သိရှိနားလည်ထားရန်နှင့် လုပ်သားပွဲစားများ၊ အလုပ်သမားများထံမှ အခကြေးငွေရယူခြင်း၊ သို့မဟုတ် အခြားခံစားခွင့်များလက်ခံခြင်းကို တားမြစ်ထားကြောင်း နားလည်ထားရမည်ဖြစ်ပြီး လုပ်ငန်းခွဲဝေမှုများနှင့် သံသယဖြစ်ဖွယ်အလေ့အထများကျင့်သုံးသည့် လက္ခဏာများတွေ့ရှိရသည့် လုပ်ငန်းများအပေါ် စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်သည်။ ယာယီလုပ်သားများအပါအဝင် အလုပ်သမားများအားလုံးသည် ထိခိုက်နစ်နာမှုတိုင်ကြားရေးယန္တရားကို အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုအန္တရာယ်များသည် ထုတ်ကုန်ပံ့ပိုးမှုကွင်းဆက်အတွင်း လုပ်ငန်းတစ်ခုစီ၌ ပိုမိုများပြားလာနိုင်ပါသည်။ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အများစုမှာ ကျွမ်းကျင်မှုအဆင့်နိမ့်ပါးသော၊ လုပ်ခနည်းပါးသော၊ အလုပ်ကြမ်းလုပ်သားအဆင့်များတွင် ပိုမိုဖြစ်ပွားလေ့ရှိပြီး အဆိုပါ အလုပ်အကိုင်များသည် ယာယီအားဖြင့်သာ တည်ရှိခြင်း၊ သို့မဟုတ် ပုံမှန်အလုပ်အဖြစ် တည်ရှိမှုမရှိခြင်းနှင့် တစ်ခါတစ်ရံတွင် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်သူနှင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုခြင်း၊ သို့မဟုတ် ၎င်းတို့၏ တစ်ဆင့်ခံ ကန်ထရိုက်တာများမှတစ်ဆင့် စာချုပ်ချုပ်ဆိုခြင်းများအပေါ်တွင် များစွာမူတည်နေပါသည်။

## ကလေးလုပ်သား

- **စီးပွားမိတ်ဖက်များ။** ။ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများအတွင်း ကျွမ်းကျင်မှုလိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ကလေးလုပ်သားကိစ္စရပ်များပေါ်ပေါက်မှု အလွန်နည်းပါးနိုင်သော်လည်း မြန်မာနိုင်ငံရှိ ကလေးလုပ်သားများအပေါ်ထားရှိသည့် အယူအဆများနှင့် ယေဘုယျလက်ခံထားမှုများ၊ အသက်အရွယ်စစ်ဆေးနိုင်ရန် ခက်ခဲသည့်ကိစ္စရပ်များကြောင့် ကုမ္ပဏီများအနေနှင့် ၎င်းတို့နှင့် တိုက်ရိုက်ဆက်နွယ်သည့် ထုတ်ကုန်များ/ဝန်ဆောင်မှုများ ပံ့ပိုးရာတွင် ကလေးလုပ်သားအသုံးပြုမှု ဖြစ်လာနိုင်ချေများအပေါ် အထူးသတိပြုသင့်ပါသည် (ဥပမာ - ဆောက်လုပ်ရေး၊ သို့မဟုတ် အကျွေးအမွေးတာဝန်ယူရသည့် လုပ်ငန်း)။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မတူညီသည့် ထိရှလွယ်အုပ်စုများအပေါ် အထူးပြု

ဦးတည်သည့် ဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်ပြီးကုမ္ပဏီများအတွက် ကူညီပံ့ပိုးနိုင်မည့် ကလေးများအပေါ် ဆန်းစစ်နိုင်သော နည်းလမ်းများလည်း များပြားလာပြီဖြစ်သည်။ (အန္တရာယ်ကျရောက်လွယ်အုပ်စုများအကြောင်း အခန်း ၄.၆ တွင် ဖတ်ရှုပါ)

## ၄.၄ ခွဲခြားဆက်ဆံခြင်း

- **လုပ်သားထုအတွင်း အမျိုးသမီးကိုယ်စားပြုမှု။** ။ ပညာရေးနှင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ အပေါ် ခွဲခြားဆက်ဆံမှုများမှာ ပျံ့နှံ့လျက်ရှိပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ဆက်စပ်သည့် ပညာရေး နယ်ပယ်များတွင် (ဥပမာ - အင်ဂျင်နီယာပညာရပ်) အမျိုးသမီးများ (ကျောင်းသူများ)သည် အမျိုးသားများထက် ရမှတ် ပိုမိုမြင့်မားရန် လိုအပ်ပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနှင့် ကုမ္ပဏီများအား အမျိုးသမီးအင်ဂျင်နီယာ များ ပိုမိုခန့်အပ်ရန် တိုက်တွန်းထားပြီး ၎င်းသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွင်း အမျိုးသမီးများအား အစဉ်အလာပြင်ပမှ မြှင့်တင်နိုင်မည့် အရေးကြီးသော အချက်ပြမှုပင်ဖြစ်ပါသည်။ လက်ရှိတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍအတွင်း အမျိုးသမီးလုပ်သားခန့်အပ်မှုနှုန်းမှာ အခြားသောနိုင်ငံများနည်းတူ နည်းပါးနေပါသေးသည်။ အခြားနိုင်ငံများ ကဲ့သို့ပင် အကျွေးအမွေးတာဝန်ယူခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကိုသာ လုပ်ဆောင်ရသည့် အစဉ်အလာများကို ကျော် လွန်က အမျိုးသမီးလုပ်သားဦးရေ ရာခိုင်နှုန်းတိုးမြှင့်နိုင်ရေးအတွက် အလုပ်ရှင်များမှ အပြုသဘောဖြင့် တက်ကြွစွာ လုပ်ဆောင်နိုင်ပါသည်။ (အန္တရာယ်ကျရောက်လွယ်အုပ်စုများအကြောင်း အခန်း ၄.၆ တွင် ဖတ်ရှုပါ)
- **လုပ်သားထုအတွင်း လူမျိုးစုအခြေပြု၊ ဘာသာရေးအခြေပြုခွဲခြားဆက်ဆံမှုများ။** ။ အလုပ်ရှင်များအနေနှင့် လုပ်သား ရှာဖွေခန့်အပ်ရေးနှင့် လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်လာနိုင်သည့် လူမျိုးစုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာတင်းမာမှုများနှင့် ခွဲခြားဆက်ဆံမှုများအား အထူးသတိပြုရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလုပ်သမားများ၏ လူမျိုး/ဘာသာ များသည် သိသာထင်ရှားမှု မရှိနိုင်သောကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံသားမဟုတ်သော မန်နေဂျာများအနေနှင့် ပိုမို၍ သတိပြု ရန်လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား လူထုအတွင်းတင်းမာမှုများသည် ဖြစ်ပေါ်လာဖွယ်ရှိသည့် ခွဲခြားဆက်ဆံမှုများအပေါ် (ကုမ္ပဏီအား မည်သူက၊ မည်သည့်ရာထူးဖြင့် ကိုယ်စားပြုနေသည်ကို အသိအမှတ်ပြုထားပြီး) ကုမ္ပဏီများအနေနှင့် နိုးကြားမှုရှိနေရန် လိုအပ်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ လုပ်ငန်းခွင်အတွင်း လူမျိုးစုများ၏ ပါဝင်ဖွဲ့စည်းနေမှုကို နားလည်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ စိန်ခေါ်မှုရှိနေဆဲပင်ဖြစ်သည်။ ရောထွေးမှုများရှိနေသည့် အခြေအနေအတွင်း နိုင်ငံသားများအား စစ်တမ်းကောက်ယူခြင်းများသည် ဖြေရှင်းပေးနိုင်မှုထက် ပိုမိုတင်းမာမှုများ ဖြစ်ပေါ် စေနိုင်ပြီး မြန်မာနိုင်ငံသား အမြောက်အများသည် ပုံစံတစ်မျိုးမျိုးဖြင့်ပင် မူလကတည်းက ရောနှောခဲ့ပြီး၊ သို့မဟုတ် နည်းလမ်းများစွာဖြင့် မိမိကိုယ်မိမိ သတ်မှတ်ထားပြီးဖြစ်နေပါသည်။ ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ခုမှာ ထိရှလွယ်မှု ဖြစ်နိုင်ခြေအပေါ် စီမံခန့်ခွဲမှုဆိုင်ရာသိမြင်မှုများ၊ ကုမ္ပဏီ၏ ခွဲခြားဆက်ဆံမှုမရှိစေရေး ရှင်းလင်းသည့်မူဝါဒများ၊ အဆိုပါ သတင်းအချက်အလက်များနှင့် သတ်မှတ်ထားသည့် ရလဒ်များထွက်ပေါ်လာရေးအတွက် ထိရောက်သောတိုင်းတာမှုများ ပါဝင်သည့် တူညီသည့်အခွင့်အလမ်းများရရှိစေခြင်း စံပြုနည်းလမ်းများအား လိုက်နာဆောင်ရွက်စေခြင်းများ ဖြစ်နိုင်ပါ သည်။ လုပ်ငန်းခွင်အတွင်း ကျရောက်နိုင်သည့်အန္တရာယ်များအား ဖော်ထုတ်ဖြေရှင်းရန်အတွက် လွယ်ကူသောအဖြေ အနည်းငယ်ရှိပြီး ခွဲခြား ဆက်ဆံမှုမရှိရေးအတွက် အထူးကျွမ်းကျင်မှုရှိသော၊ အထူးအလေးထားသော ကတိကဝတ်တစ်ခု ဖြင့် ကောင်းမွန်စွာ အစပြုနိုင်မည်ဖြစ်သည်။
- **ရပ်ရွာလူထုအပေါ် ထည့်သွင်းစဉ်းစားရန်အချက်များ။** ။ ကုမ္ပဏီများအနေနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ရာဒေသများရှိ ရပ်ရွာလူထုအတွင်းနှင့် အလုပ်ခေါ်ယူမည့်ဒေသများရှိ ရပ်ရွာလူထုအတွင်းတွင် လူမျိုးစုဦးရေ မည်မျှရှိသည်ကို သတိပြုမိရန် လိုအပ်ပါသည်။ နေရာတစ်နေရာတွင် လူမျိုးစုများရောနှောလျက် ရှိနေနိုင်ပါသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်တွင် မွန်လူမျိုးများ၊ ကရင်လူမျိုးများအပြင် ပအိုဝ်လူမျိုးများပါ ဗမာလူမျိုးများနှင့်အတူ ရှိနေနိုင်ပြီး ရခိုင်ပြည်နယ်အတွင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ရပ်ရွာလူထုများရှိသကဲ့သို့ မူဆလင်လူထုများလည်း ရှိနေပါသည်။ မတူညီသည့် လူမျိုးများတွင် မတူညီသည့်ဘာသာစကား အသုံးပြုကြပြီး၊ မတူညီသည့်ဓလေ့များလည်း ရှိသည့်အတွက် လုပ်ငန်းခွင်အတွင်း အဆိုပါ အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။
- **မသန်စွမ်း။** ။ မသန်စွမ်းများသည် လူထုအတွင်း မြင်တွေ့နိုင်မှုနည်းသည့် အုပ်စုတစ်ခုဖြစ်နေပြီး လုပ်ငန်းခွင်အတွင်း တွင်ပင် တွေ့ရလေ့မရှိပါ။ အခြားသောနိုင်ငံများကဲ့သို့ အလုပ်ရှင်များအနေနှင့် မသန်စွမ်းလုပ်သားများအား အလုပ်ခန့်အပ်

ခြင်းနှင့် (မသန်စွမ်းတွဲဖက် လုပ်သားမဟုတ်ဘဲ) လုပ်သားထု၏ အစိတ်အပိုင်းတစ်ခု ဖြစ်စေခြင်းကဲ့သို့သော အပြုသဘောဆောင်သည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်နိုင်ပါသည်။ ကုမ္ပဏီများအနေနှင့် အများအသုံးပြုနိုင်သည့်ပုံစံ (Universal Design) အခြေခံသဘောတရားများအား ထည့်သွင်းဆောင်ရွက်ရန် ဖြစ်နိုင်သမျှ ထည့်သွင်းစဉ်းစားသင့်ပါသည် (အများအသုံးပြုနိုင်သည့် ပုံစံဆိုသည်မှာ - လူအများမှ ရယူသုံးစွဲနိုင်သည့် ထုတ်ကုန်ပုံစံများ၊ ပတ်ဝန်းကျင်၊ စီမံကိန်းများနှင့် ဝန်ဆောင်မှုများအား ဖြစ်နိုင်သမျှ ထည့်သွင်းစဉ်းစားပြီး ၎င်းတို့အားအသုံးပြုနိုင်ရန်အတွက် လိုက်လျောညီထွေပြုပြင်ရန် မလိုအပ်ခြင်း၊ သို့မဟုတ် အထူးပြုလုပ်ရသော ပုံစံများ မလိုအပ်ခြင်းတို့ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါသည်)။ (အန္တရာယ်ကျရောက်လွယ်အုပ်စုများအကြောင်း အခန်း ၄.၆ တွင် ဖတ်ရှုပါ)

- **လိင်တူစိတ်ဝင်စားသူများနှင့် လိင်မှုကူးပြောင်းထားသူများ (LGBT)။** ။လိင်တူ စိတ်ဝင်စားသူများနှင့် လိင်မှုကူးပြောင်းထားသူများအပေါ် လုပ်ငန်းခွင်အတွင်းနှင့် လူထုအတွင်း ခွဲခြားဆက်ဆံမှုများအား အလုပ်ရှင်များအနေနှင့် သတိပြုရန် လိုအပ်ပြီးလက်ရှိအခြေအနေတွင်လိင်တူဆက်ဆံရေးများမှာရာဇဝတ်မှုမြောက်နေဆဲပင်ဖြစ်သည်။(အန္တရာယ်ကျရောက်လွယ်အုပ်စုများအကြောင်း အခန်း ၄.၆ တွင် ဖတ်ရှုပါ)

## ကျန်းမာရေးနှင့် ဘေးကင်းရေး

- **မတော်တဆဖြစ်မှုနှုန်း။** ။ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများအတွင်း ကုမ္ပဏီစံနှုန်းများတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အဓိကကိစ္စရပ်များဖြစ်ပြီး ပုံမှန်အားဖြင့် လုပ်ငန်းကြီးများသည် ၁၉၅၁-ခုနှစ် ရေနံမြေ (လုပ်သားနှင့်လုပ်သားရေးရာ) အက်ဥပဒေမှ အခြေခံပြဌာန်းချက်များထက် သာလွန်ပါသည်။ အခြားသောနိုင်ငံများနှင့် ကွာခြားသည်မှာ မြန်မာနိုင်ငံရှိ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများအတွင်း မတော်တဆဖြစ်မှုနှုန်းကို လူသိရှင်ကြား ထုတ်ဖော်ခြင်းမရှိပါ။
- **ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ။** ။ နိုင်ငံအတွင်းတွင် ကူးစက်ရောဂါများ (ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်) မြောက်များစွာရှိနေပြီး လုပ်ငန်းများအတွက် ဖြစ်လာနိုင်သည့်အန္တရာယ်မှာ လိုအပ်သော လုပ်သားအင်အား မရရှိခြင်းနှင့် လုပ်သားထု၏ ထုတ်လုပ်နိုင်စွမ်းများ လျော့ကျစေခြင်းများ ဖြစ်ပါသည်။ ကုမ္ပဏီများမှဆောင်ရွက်ရမည့် လုပ်ငန်းအနေနှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းများ (ESIAs) နှင့် အခြားလုပ်ငန်းစဉ်များတွင် ဖြစ်လာနိုင်ဖွယ်ရှိသည့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ထည့်သွင်းရမည်ဖြစ်ပြီး (ကျန်းမာရေး စစ်ဆေးခြင်းကဲ့သို့ လုပ်ငန်းများမှရရှိသည့် အချက်အလက်များကို အလုပ်ခန့်အပ်ခြင်းမပြုရန်၊ သို့မဟုတ် အခြားသော ခွဲခြားဆက်ဆံခြင်း ပုံစံတစ်ခုခုဖြစ်စေရန် အသုံးပြုမည်မဟုတ်ပါ။) ထိုသို့ ထည့်သွင်းခြင်းဖြင့် အလုပ်သမားများနှင့် ရပ်ရွာလူထုအတွက် မဟာဗျူဟာတစ်ခု စီစဉ်ရေးဆွဲရန်အတွက် သင့်လျော်သည့် သတင်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သည်။ ကုန်တင်ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ အမြောက်အများအသုံးပြုမည်ဆိုပါက စာချုပ်ချုပ်ဆိုသူများ (ကန်ထရိုက်တာများ) အား သယ်ယူပို့ဆောင်ရေးအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် သင်တန်းအစီအစဉ်များ လိုအပ်မည်ဖြစ်သည်။

## တဆင့်ခံကန်ထရိုက်တာများအကြားမှ အလုပ်သမားအခွင့်အရေး

- **စီးပွားရေးမိတ်ဖက်များ။** ။ ဒေသခံမြန်မာကုမ္ပဏီများသည် အရည်အသွေးဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းရှင်းလုံခြုံရေးဆိုင်ရာ၊ အဂတိလိုက်စားမှုကင်းရှင်းရေးဆိုင်ရာ အစရှိသည့် ကျယ်ပြန့်သော စာချုပ်ချုပ်ဆိုရန် လိုအပ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ပံ့ပိုးမှုများ လိုအပ်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်သူများနှင့် အဓိက ကန်ထရိုက်တာများသည် စာချုပ်ချုပ်ဆိုရာတွင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများပံ့ပိုးပေးမည့် စီးပွားရေးမိတ်ဖက်များအား စောင့်ကြပ်စစ်ဆေးခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် အခြားသော သင့်လျော်ရာမက်လုံးများ/ဟန့်တားမှုများ ထည့်သွင်းချုပ်ဆိုခြင်းဖြင့် သင့်လျော်သည့် နိုင်ငံတကာ၊ နိုင်ငံတွင်းနှင့် ကုမ္ပဏီမှစံနှုန်းများအား လေးစားလိုက်နာစေနိုင်မည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာမှု ပြုလုပ်စဉ်အတွင်း ဖော်ပြချက်အရ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ပြောဆိုကြသည်မှာ တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းများ၏ လုပ်သားများဖြစ်ကြပြီး ကျွမ်းကျင်မှုနည်းပါးသော၊ လုပ်ခနည်းပါးသော၊ အလုပ်ကြမ်းလုပ်ရသော အလုပ်အကိုင် နေရာများသည် ယာယီအားဖြင့်၊ သို့မဟုတ် ပုံမှန်မရှိသော လုပ်ငန်းပုံစံများအတွက် လုပ်ကိုင်နေကြရပါသည်။ လုပ်ငန်းခွင်အခြေအနေနှင့် ကြုံတင်ကာကွယ်မှုများမှာ ဖြစ်သလိုသာရှိနေပြီး လုပ်ငန်းဆောင်ရွက်သူများမှ ပံ့ပိုးသည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ သို့မဟုတ် ပစ္စည်းများအား လက်လှမ်းမှီခြင်း မရှိကြပါ။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### အလုပ်အကိုင်အခြေအနေ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - တရားမျှတမှုရှိပြီး ကောင်းမွန်သောလုပ်ငန်းခွင် အခြေအနေရရှိပိုင်ခွင့်။ တူညီသော လုပ်ငန်းအတွက် တူညီသောလစာ ရရှိပိုင်ခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ■ တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းများ လုပ်ဆောင်နေသော လုပ်ငန်းရှိ အလုပ်သမားများအကြား အလုပ်ခန့်အပ်ခြင်း သဘောတူစာချုပ်များအား အလုပ်သမားများအတွက် အမြဲတစေပေးအပ်ခြင်းမရှိပါ၊ သို့မဟုတ် လက်မှတ်ရေးထိုးထားသော စာချုပ်အား အလုပ်ရှင်မှထိန်းသိမ်းထားပါသည်။
- ■ အချို့သောကုမ္ပဏီများတွင် ကျွမ်းကျင်သော အမြဲတမ်းဝန်ထမ်းများမှလွဲ၍ အခြားအလုပ်သမားများအား လစာဖြတ်ပိုင်း ပေးရာတွင် ဝင်ငွေ၊ ဖြတ်ငွေများအား အသေးစိတ်ခွဲခြား၍ ရေးသားဖော်ပြခြင်း မရှိပါ။
    - • ကုမ္ပဏီတစ်ခုမှ ၎င်း၏ တစ်ဆင့်ခံ လုပ်ငန်းများအား အလုပ်ခန့်အပ်သည့်စာချုပ်ပုံစံ၊ လစာဖြတ်ပိုင်းပုံစံများနှင့် ပတ်သက်သည့် စံသတ်မှတ်ချက်အရ လိုအပ်ချက်များအား ပြောကြားပံ့ပိုးပေးခဲ့ပါသည်။
- ■ ကာလကြာရှည်စွာပင် ယာယီဝန်ထမ်းများအဖြစ် လုပ်ကိုင်နေရသူများမှာ အများအပြားဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမြဲတမ်းဝန်ထမ်းများ၏ ပင်စင်လစာ၊ လူမှုရေးထောက်ပံ့ငွေများစသည့် ကုန်ကျစရိတ်များကို ရှောင်ရှားရန်ဖြစ်ပါသည်။ အလုပ်သမားများသည် ယာယီဝန်ထမ်းများအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်နေကြရပြီး အမြဲတမ်းဝန်ထမ်းများထက် ညံ့သော လုပ်ငန်းခွင်အခြေအနေတွင် လုပ်ကိုင်နေကြရပါသည်။ လူမှုရေးအကျိုးအမြတ် ခံစားခွင့်များကိုလည်း မရရှိကြပါ။
- ■ မြန်မာနိုင်ငံအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း၏ တည်ဆောက်ရေးကာလ အတောအတွင်း အသုံးပြုနေကြသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ပွဲစားများအား ငှားရမ်းလေ့ရှိကြပြီး အခြားသောလုပ်ငန်းများတွင်လည်း ပိုမို အသုံးပြုလာကြပါသည်။ ၎င်းလုပ်ငန်းသည် အလုပ်သမားများထံမှ အလုပ်အကိုင်ခန့်ထားပေးရေး အခကြေးငွေများကို မြောက်များစွာ ယူငင်လျက်ရှိကြပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အလုပ်သမားရေးရာ စံသတ်မှတ်ချက်များနဲ့ တိုက်ရိုက်ဆန့်ကျင်လျက် ရှိနေပါသည်။
- ■ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ငှားရမ်းထားရှိသော ကန်ထရိုက်လုပ်ငန်းများမှ အလုပ်သမားများအပေါ် မည်ကဲ့သို့ဆက်ဆံသည်၊ မည်သည့်စံနှုန်းများထားရှိသည် တို့နှင့်ပတ်သက်၍ သေသေချာချာ ကြပ်မတ်ထိန်းသိမ်းခြင်း မရှိပါ။

### အလုပ်ချိန်၊ လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - တရားမျှတမှုရှိပြီး ကောင်းမွန်သောလုပ်ငန်းခွင် အခြေအနေရရှိပိုင်ခွင့်။ လုံလောက်ပြည့်စုံသော လူနေမှုအဆင့်အတန်းဆိုင်ရာ ခံစားခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ■ ယာယီနေ့စားဝန်ထမ်းများသည် အလုပ်အကိုင်အခွင့်လမ်းရှိလျှင်ရှိသလို ဝင်ငွေပိုမိုရရှိရန်အတွက် နေ့စဉ်လိုလို အလုပ်လုပ်ကိုင်နေကြရသောကြောင့် အလုပ်သမားစည်းမျဉ်းဥပဒေအောက်တွင် သတ်မှတ်ထားသည့် အလုပ်ချိန်ကန့်သတ်ချက်များကို ကျော်လွန်သွားတတ်ပါသည်။
- ■ အချိန်ပိုကြေးပေးခြင်းကို အချို့ကုမ္ပဏီများတွင်တွေ့ရှိရသော်လည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအောက်တွင် အလွန်ရှားပါးပါသည်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- အလုပ်သမားအကြား လုပ်ခလစာနှင့် အကျိုးအမြတ်ဆိုင်ရာ ခံစားခွင့်အပေါ် သိရှိနားလည်မှုမှာ ကွဲပြားမှုများစွာ ရှိနေပါသည်။ အလုပ်သမားအများစုမှ ၎င်းတို့၏ ခံစားခွင့်အခွင့်အလမ်းများနှင့် ပတ်သက်၍နားလည်မှုသည် အလုပ်ရှင်၊ သို့မဟုတ် အစိုးရနှင့်နိုင်ငံစာလျှင် အလွန်ပင်နိမ့်ကျနေပါသည်ဟု ဝန်ခံထားကြပါသည်။ ကုမ္ပဏီအများစုသည် ၎င်းတို့၏ အလုပ်သမားများနှင့် အလုပ်သမားအခွင့်အလမ်းများ၊ လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်သော သတင်းအချက်အလက်များအား ၎င်းတို့ဘက်မှစတင်၍ မျှဝေခြင်းမှာ နည်းပါးသည်၊ မရှိသလောက်ရှားပါးပါသည်။ ဤအချက်သည် လတ်တလောတွင် တွန်းအားပေးနေသည့် အနိမ့်ဆုံးလုပ်ခလစာနှင့်ပတ်သက်သည့် ဥပဒေကဲ့သို့သော အလုပ်သမားဥပဒေအသစ်များ ထွက်ပေါ်လာသည်နှင့်အမျှ ပို၍ပင် အရေးကြီးလာမည်ဖြစ်သည်။

## ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ကျန်းမာရေးအတွက် ဆေးကုသခံယူပိုင်ခွင့်၊ အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် အခြေအနေနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေမှုများမှာ ကုမ္ပဏီတစ်ခုနှင့်တစ်ခု၊ တစ်ဆင့်ခံ-ကန်ထရိုက်တစ်ခုနှင့် တစ်ခုအကြားတွင်လည်း ကွဲပြားခြားနားမှုကို တွေ့ရှိရပါသည်။ အချို့သော နိုင်ငံခြားရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများနှင့် နိုင်ငံခြားဝန်ဆောင်မှုပေးသော ကုမ္ပဏီများတွင် ကောင်းမွန်သော ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (HSE) အလေ့အကျင့်များ ရှိကြပါသည်။ အထူးသဖြင့် ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်လျှင် အထူးဂရုပြုလိုက်နာကြသည်။ ကုမ္ပဏီအများစုတွင် ၎င်းတို့၏စီမံကိန်းအတွင်း လုပ်ကိုင်နေသော တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းများအတွက်လည်း တူညီသောကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (HSE) လိုအပ်ချက်များကို လိုက်နာရန်တောင်းဆိုကြပါသည်။
  - သဘောတူစာချုပ်ပါ သတ်မှတ်တောင်းဆိုမှုများ၊ ကြီးကြပ်လမ်းညွှန်မှုများနှင့် ထောက်ပံ့ပေးမှုများမှတစ်ဆင့် ဒေသတွင်းကုမ္ပဏီများ၏ (HSE) စီမံခန့်ခွဲမှုနှင့်ဆိုင်သော သိရှိနားလည်မှုနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို တည်ဆောက်ပေးရန်အခွင့်အလမ်း ရှိပါသည်။ ကုမ္ပဏီကြီးတစ်ခုမှ ၎င်းတို့၏ တစ်ဆင့်ခံကန်ရိုက်တာများအတွက် ဤအချက်အား ဆောင်ရွက်ပေးပါသည်။
- လုပ်ငန်းအချို့မှ အလုပ်သမားများသည် ၎င်းတို့အားလုပ်သားကြီးကြပ်သူများမှ (HSE) သင်တန်းများ၊ သို့မဟုတ် (HSE) အသိပညာပေးမှုများ ပံ့ပိုးမှုမရှိကြောင်း သတိပြုမိကြပြီး အချို့သောကိစ္စရပ်များတွင် (HSE) အား ဂရုတစိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုပင် အလုပ်သမားများမှ လျစ်လျူရှုတတ်ကြပါသည်။

## လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုပေါင်းအရေးဆိုခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ငြိမ်းချမ်းစွာစုဝေးခွင့်။ လွတ်လပ်စွာအသင်းအဖွဲ့များဖွဲ့စည်းခွင့်နှင့် စုပေါင်းအရေးဆိုခွင့်

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ကွင်းဆင်းလေ့လာခဲ့သောစီမံကိန်းဒေသ (၆) ခုအတွင်းကုမ္ပဏီ (၃) ခုတွင်သာအလုပ်သမားသမဂ္ဂများဖွဲ့စည်းခဲ့ပြီးကြောင်း တွေ့ရှိရပါသည်။

- ထိုသို့ဖြစ်ရခြင်းမှာ အခြားလုပ်ငန်းကဏ္ဍများတွင် ဖြစ်ပေါ်နေသည့် အလုပ်သမားများအပေါ် ဖိနှိပ်နေမှုများ၊ နှောင့်ယှက်မှုများကြောင့် မဟုတ်ဘဲ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလုပ်သမားများအကြား အလုပ်သမားသမဂ္ဂ၏ (အလုပ်သမား အဖွဲ့အစည်းများ၏) အခန်းကဏ္ဍနှင့် ပတ်သက်၍ သိမြင်နားလည်မှုမရှိခြင်းကြောင့်သာ ဖြစ်ပါသည်။ လွတ်လပ်သော သမဂ္ဂအဖွဲ့များသည် မြန်မာနိုင်ငံအတွက် အသစ်ဖြစ်နေပြီး အလုပ်သမားများအား ယခုထက်တိုင် စုစည်းနိုင်မှုမရှိသေးပါ။ အလုပ်သမားများသည် ၎င်းတို့၏စိုးရိမ်မှုများ၊ မကျေနပ်မှုများ၊ နစ်နာချက်များအား ဖော်ထုတ်တိုင်ကြားရန်အတွက် အလုပ်သမားသမဂ္ဂမှလွဲ၍ အခြားသောဖော်ထုတ်တိုင်ကြားသည့် နည်းလမ်းများကိုလည်း သိရှိနားလည်ခြင်း မရှိကြပါ။
  - ကုမ္ပဏီတစ်ခုမှ ၎င်းတို့၏လုပ်သားများနှင့် ဖွဲ့စည်းထားသည့် သမဂ္ဂဆိုင်ရာသဘောထားများနှင့် ပတ်သက်သည့် ရှေ့ပြေးအစီအစဉ်တစ်ခုအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) အားယခင်နှစ်အတွင်းက တင်ပြခဲ့ပါသည်။
- ကုမ္ပဏီအများစုတွင် အလုပ်သမားများနှင့် စီမံအုပ်ချုပ်သူများအကြား စေ့စပ်ညှိနှိုင်းမှုများ မရှိကြပါ။ ကုမ္ပဏီအနည်းစုတွင်သာ အလုပ်သမားများ၏ အလုပ်နှင့်သက်ဆိုင်သော ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းရေးနည်းလမ်းများ (grievance mechanism) ထားရှိပါသည်။
- အလုပ်အကိုင်ပေးနိုင်မှုနှင့် နှိုင်းယှဉ်လျှင် အလုပ်အကိုင်ရလိုသူက ပိုမိုများနေသောကြောင့် ကျွမ်းကျင်မှုမရှိသော အလုပ်သမားများအနေဖြင့် အလုပ်တစ်ခုရလျှင်ပင် ငြင်းပယ်ခြင်းမရှိ အလုပ်လုပ်ကိုင်ကြသည်။ ဤအချက်ကြောင့် အလုပ်သမားများအနေဖြင့် လစာ မရရှိခြင်း၊ လုပ်ခလစာ မလုံလောက်ခြင်း၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ (HSE) စံနှုန်းများအားနည်းခြင်း၊ သို့မဟုတ် သမဂ္ဂဖွဲ့စည်းရန် အခက်အခဲအတားအဆီးများရှိခြင်း စသည့် မကျေနပ်ချက်များအား ဖော်ထုတ်ပြောဆိုရန်အတွက် ရှောင်ကြဉ်ကြပါသည်။

## ခွဲခြားဆက်ဆံမှုမရှိခြင်း၊ တူညီမျှတစွာ ဆက်ဆံခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့်။ အလုပ်လုပ်ခွင့်။ တရားမျှတမှုရှိပြီး ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- "အမျိုးသားများ၏ အလုပ်ဖြစ်သောကြောင့် အမျိုးသမီးများ မလုပ်ဆောင်ဘူး" ဟူသော ကျား/မ အခန်းကဏ္ဍ ခွဲခြားခြင်းသည် မှန်ကန်မျှတပြီး ရှင်းလင်းသည်ဟုယူဆကြပြီး ဤအချက်အပေါ်တွင် ဒေသခံအလုပ်သမားများနှင့် ကုမ္ပဏီများမှ စိန်ခေါ်မှုမှာ အလွန်ရှားပါးပါသည်။ ကွင်းဆင်းလေ့လာတွေ့ရှိချက်များ၏ သက်သေ အထောက်အထားအနေဖြင့် လုပ်ငန်းခွင်များတွင် အမျိုးသမီးရာခိုင်နှုန်းမှာ အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။
- အချို့ကိစ္စရပ်များတွင် ရပ်ရွာလူထုအတွင်းရှိ မူဆလင်များအား အလုပ်ခန့်မည်ဆိုပါက လုပ်ငန်းခွင်အတွင်းတင်းမာမှုများ၊ မကျေနပ်မှုများကို ဖြစ်ပေါ်စေလိမ့်မည်ဟု မှတ်ချက်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ခွဲခြားဆက်ဆံမှု အမှုအကျင့်များ ပျံ့နှံ့လျက်ရှိသည်ဟူသော အယူအဆများရှိနေပြီး ဤအချက်သည် အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လုပ်သားထုအတွင်း ခွဲခြားဆက်ဆံခြင်းမရှိရန်ဟူသော မူဝါဒကိုအကောင်အထည်ဖော်ရေးအတွက် စိန်ခေါ်မှု အဆင့်ဆင့်ရှိနေကြောင်း ဖော်ပြနေပါသည်။ ကုမ္ပဏီတစ်ခုမှ ဤအချက်ကို ကာကွယ်တားဆီးသည့်အနေဖြင့် ၎င်း၏ဝန်ထမ်း ဒေသခံမူဆလင်အလုပ်သမားတစ်ဦးအား ကမ်းလွန်ရေနံလုပ်ကွက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။ SWIA သုတေသီများအနေဖြင့် လုံခြုံရေးအရ လူနည်းစုမူဆလင်လူမျိုးများနှင့် တွေ့ဆုံဆွေးနွေးခွင့် မရရှိခဲ့သော်လည်း ဒေသတွင်း ဆူပူအကြမ်းဖက်မှုများမှာ ယခင်ကတည်းကပင် ရှိခဲ့ကြောင်း မှတ်တမ်းများရှိခဲ့ပါသည်။
- အခြားပတ်ဝန်းကျင်နိုင်ငံများမှ အလုံးအရင်းဖြင့် ဝင်ရောက်လာသော အလုပ်ပူးတွဲလုပ်ဆောင်ရမည့် အလုပ်သမားများနှင့် မန်နေဂျာများကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များမှာ မျှော်မှန်းသလောက် သက်ရောက်မှုမရှိသည်ကို တွေ့ရှိရသည်။ ၎င်းအစား လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံသည့်အပြုအမူများအား အဓိကထားဝေဖန်မှုများရှိနေသည်။ သို့ရာတွင် မကြာသေးမီကပင် ကုမ္ပဏီတစ်ခုအတွင်း အတူလုပ်ကိုင်ကြသော နိုင်ငံခြားသားများနှင့် ဒေသခံအလုပ်သမားများအကြား ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုကြောင့် ကုမ္ပဏီပိုင်ပစ္စည်းအချို့ ပျက်ဆီးမှုများရှိခဲ့ပြီး လူသိများသော ကိစ္စရပ်တစ်ခုဖြစ်ခဲ့ပါသည်။

## အလုပ်သမားများအား လိုအပ်သည့် ပစ္စည်းများပံ့ပိုးခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်းခံစားခွင့်။ တရားမျှတ၍ သင့်လျော်သော လုပ်ငန်းခွင်အခြေအနေဆိုင်ရာ ခံစားခွင့်။ ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ဆောက်လုပ်ရေးလုပ်ငန်း နေရာတစ်ဝိုက်တွင် အလုပ်သမားများအတွက် အိုးအိမ်နေရာပံ့ပိုးမှုသည် တစ်သမတ်တည်း မရှိပါ။ သို့သော် အတည်တကျဆောင်ရွက်ရသည့် လုပ်ငန်းများတွင် အိုးအိမ်နေရာပံ့ပိုးမှုများရှိသည်ကို တွေ့ရပါသည်။ အချို့လုပ်ငန်းခွင်များတွင် နိုင်ငံခြားသား အလုပ်သမားများနှင့် မြန်မာလူမျိုးအလုပ်သမားများအတွက် သီးခြားအိုးအိမ်နေရာချထားမှုများရှိပြီး အခြားလုပ်ငန်းများတွင် အလုပ်သမားအားလုံးအတွက် တူညီသောအဆင့်အတန်းဖြင့် တစ်နေရာတည်းတွင် အိုးအိမ်နေရာချထားပေးသည်ကို တွေ့ရပါသည်။
- အလုပ်သမားအများစုသည် နေ့စဉ် အလုပ်ခွဲတမ်းရရှိစေရန် လုပ်ငန်းခွင်အနီးတစ်ဝိုက်တွင် ယာယီတဲထိုးစခန်းချ၍ နေကြပါသည်။ ဆောက်လုပ်ဆဲလုပ်ငန်းခွင်တစ်ခုတွင် အလုပ်သမားများသည် မိမိတို့၏နေထိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် ဆောက်လုပ်နေထိုင်ကြသည်ကို ကွင်းဆင်းလေ့လာရေးအဖွဲ့မှ မှတ်သားတွေ့ရှိခဲ့ရပါသည်။ ထိုနေရာများသည် ၎င်းတို့အတွက် ဆင်းရဲချို့တဲ့ပြီး ခြောက်သွေ့မှု၊ နွေးထွေးမှု၊ အကာအကွယ်ရရှိမှုတို့မှာ ပြည့်စုံလုံလောက်ခြင်း မရှိပါ။ ထိုနေရာတွင် နေထိုင်ကြသော အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် အရည်အသွေးနိမ့်ကျသော အိမ်ယာနှင့် ကျန်းမာသန့်ရှင်းမှုစနစ် အလွန်ဆိုးရွားသည်ကို တွေ့ရှိရပါသည်။

## အဓမ္မစေခိုင်းမှုနှင့် ကလေးလုပ်သား

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - အဓမ္မစေခိုင်းမှုနှင့် အခိုင်းစေဘဝမှ လွတ်မြောက်ခွင့်၊ ကလေးလုပ်သားဘဝမှ လွတ်မြောက်ခွင့်၊ ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်းကို ခံစားခွင့်၊ ပညာသင်ကြားခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ဆက်စပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကုမ္ပဏီများမှ မဟုတ်ဘဲ ဒေသအာဏာပိုင်များမှ အခါအားလျော်စွာ အဓမ္မစေခိုင်းမှုများရှိသည်ဟု ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ တင်ပြခဲ့ပါသည်။ သို့သော် ကွင်းဆင်းလေ့လာရေးအဖွဲ့အနေဖြင့် ထိုကဲ့သို့သော ကိစ္စရပ်များကို တိုက်ရိုက်လေ့လာတွေ့ရှိခဲ့ခြင်း မရှိပါ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ (ILO)မှ နိုင်ငံတစ်ဝန်းလုံးတွင် ယေဘုယျအားဖြင့် အထက်ပါကိစ္စရပ်များ တဖြည်းဖြည်း လျော့ကျလာသည်ကို တင်ပြခဲ့သော်လည်း အဓမ္မစေခိုင်းမှုပြဿနာသည် ရှိနေဆဲဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် သိသိသာသာနည်းပါးကြောင်း တွေ့ရှိရပါသည်။ သို့သော် ဤအချက်သည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ထင်ဟပ်သည်ဟု မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အဓမ္မစေခိုင်းမှုများအား အစိုးရမှသာဆောင်ရွက်သည်ဟု ယေဘုယျအားဖြင့် ယူဆကြသောကြောင့်ဖြစ်သည်။
- ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ၎င်းတို့ သွားရောက်လေ့လာ ကွင်းဆင်းခဲ့သည့်နေရာများတွင် ကလေးလုပ်သားနှင့် သက်ဆိုင်သော ကိစ္စရပ်များကို မတွေ့ရှိခဲ့ပါ။ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းခွင်၏ အလေ့အထအရ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကို အလေးပေးဆောင်ရွက်ကြသဖြင့် ကလေးလုပ်သားဆိုင်ရာကိစ္စများ တွေ့ရှိရန်လည်း မမျှော်လင့်ခဲ့ပါ။ ယေဘုယျအားဖြင့် ကလေးလုပ်သားကိစ္စသည် မြန်မာနိုင်ငံအတွင်း နေရာအတော်များများတွင် ဖြစ်ပေါ်လျက်ရှိသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်များနှင့် နီးစပ်သောနေရာရှိ လက်ဖက်ရည်ဆိုင်များနှင့် အရက်ဆိုင်များတွင် ပိုမိုတွေ့ရှိရနိုင်ဖွယ်ရှိသည်။
- လေ့လာခဲ့သော စီမံကိန်းများတွင် အလုပ်သမားများ၏ အသက်အရွယ် မှန်/မမှန်ကို ပုံမှန် စစ်ဆေးမှုများရှိကြောင်း တွေ့ရှိရပါသည်။

# စီးပွားရေးဆိုင်ရာ ဆက်နွယ်မှု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - တရားမျှတမှုရှိပြီး ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေရရှိပိုင်ခွင့်။

## ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- အလုပ်သမားအခွင့်အရေး အမျိုးမျိုးအတွက် လေးစားလိုက်နာမှုများ မရှိကြပါ (ဥပမာ - အလုပ်ချိန်နာရီများ)။ စီးပွားရေးဆိုင်ရာ ဆက်နွယ်မှုများ၏ ပြောင်းလဲမှုတန်ဖိုးကွင်းဆက်၏ အချို့အစိတ်အပိုင်းများတွင် အလုပ်သမားများအကြား ရေးသားချုပ်ဆိုထားသော စာချုပ်များသည် နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာကုမ္ပဏီနှစ်ခုလုံးတွင် လုပ်ဆောင်ကြပါသည်။
- လုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းအခြေအနေများအား ပိုမိုတင်းကြပ်စွာ ထိန်းချုပ်ထားပြီး တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် စာချုပ်များချုပ်ဆိုရာ၌ စီးပွားရေးမိတ်ဖက်များ၏ စံနှုန်းများပြည့်မီရန် အခြေအနေများ ထည့်သွင်းချုပ်ဆိုသည့်တိုင် ၎င်းတို့၏ စီးပွားမိတ်ဖက်များမှတစ်ဆင့် ဆောင်ရွက်သည့်လုပ်ငန်းများတွင်မူ တူညီစွာလိုက်နာခြင်းမရှိပါ။ လုပ်ငန်းဆောင်ရွက်သူများမှ ၎င်းတို့တွင် ထိုသို့သော ကတိကဝတ်များထားရှိပြီး စောင့်ကြပ်ကြည့်ရှုခြင်း စနစ်များကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပြီး အဓိကအားဖြင့် ရေရှည်ဖြစ်မည့် စီးပွားရေးမိတ်ဖက်များအား မျှော်မှန်းလျက်ရှိကြပါသည်။
- အချို့သောကုမ္ပဏီများမှ မှတ်ချက်ပြုသည်မှာ အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများသည် အလုပ်သမားများ၏လုပ်ခများမှ အချိုးညီမျှမှု မရှိစွာပင် ငွေကြေးများရယူနေကြပြီး အကျိုးအမြတ်များကို ရယူနေကြသည့်အတွက် အလုပ်သမားများမှာ အနည်းဆုံးလုပ်ခလစာအောက်၊ သို့မဟုတ် နေထိုင်စားသောက်နိုင်ရုံ လောက်လုပ်ခများသာ ရရှိနေပါသည်။

**မြန်မာနိုင်ငံမှ ကောင်းမွန်သောအလေ့အထကောင်းများ ဥပမာ**

- **စီးပွားရေးရာဆက်နွယ်မှုများအတွက် လုပ်ဆောင်ရမည့်အချက်များ** - ကုမ္ပဏီတစ်ခုမှ ၎င်း၏တစ်ဆင့်ခံ လုပ်ငန်းများအား အလုပ်ခန့်အပ်သည့် စာချုပ်ပုံစံ၊ လစာဖြတ်ပိုင်းပုံစံများနှင့်ပတ်သက်သည့် စံသတ်မှတ်ချက်အရ လိုအပ်ချက်များအား ပြောကြားပို့ပိုးပေးခဲ့ပါသည်။
- **အလုပ်သမားများအကြား အလုပ်သမားအခွင့်အရေးများနှင့် ပတ်သက်၍ အသိပညာ မြှင့်တင်ပေးခြင်း** - ကုမ္ပဏီတစ်ခုမှ ၎င်းတို့၏လုပ်သားများနှင့်ဖွဲ့စည်းထားသည့် သမဂ္ဂဆိုင်ရာသဘောထားများနှင့် ပတ်သက်သည့် ရှေ့ပြေး အစီအစဉ်တစ်ခုအား အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) အား ယခင်နှစ်အတွင်းက တင်ပြခဲ့ပါသည်။



စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# လူမျိုးစု လူနည်းစုအုပ်စုများ တိုင်းရင်းသားလူမျိုးများ

၄

၄.၅

## အပိုင်း - ၄.၅

# လူမျိုးစု လူနည်းစုအုပ်စုများ/တိုင်းရင်းသားလူမျိုးများ

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

### လူမျိုးစုလူနည်းစု ဖြစ်တည်ချက်များနှင့် နိုင်ငံရေးရာနယ်နိမိတ်များ

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအတွင်းတွင် ယဉ်ကျေးမှုရိုးရာဓလေ့ ကွဲပြားခြားနားဆုံးသော နိုင်ငံတစ်ခုဖြစ်ပြီး လူမျိုးစုဆိုင်ရာကိစ္စများသည် သိမ်မွေ့ရှုပ်ထွေးကာ အငြင်းအခုံများရသော၊ နိုင်ငံရေးအရ သိမ်မွေ့ခက်ခဲသော ကိစ္စတစ်ရပ်လည်းဖြစ်သည်။ လူမျိုးစုအုပ်စုများသည် အစိုးရမှ ၎င်းတို့အပေါ်တွင် နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ခြယ်လှယ်လုပ်ကိုင်နေသည်ဟု ကာလရှည်ကြာကတည်းကပင် ယုံကြည်ထားကြပါသည်။ မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများသည် ခန့်မှန်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ၃၀-၄၀ ရာခိုင်နှုန်းထိရှိနေပြီး လူမျိုးစုပြည်နယ်များသည် နိုင်ငံအကျယ်အဝန်း၏ ၅၇-ရာခိုင်နှုန်းခန့်သော ကုန်းမြေဖြစ်ကာ နိုင်ငံနယ်နမိတ်တစ်လျှောက်တွင် ပျံ့နှံ့တည်ရှိနေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုလူမျိုးစုများ (ethnic minorities) နှင့်ပတ်သက်၍ ရည်ညွှန်းဖွင့်ဆိုထားချက် မရှိပါ။ ယင်းအစား "တိုင်းရင်းသားလူမျိုးများ" (national races) ဟူသော စကားရပ်ကိုသာ အသုံးပြုထားပါသည်။ သို့သော် ၎င်းအသုံးအနှုန်းသည်လည်း ၁၉၈၂-ခုနှစ် မြန်မာနိုင်ငံသားဖြစ်ခွင့်ဥပဒေ (1982 Myanmar Citizenship Law) မှ အသုံးအနှုန်းအား ပြန်လည်အသုံးပြုထားခြင်း ဖြစ်ပါသည်။ ၎င်းဥပဒေ၏ ၁၉၈၃-ခုနှစ် လုပ်ထုံးလုပ်နည်းဥပဒေ၌ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅-မျိုးရှိသည်ဟု သတ်မှတ်ဖော်ပြထားပါသည်။ အဆိုပါ နိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံ၏တိုင်းရင်းသားများတွင် "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် မြန်မာသက္ကရာဇ် (၁၁၈၅)၊ ခရစ်နှစ်(၁၈၂၃)ခုနှစ် မတိုင်မီကစတင်၍ နိုင်ငံတော်ပိုင်နက်မည်သည့် နယ်မြေအတွင်းမဆို အခြေချ၍ အမြဲတစေနေထိုင်ခဲ့သော တိုင်းရင်းသားမျိုးနွယ်များ" ပါဝင်ပါသည်။ ၁၉၈၂-ခုနှစ် နိုင်ငံသားဥပဒေအရ ရိုဟင်ဂျာအားလုံးနီးပါးသည် နိုင်ငံသားဖြစ်ခွင့် မရရှိပါ။ ၎င်းတို့သည် တင်းကြပ်ပြီး ခွဲခြားမှုရှိနေသည့် နိုင်ငံသားဖြစ်ခွင့် လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ သို့မဟုတ် ကိုက်ညီခဲ့သည့်တိုင် သက်သေအထောက်အထားပြနိုင်မှု မရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ သို့မဟုတ် နီပေါမျိုးဆက်များမှာမူ ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသော "တိုင်းရင်းသားလူမျိုးများ"အတွင်း အကျုံးမဝင်သည့်အတွက် အများအားဖြင့် အလိုအလျောက်ပင် အပြည့်အဝနိုင်ငံသားဖြစ်ခွင့် မရရှိကြပါ။

၂၀၁၄-ခုနှစ် အမျိုးသားအဆင့် သန်းခေါင်စာရင်းတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအား အသုံးပြုထားပြီး စာရင်းကောက်ယူရာ၌ ၎င်းသတ်မှတ်ချက်များထဲမှ တစ်ခုကိုရွေးချယ်ရန်၊ သို့မဟုတ် "အခြား"ဟု ဖော်ပြရန်သာဖြစ်ပြီး နိုင်ငံအတွင်းနေထိုင်သူများအကြား ကပြားလူမျိုးများအတွက်ပင် ရွေးချယ်စရာ မပါရှိခဲ့ပါ။ ထိုကဲ့သို့လူမျိုးများကို ကဏ္ဍအလိုက်ခွဲခြားခြင်းသည် လူမျိုးစုလူနည်းစုများ၏ အမှန်တကယ်ဖြစ်တည်နေသော လူမျိုးစုကို တိကျမှန်ကန်စွာ ကိုယ်စားမပြုနိုင်ဟု ယုံကြည်ကြသောကြောင့် လူနည်းစုလူမျိုးစုများမှ ပြင်းထန်စွာကန့်ကွက်ခဲ့ကြပါသည်။ ဗမာလူမျိုးများဖြင့်သာ အဓိကဖွဲ့စည်းထားသည့် အစိုးရအနေနှင့်လည်း အမှန်တကယ် ပျံ့နှံ့ဖြစ်တည်နေသော လူမျိုးစုအုပ်စုများ၏ အရေအတွက်ကို လျှော့ချနိုင်ရန်အတွက် ထိုသို့ တိုင်းရင်းသားလူမျိုးများအပေါ် ကဏ္ဍအလိုက်ကန့်သတ်ခြင်းကို အသုံးပြုပါသည်။ သန်းခေါင်စာရင်းကောက်ယူမည့် နောက်ဆုံးအချိန်တွင်မှ ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များက ၎င်းတို့မှာ "ရိုဟင်ဂျာ"များဖြစ်ကြောင်း ကိုယ့်ကိုယ်သတ်မှတ်ပြီး သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာဟု ရေးသားလိုခြင်းအား အစိုးရမှဖယ်ရှားခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံရေးရာနယ်နိမိတ်များ ခွဲခြားသတ်မှတ်ရာတွင် တိုင်းရင်းသားများ၏ တည်ရှိနေထိုင်မှု အချက်အလက်များအပေါ် အခြေခံ၍ ခွဲခြားသတ်မှတ်ပါသည်။ ပြည်နယ်(၇)ခုအား ပင်မတိုင်းရင်းသားမျိုးနွယ်စုကြီးများအလိုက် ပြည်နယ်အဖြစ်

သတ်မှတ်ပေးခဲ့သည် (ဥပမာ- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်)။ ဗမာသည်လူမျိုးစုများထဲတွင် လူဦးရေအများဆုံးဖြစ်သော်လည်း ဗမာမျိုးနွယ်များတွင် သီးခြားပြည်နယ်နှင့်တိုင်းဒေသကြီးဟူ၍ မရှိဘဲ နိုင်ငံအတွင်း နေထိုင်ကြသူများအတွင်း လွှမ်းမိုးမှုရှိသော လူမျိုးစုဖြစ်ကာ အထူးသဖြင့် တိုင်းဒေသကြီး (၇) ခုတွင် နေထိုင်ကြပါသည် (စစ်ကိုင်း၊ မကွေး၊ တနင်္သာရီ၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီး)။ မိမိတို့ သက်ဆိုင်ရာဒေသအလိုက် လူနည်းစုတိုင်းရင်းသားလူမျိုးများ အများအပြားနေထိုင်သော ဒေသများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ (၆) ခု ရှိပါသည် (ယင်းတို့မှာ နာဂ၊ ဓနု၊ ပအိုဝ့်၊ ပလောင်၊ ကိုးကန့်နှင့် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ ဖြစ်ကြပါသည်)။ မြန်မာနိုင်ငံဥပဒေအရ တိုင်းရင်းသားနွယ်ဖွားများအား ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ကိုလည်း ပြဌာန်းပေးထားပါသည်။

## လူမျိုးစု လူနည်းစုများနှင့် လက်နက်ကိုင်ပဋိပက္ခ

၁၉၄၈-ခုနှစ် လွတ်လပ်ရေးရပြီးနောက် များမကြာမီ ဗမာလူမျိုးများကြီးစိုးသည့် ဗဟိုအစိုးရနှင့် လူမျိုးစုလူနည်းစု လက်နက်ကိုင်အဖွဲ့များအကြားတွင် (နိုင်ငံတကာနှင့် မဟုတ်ဘဲ) နယ်စပ်ဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပါသည်။ ခါးသီးဖွယ်ကောင်းပြီး ကာလရှည်ကြာခဲ့သည့် အဆိုပါပဋိပက္ခသည် ယနေ့အချိန်အထိ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အား အစိုးရနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့ ၁၆-ဖွဲ့ ပါဝင်ကာ ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်ကို ၂၀၁၄-ခုနှစ် ဩဂုတ်လတွင် လက်မှတ်ရေးထိုးနိုင်ရန် ရည်ရွယ်၍ ညှိနှိုင်းနေဆဲဖြစ်သော်လည်း သတ်မှတ်အချိန်အတွင်း အောင်မြင်ရန် မဖြစ်နိုင်သေးပါ။ လုပ်ငန်းစဉ်၏ ဒုတိယအဆင့်အနေနှင့် နိုင်ငံရေးစကားဝိုင်းဖြစ်မြောက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လူမျိုးစုလက်နက်ကိုင်အဖွဲ့များ တင်မက အခြားသောနိုင်ငံအဆင့် ပါဝင်ပတ်သက်နေသူများပါ ပါဝင်ဆွေးနွေးနိုင်ရန်ဖြစ်သည်။

ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော လူနည်းစု လူမျိုးစုလက်နက်ကိုင်အဖွဲ့များအား တန်ပြန်ချေမှုန်းရာတွင် မြန်မာ့စစ်တပ်အနေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများကို များစွာချိုးဖောက်မှုများ ပြုလုပ်ခဲ့ပါသည်။ တပ်ဖွဲ့များသည် လူမျိုးစုလူနည်းစု ကျေးရွာများအတွင်း ဝင်ရောက်ကြရာ၌ အစားအစာများသိမ်းပိုက်ခြင်း၊ ကျေးရွာများအား ဖျက်ဆီးခြင်း၊ အရပ်သားများအား အလုပ်ကြမ်းအတွက် အသုံးပြုခြင်း (အထူးသဖြင့် ပစ္စည်းများသယ်ယူပို့ဆောင်ရန်)၊ အရပ်သားများအား သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများနှင့် အဓမ္မရွှေ့ပြောင်းနေထိုင်စေခြင်းများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါပြုမူမှုများကဲ့သို့ မပြင်းထန်သော်လည်း လက်နက်ကိုင်လူနည်းစု လူမျိုးစုအုပ်စုများသည်လည်း လွဲမှားစွာပြုကျင့်မှုများကို ကျူးလွန်ခဲ့ကြပါသည်။

ဤသို့သော လွဲမှားစွာပြုကျင့်မှုများတွင် လူမျိုးစုများအား ထိခိုက်နစ်နာစေမှုများ ပိုမိုထင်ရှားလာစေပါသည်။ ဗဟိုအစိုးရ၏ ကိုယ်တိုင်စီမံအုပ်ချုပ်မှု (self-governance)နှင့် အရင်းအမြစ် မျှဝေသုံးစွဲမှုမရှိခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဉ်ချန်ရစ်ခြင်း၊ ကိုးကွယ်ယုံကြည်မှုအပေါ် လွဲမှားစွာပြုမူခြင်း၊ လူမျိုးစုလူနည်းစု ဘာသာစကားများဆိုင်ရာ ပညာရေးမရှိခြင်း။ ဗမာလူမျိုးများကြီးစိုးသော ဗဟိုအစိုးရမှ "ဗမာလူမျိုးကြီးဝါဒ" (Burmanisation) ကို စွဲကိုင်အုပ်ချုပ်ကာ လူနည်းစုလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများအပေါ် ဖိနှိပ်ထားပြီး လူမျိုးစုများအပေါ်တွင် "ဒုတိယတန်းစား နိုင်ငံသားများ" အဖြစ်ဆက်ဆံကြောင်း များစွာသော လူနည်းစုလူမျိုးစု ခေါင်းဆောင်များမှ ယုံကြည်လျက်ရှိသည်။

ပဋိပက္ခဖြစ်ပွားမှုသည် တိုင်းရင်းသားနယ်စပ်ဒေသများရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး ၎င်းဒေသများရှိ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားလျက်ရှိပါသည်။ ဥပမာအားဖြင့် ချင်းပြည်နယ်ရှိ လူဦးရေ၏ ၇၃-ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ရှိနေပြီး ရခိုင်ပြည်နယ်တွင် ၄၄-ရာခိုင်နှုန်း (ကမ္ဘာ့ဘဏ်၏ ကိန်းဂဏန်းဖော်ပြချက်များတွင် ၇၇.၉-ရာခိုင်နှုန်းဟု ခန့်မှန်းထားပါသည်)။ ရှမ်းပြည်နယ်တွင် ၃၃-ရာခိုင်နှုန်းဖြင့် အသီးသီးရှိနေပြီး တစ်နိုင်ငံလုံးအတိုင်းအတာရ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၆-ရာခိုင်နှုန်း ဖြစ်ပါသည် (ကမ္ဘာ့ဘဏ်၏ ကိန်းဂဏန်းများအရ ၃၇.၅-ရာခိုင်နှုန်း ဖြစ်ပါသည် - ရပ်ရွာလူထုဆိုင်ရာ အခန်း ၄.၂ တွင်ဖတ်ရှုပါ)။ တစ်ဆက်တည်းမှာပင် လူမျိုးစုလူနည်းစုများနေထိုင်သည့် ပြည်နယ်များတွင် ဓာတ်သတ္တုများနှင့် ကျောက်မျက်များ၊ သစ်များနှင့် ရေအားလျှပ်စစ်များအပါအဝင် သဘာဝသယံဇာတများ ကြွယ်ဝလျက်ရှိနေပါသည်။ ထို့အပြင် ၎င်းပြည်နယ်များ၏ ကမ်းလွန်နေရာများမှ နိုင်ငံ၏ အဖိုးတန်ရတနာဖြစ်သည့် သဘာဝဓာတ်ငွေ့များလည်း ရှိနေပါသည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ မြန်မာ့ရေပိုင်နက်အတွင်းတွင် သဘာဝဓာတ်ငွေ့များ အမြောက်အများ ဖြစ်တည်လျက်ရှိပါသည်။

အပစ်အခတ်ရပ်စဲရေးများကြောင့် မြေယာအမြောက်အများကို စီးပွားရေးလုပ်ငန်းများအတွက် ပိုမို အသုံးပြုလာနိုင်ပါသည်။ အချို့သော မြေယာများမှာ ဗဟိုအစိုးရ၊ စစ်တပ်တို့နှင့် ဆက်စပ်လျက်ရှိနေသောကြောင့် ဖြစ်သည်။ လူနည်းစုလူမျိုးစု လက်နက်ကိုင် အဖွဲ့များတွင်လည်း ၎င်းတို့၏နယ်မြေအတွင်း စီးပွားရေးလုပ်ငန်းများ ရှိနေပါသည်။ တစ်ချိန်တည်းပင် ထိုဒေသများသည် လက်နက်ကိုင် အစောင့်အကြပ်များလည်း ထူပြောနေပြီး မြန်မာ့စစ်တပ်မှ တပ်ဖွဲ့များနှင့် မဟာမိတ်တပ်ဖွဲ့များ၊ လူနည်းစုလူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင် ဒုစရိုက်သမားများ များစွာရှိနေပါသည်။ အကျိုးဆက်အနေနှင့် မြေယာစီမံအုပ်ချုပ်မှုတွင် အလွန်အားနည်းပြီး မြေယာသိမ်းယူခံရနိုင်သည့် အန္တရာယ်မြင့်မားခြင်း၊ အခြေအနေ မတည်မငြိမ်ဖြစ်ခြင်းနှင့် စိုးရိမ်ထိန့်လန့်မှုများဖြင့် နေထိုင်ရသည့် ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖြစ်ပေါ်လာပါသည်။ အနာဂတ်ကာလတွင် ဆောင်ရွက်လာနိုင်သည့် မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းများသည် မြေယာများကို ပိုမိုသုံးစွဲလာနိုင်စေပြီး စီးပွားရေးအရလည်း အဖိုးတန်သည့်အလျောက် အထက်ဖော်ပြပါ အန္တရာယ်များ ပိုမိုတိုးမြင့်လာဖွယ်ရာ ရှိနေပါသည် (မြေယာနှင့်ပတ်သက်၍ အခန်း ၄.၃ တွင် ဖတ်ရှုပါ)။

## တိုင်းရင်းသားလူမျိုးများ

တိုင်းရင်းသားလူမျိုးများသည် ကမ္ဘာပေါ်တွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိရှလွယ်သော သူများအဖြစ်လည်းကောင်း၊ အခွင့်အရေး အနည်းပါးဆုံး ရရှိသူများအဖြစ်လည်းကောင်း၊ ဘေးအဖယ်ခံထားရသော လူမျိုးစုများအဖြစ်လည်းကောင်း သတ်မှတ်ခံရပါသည်။ ထိုသို့ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ကန့်သတ်ခံရမှုများကြောင့် တိုင်းရင်းသားလူမျိုးများအပေါ် လူ့အခွင့်အရေး ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေရန်လွယ်ကူပြီး စီးပွားရေးလုပ်ငန်းများနှင့်ဆိုင်သော ကိစ္စများ၌လည်း အများဆုံးခံစားရသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တွေ့ရှိရပါသည်။ ထိုမှတစ်ဖန် တိုင်းရင်းသားလူမျိုးများအနေဖြင့် ၎င်းတို့အပေါ် သက်ရောက်မှုများရှိသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ဆုံးဖြတ်ချက်ချပိုင်ခွင့်မရှိဘဲ ချန်လှပ်ခံထားရခြင်း၊ အခြားညှိနှိုင်းတိုင်ပင် အကြံဉာဏ်ရယူခြင်း ကိစ္စရပ်များတွင်လည်း မကြာခဏ ချန်လှပ်ခံထားခြင်းသည် ၎င်းလူမျိုးစုများအပေါ်တွင် ထိခိုက်နစ်နာမှုများ ပိုမိုဖြစ်ပေါ်စေသည်။ ကုလသမဂ္ဂအဖွဲ့၏ ၂၀၀၇-ခုနှစ် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေညာစာတမ်း (UN Declaration on the Rights of Indigenous Peoples)ကို လက်ခံကျင့်သုံးရန်၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို သီးခြားလူ့အခွင့်အရေးတစ်ရပ်အဖြစ် လက်ခံရန်၊ နိုင်ငံရေးလှုပ်ရှားမှုများ သိသိသာသာ ပိုမိုများပြားလာသော်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန်အတွက် ကြိုးပမ်းသောလုပ်ငန်းရပ်များသည် အချိန်ကြာမြင့်စွာကပင် ငြင်းဆို၊ အပယ်ချခံနေရသော ကိစ္စတရပ်ဖြစ်ပြီး ကမ္ဘာ့နေရာတော်တော်များများတွင်လည်း အငြင်းဆိုခံနေရဆဲပင်ဖြစ်သည်။

ကုမ္ပဏီများမှ ချိတ်ဆက်ဆောင်ရွက်မှုများလည်း များပြားလာပြီး အထူးသဖြင့် သယံဇာတတူးဖော်ရေးကုမ္ပဏီများမှ မူဝါဒရေးရာနှင့် လုပ်ငန်းစဉ်ရေးရာအဆင့်များတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့် ဖွံ့ဖြိုးရေးလမ်းစဉ်များကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားလာကြပြီဖြစ်သည်။ (နေရာတော်တော်များများရှိ ဌာနေတိုင်းရင်းသားများသည် ဆိုးရွားခဲ့သည့် အတွေ့အကြုံများကြောင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများအပေါ်တွင် ယုံကြည်မှုနည်းပါးနေသေးပြီး မုန်းတီးဆန့်ကျင်နေသော်လည်း) မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကိစ္စရပ်များ ဆွေးနွေးဖော်ထုတ်ရာတွင်နိုင်ငံရေးအရ၊ ဥပဒေကြောင်းအရ၊ မူဝါဒရေးရာနှင့် လက်တွေ့ဆောင်ရွက်မှုကိစ္စရပ်များအား ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ "ဌာနေတိုင်းရင်းသားလူမျိုး"ဟူသည့် ဝေါဟာရမှာ ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုမရှိသေးဘဲ ယေဘုယျအားဖြင့်လည်း အသုံးမပြုပါ (အဆိုပါကိစ္စရပ်အား အောက်တွင်ဖော်ပြထားသည့် သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားပါသည်)။ သို့သော်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် သီးသန့်အခွင့်ရေးများကို အသိအမှတ်ပြုသည့် အမျိုးသားဥပဒေနှင့် နိုင်ငံတကာဥပဒေများ ပိုမိုများပြားလာပြီဖြစ်သည်။ ယင်းဥပဒေတို့တွင် ဌာနေတိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်သည့် အထူးလုပ်ဆောင်မှုများ၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးစံကျင့်ထုံးများ၊ ပိုင်ဆိုင်မှုများ၊ အလုပ်အကိုင်၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်၊ နိုင်ငံရေးအခန်းကဏ္ဍများတွင် ၎င်းတို့၏ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်အပေါ် အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများဆိုင်ရာ တိုးတက်မှုများအတွက် လွပ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်များ၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဆက်နွယ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတိုင်းရင်းသားများနှင့် ဧစ့်စပ်ညှိနှိုင်းသည့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာ၌လည်း လွတ်လပ်စွာကြိုတင်အသိပေး၍ သဘောတူညီမှုရယူခြင်း (FPIC) ဖြင့် ဆောင်ရွက်ရန်တို့ ပါဝင်သည်။

၄

၄.၅

# (ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

## ဌာနေတိုင်းရင်းသားလူမျိုးများအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းများ ကျင့်သုံးခြင်း

- **မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ တွေးခေါ်ယူဆချက်။** ။ ဌာနေတိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီ၏ ကိုယ်ပိုင်လက္ခဏာ (ethnic identity) သည် မြန်မာ့လူ့အဖွဲ့အစည်း၏ အင်အားပြောင်းလဲမှုများ (dynamics) အတွက် အရေးပါပြီး တွင်းထွက်သယံဇာတ ထုတ်ယူရေးကဏ္ဍနှင့် ပတ်သက်သောမူဝါဒ၊ စီမံကိန်းများရှိသည့်နေရာများအတွက် မည်သည့်ရလဒ်များ ရရှိလာမည်ဆိုသည့်ကိစ္စအတွက် အရေးကြီးပါသည်။ အထူးသဖြင့် နယ်မြေအတွင်း ကာလရှည်ကြာတိုက်ခိုက်မှုများ၊ ဒေသတွင်း မငြိမ်မသက်မှုများရှိခဲ့ပြီး ငြိမ်းချမ်းစပြုနေသော ဒေသများအတွက် အရေးပါသည်။ မကြာသေးမီကာလအထိ ဌာနေတိုင်းရင်းသားတစ်မျိုးချင်းစီ၏ အမှတ်အသားလက္ခဏာများအား ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့် ဆက်စပ်၍ နိုင်ငံတကာစံနှုန်းများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီးဖော်ပြထားခြင်း မရှိပါ။ သို့သော် ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းများနှင့် နိုင်ငံတကာချိတ်ဆက်မှုကွန်ရက်များ၏ ရလဒ်အနေဖြင့် စတင်ပြောင်းလဲနေပြီဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အပါအဝင် အခြားသော ဌာနေတိုင်းရင်းသားအခွင့်အရေးများအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများ) အနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများအား ရည်ညွှန်းလာကြပြီး ညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်းစဉ်များ၌ ထိုစံနှုန်းများအား မူဘောင်အဖြစ် ပိုမိုအသုံးပြုလာကြပါသည်။
- **ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် EIA လုပ်ထုံးလုပ်နည်းများ မူကြမ်း။** ။ အင်္ဂလိပ်ဘာသာဖြင့် နောက်ဆုံးထုတ်ပြန်ထားသော EIA လုပ်ထုံးလုပ်နည်းများမူကြမ်းတွင် ဒေသခံတိုင်းရင်းသားများနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ရန် ထည့်သွင်းဖော်ပြထားသော်လည်း လွတ်လပ်စွာကြိုတင်အသိပေး၍သဘောတူညီမှုရယူခြင်း(FPIC)ကိုသီးခြားရည်ညွှန်းထားခြင်းမရှိပါ။ ၎င်းမှ ရှင်းလင်းစွာဖော်ပြထားသည်မှာ "ပြန်လည်နေရာချထားခြင်းနှင့်ဆိုင်သည့် စီမံကိန်းများ၊ သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် အကျိုးသက်ရောက်လာဖွယ်ရှိသည့် စီမံကိန်းများအတွက် ကုမ္ပဏီများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော သီးခြားလုပ်ငန်းစဉ်များကိုပါ လိုက်နာရန်လိုအပ်ပြီး ၎င်းလုပ်ငန်းစဉ်များ ရေးဆွဲထားခြင်းမရှိပါက ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားရေးနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ (Involuntary resettlement and indigenous people) ဆိုင်ရာ နိုင်ငံတကာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးရမည်"ဟူ၍ ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများအပေါ် နိုင်ငံတကာ အလေ့အကျင့်ကောင်းများဖြင့် ကျင့်သုံးပြုမူခြင်းသည် ရွေးချယ်ရန်အရာတစ်ခုအနေနှင့်မဟုတ်ဘဲ လိုအပ်ချက်တစ်ခုအနေနှင့် ဆောင်ရွက်ရမည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ အကြံပြုထားသည်မှာ လူမျိုးစုလူနည်းစုများ/ဌာနေတိုင်းရင်းသားလူမျိုးများနှင့် မည်သည့်မြေယာရယူမှုမျိုးတွင်မဆို လွတ်လပ်ပြီး ကြိုတင်အသိပေး၍ သဘောတူညီမှုရယူခြင်း (Free, prior and informed consent – FPIC) အလေ့အထကို အသုံးပြုရန် ဖြစ်ပါသည်။
- **ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့များ၏ ဘေးကင်းလုံခြုံစေမှု။** ။ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) နှင့် ကမ္ဘာ့ဘဏ်အုပ်စု (World Bank Group) အပါအဝင် မြောက်များစွာသော အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့များ (International Financial Institutions – IFIs) သည် တိုင်းရင်းသားလူမျိုးများအပေါ် အကာအကွယ်ပေးရေးအပါအဝင် ၎င်းတို့၏ ဘေးကင်းလုံခြုံရေး မူဝါဒများအား မြန်မာနိုင်ငံအတွင်း မည်သို့အသုံးချနိုင်မည်ကို စဉ်းစားလျက်ရှိနေပါသည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ အမျိုးသားအဆင့်မူဝါဒများ၌ အဓိကပြောင်းလဲမှုကြီးများ မဖြစ်နိုင်သည့်အခြေအနေတွင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း (IFIs) များ၏ ချဉ်းကပ်မှုများ ပေါ်ထွက်လာခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် ဝေဖန်တုံ့ပြန်မှုများကိုလည်း လက်ခံရရှိပြီးဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများအနေနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးရာအခြေအနေအတွင်း သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများအသုံးချရာ၌ လက်တွေ့ကျသော သင်ခန်းစာများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

## လက်နက်ကိုင်ပဋိပက္ခ ထိခိုက်ခံရသည့် နေရာများအပါအဝင် လူနည်းစု လူမျိုးစုဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း

- **ဒေသခံများနှင့် ယုံကြည်မှုတည်ဆောက်ခြင်း။** ။ လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ သယံဇာတတူးဖော်ရေးကဏ္ဍတွင် ကျင့်သုံးနေသည့် အလေ့အထများမှာ ရပ်ရွာလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုနည်းပါးသည်မှ လုံးဝပင်မရှိကြောင်း ကွင်းဆင်းလေ့လာမှုများမှ တွေ့ရှိခဲ့ရပါသည်။ ထိုတွေ့ရှိချက်အရ ကုမ္ပဏီများအနေနှင့် မြေယာကိစ္စ၊ အရင်းအမြစ်ကိစ္စများနှင့် အထွေထွေလုပ်ငန်းဆောင်ရွက်ခြင်း ကိစ္စရပ်များ၌ ရပ်ရွာလူထုနှင့် အများသဘောတူလက်ခံနိုင်မည့် ချဉ်းကပ်မှုများအတွက် ပိုမိုဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန်လိုအပ်နေကြောင်း ညွှန်ပြလျက်ရှိပါသည်။ လူမျိုးစုများနေထိုင်ရာ ပြည်နယ်များတွင် ယုံကြည်မှုတည်ဆောက်ရန်အတွက် ပိုမိုအားစိုက်ထုတ်ရန်လိုအပ်ပြီး ရေရှည်တည်တံ့မည့် ယုံကြည်မှုတည်ဆောက်ရန်၊ ဒေသသုံးဘာသာစကားအသုံးပြု၍ ချိတ်ဆက်ဆောင်ရွက်မှုပြုရန် အရေးကြီးပါသည်။
- **သမိုင်းအမွေ။** ။ ယခင် ၁၉၉၀-ခုနှစ်များအတွင်းမှ အပစ်အခတ်ရပ်ဆဲရေး ဆွေးနွေးမှုများအတွင်း လူမျိုးစုလက်နက်ကိုင်အဖွဲ့များစွာ၏အတွေ့အကြုံမှာ "စစ်ပွဲရပ်ဆိုင်းခြင်း"သည် "ငြိမ်းချမ်းရေး"နှင့် မတူခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်နက်ကိုင်အဖွဲ့များစွာမှ ရှုပ်ထွေးပြီး ထပ်နေသည့် နယ်မြေအပိုင်းအခြားများအတွင်း ဆက်လက်သိမ်းပိုက်ထားကြပြီး တရားဝင်မဟုတ်သော အခွန်အခကောက်ခံခြင်း၊ အရင်းအမြစ်များအပေါ် ခေါင်းပုံဖြတ်ခြင်းနှင့် အခြားသော ဥပဒေပြင်ပလုပ်ငန်းများမှတစ်ဆင့် ရရှိသည့်ငွေကြေးများဖြင့် ဆက်လက်တည်ရှိနေကြသောကြောင့် ဖြစ်သည်။ ထိုသို့သော နေရာဒေသများတွင် အပစ်အခတ်များရပ်စဲပြီး ကနဦးအချိန်ကာလ၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်အသစ်များ ဝင်ရောက်လာမည်ဆိုပါက ယေဘုယျအားဖြင့် ဒေသရပ်ရွာလူထုအတွက် ကောင်းမွန်သောရလဒ်များထက် ဆိုးရွားသော ရလဒ်များသာ ရရှိနိုင်မည်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များနှင့် ရပ်ရွာလူထုများအကြားတွင် ဖြစ်ပွားနိုင်မည့် စီးပွားရေးရာအရ ထပ်မံခေါင်းပုံဖြတ်မှုများအတွက် ထည့်သွင်းစဉ်းစားရန် အချက်များရှိနေပြီး ထိုဒေသများ၌ လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၎င်းတို့ဖော်ထုတ်ဖြေရှင်းရမည့် မြင့်မားသောစိုးရိမ်ပူပန်မှုများနှင့် သင်္ကာမကင်းမှုများကို ရင်ဆိုင်ကြုံတွေ့ကြရမည် ဖြစ်သည်။
- **အကျိုးအမြတ်ခွဲဝေသုံးစွဲရေး။** ။ တိုင်းရင်းသားများ၏ အဓိကလိုလားတောင့်တချက်မှာ ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား အခွန်ဘဏ္ဍာခွဲဝေပေးရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများပင်ဖြစ်သည် (အဆိုပါကိစ္စရပ်ကို အနာဂတ်ကာလတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ နိုင်ငံရေးဆွေးနွေးမှုအဆင့်အတွင်း ထည့်သွင်းဆွေးနွေးနိုင်ခြေရှိသော်လည်း လက်ရှိ အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွင်း ထည့်သွင်းဆွေးနွေးခြင်းမရှိပါ)။ ထို့အပြင် လူမျိုးစုများ၏ ၎င်းတို့နေထိုင်ရာဒေသများရှိ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် ပိုမိုထိန်းချုပ်နိုင်ရန်လည်း လိုလားကြပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများအနေဖြင့် လူမျိုးစုလူနည်းစုများ၏ ၎င်းတို့၏ဒေသအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးမှ ရရှိသည့် အကျိုးအမြတ်အလွန်နည်းပါးသည်ဟူသော လွှမ်းမိုးနေသည့်အမြင်များအပေါ်တွင် အလွန် သိမ်မွေ့စွာနှင့် တာဝန်သိစွာ တုံ့ပြန်ဆောင်ရွက်သင့်ပါသည်။
- **ထိရောက်သော ဆွေးနွေးညှိနှိုင်းမှု။** ။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဆွေးနွေးညှိနှိုင်းမှုများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် စိန်ခေါ်မှုများရှိနေပါသည်။ မြန်မာအစိုးရအနေနှင့် သမိုင်းအစဉ်အဆက် ထိုသို့သော ဒေသများအား ကိုယ်စားပြုခဲ့ခြင်းမရှိဘဲ တရားဥပဒေစိုးမိုးမှုသည်လည်း အခြေခံအားဖြင့် မေးခွန်းထုတ်ဖွယ်ရာဖြစ်နေပါသည်။ ထိုသို့သော ဒေသများ၌ လုပ်ငန်းဆောင်ရွက်နေသော ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများသည် ၎င်းဒေသအတွင်း အမှန်တကယ် အာဏာသက်ရောက်သော လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့် အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ဖြစ်နိုင်သမျှ လူမျိုးစုကိုယ်စားလှယ်များနှင့် တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးသင့်သကဲ့သို့ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ ပျက်ဆီးစေခြင်း၊ သို့မဟုတ် ဆန့်ကျင်မှုပြုခြင်းများ မဖြစ်စေရန် အထူးဂရုပြုရမည်ဖြစ်သည်။ သို့ပါသော်လည်း ထိုလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ဒေသအတွင်း နေထိုင်ကြသော ရပ်ရွာလူထုအားလုံး၏ အကျိုးအမြတ်နှင့် စိုးရိမ်ပူပန်မှုများအား အမှန်တကယ် ကိုယ်စားပြုမည်မဟုတ်သည့်အတွက် ၎င်းတို့နှင့် ဆွေးနွေးညှိနှိုင်းမှုများကို ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းမှုများကိုယ်စားအဖြစ် မယူဆသင့်ပါ။ ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် နေရာဒေသများတွင် ထိုသို့သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ခက်ခဲကြောင်း သတိပြုသင့်ပါသည်။ ဆွေးနွေးမည့်သူများသည် လွတ်လပ်ပွင့်လင်းစွာပြောဆိုရန် ခက်ခဲမည်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းမှုများကို မှားယွင်းစွာ ကိုင်တွယ်ပြုလုပ်မိပါက ပါဝင်ဆွေးနွေးသူများအတွက် ကြီးစွာသောအန္တရာယ် ဖြစ်စေနိုင်ပါသည်။ ထိုသို့သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင်

၎င်းဒေသအတွင်း အလားတူအတွေ့အကြုံမျိုး ခိုင်မာစွာရှိခဲ့ဖူးသည့် လူပုဂ္ဂိုလ်များ၊ သို့မဟုတ် အဖွဲ့အစည်းများမှ ဦးဆောင်ဆွေးနွေးစေရန်နှင့် ဒေသတွင်း နိုင်ငံရေး၊ လူမျိုးစုအရေးနှင့် ပဋိပက္ခဆိုင်ရာ အရွေ့များနှင့်ပတ်သက်သည့် အသေးစိတ်ဗဟုသုတဖြင့် ဦးဆောင်ဆွေးနွေးမှုများ ပြုလုပ်ရန် အကြံပြုပါသည်။ ထို့အပြင် ကုမ္ပဏီများသည် မနုဿဗေဒကျွမ်းကျင်သူ၊ သို့မဟုတ် အခြားသော မြန်မာ့လူမျိုးစုလူနည်းစုဆိုင်ရာ ယဉ်ကျေးမှုများ၌ အထူးကျွမ်းကျင်သော လူမှုရေး သိပ္ပံကျွမ်းကျင်သူများထံမှ ပညာရှင်အကြံဉာဏ်များရယူရန် လိုအပ်မည်ဖြစ်သည်။

**မြေယာနှင့်ပတ်သက်၍ အခန်း ၄.၃ တွင် ဖတ်ရှုပါ** - အဆိုပါအခန်းတွင် အမျိုးသားဥပဒေများသည် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှုနှင့် အများပိုင်မြေယာအခွင့်အရေးများကို အသိအမှတ်မပြုသည့်အတွက် စိုးရိမ်ပူပန်ရန်အချက်များကို ဖော်ပြထားပါသည်။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### ဌာနေတိုင်းရင်းသားလူမျိုးများအား အသိအမှတ်ပြုခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ မိမိတို့ကိုယ်တိုင်ကိုယ်ပိုင်အမှတ်အသား လက္ခဏာများ၊ သို့မဟုတ် ၎င်းတို့၏ ဓလေ့ထုံးစံ၊ ရိုးရာ၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်နှင့်ကိုက်ညီသော မျိုးနွယ်ဝင်ဖြစ်ခွင့်အား သတ်မှတ်ပိုင်ခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် အချို့သောလူမျိုးစုအုပ်စုများအား "ဌာနေတိုင်းရင်းသားလူမျိုးများ"အဖြစ် အသိအမှတ်ပြုရန်မှာဥပဒေအရရှင်းလင်းပြတ်သားမှုမရှိဘဲလက်တွေ့ကျင့်သုံးမှုတွင်လည်းအငြင်းပွားဖွယ်ရာဖြစ်နေပါသည်။
- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေအများစုသည် ဌာနေတိုင်းရင်းသား လူနည်းစုများအတွက် အထူးအခွင့်အရေးများ၊ သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား လုံးဝ အသိအမှတ်မပြုပါ။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် "တိုင်းရင်းသားလူမျိုးများ" (Ethnic Nationalities)၊ သို့မဟုတ် "မူလ နေထိုင်သူများ" (Native Peoples) (ဘာသာပြန်ဆိုမှု အပေါ်မူတည်၍ကွဲပြားသည်) ဟု ဖော်ပြထားသည်။ ထိုဥပဒေတွင် မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို ထိခိုက်နိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ ဟန့်တား၊ တားဆီးနိုင်မည့်အာဏာကို သီးခြားပေးအပ်ထားသော်လည်း ထိုရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ နိုင်ငံသားများ အထူးသဖြင့်ဒေသခံများ၏ အကျိုးအတွက်သော်လည်းကောင်း အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါက ပြည်ထောင်စုအစိုးရထံမှ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုပြုရန် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ဤခွင့်ပြုမိန့်ချမှတ်ရန်အတွက် ဒေသခံလူထု၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။
- မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ကွန်ဗင်းရှင်းအမှတ်-၁၆၉ (ILO Convention 169) ဖြစ်သည့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လူမျိုးစုဆိုင်ရာ ကွန်ဗင်းရှင်းအား အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိပါ။ သို့သော် ၂၀၀၇-ခုနှစ်၊ ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရန် ထောက်ခံမဲပေးခဲ့ပြီး ၎င်းကြေညာစာတမ်းနှင့်ပတ်သက်၍ "လိုက်လျောညီထွေပြုပြင်ပြီး လက်တွေ့ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေရမည်" ဖြစ်သည်။ မြန်မာနိုင်ငံ၏ ထုတ်ပြန်ချက်တွင်မူ မြန်မာနိုင်ငံတွင်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများ ရှိနေသည်၊ သို့မဟုတ် မရှိပါဟူသည့် ဖော်ပြချက်မပါရှိပါ။ "ဌာနေတိုင်းရင်းသားလူမျိုးများ" ဟူသော သတ်မှတ်ချက်နှင့် ကိုက်ညီရန် လက်တွေ့စံနှုန်းအဓိပ္ပာယ်အတွက် များစွာသောသတ်မှတ်ချက်များ အသုံးပြုထားပါသည်။ သမိုင်းအစဉ်အလာအရ အစဉ်အဆက်တည်ရှိခဲ့ခြင်း၊ မိမိတို့လူမျိုးစု အမှတ်လက္ခဏာများကို အလေးထားထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူမှုအဖွဲ့အစည်း၏ လွှမ်းမိုးနေသောကဏ္ဍများနှင့် ကွဲပြားခြားနားချက်များရှိခြင်း၊ လူ့အဖွဲ့အစည်းအတွင်း လွှမ်းမိုးမှုနည်းပါးသောကဏ္ဍများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အသိုက်အဝန်းဖြစ်ခြင်းတို့ အပါအဝင် အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များတွင် မိမိတို့ကိုယ်တိုင် သတ်မှတ်ချက် (self-identification) သည်လည်း ပါဝင်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ လုပ်ကိုင်ရာနေရာများတွင် တိုင်းရင်းသားလူမျိုးများဟု သတ်မှတ်နိုင်သည့် လူမျိုးစုလူနည်းစုအုပ်စုများ ရှိနေပါသည်။

■ နိုင်ငံတကာ ငွေကြေးအဖွဲ့များ (IFIs) အနေဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့၏လုပ်ငန်းများဆောင်ရွက်ရာ၌ ဌာနေတိုင်းရင်းသား လူမျိုးများ ဘေးကင်းလုံခြုံစေရေးမူဝါဒများကို ဖော်ညွှန်းကျင့်သုံးနေပြီ ဖြစ်သည်။
  - ၂၀၁၃-ခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ၎င်းတို့၏ ဌာနေတိုင်းရင်းသားလူမျိုးများအား ဘေးကင်းလုံခြုံမှုဆိုင်ရာမူဝါဒကို မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းရှိ ဓာတ်အားပေးစီမံကိန်း အဆင့်မြှင့်တင်နိုင်ရန်အတွက် ကျင့်သုံးခဲ့ပြီး ၎င်းဒေသတွင် နေထိုင်သူအများစုမှာ ဌာနေတိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်ဟု ဖော်ပြခဲ့ပါသည်။

## မြေယာနှင့် သဘာဝအရင်းအမြစ်များ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်၊ ပြည်တွင်းနှင့် ဒေသတွင်းသက်ဆိုင်သော ကိစ္စရပ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခံ၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့်၊ ဖွံ့ဖြိုးရေးကိစ္စအလို့ငှာ ကိုယ်ပိုင်နည်းဗျူဟာများ အသုံးချပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

■ "သာသနာ့နယ်မြေများ"၊ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာနယ်မြေ၊ သို့မဟုတ် သဘာဝအမွေအနှစ်ဆိုင်ရာ နယ်မြေအဖြစ် အစိုးရမှသတ်မှတ်သော နယ်မြေများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား မြေယာငှားရမ်းလုပ်ကိုင်ခွင့်၊ သို့မဟုတ် အသုံးချခွင့်ကို တားမြစ်ထားပါသည်။
  - အထက်တွင်ဖော်ပြခဲ့သည့် နယ်မြေများကို မည်ကဲ့သို့သတ်မှတ်သည်၊ ထိုသို့သတ်မှတ်ရာတွင် တိုင်းရင်းသား လူနည်းစုများအနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သည်ဆိုသောအချက်အပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိကျရှင်းလင်းစွာ ဖော်ပြခြင်းမရှိပါ။

■ မြန်မာနိုင်ငံသည် ဗဟိုမှချုပ်ကိုင်ထားသောစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သည် (ဆိုလိုသည်မှာ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းထားသောအစိုးရ)။ ထို့အပြင် ပြည်ထောင်စုအစိုးရအား ရင်းနှီးမြှုပ်နှံမှုများ စီမံအုပ်ချုပ်ခွင့်အပ်နှင်းထားပြီး ပြည်နယ်နှင့် တိုင်းဒေသဆိုင်ရာ အစိုးရအဖွဲ့များအား ရွေးချယ်ခန့်အပ်ခြင်းကိုလည်း ဗဟိုအစိုးရမှ ဆောင်ရွက်ပါသည်။ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ သို့မဟုတ် တိုင်းဒေသကြီးအစိုးရထံမှ အတည်ပြုချက် ရယူရန် မလိုအပ်သော်လည်း အသိပေးအကြောင်းကြားရန် လိုပါသည်။

■ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သည် မြေယာအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ တစ်ဦးတည်းသောပိုင်ရှင်ဖြစ်သည်။ နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ဥပမာအားဖြင့် အချို့သောကိစ္စရပ်များတွင် ပြည်တွင်း၊ ဒေသတွင်းဆက်နွယ်နေသည့် ကိစ္စများတွင် တိုင်းရင်းသားများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအဖြစ် အသိအမှတ်ပြုပေးထားသော်ငြားလည်း ယင်းဒေသခံ နယ်မြေအတွင်းရှိ မြေယာအားလုံးနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းပိုင်ဆိုင်မှုများမှာ နိုင်ငံတော်ကသာ ပိုင်ရှင်အစစ်ဖြစ်ပြီး ထိုကိစ္စများအတွက် သယံဇာတပစ္စည်းများကို တူးဖော်ပိုင်ခွင့်၊ အသုံးပြုနိုင်ခွင့်နှင့် ကွပ်ကဲကြီးကြပ်ပိုင်ခွင့်တို့အတွက် အစိုးရ၏တရားစီရင်ပိုင်ခွင့်အာဏာ မသက်ရောက်ပါ။ သို့သော် ပြည်နယ်နှင့်တိုင်းဒေသကြီးဥပဒေပြုအဖွဲ့များအား ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ မိမိတို့သက်ဆိုင်ရာ နယ်နိမိတ်အတွင်း လိုအပ်သောဥပဒေပြဋ္ဌာန်းနိုင်ခွင့်ကို အပ်နှင်းထားသည်။

■ မြန်မာနိုင်ငံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အလုပ်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမို၍လွှဲပြောင်းပေးအပ်သော အစိုးရဖြစ်ရန် ဦးတည်လျက်ရှိပါသည်။ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပြည်နယ်အစိုးရအဖွဲ့များကို ၂၀၁၁-ခုနှစ်တွင်းမှ စတင်ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်၊ သို့မဟုတ် တိုင်းဒေသကြီးဆိုင်ရာ အစိုးရအဆင့်များ၌ မည်သို့ကိုယ်စားပြုရမည်၊ မည်ကဲ့သို့ တာဝန်များခွဲဝေယူကြရမည်ဟူသော ကိစ္စရပ်များအတွက် ဒွိဟဖြစ်စရာအခြေအနေများ ရှိနေဆဲဖြစ်ပါသည်။ ဗဟိုအစိုးရ၌သာ သဘာဝသယံဇာတပစ္စည်းများကို ချုပ်ကိုင်ခွင့်ရှိနေပြီး လာမည့်အနာဂတ်ကာလ၌လည်း ပြောင်းလဲမှုများ မရှိနိုင်ပါ။ ထိုအပြောင်းအလဲများသည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ရလဒ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ရလဒ်အပေါ်၌သာ များစွာမူတည်လိမ့်မည်ဖြစ်သည်။ တိုင်းရင်းသားလူနည်းစုများသည်လည်း ၎င်းတို့မှီတင်းနေထိုင်လျက်ရှိသော နယ်မြေဒေသတွင်းရှိ သယံဇာတများအပေါ်၌ ပိုမိုချုပ်ကိုင် လုပ်ဆောင်နိုင်ခွင့်နှင့် အုပ်ချုပ်ရေးအာဏာများ ပိုမိုရရှိလာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့အချက်အလက်များကို ပြင်ဆင်ရန် တောင်းဆိုလျက်ရှိပါသည်။

- EITI လုပ်ငန်းစဉ်များ ပိုမို အကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့်အမျှ သယံဇာတများ တူးဖော်တွေ့ရှိရာဒေသများသည် နိုင်ငံတော်၏ တွင်းထွက်သယံဇာတ တူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုသည်လည်း ပိုမို၍ ပွင့်လင်းမြင်သာလာမည် ဖြစ်ပါသည်။
- တွင်းထွက် သယံဇာတပစ္စည်းများ တူးဖော်ရေးလုပ်ငန်းများတွင် ဌာနေတိုင်းရင်းသားလူမျိုးများ ပါဝင်ဆောင်ရွက်နိုင်မှုအား ပိုမိုမြှင့်တင်ရန်ကိစ္စရပ်မှာ နိုင်ငံတကာတွင် အသစ်ပေါ်ပေါက်လာသော ချဉ်းကပ်မှုတစ်ခုဖြစ်ပြီးထွက်ရှိသည့် သဘာဝ သယံဇာတများအား စီမံခန့်ခွဲအသုံးပြုမှုမှရရှိသော အကျိုးအမြတ်များအပေါ် ၎င်းတို့၏ (အများပိုင်) မြေအတွင်း ထိန်းချုပ်နိုင်မှု ဆက်လက်ရရှိနိုင်ရန်လည်း ဖြစ်သည်။ မြန်မာနိုင်ငံဥပဒေသည် ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး လုပ်ငန်းများတွင် တင်ဒါစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်ပြီး မိမိတို့ချမှတ်ထားသော စည်းကမ်းချက်များဖြင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများကိုသာ ကန့်သတ်လုပ်ကိုင်ခွင့်ပြုသည်။ သို့ဖြစ်၍ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပိုင်ဆိုင်မှုအောက်တွင် တူးဖော်ထုတ်ယူနိုင်မည့်ပုံစံအသစ်များ ဖြစ်ပေါ်လာရန်မှာ လက်တလောအခြေအနေတွင် မဖြစ်နိုင်သေးပါ။

## ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လွတ်လပ်ပြီး ကြိုတင်အသိပေး၍ သဘောတူညီမှု ရယူခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ဆွေးနွေးညှိနှိုင်းနိုင်ခွင့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်များ အပါအဝင် လျင်မြန်စွာဆောင်ရွက်နိုင်ရန် လွတ်လပ်ပြီး ကြိုတင်အသိပေး၍ သဘောတူညီမှု ရယူပိုင်ခွင့်

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၁၁/၂၀၁၃)အရ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ်ကျရောက်နိုင်သည့် သက်ရောက်မှုများအား ရှောင်ရှားနိုင်ရန်၊ လျှော့ချရန် လုံလောက်သော ချင့်ချိန်ဆောင်ရွက်မှုများ အဆိုပြုထားခြင်း ရှိ/မရှိနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်ဖြစ်သည်။ သက်ဆိုင်ရာတိုင်းဒေသ၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ဒေသအတွင်းရှိ နေထိုင်သူအများစုနှင့် တိုင်းရင်းသားလူနည်းစုတို့အား ကိုယ်စားပြုသည့်အကြောင်း အချက်အလက်များကို လေ့လာသုံးသပ်ရန် အခွင့်အရေးရရှိနိုင်သော်လည်း ကုမ္ပဏီများအနေဖြင့် ဒေသတွင်းနေထိုင်သူများ၊ တိုင်းရင်းသားလူမျိုးများနှင့် ရေရှည်ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့်မတူညီနိုင်ပါ၊ အစားမထိုးနိုင်ပါ။ ထို့အပြင် ကုမ္ပဏီမှ ဒေသအစိုးရ၏ ထောက်ခံမှုရရှိရန် ဒေသအတွင်းရှိစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဒေသခံလူထု၏ သဘောထားနှင့်ဆန့်ကျင်၍ ငွေကြေးထောက်ပံ့မှုများပေးခြင်းဖြင့် ဒေသခံများနှင့် ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်သည်။
- နိုင်ငံတော်သည် REDD+ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ FPIC နှင့် ဆက်နွှယ်မှုအား အသိအမှတ်ပြုထားပြီး အဓိကအားဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းတွင် FPIC ၏ အရေးပါမှုကို အသိအမှတ်ပြု ဖော်ပြထားသည်။
- SWIAမှ ကွင်းဆင်းလေ့လာရာတွင် ခြင်းချက်အချို့မှလွဲ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေယာသုံးစွဲမှု၊ နေရာပြန်လည်ချထားမှုနှင့်ဆိုင်သော ကိစ္စများတွင် FPIC ဟုသတ်မှတ်နိုင်သော လုပ်ဆောင်ချက်များ၊ သို့မဟုတ် ဒေသခံများနှင့် သေချာစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ နည်းပါးခဲ့ပါသည်။ ဤသည်မှာ ၂၀၁၂-ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေမတိုင်မီက ဥပဒေကြောင်းအရ သက်ရောက်နိုင်သည့် အကျိုးဆက်များအား လေ့လာဆန်းစစ်ခြင်း လုပ်ဆောင်ရမည်ဟူသော သတ်မှတ်ပြဋ္ဌာန်းချက် မရှိခဲ့ခြင်းအား တစ်စိတ်တစ်ပိုင်းအားဖြင့် ထင်ဟပ်နေစေပါသည်။
- အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကမ္ဘာ့ဘဏ် (World Bank) နှင့်IFC တို့သည် ၎င်းတို့၏ ငွေကြေးပံ့ပိုးမှုဖြင့်ဆောင်ရွက်သော မြန်မာနိုင်ငံတွင်းရှိစီမံကိန်းများတွင် ဌာနေတိုင်းရင်းသား လူမျိုးများ၏ လုံခြုံမှုများအတွက် မူဝါဒများချမှတ်၍ ယင်းတို့၏ လုပ်ငန်းများတွင် ယင်းမူဝါဒအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟူသော ရည်ညွှန်းချက်များ ပါဝင်ပါသည်။ မကြာခင်ကာလတွင်ပေါ်ပေါက်လာမည်ဖြစ်သော EIA လုပ်ငန်းစဉ်များတွင် ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ သတင်းထုတ်ဖော်ပြောဆိုခြင်းများပြုလုပ်ရမည်ဟူသော စည်းကမ်းချက်ပါဝင်လိမ့်မည်ဟု မျှော်မှန်းရပါသည်။ ၂၀၁၃-ခုနှစ် ဒီဇင်ဘာလတွင်ထွက်ရှိသော ဥပဒေမူကြမ်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ စမ်းသပ်ရှာဖွေရေးနှင့်ထုတ်လုပ်ရေး ပြုလုပ်ရာတွင် EIA လိုအပ်ပါသည်။ စံ-ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (Model PSC) အပိုဒ် (၁၇.၂-ခခ) တွင် EIA နှင့် SIA များအား လုပ်ဆောင်ရမည့် အဆင့်တစ်ဆင့်အဖြစ် ဖော်ပြထားပါသည်။ သို့သော် EIA လုပ်ငန်းစဉ်တွင် ဌာနေတိုင်းရင်းသား

လူမျိုးများ/ လူမျိုးစုလူနည်းစုများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတိုင်ပင်ရန်၊ သို့မဟုတ် သဘောတူညီချက်ရရှိရန် တောင်းဆိုထားခြင်းမရှိပါ။ သို့သော်လည်း နိုင်ငံတွင်းသတ်မှတ်ထားသည့် အသေးစိတ်လုပ်ငန်းစဉ်များ မရှိချိန်တွင် နိုင်ငံတကာမှ အလေ့အထကောင်းများအား အသုံးပြုရန် လိုအပ်မည်ဖြစ်ပြီး ပိုမိုနက်ရှိုင်းသော ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန် စံနှုန်းများအသုံးချခြင်း၊ လွတ်လပ်ပြီး ကြိုတင်အသိပေး၍ သဘောတူညီမှုရယူခြင်း (FPIC) ကို သတ်မှတ်အခြေအနေများ၌ အသုံးပြုခြင်းများအတွက် တံခါးဖွင့်ထားရန် လိုအပ်ပါသည်။

## ဒေသတွင်း အကျိုးအမြတ်ခွဲဝေခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်/နေထိုင်အသုံးပြုခဲ့သော မြေယာများနှင့် သယံဇာတပစ္စည်းများအားပိုင်ဆိုင်နိုင်ခွင့်၊ အသုံးပြုနိုင်ခွင့်။ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်ခွင့်နှင့် ထိန်းသိမ်းချုပ်ကိုင်နိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- လက်ရှိတွင် မြန်မာနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများမှ အကျိုးအမြတ်များအား ရပ်ရွာဒေသများနှင့် အကျိုးတူမျှဝေခံစားနိုင်ရန် သဘောတူညီချက် မရှိသေးပါ။ မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် မျက်နှာလိုက် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ စံ-ထုတ်လုပ်မှုအပေါ်ခွဲဝေစာချုပ် (Standard PSC) တွင် အချက်အနည်းငယ်သာ (အချို့သော အခြေအနေပေါ်မူတည်၍) ပါရှိပြီး "စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန် (CSR) များအား ကန်ထရိုက်ဆောင်ရွက်သည့် နေရာများတွင် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်သည်"ဟူသည့်အချက်ကို စာချုပ်တွင် လိုအပ်ချက်အနေဖြင့် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ မည်သည့် PSC အပိုဒ်တွင်မျှ ရပ်ရွာဒေသခံများနှင့် သေသေချာချာ နက်နက်နဲနဲ စေ့စပ်ဆွေးနွေးမှုများပြုလုပ်ရန်၊ သို့မဟုတ် အကျိုးအမြတ်ခွဲဝေမှုများလုပ်ဆောင်ရန် လိုအပ်သည်ဟု ဖော်ပြထားခြင်း မရှိပါ။
- တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် စီမံကိန်းများတွင် ဒေသရပ်ရွာဖွံ့ဖြိုးရေး သဘောတူညီချက် (Community Development Agreement - CDA) နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေသော နိုင်ငံတကာ အလေ့အကျင့်ကောင်းများ ပိုမိုများပြားလာပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အစိုးရများမှ လုပ်ငန်းများအား ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွင်းသို့ တရားဝင်ဝင်ရောက်ရန်အတွက် တွန်းအားပေးပြီး၊ နိုင်ငံအလိုက် သီးခြားချမှတ်ထားသော တာဝန်များကိုလိုက်နာရန် တွန်းအားပေးခြင်းကြောင့် ဖြစ်နိုင်သည်။ ထိုသို့မဟုတ်ပါက ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာများအတွင်းသို့ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ကြိုးပမ်းညှိနှိုင်းနေသော လုပ်ငန်းဆောင်ရွက်သူများအား ဓလေ့ထုံးစံအရ မြေယာရယူခြင်းနှင့် မြေယာအသုံးပြုခြင်းအား စေ့စပ်ညှိနှိုင်းဆွေနွေးနိုင်ရန် တရားဝင်ဖြစ်ပြီး တိကျသည့်စနစ်တစ်ခု ချမှတ်ထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ လုပ်ငန်းဆောင်ရွက်သူနှင့် ဒေသခံများပါဝင်သော သိသာထင်ရှားသည့် ပဋိပက္ခဖြစ်ပွားမှုနောက်တွင်၊ သို့မဟုတ် ပဋိပက္ခများဖြေရှင်းနိုင်ရန်အတွက် ညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီမှု တစ်ခုအဖြစ် ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် ဒေသခံပြည်သူလူထု၏ သဘောတူကြည်ဖြူမှု social license to operate ပိုမိုအားကောင်းလာစေရန် ဖြစ်စေ ကုမ္ပဏီများအနေနှင့် ရပ်ရွာဖွံ့ဖြိုးရေး သဘောတူညီချက် (CDA) အား အဆိုပြုတင်ပြနိုင်ပါသည်။

၄

၄.၅

စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# အန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများ



# ၄

၄.၆

## အပိုင်း - ၄.၆

# အန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများ

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း ယဉ်ကျေးမှု ကွဲပြားခြားနားဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ဗမာလူမျိုးများကြီးစိုးသော ဗဟိုအစိုးရမှ "ဗမာလူမျိုးကြီး" (Burmanisation) မူဝါဒစွဲကိုင်အုပ်ချုပ်ကာ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများအပေါ် ဖိနှိပ်ထားပြီး တိုင်းရင်းသားလူနည်းစုများအား "ဒုတိယတန်းစား နိုင်ငံသားများ"အဖြစ် ဆက်ဆံကြောင်း တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များမှ ယုံကြည်လျက်ရှိသည်။ ဤသို့လူနည်းစုလူမျိုးစု ပုံစံများအကြား ရှုပ်ထွေးမှုရှိနေချိန်တွင် ခွဲခြားခံရမှုအန္တရာယ်နှင့် ကြုံတွေ့နေကြရသည့် အခြားသော လူအုပ်စုများလည်း မြောက်များစွာရှိနေပါသည်။ ၎င်းအုပ်စုများသည် ဆင်းရဲနွမ်းပါးမှု၊ ပြောင်းလဲမှုများအား ပုံဖော်သည့်ဖြစ်စဉ်အတွင်း ၎င်းတို့ထံမှ အသံများအား ကြားသိနိုင်စေမည့် ပြယုဂ်မရှိခြင်းနှင့် ပိုမိုသြဇာသက်ရောက်သည့် အင်အားများကို ခံနိုင်ရည်အား မရှိခြင်းများကြောင့် နိုင်ငံအတွင်း များပြားလာသည့် ပြောင်းလဲမှုအကျိုးဆက်များ၏ဒဏ်ကို ခံကြရပါသည်။ မြန်မာနိုင်ငံ၏ ပြောင်းလဲရေး အရှိန်အဟုန်နောက်တွင် ထိုသို့သော အန္တရာယ်ကျရောက်လွယ်အုပ်စုများ ကျန်ရစ်နေခဲ့ပါသည်။ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများသည်လည်း ထိုသို့သောအုပ်စုများအပေါ် ပြဿနာများ ပိုမိုဆိုးရွားလာစေခြင်းကဲ့သို့သော အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ ထို့အတွက် မည်သည့်အကျိုးသက်ရောက်မှုဖြစ်စေ ဘက်လိုက်မှုကိုအခြေမခံသည့် အကျိုးဆက်သာဖြစ်စေခြင်း၊ သို့မဟုတ် ၎င်းအမေ့လျော့ခံ အုပ်စုများအတွက် တူညီသော အခွင့်အလမ်းများရရှိစေမည့် လုပ်ငန်းခွင်များဖြစ်စေခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှုများနှင့် ဝင်ငွေရ အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးမည့် လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများတွင် တူညီသော အခွင့်အလမ်းရရှိစေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

### လူနည်းစုဘာသာဝင်များ

**ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များ (အစ္စလမ်ဘာသာဝင်များ)**

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၃၄) နှင့် (၃၅၄) တို့သည် ယေဘုယျအားဖြင့် လွတ်လပ်စွာတွေးခေါ် ယူဆခွင့်၊ ဘာသာအယူကိုးကွယ်ခွင့်နှင့် ဓလေ့ထုံးတမ်းများကို လိုက်နာခွင့်များအား ခွင့်ပြုထားသော်လည်း အကန့်အသတ်အချို့ ရှိနေပါသေးသည်။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့အတွက် ကန့်သတ်ချက်များနှင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များအား အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင် ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း အပိုဒ် (၃၅၄)အောက်တွင်မူ "အများပြည်သူ၏ တည်ငြိမ်အေးချမ်းမှု"အတွက်ဟူသည့် ကန့်သတ်ချက်များ ထည့်သွင်းပါရှိခြင်းသည် ပုံကြီးချဲ့ကာ ကောက်ချက်ဆွဲနိုင်ပြီး အကာအကွယ်ပေးထားသည့် အခွင့်အရေးများကို ပြန်လည် ချိုးဖောက်ရန် လွယ်ကူစေပါသည်။

မြန်မာနိုင်ငံရှိ နေရာဒေသများစွာတွင်နေထိုင်ကြသည့် မူဆလင်များသည် လူဦးရေ၏ လူနည်းစုတစ်ခုသာ ဖြစ်ပါသည်။ ၂၀၁၄-ခုနှစ် မတ်လ-ဧပြီလ သန်းခေါင်စာရင်းမှ အချက်အလက်များမရှိသည့်အတွက် ပိုမိုတိကျမှုရှိသည့် ခန့်မှန်းခြေရရှိရန် ခက်ခဲပါသည်။ ၎င်းကိစ္စရပ်သည် မကြာသေးမီကဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အလွန်အထိမခံသည့် ကိစ္စတစ်ရပ်ဖြစ်နေပြီး ဗုဒ္ဓဘာသာ ကိုးကွယ်သူများအနေနှင့် မူဆလင်လူထု တိုးပွားများပြားလာမည်ကို ကြောက်ရွံ့လျက်ရှိပါသည်။ ရိုဟင်ဂျာ ဆန့်ကျင်ရေးသည် အရှင်းလင်းဆုံးအဖြစ်အပျက်တစ်ခုဖြစ်ပြီး ရိုဟင်ဂျာသာမက မူဆလင်ဆန့်ကျင်ရေး ခံစားချက်များနှင့် ခွဲခြားဆက်ဆံမှုများ ပြန့်ပွားလျက်ရှိရာ နိုင်ငံ၏အခြားနေရာဒေသများရှိ မူဆလင်များအားလည်း ဆန့်ကျင်လျက်ရှိပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်

အတိုင်း ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား လူထုတွင်း အကြမ်းဖက်မှုများသည် ၂၀၁၂-ခုနှစ် ဇွန်အတွင်း ရခိုင်ပြည်နယ်အတွင်း၌ ဖြစ်ပွားခဲ့ပါသည်။ ထိုသို့ဖြစ်ပွားခဲ့မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူပေါင်း ၁၄၃,၀၀၀-ခန့် ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး ယာယီစခန်း (Camps) များတွင် အလွန်ဆိုးရွားသော အခြေအနေများဖြင့် နေထိုင်ကြရပြီး အများစုမှာ ရိုဟင်ဂျာများဖြစ်ကြသည်။ ထိုအကြမ်းဖက်မှုများမှ အခြားနေရာများသို့ ပြန့်နှံ့သွားခဲ့ပြီး အထူးသဖြင့် နိုင်ငံ၏အလယ်၌တည်ရှိသည့် မိတ္ထီလာတွင် ၂၀၁၃-ခုနှစ် မတ်လအတွင်း လူပေါင်း (၄၀) ကျော် သေဆုံးခဲ့ရပါသည်။ ၂၀၁၄-ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မန္တလေးမြို့တွင် ထပ်မံ၍ လူထုတွင်းအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ လူပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခံရပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြပါသည်။ ထိုအကြမ်းဖက်မှုများအတွင်း အနည်းဆုံးလူ (၂)ဦး သေဆုံးမှုရှိခဲ့ပြီး မြို့တော်အတွင်း တင်းကြပ်သည့် ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ရပါသည်။

မြန်မာနိုင်ငံရှိ အချို့သောဗုဒ္ဓဘာသာ သံဃာတော်များမှ (ဘုန်းကြီးများမှ) "၉၆၉" လှုပ်ရှားမှုများကို ဦးဆောင်ခဲ့ကြပြီး မူဆလင်များသည် နိုင်ငံအား ကျူးကျော်သိမ်းပိုက်နေကြောင်း အစရှိသဖြင့် ဟောပြောလျက်ရှိပါသည်။ "၉၆၉" လှုပ်ရှားမှုများအရ ဗုဒ္ဓဘာသာဝင်များအား မူဆလင်များ၏ စီးပွားရေးလုပ်ငန်းများအပေါ် ဆန့်ကျင်ရှောင်ရှားရန် တွန်းအားပေးပြီးလှုံ့ဆော်မှုများသည့် ထောက်ခံမှုအချို့လည်း ရရှိပါသည်။ ထို့အပြင် ဖော်ပြပါအကြမ်းဖက်မှုများ ဖြစ်နေစဉ်အတွင်း အချို့သော ဗုဒ္ဓဘာသာခေါင်းဆောင်များမှ ဗုဒ္ဓဘာသာကို "ကာကွယ်ရန်" အတွက် ဥပဒေပြုရေး အစိုးရအားတောင်းဆိုခဲ့ကြပြီး လက်ရှိအချိန်ထိ အဆိုပြုလွှာလေးခုအား တင်ပြထားပြီးဖြစ်သည်။ ၎င်းအဆိုပြုလွှာလေးခုမှာ - ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ကူးပြောင်းခြင်း၊ ဘာသာခြားနှင့် လက်ထပ်ထိမ်းမြားခြင်း၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော အိမ်ထောင်စု၏ မိသားစုဝင်ဦးရေနှင့် အိမ်ထောင်ဖက်များစွာထားရှိခြင်းတို့ကို ကန့်သတ်ထားပါသည်။ ၎င်းတို့ထဲမှ အနည်းဆုံးတစ်ခု ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေမှာ ဥပဒေကြမ်းရေးဆွဲပြီးဖြစ်၍ လက်ရှိတွင် လွှတ်တော်၌ ဆွေးနွေးနေဆဲဖြစ်ပါသည်။ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအရ ဘာသာတစ်ခုမှ အခြားဘာသာသို့ ကူးပြောင်းလိုသူ တစ်ဦးတစ်ယောက်သည် မြို့နယ်အဆင့် ဘာသာကူးပြောင်းမှုဆိုင်ရာ မှတ်ပုံတင်ရေးဘုတ်အဖွဲ့မှ ခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ၎င်းလုပ်ငန်းစဉ်အတွင်း ဘုတ်အဖွဲ့မှ မေးခွန်းများမေးမြန်းရန်နှင့် "ဘာသာကူးပြောင်းမှုလက်မှတ်" ထုတ်ပေးရန်လုပ်ငန်းများ ပါဝင်ပါသည်။

## အခြားသော ကိုးကွယ်ယုံကြည်မှုများ

အခြားသော ကိုးကွယ်ယုံကြည်မှုများရှိသည့် သူများသည်လည်း ခွဲခြားဆက်ဆံခြင်းနှင့် ဘေးဖယ်ချန်ရစ်ခံရခြင်းများ ကြုံတွေ့ရပါသည်။ နိုင်ငံအတွင်း၌ ခရစ်ယာန်ဘာသာဝင်များ နည်းပါးသော်လည်း ချင်းနှင့် ကချင်လူမျိုးစုအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး ကရင်နှင့် ကရင်နီလူမျိုးစု အနည်းငယ်သည်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ အခြားသော ကိုးကွယ်ယုံကြည်မှု အနည်းစုနှင့်အတူ ခရစ်ယာန်ဘာသာဝင်များသည်လည်း ယေဘုယျအားဖြင့် အစိုးရဝန်ထမ်းအဆင့်နှင့် စစ်တပ်အတွင်း အဆင့်မြင့်ရာထူးများ တိုးမြှင့်ခံထားရခြင်းမရှိပါ။ လူမျိုးစုလူနည်းစု ခရစ်ယာန်ဘာသာဝင်များအနေနှင့် ဝတ်ပြုရန်နေရာများ ဆောက်လုပ်ခြင်းအပါအဝင် ဘာသာရေးလွတ်လပ်ခွင့်များအပေါ် ကန့်သတ်ထိန်းချုပ်ခြင်းများ၊ ဘာသာရေးပွဲများကျင်းပရန်နေရာများနှင့် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်ပစ္စည်းများ ဖျက်ဆီးခြင်းကို ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ ထိုသို့သော လွဲမှားစွာ ပြုကျင့်မှုများကို အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ တွေ့ရှိရပါသည်။ ပဋိပက္ခဖြစ်ပွားနေသည့် နေရာများမှ ခရစ်ယာန်ဘာသာဝင်များကဲ့သို့ မပြင်းထန်သော်လည်း ဗမာ/ကပြား ခရစ်ယာန်ဘာသာဝင်များ အနေနှင့်လည်း ဘုရားကျောင်းဆောက်လုပ်ခြင်းနှင့် အများပြည်သူဆိုင်ရာ အခမ်းအနားများပြုလုပ်ဆောင်ရွက်ခြင်းအပေါ်တွင် ကန့်သတ်ခံရမှုများ ကြုံတွေ့ရပါသည်။

## ပြည်တွင်းရွှေ့ပြောင်းနေသောလူများ

ဆယ်စုနှစ်များစွာဖြစ်ပွားလာခဲ့သောပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့်လူပေါင်းသိန်းနှင့်ချီ၍ရွှေ့ပြောင်းနေထိုင်ကြရပြီး အခြားသူများမှာ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းဝင်ရောက်သွားပြီ ဖြစ်သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ကိုယ်စားလှယ်ရုံး (UNHCR) မှ မြန်မာနိုင်ငံအတွင်း လူပေါင်း ၄၉၀,၀၀၀ ကျော်ခန့် ရွှေ့ပြောင်းနေထိုင်နေကြကြောင်း၊ ၎င်းတို့မှ အများစုမှာ လူနည်းစုလူမျိုးစုများဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ရွှေ့ပြောင်းနေထိုင်သူ ၂၃၀,၀၀၀ ကျော်မှာ မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်း၌ ဆက်လက်နေထိုင်ကြပြီး အချို့သော ဒုက္ခသည် ၁၂၈,၀၀၀ ခန့်မှာ မြန်မာနိုင်ငံ၏နယ်စပ်အနီး ထိုင်းနိုင်ငံ

အတွင်းရှိ ဒုက္ခသည်စခန်းများ၌ နေထိုင်လျက်ရှိပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူထုအတွင်းအကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်း လူပေါင်း ၁၄၃,၀၀၀ ခန့် ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး အများစုဖြစ်သည့် အစ္စလမ်ဘာသာဝင် ရိုဟင်ဂျာများမှာ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် စခန်းများ၌ (IDP Camps) နေထိုင်လျက်ရှိပါသည်။

ရွှေ့ပြောင်းနေထိုင်ကြသူများသည် အတင်းအဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ သို့မဟုတ် အဓမ္မစေခိုင်းခြင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ခံရရန် အန္တရာယ်ရှိသောအခြေအနေတွင် ရှိနေကြပါသည်။ စားနပ်ရိက္ခာမဖူလုံမှုနှင့် တစ်ခါတစ်ရံတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့သော အခြေခံဝန်ဆောင်မှုများပင် မရရှိကြပါ။ ရခိုင်နှင့် ကချင်ပြည်နယ်များရှိ ဒုက္ခသည်စခန်းများ၏ အခြေအနေမှ အလွန်ပင်နွမ်းပါးပါသည်။ ထို့အပြင် ရွှေ့ပြောင်းနေထိုင်ကြသူများသည် ၎င်းတို့ မူလပိုင်ဆိုင်ခဲ့သည့် မြေနေရာများ လက်လွတ်ဆုံးရှုံးရန်အန္တရာယ်လည်း ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ နေရာများ၌ အခြားသူများမှ ဝင်ရောက်နေထိုင်နေနိုင်သောကြောင့် ဖြစ်သည်။ အစိုးရနှင့် လက်နက်ကိုင်လူမျိုးစုအဖွဲ့များမှ အမျိုးသားအဆင့် (တစ်နိုင်ငံလုံး အတိုင်းအတာအရ) အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက် ရရှိနိုင်မည်ဆိုပါက၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များသည် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်နေထိုင်နိုင်မည်ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့သော အခြေအနေထိ ရောက်ရှိသည့်တိုင် ၎င်းတို့ပိုင်ဆိုင်သော မြေနေရာများကို အခြားသူများမှ ပိုင်ဆိုင်သည်ဟုဆိုကာ တောင်းယူခြင်း၊ သို့မဟုတ် မြေမြှုပ်မိုင်းများ မြှုပ်နှံကျန်ရှိနေခြင်းကဲ့သို့သော ကြီးမားသည့် စိန်ခေါ်မှုများ ရှိနေပါသေးသည် (မြေယာအကြောင်း အခန်း-၄.၃ တွင်ကြည့်ပါ)။

## မြေယာမဲ့များ

မြေယာမဲ့များနှင့်ပတ်သက်၍ အတိုချုံးသိရှိနိုင်ရန် မြေယာအပိုင်း (အခန်း ၄.၃-က) ကိုကြည့်ပါ။

## အမျိုးသမီးများ

အမျိုးသမီးများသည် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် ဆိုးကျိုးသက်ရောက်မှုများအား ပိုမိုခံစားရဖွယ်ရှိပြီး ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသားများထက်စာလျှင် အသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်ရန်အခွင့်အလမ်း ပိုမိုနည်းပါးပြီး လူမှုရေးနယ်ပယ်တွင်လည်း တန်းတူနေရာမရရှိခြင်း၊ မိသားစုနှင့်ယှဉ်ကျေးမှုအရ အမျိုးသမီးများအားပေးထားသော တာဝန်ဝတ္တရားများ နည်းပါးခြင်းနှင့် စာတတ်မြောက်မှု နည်းပါးနေခြင်းများကြောင့် ဖြစ်သည်။ ရလဒ်အနေနှင့် ဆင်းရဲနွမ်းပါးမှုသည် အချိုးညီမျှမှုမရှိစွာပင် အမျိုးသမီးများအပေါ် ပိုမိုအကျိုးသက်ရောက်စေပါသည်။ မကြာခဏပင် အမျိုးသမီးငယ်များသည် ကျောင်းမတက်နိုင်သည့်အတွက် အမျိုးသမီးထုတစ်ခုလုံးအနေနှင့် ပညာတတ်မြောက်သူနည်းပါးပြီး စာတတ်မြောက်မှုနှုန်းလည်း ကျဆင်းစေပါသည်။ အလွန်ဝေးလံသည့် တောင်ပေါ်နယ်စပ်ဒေသများတွင် အမျိုးသမီးများအတွင်း စာမတတ်မြောက်သူဦးရေမှာ ၈၀ ရာခိုင်နှုန်း ဖြစ်သည်။ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းမရှိပါက အမျိုးသမီးများသည် အလုပ်အကိုင်ဈေးကွက်အတွင်း အလုပ်အကိုင်မရရှိနိုင်ဘဲ ဝင်ငွေနည်းပါးသည့် အလုပ်အကိုင်များသာ ရရှိခြင်း၊ ခေါင်းပုံဖြတ်ခံရနိုင်ခြေ ပိုမိုမြင့်မားခြင်းများ ကြုံတွေ့ကြရပါသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုးအား ဆန့်ကျင်သည့် ကုလသမဂ္ဂကွန်ဗင်းရှင်း (the UN Convention against All Forms of Discrimination against Women – CEDAW) အား ၁၉၉၇-ခုနှစ် ဇူလိုင်လတွင် သဘောတူလက်မှတ်ရေးထိုးထားပါသည်။ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မျှတမှုရှိရေးအတွက် လက်တွေ့ဆောင်ရွက်နိုင်မည့် ထိရောက်မှုရှိသော အခြေခံဥပဒေဆိုင်ရာ အာမခံချက်များ မပါဝင်ပါ။ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် (၃၅၀) တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် "တူညီသည့် အလုပ်အပေါ်" အမျိုးသားများ ရရှိသကဲ့သို့ "တန်းတူအခွင့်အရေးများနှင့် လစာနှုန်းထားများ" ရရှိနိုင်မည့်အခွင့်အရေးကို ဖော်ပြထားပါသည်။ "တူညီသည့် အလုပ်အပေါ်" ဟု သုံးနှုန်းခြင်းသည် CEDAW တွင် ဖော်ပြပါရှိသည့် တူညီသည့်အလုပ်တန်ဖိုးအတွက် တူညီစွာပေးရမည်ဟူသော အနှစ်သာရကို ရမည်မဟုတ်ပေ။ လက်တွေ့တွင် အမျိုးသမီးများအနေနှင့် တူညီသော အလုပ်တန်ဖိုးအတွက် တူညီသည့်အဖိုးအခ မရရှိကြချေ။ ဥပဒေတွင် အမျိုးသားနှင့် အမျိုးသမီးအကြား တန်းတူဖြစ်စေရေး ပြဋ္ဌာန်းထားသော်လည်း ကျင့်သုံးမှုအားနည်းပါသည်။ အုပ်ချုပ်ရေးကဏ္ဍအတွင်း အမျိုးသမီးကိုယ်စားပြုမှု နည်းပါးပြီး ထုံးတမ်းစဉ်လာအရ အမျိုးသားများမှသာ အများစု နေရာရရှိကြပါသည်။ ထိုသို့သော ကိစ္စရပ်များအား ဖော်ထုတ်ဖြေရှင်းနိုင်ရန်အတွက် ၂၀၁၃-ခုနှစ် အောက်တိုဘာလတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၀ နှစ်တာ နှစ်ရှည်စီမံကိန်းတစ်ခုကို အစိုးရမှ ချမှတ်ခဲ့ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အစိုးရအား ကျား/မကဏ္ဍ အခြေအနေ သုံးသပ်မှုတစ်ခု ပြုလုပ်နိုင်ရန်အတွက် ပံ့ပိုးပေးထားပြီး ထိုသုံးသပ်မှုမှတစ်ဆင့် နိုင်ငံအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေအပေါ် စစ်တမ်းကောက်ယူနိုင်ရန် ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသမီးဝန်ထမ်းများအတွက် မီးဖွားခွင့်ကို ၁၉၅၄-ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ မီးမဖွားမီ ခြောက်ပတ်နှင့် ခန့်မှန်း ကလေးမွေးဖွားရက်နောက် ရှစ်ပတ်ပေးထားပြီး ထိုခွင့်ရက်ကိုရရှိရန်အတွက် အလုပ်သမားများမှာ မီးဖွားမည့်နေ့မတိုင်မီ ၅၂-ပတ် အတွင်းတွင် လူမှုရေးအာမခံစနစ် (social insurance system) သို့ ၂၆-ပတ်ကို ထည့်ဝင်ထားရမည် ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်စေမှုကို ပြစ်မှုဆိုင်ရာဥပဒေအရ တားမြစ်ထားပြီး ငွေဒဏ်ချမှတ်ခြင်း၊ သို့မဟုတ် တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ခြင်းများဖြင့် ပြစ်ဒဏ်သတ်မှတ်ထားပါသည်။ သို့သော် မြန်မာနိုင်ငံတွင်မူ ၎င်းကိစ္စရပ်သည် လူသိရှင်ကြားမဖြစ်လိုသော ကိစ္စရပ်များဖြစ်နေသောကြောင့် ထိုသို့သော ပြစ်မှုများစွာမှာ တိုင်ကြားမှုအဆင့်ထိ မရောက်ရှိကြပါ။

မြန်မာအမျိုးသမီးအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ဘာသာခြားနှင့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေအပေါ် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး အထူးသဖြင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းပုံစံ ဖြစ်နေခြင်းနှင့် "ဘာသာရေး အခြေပြု အစွန်းရောက်အမျိုးသားရေးဝါဒီသည် တိုင်းပြည်၏ငြိမ်းချမ်းရေးကို ဖျက်ဆီးနိုင်ပြီး ပဋိပက္ခများကို ဖြစ်ပေါ်စေသည်" ဟု ဖော်ပြထားခြင်းကြောင့်ဖြစ်သည်။ အဆိုပါဥပဒေများအပေါ် ဆန့်ကျင်ခဲ့ကြသော အမျိုးသမီးများအပါအဝင် များစွာသော လူတစ်ဦး ချင်းသည် ၎င်းတို့၏ ဖေ့စ်ဘွတ် (facebook) နှင့် မိုဘိုင်းဖုန်းများမှတဆင့် အမည်မသိသူများ၏ အသက်အန္တရာယ် ခြိမ်းခြောက်မှုများ ခံကြရပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည်လည်း ဤဥပဒေကို ကန့်ကွက်ခဲ့ကြပြီး ၎င်းဥပဒေအရ ဗုဒ္ဓဘာသာဝင် တစ်ယောက်နှင့်လက်ထပ်မည့် အခြားဘာသာဝင်သည် ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းရန်လိုအပ်ပြီး ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦး သည် ဗုဒ္ဓဘာသာမဟုတ်သူ အမျိုးသားတစ်ဦးနှင့် လက်ထပ်နိုင်ရန်အတွက် သူမ၏ မိဘများထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ် သည်။ အမျိုးသားများအနေနှင့်မူ ထိုသို့ခွင့်ပြုချက်များ မလိုအပ်ပါ။

## ကလေးသူငယ်များ

မြန်မာအစိုးရမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (the Convention on the Rights of the Child – CRC) ကို ၁၉၉၁-ခုနှစ်တွင် လက်မှတ်ရေးထိုးထားပြီး ၎င်းကွန်ဗင်းရှင်း၏ ကလေးသူငယ်များအား ရောင်းဝယ်မှုပြုခြင်း၊ ကလေး သူငယ်များအား လိင်ကျွန်ဖြစ်စေခြင်းနှင့် ကလေးသူငယ်များ၏ လိင်အသားပေးပုံများ ဖန်တီးခြင်းဆိုင်ရာ ရွေးချယ်နိုင်သည့် ပရိုတိုကော (optional protocol) အား ဇန်နဝါရီလ ၂၀၁၂-ခုနှစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ အဆိုးဆုံးသော ကလေးလုပ်သားပုံစံများဆိုင်ရာ ကွန်ဗင်းရှင်း (၁၈၂) အား ဒီဇင်ဘာလ ၂၀၁၃-ခုနှစ်တွင်လည်းကောင်း အသီးသီး သဘောတူညီမှု ပြုပြီးဖြစ်ပါသည်။ သို့သော်လည်း သိသာထင်ရှားသည့် နေရာအချို့တွင်မူ မြန်မာ့ဥပဒေသည် ကလေး သူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (CRC) နှင့် ကွဲလွဲမှုများရှိနေပါသည်။ ဥပမာအားဖြင့် ၁၉၉၃-ခုနှစ် ကလေးသူငယ် ဥပဒေ တွင် ပြဋ္ဌာန်းထားသည်မှာ အသက် ၁၆-နှစ်မှ ၁၈-နှစ်အတွင်း ကလေးသူငယ်အား လူငယ်အဖြစ် သတ်မှတ်ထားပြီး ရာဇဝတ်မှု ဖြစ်မြောက်နိုင်မည့် အငယ်ဆုံးအသက်အရွယ်အား ၇-နှစ်အဖြစ် သတ်မှတ်ထားပါသည်။ အစိုးရအနေနှင့် ထိုအချက်များအား ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (CRC) ၏ သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲမည်ဟု ဖော်ပြထားသော် လည်း ယခုအချိန်ထိ ပြောင်းလဲမှု မပြုလုပ်ရသေးကြောင်းလည်း အစီရင်ခံတင်ပြထားပါသည်။

ကလေးလုပ်သားပြဿနာသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ကဏ္ဍပေါင်းစုံ၌ ကျယ်ကျယ်ပြန့်ပြန့်ရှိနေပြီး ထင်သာမြင်သာလည်း ရှိနေပါသည် (အလုပ်သမားကဏ္ဍနှင့်ပတ်သက်၍ အခန်း-၄.၄ တွင် ဖတ်ရှုပါ)။ ကလေးသူငယ်များသည် လမ်းပေါ်တွင်၊ ဘတ်စ် ကားပေါ်နှင့် ဘူတာရုံများတွင် နိုင်ငံခြားခရီးသွားများ အမြောက်အများ လည်ပတ်လျက်ရှိသည့်နေရာများတွင် တောင်းရမ်းစား သောက်သူများအဖြစ်လည်း လုပ်ကိုင်လျက်ရှိနေပါသည်။ လေ့လာချက်တစ်ရပ်အရ (survey) ကလေးလုပ်သားများ၏ သုံးပုံ တစ်ပုံသည် လမ်းပေါ်ဈေးသည်များအဖြစ် အလုပ်လုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အစိုးရအနေနှင့် ဥပဒေပြင်ဆင်ရေးဆွဲရေး နှင့် အဆိုးဆုံးသော ကလေးလုပ်သားပုံစံများ အဆုံးသတ်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)နှင့် ကုလသမဂ္ဂ ကလေးသူငယ်ရံပုံငွေ (UNICEFF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အလုပ်လုပ်နိုင်မည့် အငယ်ဆုံး အသက်အရွယ်ကို ၁၃-နှစ်အဖြစ် သတ်မှတ်ထားပြီး ၎င်းသတ်မှတ်ချက်မှာ အပြည်ပြည်ဆိုင်ရာစံနှုန်းအရ ပေါ့ပါးသောအလုပ်များကို လုပ်ကိုင်ရန်သာ အကျုံးဝင်သော်လည်း အသက် ၁၅-နှစ်အရွယ် ကလေးသည် လူကြီးတစ်ဦးကဲ့သို့ အလုပ်လုပ်နိုင်မည်ဟူသော သတ်မှတ်ချက်မှာ အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ကိုက်ညီမှုမရှိပါ။ ၁၉၉၃-ခုနှစ် ကလေးသူငယ်ဥပဒေတွင် အသက် ၁၄-နှစ်နှင့် ၁၇- နှစ်ကြားကို လူငယ်ဟုသတ်မှတ်ထားပြီး "ပေါ့ပါးသော လုပ်ငန်းတာဝန်များ" ထမ်းဆောင်ခွင့်ပြုထားပါသည်။ သို့သော်လည်း "ပေါ့ပါးသော လုပ်ငန်းတာဝန်များ"ကိုမူ သတ်မှတ်ဖော်ပြထားခြင်း မရှိပါ။ ကလေးသူငယ်များသည် မကြာခဏဆိုသလို စီးပွားရေး

အရ ခေါင်းပုံဖြတ်ခံကြသူများဖြစ်နေပြီး ၎င်းတို့ လုပ်အားမည်မျှပင် စိုက်ထုတ်သည်ဖြစ်စေ အလုပ်ရှင်များမှ လုပ်ခအနည်းငယ်သာ ပေးလေ့ ရှိပါသည်။

အသက် ၁၈-နှစ်အောက် တပ်သားစုဆောင်းခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည့်အပြင် အစိုးရက အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) နှင့် ပူးပေါင်းကာ ထိုသို့သောတပ်သားစုဆောင်းခြင်း ပပျောက်စေရေး ဆောင်ရွက်နေသော်လည်း မြန်မာ့စစ်တပ်နှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့များအတွင်း ကလေးတပ်သားစုဆောင်းခြင်းနှင့် ကလေးစစ်သားအသုံးပြုမှုများ ဆက်လက်ရှိနေဆဲပင် ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ရခိုင်ပြည်နယ်နှင့် အခြားနေရာများ၌ ဖြစ်ပွားနေသော ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာဝင်များအကြား ပဋိပက္ခများသည်လူမျိုးစု ကလေးသူငယ်များအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်လျက်ရှိပါသည်။ လူဦးရေ သောင်းဂဏန်းခန့် ရွှေ့ပြောင်းနေထိုင်နေကြရပြီး အများစုမှာ ဆိုးရွားသောအခြေအနေတွင် နေထိုင်ကြရပါသည်။ ကလေးသူငယ်များသည် ၎င်းတို့၏ ပညာရေးနှင့် ဝေးကွာလာပြီး မိသားစုဘဝများ ဖရိုဖရဲဖြစ်ကာ လူကုန်ကူးခံရမှုအပါအဝင် ကလေးလုပ်သားများ ဖြစ်လာနိုင်သည့် အန္တရာယ်များလည်း ရှိနေပါသည်။

၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကလေးသူငယ်များအတွက် အခမဲ့အခြေခံပညာရေးနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးရန် ထပ်လောင်းပြောဆိုထားပါသည်။ ကလေးသူငယ်အများစုသည် မူလတန်းကျောင်းတက်ရောက်ကြသော်လည်း အခြေခံပညာ မူလတန်းပြီးမြောက်မှုမှာ ၅၄-ရာခိုင်နှုန်းသာ ရှိပါသည်။ ကလေးသူငယ်များ၏ ၅၈-ရာခိုင်နှုန်းသာ အလယ်တန်းကျောင်း တက်ရောက်ကြပါသည်။ ကျယ်ပြန့်စွာဖြစ်ပေါ်နေသည့် ဆင်းရဲနွမ်းပါးမှုနှင့် တည်ငြိမ်မှုမရှိသော စီးပွားရေးအခြေအနေများကြောင့် ကလေးသူငယ်အများစုမှာ ကျောင်းထွက်ကြရပြီး ၎င်းတို့၏မိသားစုဝင်ငွေအတွက် ကူညီနိုင်ရန် အခကြေးငွေနည်းပါးသောအလုပ်များ လုပ်ကိုင်ကြရပါသည်။

## မသန်စွမ်းသူများ

၂၀၁၁-ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ မသန်စွမ်းဆိုင်ရာကွန်ဗင်းရှင်း (UN Convention on Disabilities) အား သဘောတူလိုက်နာခဲ့ပါသည်။ မသန်စွမ်းသူများအတွက် အဓိကတာဝန်ရှိသည့် အစိုးရဌာနမှာ လူမှုဝန်ထမ်းဦးစီးဌာန (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အကူအညီပေးရေးနှင့် ၎င်းတို့အရေးအတွက် အဆိုပြုပြောဆိုပေးရန် ဒေသခံအရပ်ဘက်အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ခြင်းအပါအဝင် မြောက်များစွာသော အပြည်ပြည်ဆိုင်ရာနှင့် မြန်မာ့အကူအညီပေးရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်အရ မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံခံနေကြရပြီး ၎င်းတို့နေထိုင်ရာ လူထုအတွင်း၊ မိသားစုအတွင်းနှင့် လူမှုနယ်ပယ်တစ်ခုလုံးတွင် ဖယ်ကြဉ်ခံကြရကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းကလေးငယ်များနှင့် အမျိုးသမီးများမှာ ထိုသို့သောအခြေအနေများကို ပိုမိုခံစားနေကြရပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးမရှိဘဲ မြန်မာနိုင်ငံအစိုးရ၏လေ့လာမှုတစ်ခု၌ မသန်စွမ်းသူများ၏ ၅၀-ရာခိုင်နှုန်းသည် မည်သည့်ပညာရေးမှ ရရှိခြင်းမရှိကြောင်း တင်ပြထားပါသည်။ အဆိုပါ လေ့လာချက်တွင် မသန်စွမ်းသူများ၏ ၈၅-ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ဖြစ်နေကြောင်းကိုလည်း ဆက်လက်တင်ပြထားပါသည်။ မသန်စွမ်းသူများအတွက် အလုပ်အကိုင်ဆိုင်ရာသင်တန်း အစီအစဉ်များ အလွန်နည်းပါးစွာသာရှိနေပြီး ရံပုံငွေပံ့ပိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်မှာ များစွာလိုအပ်လျက်ရှိပါသည်။ မသန်စွမ်းဆိုင်ရာဥပဒေတစ်ရပ်အား မသန်စွမ်းသူများအတွက် အဆိုပြုပြောဆိုပေးမည့် အဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ အကြမ်းရေးဆွဲပြီး ယခုအခါ ရှေ့နေချုပ်ရုံးသို့ ရောက်ရှိနေပြီဖြစ်သည်။ ၎င်းဥပဒေအား ၂၀၁၄-ခုနှစ် နှစ်ကုန်ပိုင်းတွင် လွှတ်တော်မှအတည်ပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ (အလုပ်သမားကဏ္ဍနှင့်ပတ်သက်၍ အခန်း-၄.၄ တွင် ဖတ်ရှုပါ)။

## လိင်တူစိတ်ဝင်စားသူများနှင့် လိင်မှုဘဝကူးပြောင်းထားသူများ

**(Lesbian, Gay, Bisexual and Transgendered (LGBT) People)**

ဗြိတိသျှကိုလိုနီခေတ်မှ ဥပဒေတစ်ခုဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇-အရ "ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှုမှန်သမျှ" မည်သည့် ပြုလုပ်မှုမျိုးမဆို အုပ်ချုပ်ရေးအဖွဲ့များမှ ရာဇဝတ်မှုအဖြစ် သတ်မှတ်ပါသည်။ အဆိုပါပုဒ်မအား လိင်တူချင်းချစ်ခင်စုံမက်ခြင်းကို ဆန့်ကျင်ရာတွင် အသုံးပြုနိုင်သည့်အတွက် မြန်မာနိုင်ငံရှိ LGBT Rights Network မှ ၎င်းပုဒ်မအား

ဖယ်ရှားပေးရန်အတွက် ဆောင်ရွက်ခဲ့ကြပါသည်။ အမေရိကန်ပြည်ထောင်စုအစိုးရဌာန၏ ၂၀၁၃-ခုနှစ် နှစ်ပတ်လည် လူ့အခွင့်အရေးအစီရင်ခံစာတွင် LGBT များသည် ရာထူးတိုးမြှင့်ခံရမှု မရှိခြင်းနှင့် အလုပ်ထုတ်ခံရခြင်းအပါအဝင် လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံနေကြရကြောင်း ဖော်ပြထားပါသည်။ ပွင့်လင်းလွတ်လပ်စွာနေထိုင်သော Gay များအတွက် အလုပ်အကိုင်အခွင့်အလမ်းများမှာ အကန့်အသတ်နှင့်သာရှိနေကြောင်းနှင့် လူထု၏ကူညီပံ့ပိုးမှုမရှိကြောင်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများမှ အစီရင်ခံတင်ပြထားပါသည်။ (အလုပ်သမား ကဏ္ဍနှင့်ပတ်သက်၍ အခန်း-၄.၄ တွင် ဖတ်ရှုပါ)။

## (ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

### စီးပွားရေးအရဦးဆောင်မှု

- **ရင်းနီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်မှုများ။** ။ မြန်မာနိုင်ငံရှိ လူမှုရေးရာ ခွဲခြားဆက်ဆံမှုများနှင့် ဖယ်ကျဉ်မှုများသည် တူညီသည့် ပုံစံတစ်ခုအတွင်း ရှိမနေသော်လည်း အချို့သော ခွဲခြားဆက်ဆံမှုနှင့် ဖယ်ကျဉ်မှုများမှာ (အထူးသဖြင့် မူဆလင်ဘာသာဝင်များနှင့် ပတ်သက်၍) ပိုမို၍ အမြစ်တွယ်ခိုင်မာလာပြီး သိသာထင်ရှားလာပါသည်။ မကြာသေးမီက နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနောက်တွင် ပိုမိုသိသာထင်ရှားလာပြီး ဆန့်ကျင်ဘက်သဘောသို့ ဦးတည်လျက်ရှိနေပါသည်။ လတ်တလောဖြစ်ပွားခဲ့သော လူထုအတွင်း အကြမ်းဖက်မှုများနှင့် မူဆလင်ဘာသာဝင်များအပေါ် ဆန့်ကျင်အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုအပေါ် အစိုးရ၏ထိရောက်မှုမရှိသည့် ကိုင်တွယ်ဖြေရှင်းမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက် ယာယီစခန်းများ၏ အလွန်ဆိုးရွားသော အခြေအနေများအပေါ် ပြစ်တင်ဝေဖန်မှုများရှိခဲ့ပြီး ၎င်းအခြေအနေများသည် ပြည်ထောင်စုအစိုးရမှ တာဝန်ယူဖြေရှင်းရမည်ဖြစ်သည်။ လူထုအတွင်း အကြမ်းဖက်ခြင်းများမှ ရင်းနီးမြှုပ်မှုများအပေါ် သက်ရောက်နေသည့် အကျိုးဆက်များကို စီးပွားရေးလုပ်ငန်းများအနေနှင့် တစ်ခုချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထောက်ပြပြောဆိုနိုင်ပါသည်။
- **တူညီသောအခွင့်အလမ်းဖြစ်စေမည့် ပုံစံသတ်မှတ်ခြင်း။** ။ ရှည်ကြာအမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်ဖြေရှင်းနိုင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်းရှိနေသော သဘောထားများ ပြောင်းလဲရန်လိုအပ်ပြီး တစ်ခါတစ်ရံတွင် ကျယ်ပြန့်စွာလက်ခံနိုင်မည့် မူဘောင်တစ်ခုအတွက် ဦးတည်ချက်များစွာဖြင့် အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၎င်းတို့တွင် နိုင်ငံရေးခေါင်းဆောင်များထံမှ မိန့်ခွန်းများလည်း ပါဝင်နိုင်ပြီး - "ပူးပေါင်းပါဝင်မှုရှိသော ရေရှည်တည်တံ့မည့်" မြန်မာနိုင်ငံကြီး တည်ဆောက်ရေးအတွက် သမ္မတရုံးမှ မကြာခဏဆော်ဩခြင်းကဲ့သို့ ဥပဒေရေးရာ အပြောင်းအလဲများနှင့် အသွင်သဏ္ဍာန်တူသည့် နိုင်ငံများမှ အပြောင်းအလဲများလည်း ပါဝင်နိုင်ပါသည်။ သို့သော်လည်း ပြောင်းလဲမှုများမှာ တူညီသောအခွင့်အလမ်းနှင့် တူညီသောရပိုင်ခွင့်များ ပံ့ပိုးပေးခြင်းပုံစံဖြင့်လည်း စတင်နိုင်ပါသည်။ ထိုသို့သော လုပ်ဆောင်မှုသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြောင်းလဲမှုတန်ဖိုး ကွင်းဆက်အတွင်း မည်သည့်အရွယ်အစားလုပ်ငန်းတွင်မဆို ဆောင်ရွက်နိုင်သည့် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ ဦးဆောင်သူများ၏ မိန့်ကြားချက်များမှသော်လည်းကောင်း ထင်သာမြင်သာရှိသည့် ခွဲခြားဆက်ဆံမှုကင်းသော လုပ်ငန်းခွင်များ ဖန်တီးပေးရုံမက အထက်တွင်ဖော်ပြခဲ့သည့် ခွဲခြားဖယ်ကျဉ်ခံရဖွယ်ရှိသည့် လူအုပ်စုများအတွက် တူညီသောအခွင့်အလမ်းများ ရရှိစေခြင်းများဖြင့်လည်းကောင်း ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

### စီမံကိန်းများ၏ မတူကွဲပြားသော အကျိုးဆက်များအား နားလည်သဘောပေါက်ခြင်းနှင့် ဖော်ထုတ်ခြင်း

- **ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။** ။ ခွဲခြားဖယ်ကြဉ်ခံရဖွယ်ရှိသည့် လူအုပ်စုများအပေါ် သက်ရောက်မှုရှိနိုင်မည့် စီမံကိန်း၏အကျိုးဆက်များကို နားလည်နိုင်ရန် ပထမဆုံးအဆင့်မှာ လုပ်ငန်းခွင်အတွင်းနှင့် ပတ်ဝန်းကျင်လူထုအတွင်းတွင် မည်သည့်လူအုပ်စုများ ပါဝင်နေသည်ကို ဖော်ထုတ်သတ်မှတ်ရန် ဖြစ်သည်။ ထိုသို့ဆန်းစစ်နိုင်ရန်အတွက် လူမှုရေးသိပ္ပံပညာကျွမ်းကျင်သူများနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များပါဝင်ရန် လိုအပ်နိုင်ပြီး ဖော်ထုတ်သတ်မှတ်နိုင်မည့် နည်းလမ်းများ၊ ရှာဖွေနိုင်မည့်နည်းလမ်းများနှင့် ထိရှလွယ်လူပုဂ္ဂိုလ်၊ သို့မဟုတ် လူအုပ်စုများနှင့် ချိတ်ဆက်ဆွေးနွေးနိုင်မည့်နည်းလမ်းများ လိုအပ်နိုင်ပါသည်။ ချိတ်ဆက်ဆွေးနွေးရာ၌ တစ်ခါတစ်ရံတွင် သီးခြားပြုလုပ်ရန် လိုအပ်မည်ဖြစ်ပြီး တစ်ခါတစ်ရံတွင် တိုးတိုးတိတ်တိတ်ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အမျိုးသမီးများနှင့် ဆွေးနွေးညှိနှိုင်းရာ၌ ယခင်ကတည်းက သီးသန့်ဆောင်ရွက်ရန် လမ်းညွှန်ချက်များရှိနေပြီး အခြားသောလူအုပ်စုများနှင့် ညှိနှိုင်းဆွေးနွေးရာ၌လည်း

ထိုသို့သော ညွှန်ကြားချက်များ ထပ်မံပေါ်ပေါက်လာနေပါသည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ အချို့သောကိစ္စရပ်များတွင် လူ့အုပ်စုတစ်ခုမှ အခြားလူ့အုပ်စုတစ်ခုနှင့် ဆွေးနွေးညှိနှိုင်းခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခြင်းဖြင့် ထိုလူ့အုပ်စု၏ တရားဝင်တည်ရှိဖြစ်တည်မှုနှင့် ၎င်းတို့၏ အမြင်ရှုထောင့်များအား လက်ခံမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ထို့အပြင် ဒေသအုပ်ချုပ်ရေးအဖွဲ့များမှာလည်း ဘက်လိုက်မှုမကင်းပါ။ ထိုသို့သောအခြေအနေများတွင် သိမ်မွေ့စွာကိုင်တွယ်ဖြေရှင်းရန်လိုအပ်ပြီး ဒေသ၏ပြောင်းလဲမှုအပေါ် အသေးစိတ် နားလည်မှုလည်း လိုအပ်မည်ဖြစ်သည်။

- **ကွဲပြားခြားနားသည့် လေ့လာဆန်းစစ်မှုများနှင့် ကြိုတင်ကာကွယ်မှုများ။** ။ လေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက်မှာ သက်ရောက်မှုအကျိုးဆက်များသည် အန္တရာယ်ကျရောက်လွယ်အုပ်စုများအပေါ် မည်၍မည်မျှ အကျိုးသက်ရောက်နိုင်သည်ကို ပိုမိုနားလည်လာစေရန်ဖြစ်ပြီး အထူးသဖြင့် အဆိုပြုစီမံကိန်း၏ ဆိုးဝါးသည့်အကျိုးဆက်များသည် အခြားသူများထက် မည်သူက ပိုမိုထိခိုက်ခံစားရဖွယ်ရှိသည်ကို နားလည်စေရန်ဖြစ်သည်။ ထိုသို့လေ့လာဆန်းစစ်မှုပြုလုပ်နိုင်ရန်အတွက် ကဏ္ဍအလိုက် သတ်မှတ်ကောက်ယူထားသည့်အချက်အလက်များကို အသုံးပြုခြင်း၊ ဖြစ်ပေါ်လာဖွယ်ရှိသည့် အကျိုးဆက်များအား ဖော်ထုတ်၊ ရှာဖွေ၊ ဆွေးနွေးနိုင်ရန် ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ၊ ဖော်ထုတ်တွေ့ရှိသော အကျိုးဆက်များအား ရှောင်ရှားနိုင်ရန်၊ လျော့ပါးစေရန်၊ သို့မဟုတ် ၎င်းတို့အတွက် ပြန်လည်ကုစားပေးနိုင်ရန်နည်းလမ်းများကို ရပ်ရွာလူထုနှင့်အတူ ဆောင်ရွက်ခြင်းများ လိုအပ်ပါသည်။ ဤသို့ပြုလုပ်ရာ၌ ပိုမိုကျယ်ပြန့်များပြားသော အကျိုးဆက်များအား ဖော်ထုတ်နိုင်မည့် ကွဲပြားခြားနားသော ကြိုတင်ကာကွယ်မှုနည်းလမ်းများ၊ သို့မဟုတ် လျော့ပါးစေမည့်နည်းလမ်းများ လိုအပ်နိုင်ပါသည်။ အန္တရာယ်ကျရောက်လွယ် လူ့အုပ်စုများအနေနှင့် အခြားသူများနည်းတူ စီမံကိန်း၏ အခွင့်အလမ်းများမှ အကျိုးကျေးဇူးများ ရရှိခံစားခွင့်ရသင့်ပြီး ထိုသို့ရရှိနိုင်ရန်လည်း ကွဲပြားခြားနားသော အကျိုးအမြတ်မျှဝေခံစားခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အဆင့်သတ်မှတ်ချက်များ လိုအပ်နိုင်ပါသည်။ ဥပမာအားဖြင့် လုပ်ငန်းခွင်သင်တန်းပေးသည့်အခါ အန္တရာယ်ကျရောက်လွယ်လူ့အုပ်စုများအနေနှင့် စီမံကိန်းမှအလုပ်တစ်ခုအတွက် လိုအပ်သည့်ကျွမ်းကျင်မှုရှိမနေနိုင်ခြင်းနှင့် အခြားလွှမ်းမိုးသူ အုပ်စုများမှ ခွဲခြားဖယ်ကျဉ်မှုများအား ခံရနိုင်ခြင်းများကြောင့် လူတစ်ဦးချင်း၊ သို့မဟုတ် အုပ်စုအလိုက် အထူးပြုအစီအစဉ်များ၊ သို့မဟုတ် သီးခြားသင်တန်းများ လိုအပ်နိုင်ပါသည်။ စီမံကိန်း၏ အကျိုးသက်ရောက်မှုများအပေါ် စောင့်ကြည့်သုံးသပ်ခြင်းလုပ်ငန်းကို အန္တရာယ်ကျရောက်လွယ်သူတစ်ဦးချင်းအပေါ်၊ သို့မဟုတ် အုပ်စုအလိုက် အကျိုးသက်ရောက်မှုအပေါ်၌လည်း ကဏ္ဍအလိုက် ပြုလုပ်သင့်ပါသည်။

## အလုပ်သမား

အလုပ်သမားကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှုကိစ္စရပ်များအပေါ် ဆွေးနွေးချက်များအတွက် အခန်း (၄.၄) တွင်ကြည့်ပါ။

## အမျိုးသမီးများနှင့် ကလေးသူငယ်များ

- **ကလေးသူငယ်များ။** ။ ကလေးသူငယ်များအပေါ် ကျရောက်နိုင်ဖွယ်ရှိသော အကျိုးသက်ရောက်မှုများအား ဆွေးနွေးပြောဆိုရာ၌ ကလေးလုပ်သားနှင့်ပတ်သက်၍ မကြာခဏနှင့် အမြဲလိုလိုပင် တစ်သီးတစ်သန့် ပါဝင်လေ့ရှိပါသည်။ သယံဇာတတူးဖော်ရေးစီမံကိန်းများအနေနှင့် ကလေးသူငယ်များအပေါ် ပိုမိုကျယ်ပြန့်သော အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ကျိုးကြောင်းဆင်ခြင်နိုင်မှုတွင် ရင့်ကျက်မှု မရှိသေးသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် ကလေးများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ အရွယ်အစား၊ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသော ခန္ဓာကိုယ်၊ ဇီဝလောင်ကျွမ်းမှုနှုန်း၊ သဘာဝအလျောက် သိစိတ်ပြင်းပြမှုနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် ခြိမ်းခြောက်လျက်ရှိနေသည့် အရာများနှင့်ပတ်သက်သည့် ဗဟုသုတမရှိခြင်းများကြောင့် လူကြီးများထက်ပိုမို၍ ပတ်ဝန်းကျင်၏အန္တရာယ်ကို ပိုမိုခံရနိုင်ဖွယ်ရှိနေပါသည်။ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်များအတွင်း ကလေးများနှင့် လူငယ်များမှာ မကြာခဏ ချန်ရစ်ခံရပြီး ၎င်းတို့၏ အနာဂတ်ကာလတွင် အကျိုးသက်ရောက်မှုရှိလာမည့် မြေယာသိမ်းယူမှုများ၏ အကျိုးဆက်များအပေါ် ၎င်းတို့၏ အမြင်များဖော်ထုတ်ခွင့် ရလေ့မရှိကြပါ။ ဆွေမျိုးများအတွင်း၊ သို့မဟုတ် ရပ်ရွာလူထုအတွင်းမှ အမျိုးသားများသည် ဆွေးနွေးညှိနှိုင်းမှုများအတွင်းနှင့် အကျိုးအမြတ်ရယူနိုင်ရေး လုပ်ငန်းများတွင် အမျိုးသမီးများနှင့် ကလေးဦးဆောင်အိမ်ထောင်စုများအပေါ် လွှမ်းမိုးပြောဆိုဆောင်ရွက်လေ့ ရှိပါသည်။ အခကြေးငွေဖြင့်မဟုတ်သော ပုဂ္ဂလိကဝန်ဆောင်မှုများအား ကလေး

သူငယ်အားစေခိုင်းခြင်း၊ သို့မဟုတ် ကလေးများအားရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေးခြင်းများအား ဟန့်တားမှုများကဲ့သို့ ကလေးအခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် အထူးညွှန်ကြားချက်များကို လုံခြုံရေးဝန်ထမ်းအားချမှတ်ပေးရန်လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီများ၏ သက်ရောက်နိုင်ခြေရှိသော အကျိုးဆက်များအား ဖော်ထုတ်ခြင်းနှင့် နားလည်မှုရယူခြင်းကိစ္စရပ်များတွင် ကလေးများပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများစွာလည်း ရှိနေပါသည်။

- **အမျိုးသမီးများ။** ။ အမျိုးသားအလုပ်သမားများ ဝင်ရောက်လာချိန်တွင် (အထူးသဖြင့် နိုင်ငံခြားသား အမျိုးသားလုပ်သားများ) အမျိုးသမီးများအား လိင်မှုဆိုင်ရာ အနှောင့်အယှက်ဖြစ်စေမှုအပေါ် ရပ်ရွာထုထုများ၏ စိုးရိမ်မှုများကို ဖော်ထုတ်ပြောဆိုရာ၌ စီမံကိန်းဆောင်ရွက်နေသည့် နေရာများအတွင်း ကွင်းဆင်းလေ့လာမှု ပြုလုပ်နေသည့်တစ်လျှောက် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်ပတ်သက်၍ မည်သည့်လူတစ်ဦးတစ်ယောက်မျှ ပြောဆိုခြင်း မရှိခဲ့ပါ။ ၎င်းသည် တစ်ခါတစ်ရံတွင် ထုတ်ဖော်ပြောဆို၍မရသော အရာကိစ္စတစ်ရပ်အနေဖြင့် ရှိနေပါသည်။ ကလေးသူငယ်များအပေါ်အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများသည် သယံဇာတတူးဖော်ရေး စီမံကိန်းများနှင့် ဆက်စပ်၍ ဖြစ်ပေါ်လျက်ရှိနေပြီး အမျိုးသားအမြောက်အများကို ဆွဲဆောင်လျက်ရှိကာ ရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း အဆင့်များအတွင်း အမြင့်မားဆုံးဖြစ်ပွားသည့် ကာလများဖြစ်ပါသည်။ ကုမ္ပဏီအတွင်း ကျင့်ဝတ်များနှင့် စာချုပ်ချုပ်ဆိုမှုများအတွင်း ကလေးသူငယ်များနှင့် လိင်မှုဆိုင်ရာထိတွေ့မှု မပြုလုပ်ရန်တားမြစ်ချက်များအပါအဝင် လုပ်သားများအတွင်း အသိပညာမြှင့်တင်မှုလုပ်ငန်းများပြုလုပ်ပေးခြင်း၊ လုံခြုံရေးအဖွဲ့များမှ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကုမ္ပဏီမှ ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ထိခိုက်နစ်နာမှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်းယန္တရားများကို လက်လှမ်းမီစေရန်ဆောင်ရွက်ခြင်းများသည် အသုံးဝင်သော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### အမျိုးသမီးများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့်၊ အလုပ်အကိုင်လုပ်ကိုင်ခွင့်၊ မျှတမှုရှိပြီး သင့်တင့်သည့် လုပ်ငန်းခွင်အခြေအနေရရှိခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ကျား/မအလိုက် ကဏ္ဍများခွဲခြားထားသည်မှာ ရှင်းလင်းပါသည် (ဥပမာ - "ဒီအလုပ်တွေက အမျိုးသားတွေလုပ်ရမယ့် အလုပ်ဖြစ်လို့ အမျိုးသမီးတွေမလုပ်ဘူး"ဟူသော ဖြစ်ရိုးဖြစ်စဉ် အတွေးအမြင်များ)။ ၎င်းကိစ္စရပ်များသည် ဒေသအလုပ်သမားများနှင့် ကုမ္ပဏီများအတွက် အလွန်ရှားပါးသော စိန်ခေါ်မှုများဖြစ်ပါသည်။ သယံဇာတ ထူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် အများအားဖြင့် အမျိုးသမီးအလုပ်အကိုင်နေရာ ရာခိုင်နှုန်း အလွန်နည်းပါးလေ့ရှိပြီး ကွင်းဆင်းလေ့လာခြင်းမှ တစ်ဆင့်လည်း သက်သေပြုနိုင်ခဲ့ပါသည်။
- ယဉ်ကျေးမှုအရ ထုတ်ဖော်ပြောဆိုရန် ခက်ခဲသော ပြဿနာများရှိနေပါသည်။ အထူးသဖြင့် ထိုကိစ္စရပ်များသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာကိစ္စများ (personal privacy) နှင့် ဆက်စပ်နေပါသည်။ အမျိုးသမီးများအား အကြမ်းဖက်နှောင့်ယှက်သည့် အချို့ကိစ္စရပ်များသည် SWIA အဖွဲ့မှ သတိပြုမိစေသော ကိစ္စဖြစ်ပါသည်။ ကိစ္စရပ်အများစုမှာ ဒေသခံများထက် နိုင်ငံခြားသားများနှင့် ပိုမိုပတ်သက်ပြီးပါဝင်လာပြီး ကိစ္စရပ်တစ်ခုတွင် ရလဒ်အနေဖြင့်ကုမ္ပဏီ၏ နိုင်ငံခြားသား ကြီးကြပ်ရေးမှူးတစ်ဦးအား၎င်း၏ မူလနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ရပါသည်။
- ယေဘုယျအားဖြင့် အမျိုးသမီးများ၊ သို့မဟုတ် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအား လျော်ကြေးငွေမပေးနိုင်ရန် တရားဥပဒေအရ ပိတ်ပင်တားဆီးချက်များ မရှိပါ။ သို့သော်လည်း အိမ်ထောင်စုများတွင် အိမ်ထောင်ဦးစီးအနေနှင့် အမျိုးသား(ခင်ပွန်း)၏အမည်ဖြင့်သာ မှတ်ပုံတင်ထားပြီး လျော်ကြေးငွေပေးအပ်ရာ၌လည်း မိသားစုအတွင်း အိမ်ထောင်ဦးစီး(ခင်ပွန်း)ကိုသာ လွှဲပေးပါသည်။ သို့သော် မုဆိုးမများ၊ သို့မဟုတ် (တစ်ဦးတည်းဖြစ်သည့်) မိခင်များအနေနှင့်လည်း အမျိုးသားအိမ်ထောင်ဦးစီးများကဲ့သို့ပင် လျော်ကြေးငွေလက်ခံရရှိနိုင်ပါသည်။

- အမျိုးသားလုပ်သားများ များစွာရှိသော (အထူးသဖြင့် နိုင်ငံခြားသား အမျိုးသား လုပ်သားများ) ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းများမှ အချို့နေရာများတွင် လုံခြုံရေးပုဂ္ဂိုလ်များမရှိပါက စိတ်မလုံခြုံမှု ပိုမိုခံစားရကြောင်း အမျိုးသမီးများမှ ညွှန်းဆိုခဲ့ပါသည်။
- ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ဆောင်သောနေရာများတွင် အရက်ဆိုင်များ သိသိသာသာ မြင့်တက်လာမှုကို စိုးရိမ်မှုရှိကြောင်း အချို့သော ရပ်ရွာလူထုမှ မှတ်ချက်ပြုပါသည်။ ၎င်းတို့အနေနှင့်ဆိုင်များတွင် တစ်နေ့လုံး အရက်သောက်သုံးနေကြကြောင်း သတိပြုမိပြီး အထူးသဖြင့်ဆိုင်များ၌ လူငယ်အရွယ် ဆယ်ကျော်သက်များ အရက်သောက်သုံးလာသည်ကို ပိုမိုစိုးရိမ်နေကြပါသည်။ ရပ်ရွာအတွင်းတွင် လွယ်လင့်တကူရရှိနိုင်သည့် အရက်သေစာများ ရောက်ရှိလာသည့်အတွက် ခိုက်ရန်ဖြစ်ပွားမှုနှင့် ရာဇဝတ်မှုအသေးစားများ များပြားလာပြီး လုံခြုံရေး အခြေအနေ လျော့နည်းလာမည်ကို စိုးရိမ်လျက်ရှိနေကြပါသည်။

## ကလေးလုပ်သားများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ကလေးလုပ်သားများအဖြစ်မှ ကင်းလွတ်ခွင့်၊ လုံလောက်သော နေထိုင်မှုအဆင့်အတန်း ရရှိခွင့်၊ ပညာသင်ယူခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ကွင်းဆင်းလေ့လာရေးအဖွဲ့မှ သွားရောက်ခဲ့သည့်နေရာများ၌ ကလေးလုပ်သားကိစ္စရပ်များ မတွေ့ရှိခဲ့ပါ။ လုပ်ငန်းရေးရာ အလေ့အထများနှင့် ကျန်းမာရေး/လုပ်ငန်းခွင် ဘေးကင်းရေးအပေါ် ဆောင်ရွက်ထားမှုများမှာ မျှော်လင့်ထားသကဲ့သို့ မတွေ့ရှိရပါ။ ကလေးလုပ်သားပြဿနာသည် မြန်မာနိုင်ငံအတွင်း တွေ့ရလေ့ရှိသော အဖြစ်အပျက်တစ်ခုအဖြစ် အသိအမှတ်ပြုပြီးဖြစ်သော်လည်း လက်ဖက်ရည်ဆိုင်များနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများဆောင်ရွက်ရာ နေရာအနီး တစ်ဝိုက်ရှိ အရက်ဘားများ၌ ပိုမိုတွေ့ရလေ့ရှိပါသည်။
- လေ့လာခဲ့သော စီမံကိန်းများ၌ လုပ်သားများ၏ အသက်ပြည့်/မပြည့် စစ်ဆေးခြင်းကို ပြုလုပ်လေ့ ရှိကြပါသည်။

## ပညာရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ပညာသင်ယူခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဒေသခံရပ်ရွာများတွင် ကျောင်းများဆောက်လုပ်ပေးနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ရည်ရွယ်ချက်များ ကလေးများနှင့် မိသားစုများ အကျိုးဖြစ်ထွန်းရေးဖြစ်သော်လည်း ၎င်းကျောင်းများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဒေသရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်မှုများ အမြဲပြုလုပ်လေ့မရှိပါ။
- အချို့သော ကိစ္စရပ်များတွင် ထိုသို့ဆောက်လုပ်ပေးသော ကျောင်းများအတွက် အစိုးရအနေနှင့် လုံလောက်သော ဆရာ/မများ ပံ့ပိုးပေးနိုင်ခြင်း မရှိပါ။ နိုင်ငံတစ်ဝန်းရှိ ကျောင်းများအတွက် မူလတန်းပြ ဆရာ/မများ ရှားပါးနေပြီး ဝေးလံခေါင်သီသည့် အရပ်ဒေသများ၌ အလုပ်မမြဲသည့် ပြဿနာများရှိနေပါသည်။ ရလဒ်အနေနှင့် ၎င်းအဆောက်အဦးများကို အသုံးမပြုဘဲထားရှိခြင်း၊ သို့မဟုတ် အနည်းငယ်သာ အသုံးပြုခြင်းများ ဖြစ်ပေါ်လာပါသည်။
- ခြွင်းချက်တစ်ခုမှအပ ရပ်ရွာလူထုအတွက် ကျွမ်းကျင်မှုဆိုင်ရာ စီမံကိန်းများ မတွေ့ရှိခဲ့ရပါ။
- များစွာသောကုမ္ပဏီများသည် အလယ်တန်း၊ သို့မဟုတ် အဆင့်မြင့်ပညာရေးများအတွက် ပညာသင်ဆုများ ထောက်ပံ့ပေးနေချိန်တွင် အချို့မှာ ကနဦးကလေးဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းစီမံကိန်းများအတွက် ပံ့ပိုးမှုများ ပြုလုပ်ပေးပါသည်။

**မြန်မာနိုင်ငံမှ ကောင်းမွန်သောအလေ့အထကောင်းများ ဥပမာ**

- ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကလေးများနှင့် မိသားစုများအကျိုး ဖြစ်ထွန်းရေးရည်ရွယ်လျက် ဒေသရပ်ရွာများ၌ ကျောင်းများဆောက်လုပ်ပေးနေသည်ကို တွေ့ရှိခဲ့ရပါသည်။
- များစွာသော ကုမ္ပဏီများသည် အလယ်တန်း၊ သို့မဟုတ် အဆင့်မြင့်ပညာရေးများအတွက် ပညာသင်ဆုများ ထောက်ပံ့ပေးနေချိန်တွင် အချို့မှာ ကနဦးကလေးဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းစီမံကိန်းများအတွက် ပံ့ပိုးမှုများ ပြုလုပ်ပေးပါသည်။

စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# လုံခြုံရေး



၄

၄.၇

# အပိုင်း - ၄.၇

# လုံခြုံရေး

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

### ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်မှု ဧရိယာအတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများ

လုပ်ငန်းဆောင်ရွက်မှုပြုနေသည့် ကုန်းတွင်းရေနံလုပ်ကွက်များသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် အဓိကတည်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှု ဖြစ်စဉ်သမိုင်းကြောင်း မရှိခဲ့ဘူးသည့် ဒေသဖြစ်ပြီး၊ မြန်မာ့သမိုင်းအတွက် အရေးပါသည့် ဒေသတစ်ခုဖြစ်ကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် နီးကပ်စွာ စည်းနှောင်မှုရှိနေပါသည်။ ကိုလိုနီလက်အောက် ခေတ်ကာလတွင် Burma Oil Company (BOC) အလုပ်သမားများမှ စတင်ခဲ့သည့် သပိတ်သည် ကိုလိုနီနယ်ချဲ့၏ ဖိနှိပ်မှုကို ဆန့်ကျင်သည့် သပိတ်အဖြစ်သို့ နိုင်ငံအဝန်း ကူးစက်ပျံ့နှံ့သွားစေခဲ့ပါသည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အစိတ်အပိုင်းအချို့တွင် ဗဟိုအစိုးရနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်များ အကြား ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခကို ဆယ်စုနှစ်ချီ၍ ခံစားရပြီးဖြစ်ပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) စသည့် လက်နက်ကိုင် အဖွဲ့အစည်းများသည် တနင်္သာရီဒေသအစိတ်အပိုင်းများတွင် လှုပ်ရှားလျက် ရှိပါသည်။ သို့သော် ရတနာ/ရဲတံခွန် ဓာတ်ငွေ့ပိုက်လိုင်းတည်ရှိရာဒေသများတွင် အဆိုပါအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ မရှိတော့ကြောင်းကို တွေ့မြင်ရပါသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် အပစ်အခတ်ရပ်စဲရေး ဖော်ဆောင်မှုများ လုပ်ဆောင်နေပါသော်လည်း တပ်မတော်နှင့် ပူးပေါင်းပြည်သူ့စစ်များ၊ မွန်နှင့် ကရင်လက်နက်ကိုင်အဖွဲ့များ၊ ခွဲထွက်အဖွဲ့များနှင့် ရာဇဝတ်ဂိုဏ်းများ စသည်တို့၏ စစ်ရေးဆောင်ရွက်မှုများကို တွေ့မြင်ရဆဲဖြစ်ပါသည်။ စစ်ရေးဆောင်ရွက်ချက်များနှင့် မလုံခြုံမှုများသည် အတိတ်ကာလတွင်းနှင့် အချို့မှာ ယခုတိုင်ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ (မြေယာသိမ်းဆည်းခြင်း၊ မတရားငွေကြေးကောက်ခံခြင်း၊ အကြောင်းမဲ့ အခမ့အခွန်ကောက်ခံခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စသည်) ကို ဦးတည်စေပါသည်။

Southeast Asia Gas Pipeline Company (SEAGP)/ the Southeast Asia Crude Oil Pipeline Company (SEAOP) မှ မကြာသေးမီကမှ တည်ဆောက်သွယ်တန်းခဲ့သည့် ပိုက်လိုင်းသည် (Shwe Gas Pipeline ဟုလည်း ခေါ်သည်) ရခိုင်ပြည်နယ် ကျောက်ဖြူဆိပ်ကမ်းမှ မြန်မာနိုင်ငံအလယ်ပိုင်းကို ဖြတ်သန်းလျက် ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နိုင်ငံတွင်းသို့ သွယ်တန်းထားပါသည်။ ထိုပိုက်လိုင်း တည်ဆောက်မှုကာလအတွင်း အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်းရှိ အဖွဲ့အစည်းများမှ အစီအရင်ခံစာများ ထုတ်ပြန်ထားပါသည်။ ရခိုင်ပြည်နယ်တွင် ဆင်းရဲမွဲတေမှု အဆင့် တစ်ဘက်စောင်းနင်း မြင့်မားပြီး၊ လက်နက်ကိုင်ပဋိပက္ခ အနည်းငယ်၊ သို့မဟုတ် မရှိဟု ဆိုနိုင်သော်လည်း ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အစ္စလာမ်နှင့် ဗုဒ္ဓဘာသာဝင်အုပ်စုများအကြား အကြမ်းဖက်သော ပဋိပက္ခများဖြစ်ပွားနေလျက်ရှိနေသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရှမ်းပြည်တောင်းပိုင်းသည် လက်နက်ကိုင် တိုင်းရင်းသားအုပ်စုအတော်များများ အခြေစိုက်ရာ ဒေသဖြစ်သည်။ ၎င်းတို့တွင် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ( နိုင်ငံတွင်းရှိ အကြီးမားဆုံးလက်နက်ကိုင်အဖွဲ့ ဖြစ်ပြီး၊ အစိုးရနှင့် မပြေပြစ်လှသော အပစ်အခတ်ရပ်စဲရေးကို ကာလအတော်ကြာ ရယူထားသည်)၊ ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း KIO (အဓိက လက်နက်ကိုင်တော်လှန်ရေးအုပ်စု)၊ တအောင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA၊ ရှမ်းပြည်တိုးတက်ရေးပါတီ (ရှမ်းပြည်နယ်တပ်မတော်-မြောက်)နှင့် မကြာသေးမီက ပြန်လည်လှုပ်ရှားလာသည့် ကိုးကန့် လက်နက်ကိုင်အဖွဲ့ စသည်တို့ပါဝင်ပါသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် KIO နှင့်အတူ TNLA တို့သည် တပ်မတော်နှင့် တိုက်ခိုက်

ပစ်ခတ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ပလောင်ဒေသအတွင်း တပ်အင်အားချဲ့ထွင်ရာတွင် တပ်မတော်သည် အတင်းအဓမ္မ ပေါ်တာထမ်းခိုင်းစေခြင်း၊ ရက်စက်ခြင်းအပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို လူထုအပေါ် မကြာသေးမီကာလများအတွင်း ကျူးလွန်ခဲ့သည်ဟု အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ စွပ်စွဲထားပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်း၏ အစီရင်ခံစာတွင် ၁၇ နှစ်ကြာ အပစ်ခတ်ရပ်စဲပြီးနောက် ၂၀၁၁-ခုနှစ်၊ ဇွန်လမှစတင်ကာ KIO နှင့် တပ်မတော်အကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာရာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ တွင်ကျယ်လာကြောင်း ဖော်ပြထားပါသည်။ ခွဲခြမ်းစိတ်ဖြာသူများအချို့နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများက ၎င်းဒေသများအတွင်း ဖြစ်ပွားနေသည့်တိုက်ပွဲများသည် ရွှေဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းလုံခြုံရေးနှင့် အနည်းဆုံး တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်စပ်နေသည်ဟု ထုတ်ဖော်ပြောကြားထားပါသည်။

တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး ဖြစ်စဉ်အောင်မြင်သွားသည့်တိုင် မြန်မာနိုင်ငံနယ်စပ်ဒေသများ၏ မလုံခြုံမှုပြဿနာသည် ပြီးဆုံးသွားဖွယ်မရှိပါ။ ဆွေးနွေးရေးစားပွဲတွင် အဓိက လက်နက်ကိုင်အဖွဲ့အစည်းကြီးများနှင့်အတူ ခွဲထွက်အဖွဲ့များ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့များ (အချို့တွင် အင်အား ရာနှင့်ချီ၍ပါရှိ) နှင့် လက်နက်ကိုင် ရာဇဝတ်ဂိုဏ်းများ ပါဝင်နေပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ လက်နက်များလွယ်ကူစွာရရှိနိုင်ခြင်း၊ လုံခြုံရေးအားနည်းခြင်းနှင့် တရားဥပဒေစိုးမိုးခြင်း စသည့်အချက်များသည် ထိုဒေသများအား လုံခြုံမှုမရှိသောဇရိယာအဖြစ် ကာလအတန်ကြာသတ်မှတ်ခံရရန် အကြောင်းဖြစ်စေပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် လက်နက်ဖျက်သိမ်းခြင်း၊ တပ်ရုပ်သိမ်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDRR) စသည့် အဆင့်များသို့ (နှစ်ကာလများ လိုအပ်မည်ဆိုသော်လည်း) နောက်ဆုံးရောက်ရှိသွားမည်ဆိုပါက၊ စစ်သည်ဟောင်းများသည် တရားဥပဒေနှင့်ညီညွတ်သည့် လုပ်ငန်းကိုင်ငန်းများရရှိရန် အခက်ခဲများရှိလာသောအခါတွင် မိမိတို့ ဘဝရပ်တည်ရေးအတွက် အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်း၊ တရားမဝင်နည်းလမ်းများဖြင့် ဝင်ငွေရှာခြင်းနှင့် ရာဇဝတ်မြောက်သောနည်းလမ်းများဖြင့် ဝင်ငွေရှာခြင်းစသည့် အပြောင်းအလဲအခြေအနေများ မလွှဲမရှောင်သာဖြစ်လာရပေမည်။ ယခုမျက်မှောက်ကာလတွင်းမှာပင် ထိုသို့သော ဖြစ်အင်လက္ခဏာအချို့ကို တွေ့မြင်နေရပြီဖြစ်ပါသည်။

## မြန်မာ့လုံခြုံရေးအင်အား ပြန်လည်ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတကာ၏ အထောက်အပံ့

မြန်မာနိုင်ငံ၏ ပြန်လည်ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်စတင်ခဲ့သည့် ၂၀၁၁-ခုနှစ် ကတည်းကပင်၊ နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ရဲနှင့်တပ်မတော်တို့အား လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကဏ္ဍများအား သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ပါသည်။ မြန်မာတွင် ရုံးစိုက်ထားသည့် ICRC သည် အင်အားကို မှန်ကန်စွာအသုံးချခြင်း၊ လူအုပ်စုအား ထိန်းချုပ်ခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းလုပ်ငန်းစဉ် စသည့်အကြောင်းအရာများနှင့်ပတ်သက်ပြီး စက်တင်ဘာလ၊ ၂၀၁၃-ခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်တို့၏ ထိပ်ပိုင်းအရာရှိများအား သင်တန်းစတင်ပေးခဲ့ပါသည်။ ဒီဇင်ဘာ ၂၀၁၃ တွင် ရခိုင်ပြည်နယ်ရှိ ရဲစခန်းများအတွက် ICRC မှ ထိန်းသိမ်းကြပ်မတ်ခြင်း နိုင်ငံတကာစံနှုန်းနှင့် ရဲအင်အားကို မှန်ကန်စွာအသုံးချခြင်း စသည့်သင်တန်းများကို ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် EU မှ ပို့ချသည့်သင်တန်းကို နိုဝင်ဘာလ၊ ၂၀၁၃-ခုနှစ်တွင် စတင်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၀၁၄ တွင် EU မှ ရဲအရာရှိများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၀၀ အား ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် လူ့အခွင့်အရေး၊ လူစုအား ထိရောက်စွာထိန်းချုပ်ခြင်း၊ အကြမ်းဖက်မှု ဖြစ်ပေါ်လာမည့်အခြေအနေကို တားဆီးကာကွယ်ခြင်းစသည့် အကြောင်းအရာများဖြင့် သင်တန်းပေးခဲ့ပါသည်။ မတ်လ ၂၀၁၅ အရောက်တွင် ရဲတပ်သား ၄၀၀၀ ခန့်ကိုသင်တန်းပေးနိုင်ရန် EU မှ မျှော်မှန်းထားပါသည်။

အမေရိကန်အစိုးရသည် တပ်မတော်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးများရှိပါသည်။ ထိပ်ပိုင်း ကွပ်ကဲရေးအရာရှိများအား လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သင်တန်းများကို ပို့ချပေးခဲ့ပါသည်။ သို့သော် တည်ရှိနေဆဲဖြစ်သော ပိတ်ဆို့အရေးယူမှုများကြောင့် တရားဝင်သင်တန်းပေးမှုများ မရှိသေးပါ။ US Congress နှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများသည် သင်တန်းပို့ချမှုအပေါ် စိုးရိမ်ပူပန်ခြင်းများကို ထုတ်ဖော်ခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသေးကြောင်း ထုတ်ဖော်စွပ်စွဲချက်များ ဆက်လက်ပေါ်ထွက်နေဆဲဖြစ်သော ကြောင့်ဖြစ်ပါသည်။ ဇန်နဝါရီလ ၂၀၁၄-ခုနှစ်တွင် UK အစိုးရမှ တပ်မတော်အရာရှိ ၄၀ ဦးအား ဒီမိုကရေစီနိုင်ငံတွင် စစ်တပ်၏အခန်းကဏ္ဍ၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပြုပြင်ပြောင်းလဲခြင်း၊ အုပ်ချုပ်ရေး၊ တာဝန်ယူဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေး စသည့်အကြောင်းအရာများကို သင်တန်းပို့ချပေးခဲ့သည်။ UK အစိုးရ၏ အကြီးပိုင်းအရာရှိများမှ ၎င်းသင်တန်းသည် တပ်မတော်၏ စစ်ရေးဆိုင်ရာစွမ်းရည်များကို မြှင့်တင်ပေးမည်မဟုတ်ကြောင်းကို အလေးပေးပြောကြားခဲ့သည်။

ဆယ်စုနှစ်ချီကာ အထီးကျန် ချန်လှပ်ထားခံရပြီးနောက်တွင် နယ်စပ်ဒေသ လုံခြုံရေးကဏ္ဍအား ပြန်လည်ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးလာပါသည်။ လုံခြုံရေးအင်အားစုများသည် အရပ်ဘက်လူ့အဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်သို့ ဖြည်းဖြည်းချင်းရောက်ရှိရန် မျှော်လင့်ထားရပါသော်လည်း၊ လက်ရှိဖွဲ့စည်းထားသည့် (အစိုးရ၊ အလှူရှင်နှင့် မြန်မာ့မူဝါဒနှင့် ဥပဒေကို ပြန်လည်ပုံဖော်ရန်ရည်ရွယ်သော နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သည့်) ကဏ္ဍ ၁၆ ခု သုတေသနအဖွဲ့များတွင် ထိုအချက်၏ သွင်ပြင်လက္ခဏာကို မတွေ့ရှိရပေ။ သင်တန်းပို့ချပေးခြင်းသည် အလွန်အရေးကြီးသည့် ခြေလှမ်းဖြစ်သည်။ သို့သော် ယခုထိတိုင် ပို့ချပေးနိုင်သည့်သင်တန်းသည် စစ်တပ်နှင့်ရဲအင်အားစု၏ အစိတ်အပိုင်းအနည်းငယ်မျှကိုသာ အကျုံးဝင်နိုင်မှုရှိပါသည်။ စစ်တပ်၏ လုပ်ငန်းစဉ် စည်းမျဉ်းစည်းကမ်းများတွင်သော်လည်းကောင်း၊ ရဲတပ်ဖွဲ့၏ လုပ်ငန်းဖော်ဆောင်မှု ဖြစ်စဉ်များတွင်သော်လည်းကောင်း လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေများ ပြည့်ဝစွာ သက်ဝင်ပေါင်းစပ်နိုင်ရန်အတွက် လုပ်ဆောင်ရန် အချက်များစွာ ကျန်ရှိနေသေးပါသည်။ ထို့အပြင် လုံခြုံရေး၏ အဓိကအခန်းကဏ္ဍသည် လူထုအား ကာကွယ်ခြင်းဖြစ်ပြီး၊ နိုင်ငံတော်ကို ကာကွယ်ရုံ သက်သက်မျှသာမဟုတ်ကြောင်း ရှုထောင့်သစ်တစ်ရပ်ကို ပေါင်းစပ်စုစည်းပေးရန်လည်း လိုအပ်ပါသေးသည်။ ထို့အပြင် လုံခြုံရေးအင်အားစုများ၏ လူထုအားကိုင်တွယ်ဆက်ဆံရာတွင် အပြုအမူဆိုင်ရာ ပြောင်းလဲမှုကြီးများ ပြုလုပ်ရန်လိုအပ်ပါသည်။

## (ခ) ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍအတွက် အဓိကလူ့အခွင့်အရေး ပါဝင်ပတ်သက်မှုများ

### မြန်မာ့လုံခြုံရေးဝန်ဆောင်မှုနှင့်အတူ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း

- **စပ်တပ်နှင့်ချိတ်ဆက်ထားမှုများ ။** ။ ဥပဒေနှင့် တည်ငြိမ်မှုအားထိန်းသိမ်းခြင်း၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရသည် အဓိကတာဝန်ရှိသူ ဖြစ်ပါသည်။ လုံခြုံရေးသည် အစိုးရ၏တာဝန်ဖြစ်ပါသည်။ ထိလွယ်ရှလွယ်သောဒေသနှင့် ပဋိပက္ခဖြစ်ပွားသောဒေသများတွင် ရပ်ရွာလူထု (အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုဒေသများတွင်)နှင့် အပြုသဘောမဆောင်သော၊ သို့မဟုတ် ပြဿနာသဘောဆောင်တတ်သော ဆက်ဆံရေးများ ရှိလေ့ရှိသည့် တပ်မတော်သည် ထိုလုံခြုံရေးတွင် တာဝန်ရှိသူဖြစ်သည်။ အခြားဒေသများတွင် ရေနံမြေ ရဲတပ်ဖွဲ့ရှိပြီး ရေနံမြေလုံခြုံရေးအား ပုံမှန်လုပ်ဆောင်ပေးပါသည်။
- **PSC နှင့် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုတွင်ပါရှိသည့် လုံခြုံရေးဆိုင်ရာ ဥပဒေအပိုဒ်။** ။ ပုံစံနမူနာထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (the model Production Sharing Contract ) PSC ၊ အပိုဒ် ၁၇.၁ အရ MOGE သည် အောက်ပါအတွက် တာဝန်ရှိပါသည်။ "လုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်မှုအား စာချုပ်ချုပ်ဆိုသူမှ တောင်းခံလာလျှင်သော်လည်းကောင်း၊ MOGE ၏ ထိန်းချုပ်မှုအောက်ရှိ အရင်းအမြစ်များမှ အထောက်အပံ့များရရှိနိုင်ရန်အတွက် လုပ်ဆောင်ရန်”တောင်းခံလာလျှင်သော်လည်းကောင်း ဝန်ထမ်းများရရှိနိုင်မှု အဆင်သင့်အနေအထားတွင်မရှိသော အခြေအနေမျိုးတွင် MOGE သည် ဆောလျင်စွာ အခြားအရင်းအမြစ်မှ အစားထိုးအသုံးချမှုဖြင့် လုံခြုံစေရမည်ဖြစ်ပါသည်။ ထိုအခါ စာချုပ်တွင်တောင်းဆိုထားသည့် ကုန်ကျစရိတ်များအား စာချုပ်ချုပ်ဆိုသူမှ MOGE ထံသို့ ပြန်လည်ပေးသွင်းရမည် ဖြစ်ပါသည်။ ပြည်ပမှ လုပ်ဆောင်လည်ပတ်သူများအနေဖြင့် တပ်မတော်မှဝန်ဆောင်မှုပေးသည့် လုံခြုံရေးအတွက် ငွေကြေးပေးဆောင်ရသည်ဟု ရှုမြင်ခံရမည်ကို လွန်စွာမှ တွန့်ဆုတ်မိမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပေးဆောင်မှုသည် ကုမ္ပဏီနှင့် တပ်မတော်အား တိုက်ရိုက်ချိတ်ဆက်မိစေနိုင်ပါသည်။ ထိုဥပဒေအပိုဒ်သည် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုအား အပြည့်အဝ ချိုးဖောက်နိုင်ပါသည်။ လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး ကုမ္ပဏီများသည် ပျော့ပြောင်းပြီး အပြောင်းအလဲကိုလက်ခံရန် လွယ်ကူသည့်အနေအထားတွင် ရှိရန်လိုအပ်ပြီး လိုအပ်လျှင် ကုမ္ပဏီများမှ လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းများအချို့ကို ထိန်းချုပ်ကိုင်တွယ်နိုင်သည့် အခွင့်အရေးလည်း ထားရှိပေးထားသည့် နည်းလမ်းမျိုးဖြစ်ပါသည်။ ကိုယ်ပိုင်လုံခြုံရေးဝန်ထမ်းများ ထားရှိပိုင်ခွင့်ကို ကုမ္ပဏီများအား တရားဝင်ခွင့်ပြုထားသင့်ပေသည်။
- **ဆွေးနွေးအကြံပေးခြင်းနှင့် စွမ်းဆောင်ရည်မြင့်တင်ခြင်း။** ။ စစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများကို အမြဲတစေ ကျူးလွန်ခဲ့သည်ဟူသည့် သမိုင်းကြောင်း၊ စစ်တပ်နှင့်ရဲတပ်ဖွဲ့တွင် လူ့အခွင့်အရေးအသိပညာ နိမ့်ပါးခြင်း၊ သို့မဟုတ် မရှိခြင်းနှင့် လူ့အခွင့်အရေးပညာပေးသင်တန်း ပို့ချမှုနည်းပါးခြင်း စသည့်အချက်များကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုသူများတို့သည် မိမိတို့၏ လုံခြုံရေးစီစဉ်ဆောင်ရွက်ချက်များက လူ့အခွင့်အရေးအား လေးစားပါကြောင်းသေချာစေရန် အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ရာတွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့ထံသို့ အပြုသဘော

ဆောင်သည့်ပုံစံဖြင့် ချဉ်းကပ်ရောက်ရှိနိုင်ရန် ဆွေးနွေးအကြံပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပေးခြင်း စသည်တို့ဖြင့် လုပ်ဆောင်ရပါမည်။ ပတ်ဝန်းကျင်ပြောင်းလဲရာတွင် ကုမ္ပဏီများအား ကျယ်ပြန့်ပြီး နည်းစနစ်ပိုကျသည့် နည်းလမ်းဖြင့် တုံ့ပြန်ရန် အကြံပေးကြသည်။ ထိုသို့ တုံ့ပြန်ရာတွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့၏ အလွဲသုံးစားပြုမှုများ ဖြစ်ပွားနိုင်သည့် အခြေအနေရှိတတ်ပြီး၊ ပိုမိုကျဉ်းမြောင်းသော ချဉ်းကပ်ပုံနှင့် အတိတ်ကအသုံးပြုခဲ့သော နည်းလမ်းများကို အသုံးချရန် ဦးစားမပေးတတ်ပေ။ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့၏ စီမံကိန်းပတ်လည်တွင် "Cordon Sanitaire" များ ဖန်တီးထားပြီး၊ ကုမ္ပဏီသည် ရွာသူရွာသားများအတွက် အကာအကွယ်သဖွယ် တည်ရှိနေသည့် အနေအထားကို ဖြစ်စေသည်။ သို့သော် ၎င်းဆောင်ရွက်ချက်သည် မိမိတို့ဖော်ဆောင်သည့် လုပ်ငန်းခွင် ပြင်ပဧရိယာများအတွက် ထိရောက်မှုနည်းပါးပါသည်။ ထို့အပြင် အခြားဧရိယာအား စော်ကားကျူးလွန်မှုများကိုလည်း ဖြစ်ပေါ်စေတတ်ပါသည်။ ဥပမာ ငွေကြေးပေးဆောင်စေခြင်း၊ သို့မဟုတ် လုပ်အားပေးဆောင်စေခြင်း)

- **နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ။** ။ လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေကို ကျင့်သုံးသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် နီးကပ်စွာဆက်နွယ်နေသော လုပ်ဆောင်မှုများကို ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ (တည်နေရာအနေအထားအရ၊ သို့မဟုတ် လုပ်ငန်းသဘောသဘာဝအရ) သည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေနှင့် ကိုက်ညီသည့်ရှုထောင့်များကို လေးစားရမည်ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီများသည် လုံခြုံရေးအင်အားနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပိုင်ဆိုင်ရာမြေယာ၊ ဥစ္စာပစ္စည်းရယူပိုင်ဆိုင်ခြင်းများ အပါအဝင် အခြားလုပ်ငန်းလုပ်ဆောင်မှု ရှုထောင့်များနှင့်ပတ်သက်သော တာဝန်ဝတ္တရားများကို ထပ်လောင်း ထမ်းဆောင်ရပါသည်။

- ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VP) ။ ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VPs) သည် အစိုးရ၊ ကုမ္ပဏီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် စတင်ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ကုမ္ပဏီများမှ အများပြည်သူနှင့် တစ်သီးပုဂ္ဂလ လုံခြုံရေးကိုပံ့ပိုးပေးနိုင်ရန် ရည်ရွယ်သော လူ့အခွင့်အရေးကိုအားပေးသည့် လုပ်ငန်း လုပ်ဆောင်မှု မူဘောင်အတွင်းမှ လုပ်ငန်းဖော်ဆောင်ရာတွင် အခြေခံမူသဘောတရားများသည် ကုမ္ပဏီ၏လုပ်ငန်း ဖော်ဆောင်မှု၏ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် လမ်းညွှန်ထိန်းကျောင်းမှု ဖြစ်စေသည်။ ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VP) သည် အစိုးရ၏လုပ်ဆောင်ချက်များ အထူးသဖြင့် အများပြည်သူလုံခြုံရေးကို ပံ့ပိုးပေးမှုများသည် ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးတို့ဖြင့် ဆီလျော်ကိုက်ညီမှု ရှိ၊ မရှိ သေချာစေရန် ကုမ္ပဏီများမှအလေးပေးကြောင်း အထူးသိစေပါသည်။ လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိနိုင်မှုနှင့် မှန်ကန်သင့် လျော်သော တုံ့ပြန်ဆောင်ရွက်မှုများတွင် ကုမ္ပဏီနှင့် အများပြည်သူလုံခြုံရေးတပ်ဖွဲ့(စစ်တပ်နှင့်ရဲတပ်ဖွဲ့) တို့ ပုံမှန်ဆက် သွယ်ဆောင်ရွက်မှုများ ပါဝင်ပါသည်။ မြန်မာသည် ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ(VP)၏ အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါ။ သို့သော် ထိုအချက်သည် ကုမ္ပဏီများအား မြန်မာနိုင်တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့အား အဟန့်အတားဖြစ်စေမည် မဟုတ်ပါ။ အထက်တွင်ဆိုခဲ့သည့် အများပြည်သူ လုံခြုံရေးကဏ္ဍအတွက် သင်တန်းပို့ချခြင်းသည် ထိုဆွေးနွေးချက်များအတွက် အခြေခံလုပ်ငန်းချမှတ်ရာတွင် အရေးပါသည့်ခြေလှမ်းဖြစ်သည်။ ထို့အပြင် ၎င်းအပိုင်းသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း လုပ်ဆောင်သူများနှင့် အစိုးရတို့ စုပေါင်းဆွေးနွေးခြင်းသည် အရေးပါအသုံးဝင်မှုရှိသော အပိုင်းဖြစ်နိုင်ပါသည်။

## အသစ်ထွက်ပေါ်လာသည့် လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များနှင့် အခြေအနေများ

- **ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းဝန်းကျင်တွင် ဆန့်ကျင်ဆန္ဒပြမှု။** ။ ဆယ်စုနှစ်ချီကာ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့် ဖိနှိပ်ခံထားရသည့် အခြေအနေကြောင့် ဒေသအစိုးရမှ အဆင်သင့်ပြင်ဆင်ထားမှုမရှိသော အခြေအနေမျိုးတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းဝန်းကျင်၌ ဆန့်ကျင်ဆန္ဒဖော်ထုတ်ခြင်းများ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။ အကြမ်းဖက်မှုများနှင့် ဆန္ဒပြသူများအား ဖမ်းဆီးခြင်းစသည့် အခြေအနေသို့ ရောက်ရှိနိုင်ပါသည်။
- **အကြမ်းဖက်မှုမှ ထွက်ပြေးရှောင်တိမ်းသူများ။** ။ အသစ်ပေါ်ထွက်လာသည့် လုံခြုံရေးအခြေအနေရပ်များ၊ ဥပမာ ရိုဟင်ဂျာဆိုသူများသည် အကြမ်းဖက်မှုမှ ရှောင်တိမ်းထွက်ပြေးရန်၊ သို့မဟုတ် အဆုံးစွန် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရန်အတွက် လှေဖြင့် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းကြသည်။ (အစိုးရ၏ ထုတ်ပြန်ချက်အရ၊ ထိုလှေများသည် ဘင်္ဂလားဒေ့ရှ်

နိုင်ငံသားများကိုပါ သယ်ဆောင်သည်)။ ထိုလှေများသည် ပင်လယ်ပြင်တွင် လုပ်ငန်းဆောင်ရွက်နေသည့် သင်္ဘောကြီးများ၊ သို့မဟုတ် ထောက်ပို့ရေယာဉ်များ၏ လမ်းကြောင်းပေါ်တွင် ဖြတ်သန်းသွားကြသည်။ ကုမ္ပဏီများသည် ထိုသို့သော လှေများမှ ဒုက္ခရောက်နေ၍ အကူအညီလိုနေသူများကို တွေ့ရှိသောအခါ တုံ့ပြန်ဆောင်ရွက်ရန်အတွက် သင့်တော်မှန်ကန်သည့် လုပ်ငန်းစဉ်များကို ချမှတ်ရန်လိုအပ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ စမ်းသပ်ရှာဖွေရေး လုပ်ဆောင်ချက်များအတွက် သင်္ဘောများသည် စစ်တွေနှင့် ကျောက်ဖြူဆိပ်ကမ်းများကို အသုံးပြုခြင်းမှပေါ်ထွက်လာသည့် ဆက်စပ်သက်ရောက်မှုသည် ရခိုင်ပြည်နယ်ဝန်းကျင် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များအတွက် ထောက်ပံ့ရေးတွင် ကြားဝင်ထိခိုက်မှု ရှိနိုင်ပါသည်၊ သို့မဟုတ် ထိုဆိပ်ကမ်းနှစ်ခုတွင် ပိုမိုကြီးမားသည့် လုံခြုံရေးချထားမှု အခြေအနေဖြစ်ပေါ်စေပြီး၊ ဒေသလူထုနှင့် ကယ်ဆယ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတို့အတွက် အပြုသဘောမဆောင်သည့် နောက်ဆက်တွဲအကျိုးများ ဖြစ်ပေါ်စေပါသည်။

- **ရေနံနှင့်သဘာဝဓာတ်ငွေ့ ဒေသတွင်းရာဇဝတ်မှု။** ။ ဒေသခံအဆင့်တွင်၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာများသည် ဒေသတွင်းဝင်ရောက်လာသည့် အလုပ်သမားများနှင့်အတူ တိုးပွားလာခြင်း၊ ဒေသတွင်း စားသောက်ဆိုင်များသည် အရက်များကိုရောင်းချခြင်း (ကလေးများကိုပါ) စသည်တို့အတွက် ရပ်ရွာလူထုများမှ စိုးရိမ်ပူပန်မှုရှိကြောင်း ထုတ်ဖော်ကြသည်။ ထိုနယ်ပယ်အခြေအနေသည် ကုမ္ပဏီ၏ ပိုင်ဆိုင်ရာဥစ္စာစည်းစိမ်များ တိုးပွားလာခြင်းနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကြောင့် ဒေသတွင်းရာဇဝတ်ပြစ်မှုများ တိုးပွားလာစေနိုင်ပါသည်။ တစ်ဆက်တည်းတွင် ကုမ္ပဏီများနှင့် ရပ်ရွာလူထု၏ လုံခြုံရေးကိုလည်း ထိပါးစေပါသည်။ အချို့သော ရပ်ရွာလူထုများသည် ကုမ္ပဏီဝန်ထမ်းများနည်းတူ ကာကွယ်စောင့်ရှောက်မှု မခံစားကြရကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။

## ကုမ္ပဏီမှ အလုပ်ခန့်အပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုထားသည့် လုံခြုံရေးဝန်ဆောင်မှုပေးသူများ

- **စီးပွားရေး မိတ်ဖက်များ။** ။ ကုမ္ပဏီများသည် လုံခြုံရေးဝန်းထမ်းများအတွက် ပြင်ပဝန်ဆောင်မှု ပေးသူများထံမှ ငှားရမ်းကြပါသည်။ ထိုသို့ ဝန်ဆောင်မှုပေးသူများ၏ နောက်ကြောင်း၊ ပိုင်ဆိုင်သူ၊ မန်နေဂျာ၊ ဝန်ထမ်း စသူတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်စပ်သည့် ရာဇဝင်နောက်ခံ မရှိသူများဖြစ်ကြောင်း သေချာစေသင့်ပါသည်။ ထိုသူများအား လူ့အခွင့်အရေး လေးစားလိုက်နာခြင်းဆိုင်ရာသင်တန်းများ ပို့ချပေးသင့်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အလုပ်ခန့်အပ်မှုစာချုပ်များနှင့် ဝန်ဆောင်မှုပေးသူနှင့် ချုပ်ဆိုသည့်စာချုပ်များသည် အလုပ်သမားအခွင့်အရေးစံနှုန်းနှင့် ကိုက်ညီကြောင်း သေချာစေရပါသည်။ ကုမ္ပဏီများသည် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်ရာတွင် ဒေသတွင်းလူများအား ဦးစားပေးရန် ထည့်သွင်း စဉ်းစားသင့်ပါသည်။ သို့သော် ထိုလုပ်ဆောင်ချက်မျိုးသည် ရပ်ရွာအသိုင်းအဝိုင်းတွင် တင်းမာမှုများ ဖြစ်ပေါ်စေတတ်သည်ကို သိရှိထားသင့်ပါသည်။ (အသေးစိတ် အကြောင်းအရာများကို အပိုင်း ၄.၂ ၊ ရပ်ရွာလူထုတွင်ရှုပါ။) ယခုအခါတွင် နိုင်ငံတကာဆိုင်ရာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများပေါ်တွင် အခြေခံသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၏ အခြေခံမူနှင့် စံနှုန်းများကို ချမှတ်ပေးထားသော နိုင်ငံတကာ ကျင့်ဝတ်ဆိုင်ရာ နည်းဥပဒေ (ICoC) များ ရှိနေပြီဖြစ်သည်။ ကုမ္ပဏီများမှ နည်းဥပဒေကိုလိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးနိုင်ပါသည်။ ဖြစ်နိုင်ခြေရှိသည့် ဝန်ဆောင်မှုပေးသူများကို စစ်ဆေးရန်အတွက် သင့်လျော်ကိုက်ညီသည့် ရည်ညွှန်းချက်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် ၎င်းအား သတ်မှတ်ထားသည့်ကာလအတွင်း ကုမ္ပဏီ၏ ကတိကဝတ်များအတွက် ချိန်ရွယ်လုပ်ဆောင်သင့်ပါသည်။
- **လက်နက်အသုံးပြုမှု။** ။ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများသည် လက်နက်ကိုင်ဆောင်ခြင်း မရှိကြပါ။ ထိုအချက်သည် လူ့အခွင့်အရေးအား အန္တရာယ်ဖြစ်စေနိုင်မည့်အဆင့်ကို လျှော့ကျစေပါသည်။ သို့သော် အန္တရာယ်ကွယ်ပျောက်သွားခြင်း မဟုတ်ပါ။ သင့်တော်သော လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပို့ချပေးရန် လိုအပ်ပါသည်။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

### ကုမ္ပဏီလုံခြုံရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူပုဂ္ဂိုလ်တစ်ဦး၏ အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံရေးအခွင့်အရေး။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ကုမ္ပဏီမှ ငှားရမ်းခန့်အပ်သည့် လုံခြုံရေးဝန်ထမ်းများနှင့်ပတ်သက်ပြီး ဒေသရပ်ရွာလူထုမှပြုသည့် တိုင်တန်းချက်များ မကြားသိခဲ့ရပါ။ ပိုက်လိုင်းတည်ရှိရာဒေသအတွက် လက်နက်ကိုင်ဆောင်ခြင်းမရှိသော လုံခြုံရေးဝန်ထမ်းများကို ဒေသတွင်း ရပ်ရွာလူထု အသိုက်အဝန်းမှ အထူးခေါ်ယူခန့်အပ်သည်။ ထို့ကြောင့် ရပ်ရွာလူထုတွင်း လုံခြုံရေးဝန်ထမ်းများ ရှိနေပါသည်။ လုံခြုံရေးဆိုင်ရာဖြစ်ရပ်များနှင့် ပတ်သက်ပြီး သာမာန်ဖြစ်ရပ်များသာ ရှာဖွေတွေ့ရှိချက်တွင် တွေ့မြင်နိုင်ပါသည်။ (ဥပမာ-ရေနံနှင့်သဘာဝဓာတ်ငွေ့မှ အလုပ်သမားများ အရက်သေစာသောက်စားမူးယစ်ကာ ရန်ဖြစ်ခြင်း။ ပိုက်လိုင်းလုံခြုံရေးအား ပိုက်လိုင်းတွင်းတပ်ဆင်ထားသည့် အာရုံခံကိရိယာများဖြင့် စောင့်ကြည့်ထားပြီး၊ ပိုက်လိုင်း စောင့်ကြည့်သူဝန်ထမ်းများသည် ပုံမှန်စောင့်ကြည့်မှုအဖြစ် (နေ့စဉ်ဆိုသည်ထက် လစဉ်၊ သို့မဟုတ် အပတ်စဉ်) ပိုက်လိုင်း တစ်လျှောက်(မြေမျက်နှာပြင်) အား လိုက်လံစောင့်ကြည့်ရပါသည်။
- အလုပ်သမားများမှ မိမိတို့၏အလုပ်ရှင် (တစ်ဆင့်ခံ စာချုပ်ချုပ်ဆိုသူ) နှင့်ပတ်သက်ပြီး တိုင်ကြားချက်အချို့ ရှိခဲ့ပါသည်။ အကြောင်းအရာမှာ အခြားတစ်ဆင့်ခံ စာချုပ်ချုပ်ဆိုသူလက်အောက်ရှိ ဝန်ထမ်းများနှင့် အဆင့်ရာထူး၊ အလုပ်လုပ်ချိန်များ တူညီနေပါသော်လည်း လုပ်အားခ ပိုမိုနည်းနေခြင်းဖြစ်သည်။

### အများပြည်သူ လုံခြုံရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူပုဂ္ဂိုလ်တစ်ဦး၏ အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံရေး အခွင့်အရေး။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရေနံမြေဧရိယာ (OFA)အား ရေနံမြေရဲတပ်ဖွဲ့ (MOGE နှင့် နီးကပ်စွာဆက်ဆံရေးရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခွဲပေးထားသည့်တပ်ဖွဲ့)မှ စောင့်ကြည့်ပြီး၊ လက်နက်ကိုင်ဆောင်နိုင်သည်။ ထိုအထူးတပ်ဖွဲ့သည် ရေနံမြေအတွင်း ခိုးမှုနှင့် ရေနံတရားမဝင် ခိုးထုတ်မှုများကို အဓိကစောင့်ကြည့်ရသည်။
- စစ်တပ်၊ သို့မဟုတ် MOGE လုံခြုံရေးတပ်ဖွဲ့နှင့်ပတ်သက်ပြီး မကျေနပ်ချက်များကို သုတေသနပြုသူများထံသို့ တိုင်ကြားပြောဆိုသည်များရှိပါသည်။ သို့သော် မိမိတို့သိရှိသည်များကို ထုတ်ဖော်ပြောဆိုလေ့မရှိခြင်းကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

### လုံခြုံရေးကန့်သတ်မှုကြောင့် အသက်မွေးလုပ်ငန်းများကို ထိခိုက်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လုံလောက်သော သက်ရှင်နေထိုင်မှု အခွင့်အရေး။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- တံငါသည်ရပ်ရွာလူထု၏ ပြောကြားချက်အရ လုံခြုံရေးအကြောင်းပြချက်ကြောင့် ကမ်းဦးရေတိမ်ပိုင်း ပိုက်လိုင်းအနီးတွင် ငါးဖမ်းရန် ပိတ်ပင်ကန့်သတ်ခြင်းများသည် ကာလကြာရှည်စွာ၊ သို့မဟုတ် အတိအကျမသိနိုင်သော ကာလတစ်ခုအထိ ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ငါးဖမ်းခြင်းပိတ်ပင်မှုကြေညာချက်အား ဒေသအာဏာပိုင်၊ သို့မဟုတ် ရေတပ်မှ ထုတ်ပြန်ပါသည်။ ထိုကဲ့သို့ ငါးဖမ်းပိတ်ပင်ခြင်းသည် မိမိတို့၏ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းကို ထိခိုက်ကြောင်း တံငါသည်ရပ်ရွာလူထုမှ တိုင်တန်းကြပါသည်။

## ကျားမသဘာဝ (ဂျင်ဒါ)/အခက်အခဲပြဿနာ ကြုံတွေ့ဖွယ်ရှိသောသူများ

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လူပုဂ္ဂိုလ်တစ်ဦး၏ အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှု အခွင့်အရေး။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- လုံခြုံရေးဝန်ထမ်းများ ရှိနေသည်ဆိုသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဖော်ဆောင်ရာဒေသအချို့တွင် အမျိုးသမီးများသည် အမျိုးသားဦးရေများသည့် လုပ်သားအင်အားရှိသောလုပ်ငန်းများတွင် မလုံခြုံမှုကိုခံစားရကြောင်း အထူးသဖြင့် နိုင်ငံခြားအမျိုးသားလုပ်သားအင်အားကို ထည့်သွင်းသုံးသပ်ခြင်းဖြင့် ထုတ်ဖော်ပြောဆိုကြသည်။
- အချို့မှာမူ များပြားလာသည့် အရက်ဆိုင်များအပေါ် စိုးရိမ်ပူပန်မိကြောင်းမှတ်ချက်ပြုကြသည်။ တစ်နေ့တာ၏ အချိန်တိုင်းတွင် အရက်သောက်သုံးနေခြင်းနှင့် တက်သစ်စလူငယ်များ အရက်ဆိုင်များတွင် အရက်သောက်သုံးမှုအကြောင်း ပြောဆိုခဲ့ကြသည်။ ရပ်ရွာအသိုက်အဝန်းအတွင်း အရက်များ အဆင်သင့်ရရှိနိုင်မှုသည် ခိုက်ရန်ဖြစ်ပွားခြင်း၊ ငွေကြေးဆိုင်ရာဖိဝတ်မှုများ ပေါ်ပေါက်ခြင်းများကို ဖြစ်ပေါ်စေကာ လုံခြုံရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း စိုးရိမ်ကြပါသည်။

### မြန်မာနိုင်ငံမှ ကောင်းမွန်သော အလေ့အထကောင်းများ ဥပမာ

- ကုမ္ပဏီတစ်ခုမှ MOGE ၊ စစ်တပ်၊ ရေတပ်နှင့် မြို့နယ်အာဏာပိုင်များအတွက် သဘောဆန္ဒအလျောက် ဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာ အခြေခံမူသဘောတရားနှင့် လူ့အခွင့်အရေး (VPs) သင်တန်းကို ပို့ချပေးခဲ့သည်။
- ကုမ္ပဏီတစ်ခုမှ သဘောဆန္ဒအလျောက်ဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာ အခြေခံမူသဘောတရားနှင့် လူ့အခွင့်အရေးကို ၎င်းတို့ကုမ္ပဏီ၏ လုံခြုံရေးစီမံမှု၊ သင်ရိုးတန်း၊ လုပ်ငန်းစဉ်နှင့် ဆန်းစစ်ခြင်းများတွင် ပေါင်းစပ်ထည့်သွင်းထားကြောင်း ထုတ်ဖော်ပြောဆိုသည်။
- ကောင်းမွန်သည့် အလေ့အကျင့်ဖြင့် လုပ်ဆောင်သည့်အတိုင်း ထိခိုက်နစ်နာမှုများအား မှတ်သားရန်နှင့် ကုမ္ပဏီရှိ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားကာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လုံခြုံရေးဝန်ထမ်းများနှင့် လူထုနှင့်ချိတ်ဆက်ဆောင်ရွက်နေသည့် ဝန်ထမ်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ရပါသည်။

၄

၄.၇



၄

၄.၈

စီမံကိန်းအဆင့် အကျိုးသက်ရောက်မှုများ

# သဘာဝပတ်ဝန်းကျင်

၄

၄.၈

## အပိုင်း - ၄.၈

# သဘာဝပတ်ဝန်းကျင်

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) ပတ်သက်ဆက်နွယ်သော နိုင်ငံရေးရာအခြေအနေ

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ

(ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

## (က) ပတ်သက်ဆက်နွယ်သော နိုင်ငံရေးရာအခြေအနေ

မြန်မာနိုင်ငံတွင် သန္တာကျောက်တန်းများ၊ ပင်လယ်ရေအောက်မြက်ခင်းများ၊ လမုတောများ၊ သဲသောင်ပြင်ကမ်းခြေများနှင့် လတာများအပါအဝင် ကမ်းရိုးတမ်းနှင့် အဏ္ဏဝါဇီဝ အမျိုးပေါင်းများစွာဖြစ်တည် တည်ရှိပါသည်။ သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး ကမ်းနီး၊ ကမ်းဝေး ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ ငွေ၊ ခဲ၊ ခဲမဖြူနှင့် ကျောက်မျက်ရတနာများရှိသကဲ့သို့ မြေဆီကြွယ်ဝသော ဂေဟဇုန်များမှာ ကျယ်ပြန့်သော စိုက်ပျိုးထုတ်လုပ်မှုများအတွက် အစဉ်အဆက် တည်ရှိနေခဲ့ပါသည်။ ဤအရင်းအမြစ်များသည် လွန်ခဲ့သော ရာစုနှစ်များစွာကတည်းက လူဦးရေအမြောက်အများအား ထောက်ပံ့နေခဲ့ခြင်းဖြစ်ပြီး ယနေ့အချိန်အထိ မြန်မာ့စီးပွားရေးအတွက် ထွက်ကုန်စုကြီးအဖြစ် ဆက်လက်ပံ့ပိုးပေးနေဆဲ ဖြစ်ပါသည်။

သို့ပါသော်လည်း သစ်တောများပြုန်းတီးခြင်း၊ အကြီးစားသတ္တုတူးဖော်ခြင်း၊ သက်ရှိသတ္တဝါများနှင့် မြေယာများ ပျက်ဆီးလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်းတို့သည် သဘာဝပတ်ဝန်းကျင်အပေါ် ဖိအားသက်ရောက်လာကြသည်။ တိုးချဲ့လာသော စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ လေထုညစ်ညမ်းခြင်း၊ လူဦးရေတိုးပွားခြင်းများသည် အထိန်းအကွပ်မရှိသော သယံဇာတထုတ်ယူသုံးစွဲခြင်းများနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်အပေါ် ဆိုးရွားစွာပင် ပျက်ဆီးမှုဖြစ်စေပါသည်။ ၁၉၉၀-ခုနှစ်မှ ၂၀၁၀-ခုနှစ်အတွင်း ရာဘာပင်စိုက်ပျိုးမှုသည် နှစ်ဆနီးပါးခန့်ရှိလာပြီး ဆီအုန်းပင်စိုက်ပျိုးမှု အမြောက်အများနှင့်အတူပင် ဇီဝမျိုးကွဲများအပေါ် အကြီးမားဆုံးခြိမ်းခြောက်မှုများထဲ၌ ပါဝင်ပါသည်။ ဤသို့သဘာဝပတ်ဝန်းကျင်အပေါ် ဖိအားပေးမှုများကြောင့် ပင်စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများအပါအဝင် များစွာသောလူမှုစီးပွားရေးကဏ္ဍများသည် အားနည်းထိခိုက်လွယ်မှု မြင့်တက်လာစေပါသည်။ တိကျသည့် ခန့်မှန်းချက်များရရှိနိုင်ရန် ခက်ခဲသော်လည်းမြန်မာနိုင်ငံရှိ တရားမဝင်သားရိုင်းကုန်သွယ်မှုသည် ပျံ့နှံ့လျက်ရှိကြောင်းယူဆရပါသည်။ တရားမဝင် အမဲလိုက်ခြင်းနှင့်အတူ သားရိုင်းတိရစ္ဆာန်ပမာဏသည်လည်း ယေဘုယျအားဖြင့် လျော့ကျသွားစေပါသည်။ ထိုသို့သော သယံဇာတများထုတ်ယူခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာသောအခါ မြန်မာနိုင်ငံ၏ ဇီဝမျိုးကွဲများနှင့် သဘာဝဖြစ်တည်မှုများအပေါ် အကျိုးသက်ရောက်မှုရှိလာမည်ကို များစွာသော မြန်မာနိုင်ငံသားများ၊ ဒေသတွင်း၊ နိုင်ငံတကာအရပ်ဘက် လူမှုအဖွဲ့အစည်းများက စိုးရိမ်နေကြသည်။

ပြောင်းလဲလာသောရာသီဥတုကို လိုက်လျောညီထွေဖြစ်စေမည့် မြန်မာ့စီမံကိန်းသည် နိုင်ငံအပေါ် အကျိုးသက်ရောက်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိကဖိအားများကို ဖော်ထုတ်မည်ဖြစ်သည်။ ရာသီဥတုနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များ/ရာသီဥတုဆိုးရွားစွာဖောက်ပြန်မှုများ၊ သစ်တောပြုန်းတီးခြင်း၊ ရေအရင်းအမြစ် ပြုန်းတီးခြင်းများ။ ကုန်းတွင်းထုတ်လုပ်ရေးအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့ကဲ့သို့သော ကမ်းရိုးတန်းဒေသများမှာ ပင်လယ်ရေမြင့်တက်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းကြောင့်လှိုင်းများကြီးခြင်း၊ ရေလွှမ်းခြင်း စသည့်ရာသီဥတုဆိုင်ရာ ရေရှည်အကျိုးသက်ရောက်မှုများ တွေ့ကြုံခံစားနေရပြီ ဖြစ်သည်။ နိုင်ငံ၏အနောက်တောင်ပိုင်းသည် ဘင်္ဂလားပင်လယ်အော်အတွင်း တည်ရှိနေပြီး အနိမ့်ပိုင်း ကမ်းရိုးတန်းဇုန်ဖြစ်သည့်အတွက် ယေဘုယျအားဖြင့် နိုင်ငံသည် ဘူမိဗေဒအရသော်လည်းကောင်း၊ ဇလဗေဒအရ သော်လည်းကောင်း ဘေးအန္တရာယ်များ ကြုံတွေ့နေရပြီဖြစ်သည် (ဥပမာ မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းများနှင့် ဆူနာမီများ)။ ရေရှည်တွင် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးလာမှု၏ အကျိုးဆက်တစ်ခုဖြစ်သော ရာသီဥတုပြောင်းလဲမှုများကို ရင်ဆိုင်ရနိုင်သည်။

## ရေနှင့် ကျန်းမာသန့်ရှင်းရေး

အခြေခံအဆောက်အအုံများသည် အလွန်ပင် အကန့်အသတ်ဖြင့်ရှိနေသည့်အတွက် ယေဘုယျအားဖြင့် သန့်ရှင်းသော သောက်သုံးရေနှင့် အခြေခံသန့်ရှင်းရေးအတွက် လက်လှမ်းမမီခြင်းသည် မြန်မာနိုင်ငံတွင် အဓိကကျသော ကိစ္စရပ်ဖြစ်သည်။ သန့်ရှင်းသော သောက်သုံးရေရရှိမှုသည် မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးအလိုက် သိသာစွာ ကွဲပြားခြားနားပါသည်။ ၂၀၁၁-ခုနှစ်အတွင်း ပြုလုပ်သောလေ့လာမှုတစ်ခုတွင် အိမ်ထောင်စု (၆၈) ရာခိုင်နှုန်းသာ ကောင်းမွန်သော ရေအရင်းအမြစ်များကိုရရှိပြီး အိမ်ထောင်စု (၁၇) ရာခိုင်နှုန်းသာလျှင် ထိုသို့သောအရင်းအမြစ်များမှ ရေကို သန့်ရှင်းစွာထုတ်ယူ သုံးစွဲနိုင်ကြောင်း၊ ထို့အတွက် ရရှိသော ရေ၏ညစ်ညမ်းမှုအန္တရာယ် ပိုမိုမြင့်မားလာနေကြောင်း ညွှန်ပြထားပါသည်။ အာရှဒေသ ရေထုပတ်ဝန်းကျင်ဆိုင်ရာ မိတ်ဖက်အဖွဲ့ (the Water Environment Partnership in Asia – WEPA) မှ အစီရင်ခံထားသည်မှာ မြန်မာနိုင်ငံ၏ စုစုပေါင်းရေအသုံးပြုချမှုတွင် စိုက်ပျိုးရေးကဏ္ဍသည် ၉၀ ရာခိုင်နှုန်းဖြစ်ပြီး စက်မှုလုပ်ငန်းနှင့် အိမ်တွင်းသုံး ရေပမာဏမှာ ၁၀ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ ရာခိုင်နှုန်းများမြင့်မားနေသော်လည်း နိုင်ငံအဆင့် ရေအရင်းအမြစ်သုံးစွဲမှု စုစုပေါင်းမှာ သုံးစွဲနိုင်သည့်ပမာဏ၏ ၅ ရာခိုင်နှုန်းသာ ရှိပါသေးသည်။ စွန့်ပစ်ရေများ၊ စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကြောင့် မြစ်ချောင်းနှင့် ရေကန်များညစ်ညမ်းစေပြီး မြန်မာနိုင်ငံအတွင်း ပိုမိုဆိုးရွားသော ပြဿနာများ ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံအတွင်း တစ်ခုတည်းသောထိန်းချုပ်မှုမှာ ၁၉၉၄-ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) မှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်အရ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အသစ်များတွင် စွန့်ထုတ်ပြီးရေအား ပြန်လည်သန့်စင်မှုစနစ် ရှိရန်လိုအပ်ကြောင်း တောင်းဆိုထားပါသည်။

## လေထုအရည်အသွေးနှင့် လေထုညစ်ညမ်းခြင်း

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ လေထုအရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များ၊ လေထုအရည်အသွေး စစ်ဆေးတိုင်းတာနိုင်သော အဆင့်မြင့်နည်းပညာ၊ သို့မဟုတ် စွမ်းဆောင်ရည် ရှိမနေသေးပါ။ ယနေ့အချိန်အထိ အဓိကအာရုံစိုက်သည်မှာ အကြီးဆုံးမြို့ဖြစ်သည့် ရန်ကုန်မြို့တွင် လေထုအရည်အသွေးသည် ထင်သာမြင်သာရှိလာသော ကိစ္စတစ်ရပ်ဖြစ်လာပြီး လေထုညစ်ညမ်းမှု စောင့်ကြည့်လေ့လာရေးကိရိယာများကို မြို့အတွင်းတွင် စတင်တပ်ဆင်လာကြပြီဖြစ်သည်။ သို့သော်လည်း နိုင်ငံတစ်ဝန်း အခြားနေရာများတွင် စက်မှုဖွံ့ဖြိုးရေးနှင့် ကြီးမားသောပြောင်းလဲမှုများဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားသော စက်မှုလုပ်ငန်းများ များပြားလာမည်ကို ကြိုတင်မှန်းဆနိုင်ပါသည်။ အထူးသဖြင့် ကုန်းတွင်းနှင့်ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းများအတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (PSC) တွင် ဘေးကင်းလုံခြုံစေရေး ထပ်လောင်းအစီအမံများ မလိုအပ်ဘဲ၊ သို့မဟုတ် ဘေးအန္တရာယ်မဖြစ်စေရေး၊ သို့မဟုတ် ဘေးအန္တရာယ်စီမံခန့်ခွဲရေး တာဝန်ဝတ္တရားများ မပါရှိဘဲ ဒေသမှ ထုတ်လုပ်သော သဘာဝဓာတ်ငွေ့ကို မီးရှို့စွန့်ပစ်နိုင်ရန် ခွင့်ပြုထားပါသည်။

## သစ်တောထိန်းသိမ်းရေးနှင့် မြေယာပျက်ဆီးခြင်း

မြန်မာနိုင်ငံရှိ ကုန်းတွင်းဧရိယာစုစုပေါင်း၏ တစ်ဝက်နီးပါး (၄၉-ရာခိုင်နှုန်း)သည် သစ်တောများဖြစ်ပြီး ကျန်သော အရှေ့အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ပျမ်းမျှခြင်းထက် ပိုမိုကောင်းမွန်ပါသည်။ သို့သော် သဘာဝသယံဇာတများအား အလွန်အကျွံထုတ်ယူခြင်းနှင့် ရေရှည်တည်တံ့မှုမရှိသော မြေယာစီမံခန့်ခွဲရေး အလေ့အထများကြောင့် နိုင်ငံအနေဖြင့် သစ်တောများပြုန်းတီးခြင်းကို တွေ့ကြုံရင်ဆိုင်နေရပါသည်။ ၁၉၉၀-၂၀၀၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံရှိ ဟက်တာပေါင်း ၇,၄၄၅,၀၀၀ (စုစုပေါင်းသစ်တောဧရိယာ၏ ၁၉.၀-ရာခိုင်နှုန်း) ကို ဆုံးရှုံးပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ နှစ်စဉ်သစ်တောဧရိယာ အသားတင်ပြုန်းတီးမှုအများဆုံး ၁၀ နိုင်ငံအတွင်းမှ တစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၀၀-၂၀၁၀ ခုနှစ်များအတွင်း အကြီးမားဆုံး လမုတောဧရိယာ အသားတင်ပြုန်းတီးမှု ငါးနိုင်ငံအတွင်း ပါရှိပါသည် (အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မြန်မာ၊ မက်ဒါဂါစကာနှင့် မိုဇမ်ဘစ်)။ အလားတူပင် တောင်ပေါ်ဒေသများ၌ မြေဆီလွှာခန်းခြောက်မှုပြဿနာသည် အဆိုးရွားဆုံးကိစ္စတစ်ရပ် ဖြစ်နေပြီး နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်နိုင်သောမြေ၏ ၁၀-ရာခိုင်နှုန်းခန့်တွင် ကြုံတွေ့နေရပါသည်။ အစိုးရ၏ မြေယာပြန်လည်ပြုပြင်ရေး အစီအမံများ နှောင့်နှေးနေခြင်း၊ တောင်ပေါ်ဒေသ လယ်သမားများ၏ စိုက်ပျိုးရေးနည်းစနစ်များ၊ ဆက်လက်မြင့်တက်နေသော လူဦးရေတိုးပွားမှုတို့နှင့်အတူ မြေဆီခန်းခြောက်မှုပြဿနာ ပိုမိုဆိုးရွားလာပါသည်။

လက်ရှိတွင် တရားဝင်အသိအမှတ်ပြုထားသော ကာကွယ်တော ၄၃ ခုရှိသော်လည်း ၎င်းတို့နှင့် ပတ်သက်သည့် သတင်း

အချက်များသည် လုံလောက်မှုမရှိဘဲ ပြန့်ကျဲနေကာ နောက်ဆုံးရ သတင်းအချက်အလက်များလည်း မဟုတ်ပါ။ ဤကာကွယ်တော များသည် နိုင်ငံ၏ ၇.၃ ရာခိုင်နှုန်းအထက် ဖြစ်ပါသည်။ ၎င်းတို့နှင့် အနီးအနားရှိ လုပ်ငန်းလုပ်ဆောင်နေသော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကုမ္ပဏီသုံးခုမှ သဘာဝထိန်းသိမ်းရေးအတွက် ရံပုံငွေများ ထောက်ပံ့ပေးခဲ့ပါသည်။

## အဏ္ဏဝါပတ်ဝန်းကျင်

မြန်မာ့ပင်လယ်ပြင်ရှိ သက်ရှိဇီဝများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များသည် ထိရောက်မှုရှိသော ထိန်းသိမ်း စောင့်ရှောက်ရေးကိစ္စရပ်များအတွက် အလွန်ပင် အကန့်အသတ်ရှိပါသည်။ ပင်လယ်ပြင်မှ ကြုံတွေ့နေရသည့် ခြိမ်းခြောက်နေ သောအရာများမှာ အလွန်အကျွံ ငါးဖမ်းခြင်း၊ ကမ်းရိုးတမ်းဖွံ့ဖြိုးရေးနှင့် ဒိုင်းနမိုက်အသုံးပြုခြင်း၊ အဆိပ်ချခြင်းကဲ့သို့သော ပျက်ဆီးစေသည့် ငါးဖမ်းနည်းစနစ်များကို အသုံးပြုခြင်းတို့ဖြစ်သည်။ နိုင်ငံတွင် ရှည်လျားသော ကမ်းရိုးတန်းတည်ရှိသော်လည်း အဏ္ဏဝါကာကွယ်ရေးဇရိယာများမှာ လေးနေရာသာရှိပြီး ပင်လယ်ပြင်မှ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ စီမံခန့်ခွဲနိုင်ရန် စွမ်းဆောင်ရည်နည်းပါးပါသည်။ မြန်မာအစိုးရမှ ၂၀၂၀-ခုနှစ် အရောက်တွင် နိုင်ငံပိုင်အဏ္ဏဝါဇရိယာ၏ ၁၀ ရာခိုင် နှုန်းကို ကာကွယ်မှုပေးပါမည်ဟု အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များမှတစ်ဆင့် ကတိကဝတ်ပြုထားပါသည်။ သို့သော် လည်း ဇီဝဗေဒဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ မရှိသေးခြင်းအပါအဝင် များစွာသောအကြောင်းအချက်များ ရှိနေပြီး ဘဏ္ဍာရေးအရင်းအမြစ်များ၊ နည်းပညာအရင်းအမြစ်များ မရှိခြင်းက အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းနှင့် ချမှတ်ထားသော မျှော်မှန်းချက်များ ပြည့်မီနိုင်ရေးတို့အား လွန်စွာဟန့်အတားဖြစ်စေပါသည်။ နိုင်ငံခြားသင်္ဘောများအပါအဝင် အလွန်အကျွံ ငါးဖမ်း ခြင်းများက တံငါရွာလေးများ၏ အသက်မွေးဝမ်းကျောင်းမှု အခြေအနေများကို ကျဆင်းစေပါသည်။

ဘင်္ဂလားပင်လယ်အော်အတွင်း ကမ်းလွန်ကျွန်းစု အမြောက်အများတည်ရှိနေပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ၇ နိုင်ငံနှင့် အတူတကွ ဘင်္ဂလားပင်လယ်အော် အဏ္ဏဝါဂေဟစနစ်ကြီး (the Bay of Bengal Large Marine Ecosystem – BOBLME) စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်နေပါသည်။ ရည်ရွယ်ချက်မှာ ဘင်္ဂလားပင်လယ်အော်၏ ပတ်ဝန်းကျင်နှင့် ၎င်း၏ ငါးလုပ်ငန်းများအား ပိုမိုကောင်းမွန်သော ဒေသတွင်းစီမံခန့်ခွဲမှုမှတစ်ဆင့် ကမ်းရိုးတန်းတစ်လျှောက်နေထိုင်သူများ၏ ဘဝများ ပိုမိုကောင်းမွန်လာစေရန်ဖြစ်သည်။ ယခုအခါ စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံရှိ ငါးရင်းမြစ်များ၊ အဏ္ဏဝါဇီဝမျိုးကွဲ များနှင့် ပင်လယ်သမုဒ္ဒရာဆိုင်ရာ လေ့လာမှုများအတွက် သိပ္ပံနည်းကျ စစ်တမ်းတစ်ခုကို နိရတ် (Norad) ၏ ကူညီထောက်ပံ့မှုဖြင့် ပြုလုပ်နေပြီဖြစ်သည်။

## ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းမူဘောင်

၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမည်ဟု အတည်ပြုထားပါသည်။ သို့သော်လည်း သန့်ရှင်းသောပတ်ဝန်းကျင် ရရှိခွင့်မပါရှိဘဲ နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုအစိုးရ ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးများတွင် ပါဝင်ကူညီရန် တာဝန်ရှိသည်ဟု ပါရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် အခြားကာကွယ်စောင့်ရှောက်မှုဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင် ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများနှင့်ဥပဒေများကို ပြန်လည်သုံးသပ် နေသော ကာလဖြစ်ပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (the Environmental Conservation Law) အရ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) အနေနှင့် စွန့်ပစ်ပစ္စည်းနှင့် ညစ်ညမ်းစေ သော စွန့်ပစ်ပစ္စည်းများအား ဘက်စုံစောင့်ကြည့်ရေး အစီအစဉ်တစ်ခု ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။ MOECAF မှ ၂၀၁၄-ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စည်းမျဉ်းများအားလိုက်နာကျင့်သုံးပြီး သဘာဝပတ်ဝန်းကျင် အရည်အသွေး မြင့်မားရေး လုပ်ငန်းစဉ်များစတင်ခြင်းနှင့် ရေဆိုးထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များစတင် သတ်မှတ်ခြင်းများ ပြုလုပ်နေပါ သည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အနေနှင့် အမျိုးသားအဆင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာမူဘောင် နှင့် လုပ်ငန်းဆောင်ရွက်မှု (National Environmental Management Framework and Action) ဖြစ်ပေါ်လာရေးအတွက် အစိုးရအား အကူအညီပေးလျက် ရှိပါသည်။

ပြုပြင်ပြီး ၂၀၁၂-ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေနှင့် ၂၀၁၄-ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်

ရေးဆိုင်ရာ စည်းမျဉ်းများသည် MOECAF အား စီးပွားရေးလုပ်ငန်းများအတွက် "တံခါးမှူး" (Gate Keeper) အဖြစ် ဆောင်ရွက်ရန် အခွင့် လွှဲအပ်ခြင်းဖြစ်သည်။ "သဘာဝပတ်ဝန်းကျင် အရည်အသွေးအပေါ် သက်ရောက်မှုရှိနိုင်မည့်" စီးပွားရေးလုပ်ငန်းများ အပေါ် "ဦးစားပေးစနစ်ဖြင့် ခွင့်ပြုမိန့်ချရေးအစီအစဉ်" (Prior Permission Scheme) တစ်ခု စီစဉ်ဆောင်ရွက်နိုင်ရန် MOECAF အား အခွင့်အာဏာ လွှဲအပ်ထားပြီးဖြစ်သည်။ စီးပွားရေးလုပ်ငန်းအပေါ် အခြားအစိုးရဌာနများမှ အတည်ပြုချက်များသည် MOE-CAF ၏ ဆီလျော်သော ခွင့်ပြုမိန့်နောက်မှသာ ပေးအပ်နိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအောက်တွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (EIA) လုပ်ငန်းစဉ်များကို ပြန်လည်မွမ်းမံမည်ဖြစ်သော်လည်း မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ (MIC) အသိပေးချက်အမှတ် (၁) တွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှု ဆန်းစစ်လေ့လာခြင်း (ESIA) ပြုလုပ်ရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်းများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး အပါအဝင် MOECAF ၏ ခွင့်ပြုမိန့်လိုအပ်သော စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (Foreign Direct Invest-ment Law) တွင် အခြေခံညစ်ညမ်းမှုထိန်းချုပ်ရေးများ ပါဝင်မည်ဖြစ်သော်လည်း ဤဥပဒေတွင်လည်း အခြေခံပြဌာန်းချက်များ ထည့်သွင်းထားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် "ညစ်ညမ်းမှုဖြစ်စေသူမှ ကုန်ကျခံရမည့် စည်းမျဉ်း" (Polluter Pays Principle) အား အခြေခံထားပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအတွက် လျော်ကြေးငွေကို MOECAF မှ ထူထောင်ထားသော ရံပုံငွေ အတွင်း ထည့်သွင်းပေးဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ဥပဒေအရ မည်သည့်စီးပွားရေးလုပ်ငန်းမဆို ကြိုတင်ခွင့်ပြုမိန့်ရယူရန် လိုအပ်ပြီး (ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းများအပါအဝင်) သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အကျိုးဆက် များအား ကာမိနိုင်မည့် အာမခံထားရှိရမည်ဖြစ်သည်။ ဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များချမှတ်နိုင်ပြီး (၎င်းသည် စီးပွားရေးကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ မရှင်းလင်းသေးသော်လည်း) ပျက်ဆီးဆုံးရှုံးမှုများအတွက် လျော်ကြေး ပေးနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမူဘောင်တွင် လက်ရှိတည်ဆဲဥပဒေ ၄၄ ခုရှိပြီး အချို့မှာ လုပ်ငန်းလုပ်ကိုင်သူများ၏ ညစ်ညမ်းမှုဖြစ်စေခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် အခြားသော သဘာဝပတ်ဝန်းကျင်နှင့် ဒေသလူ့အဖွဲ့အစည်းများအား အန္တရာယ် ဖြစ်စေသော အကျိုးဆက်များအတွက် လိုက်နာရမည့် ပုံစံများအသွင်ဖြင့် တည်ရှိနေပါသည်။ ၂၀၀၆-ခုနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (the 2006 Conservation of Water Resources and Rivers Law) အရ ရေအရင်းအမြစ်များ၊ သို့မဟုတ် မြစ်ချောင်းများ ညစ်ညမ်းမှုကာကွယ်ရေးကို ယေဘုယျအားဖြင့် ပံ့ပိုးပေးထားပါသည်။ ဤဥပဒေ များ ကျင့်သုံးဆောင်ရွက်ရေးအတွက် အသစ်ဖြစ်လာမည့် စည်းမျဉ်းများကို ၂၀၁၂-ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ အောက်တွင် ထည့်သွင်းနိုင်ရန် လိုအပ်ပါသည်။

## (ခ) ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ

- **ကွဲပြားခြားနားသော သဘာဝပတ်ဝန်းကျင်ရေးရာ အကျိုးဆက်များ။** ။ ရပ်ရွာလူထုများအကြောင်း အခန်း (၄.၂) တွင် ဖော်ပြခဲ့သကဲ့သို့ ကမ်းရိုးတန်းနေ ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် မြေများကိုစိုက်ပျိုးရေး လုပ်ငန်းအတွက် အလွန်မှီခိုအားထားရခြင်း၊ သို့မဟုတ် ဒေသတွင်း ငါးဖမ်းလုပ်ငန်းအပေါ် မှီခိုနေရခြင်းကြောင့် ၎င်းတို့၏ လူမှုဘဝနှင့်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများသည် လွယ်လင့်တကူပင် ပိုမို၍ ထိခိုက်နိုင်ဖွယ်ရှိသည်။ ကမ်းနီးကမ်းဝေး ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် ကောင်းမွန်စွာစီမံခန့်ခွဲမှုမရှိပါက သိသာထင်ရှားသော၊ မတူကွဲပြားသော သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။ ရှာဖွေရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ရုပ်ပိုင်းဆိုင်ရာ ပျက်ဆီးခြင်း (နယ်မြေရှင်းလင်းရေး၊ သို့မဟုတ် တုန်ခါမှုဖြစ်စေသော လုပ်ငန်းများကြောင့် ဇီဝမျိုးကွဲများ အပေါ် ထိခိုက်ခြင်းကဲ့သို့)၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုပုံစံအမျိုးမျိုး (လေထု၊ ပင်လယ်၊ ရေချိုဇရိယာများနှင့် မြေယာ ညစ်ညမ်းခြင်း၊ အသံဆူညံခြင်းကဲ့သို့)၊ စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းခြင်း (စွန့်ပစ်အဆိပ်များနှင့် အခြားသော ညစ်ညမ်းစေသည့်အရာများ၊ ဆီယိုစိမ့်မှုများကဲ့သို့ စွန့်ပစ်ပစ္စည်းများမှ)နှင့် သဘာဝသယံဇာတများ ပြုန်းတီးခြင်း (ရေ အသုံးချမှု၊ နယ်မြေရှင်းလင်းမှုနှင့် ဇီဝမျိုးကွဲများကဲ့သို့) တို့ ပါဝင်ပါသည်။ ထိုသို့ ဖြစ်လာဖွယ်ရှိသော အကျိုးဆက်များသည် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း၏ မတူညီသော လုပ်ငန်းစဉ်အဆင့်အလိုက် မတူညီသောအချိန်များတွင် ဖြစ်ပေါ်နိုင် ပါသည်။ ဥပမာ - စီမံကိန်း၏ အစောဆုံးကာလများ၌ ကမ်းလွန်လုပ်ငန်းခွင်အတွက် ပြင်ဆင်တည်ဆောက်ရာတွင် တုန်ခါမှု

ကြောင့် ပင်လယ်ပြင်အတွင်း ယာယီအကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ သို့သော်လည်း ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း ရေဆိုးစွန့်ထုတ်မှုသည် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်နေမည့် နှစ်ကာလများတစ်လျှောက်၊ သို့မဟုတ် ဆယ်စုနှစ်များတစ်လျှောက်တွင် စီမံခန့်ခွဲရန် လိုအပ်နေမည်ဖြစ်သည်။ ထိုသို့သော အကျိုးဆက်များမှတစ်ဆင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများသည် ကျန်းမာခြင်းအခွင့်အရေး၊ အသက်ရှင်သန်မှုအခွင့်အရေး၊ လုံလောက်သော နေထိုင်မှုအဆင့်အတန်း ရရှိမှုအခွင့်အရေး (အစားအသောက်၊ ရေနှင့် နေထိုင်ရန်နေရာရရှိရန် အခွင့်အရေးများအပါအဝင်) နှင့် ယဉ်ကျေးမှုဘဝပုံစံများ ဖော်ဆောင်ခွင့်များအပေါ် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

- **သင့်လျော်သည့်ဆောင်ရွက်ချက်။** ။ ထိရောက်သည့် ဘေးအန္တရာယ်နှင့် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ခြင်းသည် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား ကာကွယ်ခြင်း၊ သို့မဟုတ် လျော့ပါးစေခြင်းနှင့် ပြန်လည်ကုစားစေခြင်းတို့အတွက် သိသာထင်ရှားသော ကဏ္ဍတစ်ခုအဖြစ် ပါဝင်နိုင်ပါသည်။ လုပ်ငန်းများသည် ရှာဖွေရေးမှ ထုတ်လုပ်ရေး၊ ထုတ်လုပ်ရေးမှ ပြန်လည်ဆုတ်ခွာရေးကဲ့သို့ ပြောင်းလဲသွားသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များလည်း ပြောင်းလဲသွားနိုင်သည်။ သို့တည်းမဟုတ် ပတ်ဝန်းကျင်အခြေအနေတွင် သိသာသော ပြောင်းလဲမှုတစ်ခု၏ အကျိုးရလဒ်အနေနှင့်လည်း ပြောင်းလဲသွားနိုင်ပါသည် (ဥပမာအားဖြင့် မြန်မာ့ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းများ များပြားလာမည်ဟုမျှော်လင့်ရပြီး ၎င်းသည် ကမ်းရိုးတန်းဒေသများ၏ သဘာဝပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲမည့် အလားအလာများ ဖြစ်ပါသည်)။ ထို့အတွက် လုပ်ငန်းရှင်များအနေနှင့် ပတ်ဝန်းကျင်နှင့်လူမှုဘဝ ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (ESIA)နှင့် သက်ဆိုင်ရာ (ပတ်ဝန်းကျင်(လူမှုရေး)စီမံခန့်ခွဲမှုအစီအစဉ် E(S)MP များကို လုပ်ငန်းဆောင်ရွက်မှုများ သိသိသာသာ ပြောင်းလဲသည်နှင့်အမျှ အမြဲပြုပြင်မွမ်းမံနေရန် အရေးကြီးပါသည်။ လက်ရှိ ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (PSC) အရ ၎င်းစာချုပ်ချုပ်ဆိုပြီး ပထမ (၆) လအတွင်း ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း (ESIA) များကို ပြီးစီးအောင်ဆောင်ရွက်ရမည်ဟု ညွှန်ပြထားပါသည်။ ၎င်းစာချုပ်အရ စီမံကိန်းစက်ဝန်းအတွင်း အခြားသော အဆင့်များ၌လည်း ပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုဆန်းစစ်လေ့လာခြင်း (ESIA) ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း MOECAF အနေနှင့် တရားဝင်အသိပေးပြီး ဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၏ မွမ်းမံရမည့်၊ သို့မဟုတ် (ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း/ပတ်ဝန်းကျင်နှင့်လူမှုဘဝ ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (IEEs/ESIAs) အသစ်များအတွက် သက်ဆိုင်ရာက အသေးစိတ်လိုအပ်ချက်များသည် ရှင်းလင်းနေရန်လိုအပ်ပြီး PSC တွင်လည်း သတ်မှတ်ဖော်ပြထားသင့်ပါသည်။ (အကြံပြုထောက်ခံချက်များအတွက် နောက်ဆက်တွဲတွင် ဆက်လက်ဖတ်ရှုပါ။)
- **ပြန့်ကြဲနေသော သတင်းအချက်အလက်။** ။ ကုန်းတွင်း၊ ကမ်းဝေး သဘာဝပတ်ဝန်းကျင်များ၏ လက်ရှိအခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များသည် နည်းပါးနေပြီး မရှိသလောက်ပင် ရှားပါးပါသည်။ အချို့သောကိစ္စရပ်များတွင် မြေဆီ၊ သို့မဟုတ် ရေနှင့်ပတ်သက်သည့် ကုန်ထုတ်မှုစွမ်းအား လျော့ကျလာခြင်းအတွက် မြောက်များစွာသော အကြောင်းအချက်များ ရှိနိုင်သော်လည်း ကိစ္စရပ်တော်တော်များများတွင် အနီးအနားရှိ စက်မှုလုပ်ငန်းများ၊ သို့မဟုတ် သယံဇာတ တူးဖော်ရေးလုပ်ငန်းများသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ တစ်ခုတည်းသော ထင်သာမြင်သာရှိသည့် အကြောင်းရင်းခံတစ်ခု ဖြစ်လိမ့်မည်ဖြစ်သည်။

## စံသတ်မှတ်ချက်များနှင့် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

- **စီးပွားရေးလုပ်ငန်း ဦးဆောင်မှု။** ။ အချို့သောလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူမှုဘဝကိစ္စရပ်များအပေါ် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ မူဝါဒများရှိနိုင်ပါသည်။ ထိုသို့သော မူဝါဒများကို ကောင်းမွန်သော နိုင်ငံတကာ အလေ့အထများနှင့်အညီ၊ သို့မဟုတ် ပိုမိုကောင်းမွန်သည့် အလေ့အထများနှင့်အညီ မြန်မာနိုင်ငံတွင်လည်း အသုံးချနိုင်ပါသည်။ ကုမ္ပဏီများအနေနှင့် မူဝါဒအကောင်အထည်ဖော်ရေး လိုအပ်ချက်များအား သရုပ်ဖော်ပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဆက်အနွယ်များအတွင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်အတွင်းမှတစ်ဆင့် တိုက်တွန်းပေးခြင်းများဖြင့် ဦးဆောင်သူနေရာမှ ဆောင်ရွက်ရန် ရွေးချယ်နိုင်ပါသည်။ ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်များ၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များအား မြန်မာနိုင်ငံအတွင်း အသုံးချရန် ကတိကဝတ်ကို PSC ၏ ထပ်တိုးပြင်ဆင်ချက်အနေနှင့်၊ သို့မဟုတ် ပူးတွဲစာအနေနှင့် ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကုမ္ပဏီတစ်ခုအတွက် ၎င်း၏ E(S)MP နှင့်အတူတကွ အများသူငါ သိရှိစေရန် ဆောင်ရွက်ရာ၌ အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုအနေနှင့် ထိုကတိကဝတ်ကို ရပ်ရွာလူထုအတွက် ၎င်းကုမ္ပဏီ၏ လူမှု

ဘဝများအပေါ် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ခုအနေနှင့်လည်း ပြုလုပ်နိုင်ပြီး ရပ်ရွာလူထုအား ကုမ္ပဏီလုပ်ငန်းများအပေါ် ပြည်သူ့စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများတွင် ပါဝင်စေနိုင်ပါသည်။

- **ပွင့်လင်းမြင်သာမှု။** ။ သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် "သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ အမြင့်ဆုံးအဆင့်အတန်းများ" ရရှိစေရေး အစိုးရမှ ကတိကဝတ်ပြုချိန်တွင် ကုမ္ပဏီများစွာတို့၏ မူရင်းနိုင်ငံရှိအစိုးရများမှလည်း ၎င်းတို့၏မျှော်လင့်ချက်များလည်း ပေါင်းစည်းလာကြသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများကို မြင်ရနိုင်ရန်လည်း မြန်မာပြည်သူတို့ မျှော်လင့်လာကြပါသည်။ လုပ်ငန်းဆောင်ရွက်သူ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာမူဝါဒများအတွက် ပွင့်လင်းမြင်သာမှုနှင့် ၎င်းတို့၏ ကန်ထရိုက်တာများအပေါ် အကျိုးသက်ရောက်စေမှုသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအတွင်း ယုံကြည်မှုတည်ဆောက်ရေးအတွက် အရေးကြီးမည်ဖြစ်သည်။
- **စီမံကိန်း ဆန်းစစ်လေ့လာခြင်းနှင့် သတင်းအချက်အလက် စောင့်ကြည့်သုံးသပ်ခြင်း။** ။ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း (EIA) ဆိုင်ရာ လုပ်ထုံး လုပ်နည်းမူကြမ်းတွင် ဒေသခံရပ်ရွာလူထုအား ကောင်းမွန်စွာ အသိပေးအကြောင်းကြားခြင်းနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် ပါဝင်ပါသည်။ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ၎င်းလုပ်ထုံးလုပ်နည်းများသည် ယခင်က ရပ်ရွာလူထုများမှာ သတင်းအချက်အလက် အနည်းငယ်သာရရှိခြင်း၊ လုံးဝမရရှိခြင်း၊ သို့မဟုတ် လုပ်ငန်းဆောင်ရွက်သူနှင့် ထိတွေ့မှုမရှိခြင်းကိစ္စရပ်များအား အလှည့်အပြောင်းတစ်ခု ဖြစ်စေနိုင်ပါသည်။ ကွင်းဆင်းလေ့လာရာမှ တွေ့ရှိချက်များအရ ရပ်ရွာလူထုအနေနှင့် သတင်းအချက်အလက်များကို ပိုမိုရယူလိုကြောင်း ညွှန်ပြနေပါသည် (ပုံစံတစ်ခုအသွင်နှင့် ဒေသမှနားလည်နိုင်မည့် ဘာသာစကားဖြင့်)။ ရပ်ရွာလူထုမှ သင့်လျော်သောသတင်းအချက်အလက်များကို ရရှိမည်ဆိုပါက ၎င်းတို့အနေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလားအလာရှိသော၊ အမှန်တကယ်ဖြစ်ပျက်သော အကျိုးသက်ရောက်မှုများ ပိုမိုနားလည်နိုင်မည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမည့်အရာများ၊ အကျိုးဆက်များမှ ကာကွယ်နိုင်ရန် လိုအပ်သည့်ဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ရပ်ရွာလူထုအနေနှင့် ကုမ္ပဏီ၏ လုပ်ငန်းအစီအစဉ်များအပေါ် ထင်မြင်ချက်များပေးနိုင်သည့် အခွင့်အရေးများရှိသင့်ပြီး ကုမ္ပဏီအနေနှင့် ထိုသို့သော ထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ ရပ်ရွာလူထုအား ၎င်းတို့၏စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ မည်သို့ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခြင်းများကို ပြုလုပ်သင့်ပါသည်။
- **အရေးပေါ်လုပ်ထုံးလုပ်နည်းများ။** ။ အရေးပေါ်အခြေအနေများနှင့်ပတ်သက်၍ ရပ်ရွာလူထု၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုရာတွင် အခြေခံသတင်းအချက်အလက်များ တောင်းဆိုခြင်းမှစ၍ အရေးပေါ်အခြေအနေများအတွက် အသေးစိတ်လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် လိုအပ်သည်ဖြစ်သော်လည်း ၎င်းအခြေအနေသည် လုပ်ငန်းဆောင်ရွက်သူများအား ဆက်သွယ်ခြင်းဖြင့် အကျိုးကျေးဇူးရရှိနိုင်သည့် အခြားကိစ္စရပ်တစ်ခု ဖြစ်သည်။
- **ဓာတ်ငွေ့အား မီးရှို့စွန့်ပစ်ခြင်း။** ။ စံ-ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (Model PSC) တွင် မြန်မာလုပ်ကွက်များမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့အား သတ်မှတ်ထားသည့် ဘေးကင်းလုံခြုံရေး စံသတ်မှတ်ချက်များမပါဘဲ (ထွက်ရှိလာမည့် ဓာတ်ငွေ့ထုတ်လွှတ်မှုအတွက်) မီးရှို့စွန့်ပစ်နိုင်ရန် ခွင့်ပြုထားပါသည်။ အခန်း (၃) ရှိကဏ္ဍအလိုက် အကျိုးသက်ရောက်မှုများတွင် ဖော်ပြထားသကဲ့သို့ နိုင်ငံအမြောက်အများ၌ ဓာတ်ငွေ့မီးရှို့စွန့်ပစ်ခြင်းအား လျှော့ချနိုင်ရန်၊ သို့မဟုတ် ရပ်တန့်နိုင်ရန် ဆောင်ရွက်နေကြပြီးဖြစ်သည်။

## တဆင့်ခံကန်ထရိုက်တာများနှင့် အလုပ်လုပ်ခြင်း

- **စီးပွားရေးမိတ်ဖက်များ။** ။ များစွာသော ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းစဉ်အမျိုးမျိုးအတွက် (တူနံခါမှုထုတ်လွှတ်ခြင်းကဲ့သို့သော အထူးဝန်ဆောင်မှုများမှစ၍ အလုပ်သမားများ နေထိုင်ရန်နေရာ ဆောက်လုပ်ခြင်းကဲ့သို့သော လုပ်ရိုးလုပ်စဉ် လုပ်ငန်းများအထိ) ကန်ထရိုက်တာများဖြင့် တစ်ဆင့်ခံဆောင်ရွက်ကြရာ ၎င်းစီးပွားရေးမိတ်ဖက်များကြောင့်လည်း ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ အလားတူပင် တစ်ဆင့်ခံ ကန်ထရိုက်တာများသည်လည်း ၎င်းတို့၏ လုပ်ငန်းအရွယ်အစားနှင့် လုပ်ဆောင်နိုင်မှုသည် အလွန်ကွဲပြားနိုင်ပါသည်။ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် အညီ နိုင်ငံတကာတွင် ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းအရွယ်အစား အလွန်ကြီးမားပြီး အထူးပြုလုပ်ငန်းဆောင်ရွက်သူများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ခေတ်မီသည့်အလေ့အထများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည့် ဒေသခံ ကုမ္ပဏီ

အသေးများအထိ ကွဲပြားနိုင်ပါသည်။ ရပ်ရွာလူထုနှင့်ပတ်သက်၍ အခန်း (၄.၂) တွင် ဖော်ပြထားသကဲ့သို့ တစ်ဆင့်ခံ ကန်ထရိုက်တာအများစုသည် ဖြစ်လာလတ္တံ့သောလုပ်ငန်းများ၏ အစောဆုံး "မျက်နှာစာ" ဖြစ်နေလေ့ရှိပြီး ဒေသခံလူထု အပေါ် ထင်ရှားသောအကျိုးသက်ရောက်မှု ရှိနေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဥပဒေပြဋ္ဌာန်းချက်များ၏ ယေဘုယျဆန်မှုနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာများအပေါ် ညွှန်ကြားထားသည့် အသေးစိတ်စည်းမျဉ်းများ မရှိခြင်းတို့ကြောင့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်သူများမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာလိုအပ်ချက်များကို တစ်ဆင့်ခံ ကန်ထရိုက် တာများနှင့် ချုပ်ဆိုမှုပြုလုပ်ရာ၌ တစ်ပါတည်းထည့်သွင်းရန် အရေးကြီးပါသည်။ ၎င်းကို MOECAF, မြန်မာနိုင်ငံရင်းနှီးမြှုပ် နှံမှုကော်မရှင် (MIC) တို့နှင့် ချုပ်ဆိုရမည့် ထုတ်လုပ်မှုအပေါ်ခွဲဝေစာချုပ်(PSC)၊ E(S)MP တို့တွင် အနိမ့်ဆုံး လိုအပ်ချက်တစ်ရပ်အဖြစ် ထည့်သွင်းထားပြီး လုပ်ငန်းဆောင်ရွက်သူများအနေနှင့် ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များအပေါ် တွင် ထိုသို့သော လိုအပ်ချက်များအား စောင့်ကြည့်လေ့လာနိုင်ရန်လည်း အရေးကြီးပါသည်။

- **ရပ်ရွာလူထုများအတွက် ဆက်သွယ်နိုင်မည့်ပုဂ္ဂိုလ်။** ။ ဒေသခံရပ်ရွာလူထုအနေနှင့် အဓိကလုပ်ငန်း ဆောင်ရွက်သူနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာများအကြား ခွဲခြားနိုင်လေ့မရှိဘဲ အများအားဖြင့် အဓိကလုပ်ငန်းဆောင်ရွက်သူ၏ အမည်ကိုသာ သိရှိခြင်း၊ သို့မဟုတ် လုံးဝမသိခြင်းများ ရှိပါသည်။ ရပ်ရွာလူထု၏ အဓိကပြဿနာတစ်ခုမှာ ၎င်းတို့၏ တိုင်ကြားမှုများကို လက်ခံမည့်သူတစ်ဦးသာ အဓိကလုပ်ငန်း ဆောင်ရွက်သူအဖြစ် ရှိခြင်းဖြစ်ပြီး (ခန့်မှန်းအားဖြင့် များစွာသော ကိစ္စရပ်များမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များဖြစ်သည်) ၎င်းတို့သည် ကန်ထရိုက်တာများ၊ သို့မဟုတ် လုပ်ငန်းဆောင်ရွက်သူ များ၏ ပြုလုပ်ဆောင်ရွက်သော လုပ်ငန်းများနှင့်ဆက်နွယ်မှု ရှိ၊ မရှိလည်း မသိရှိကြပါ။ ရပ်ရွာလူထုနှင့် မတူညီသော လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းနယ်မြေအတွင်းတွင် ရှိနေကြမည့် မြောက်များစွာသော အဖွဲ့များအကြား ဆက်သွယ် နိုင်မည့်အရာတစ်ခုကို စောစီးစွာသတ်မှတ်ထားရှိခြင်းသည် အလွန်အသုံးဝင်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ် များကို ဖော်ထုတ်ဖြေရှင်းရေးအတွက် အပြုသဘောဆောင်သော အဆင့်တစ်ခုဖြစ်နိုင်ပါသည်။

## သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးမှုများအတွက် ပြန်လည်ကုစားခြင်း

- **ပြန်လည်ကုစားခြင်းအတွက် အခွင့်အလမ်းနည်းပါးခြင်း။** ။ မြန်မာနိုင်ငံတွင် ပြန်လည်ကုစားခြင်းအတွက် လက်ရှိနည်းလမ်း များမှာ အလွန်နည်းပါးပြီး နေးကွေးသည့်အပြင် ပျက်ဆီးသွားသည့် အသက်မွေးဝမ်းကျောင်းမှုများအတွက် ပြန်လည်တောင်း ဆိုသော ဒေသခံကျေးလက်ပြည်သူများအတွက် စိတ်ကျေနပ်ဖွယ်ပင် မရှိပါ။ ပျက်ဆီးသွားမှုများအတွက် ဖြစ်နိုင်သမျှ အမြန် ဆုံး ပြန်လည်ပြုပြင်ပေးခြင်း၊ သို့မဟုတ် ငွေကြေးပေးလျော်ခြင်း ပြုလုပ်ခြင်းဖြင့် ပြန်လည်ကုစားမှုကိုရယူရန် အခွင့်အရေး ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ဒေသတွင်းသက်ရောက်သော အကျိုးဆက်များအား ပြန်လည်တုံ့ပြန် ရာတွင် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ပျက်ဆီးသွားသော ပတ်ဝန်းကျင်အတွက် ပြန်လည်ပြုပြင် ပေးခြင်း၊ သို့မဟုတ် မူလအတိုင်း ပြန်လည်ရှိနေစေခြင်းများသည် ဒေသခံရပ်ရွာလူထုအား မူလအခြေအနေအတိုင်း ပြန် လည် တည်ရှိနေစေခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံခြင်းစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ်၊ သို့မဟုတ် ဒေသအတွက်ပေးအပ်သော အကျိုးအမြတ်တစ်စုံတစ်ရာအဖြစ် မသတ်မှတ်သင့်ပါ။ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ခု၌ "ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဒေသအဆင့်အစိုးရ အဖွဲ့များနှင့် ရပ်ရွာလူထုသည် ဤသို့ (ပြန်လည်ထူထောင်ရေး) လုပ်ငန်းအစပြုမှုများတွင် အသစ်ဖွဲ့စည်းလိုက်သောပြည်နယ်/ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနများမှတစ်ဆင့်၊ သို့မဟုတ် သင့်လျော်သော ပြည်နယ်/တိုင်း ဒေသကြီးအလိုက် ခွဲဝေချမှတ်ထားသည့် ဘဏ္ဍာငွေများမှတစ်ဆင့် ပေးလျော်မှုပြုလုပ်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ပေးမှု ပုံစံများဖြင့်လည်းကောင်း ကဏ္ဍတစ်ခုအနေနှင့် ပါဝင်နိုင်မည်ဖြစ်သည်။"ဟု ဖော်ပြပါရှိပါသည်။
- **ရှိနှင့်ပြီးသား အခြေခံအချက်အလက်များ။** ။ ကုမ္ပဏီများအတွက် အခြေပြုအချက်အလက်များကို အသေးစိတ်ကောက် ယူရန် (အများအားဖြင့် မဖြစ်နိုင်ကြသော်လည်း) အရေးကြီးပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ပျက်ဆီးမှုများအား ဖော်ထုတ်ရာ၌ ထိုသို့သောပျက်ဆီးမှုသည် ကုမ္ပဏီ၊ သို့မဟုတ် ၎င်း၏ တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် အလုံးစုံသက်ဆိုင်မှု မရှိနိုင်သည့်တိုင် အပြုသဘောဆောင်ရန် အရေးကြီးပါသည်။ ကုမ္ပဏီအနေနှင့်ဖြစ်စေ၊ ဒေသအဆင့်၊ သို့မဟုတ် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် အတူတကွဖြစ်စေ ပံ့ပိုးမှုပြုနိုင်မည့် လုပ်ငန်းများလည်းရှိနိုင်ပါသည်။ ဥပမာ -ပတ်ဝန်း ကျင်ဆိုင်ရာ အကျိုးဆက်များသည် အဘယ့်ကြောင့်ဖြစ်ပေါ်လာသည်၊ မည်သို့ဖြစ်ပေါ်လာသည်၊ ထပ်လောင်းပေါ်ပေါက် လာမည့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှုများကို ကာကွယ်လျှော့ချနိုင်မည့် ပံ့ပိုးမှုလုပ်ငန်းများ၊ သို့မဟုတ် သင့်လျော်သော

သုတေသနပြုလုပ်နိုင်မည့် ပံ့ပိုးမှုများနှင့် ပတ်သက်၍ ပိုမိုနားလည်ရှင်းလင်းစေမည့် သင့်လျော်သော သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း။ ပျက်ဆီးဆုံးရှုံးမှုများအား ပြန်လည်တောင်းဆိုရန်အတွက် ဒေသရပ်ရွာလူထုများမှ အခြေခံစံပြုရမည့် အချက်အလက်များကို (ဒေသတွင်း ငါးဖမ်းလုပ်ငန်းများနှင့် ပတ်သက်သည့် သမိုင်းကြောင်းအစဉ်အလာ အချက်အလက်များကဲ့သို့) ပံ့ပိုးပေးရန်လိုအပ်ပါသည်။ အခြေပြုထားသည့် အချက်အလက်များအား ရပ်ရွာလူထု၏ ခိုင်မာသောတောင်းဆိုမှုများကို ငြင်းပယ်ရန် အကြောင်းပြချက်အဖြစ် အသုံးပြုမည်ဆိုပါက လက်တွေ့မကျခြင်းနှင့် အောင်မြင်မှုမရရှိနိုင်ခြင်း ဖြစ်နိုင်ပါသည်။ ရပ်ရွာလူထုအား နစ်နာစေသည့်ကိစ္စရပ်များအား ဖော်ထုတ်ရာ၌ ၎င်းရပ်ရွာလူထုကိုယ်တိုင် ပါဝင်၍ ဆန်းစစ်လေ့လာနိုင်ရန်နှင့် ရှာဖွေတွေ့ရှိချက်များအားထုတ်ဖော်နိုင်ရန် အကူအညီပေးခြင်းသည် ပိုမိုအသုံးဝင်သော နည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။

## (ဂ) ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

**ရှင်းလင်းချက်**။ ကွင်းဆင်းလေ့လာမှုသည် မြန်မာနိုင်ငံအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အဓိကထားအာရုံစိုက်ပါသည်။ ဇီဝမျိုးကွဲများကဲ့သို့သော ကျယ်ပြန့်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအား ရှာဖွေလေ့လာမည့်အစား ဘေးပတ်ဝန်းကျင်မှ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှု၊ သင့်တော်လုံလောက်သည့် လူနေမှုအဆင့်အတန်းနှင့် ကျန်းမာရေးထိန်းသိမ်းကာကွယ်ထားနိုင်စွမ်းစသည့် နယ်ပယ်များကို အထိသာအဓိကထားအာရုံစိုက်ခဲ့ပါသည်။

### ရေနှင့် ကျန်းမာသန့်ရှင်းရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လုံလောက်သော လူနေမှုအဆင့်အတန်းရရှိပိုင်ခွင့်။ ဘေးကင်းသည့်သောက်ရေနှင့် သန့်ရှင်းရေးစနစ် ရရှိပိုင်ခွင့်။ ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေး အဆင့်အတန်း ဖြစ်နိုင်သမျှ အမြင့်ဆုံးရရှိပိုင်ခွင့်။

#### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- တည်ဆောက်ရေး၊ သို့မဟုတ် စီမံကိန်းလုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဒေသတွင်း လူမှုအသိုင်းအဝိုင်းအတွက် ရေထောက်ပံ့မှုပျက်ကွက်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့ခြင်းနှင့် ပတ်သက်သောကိစ္စရပ်များစွာ တွေ့ရှိခဲ့ပါသည်။ ပြဿနာများကို မဖြေရှင်းနိုင်ဘဲ လပေါင်းများစွာတိုင် ထိုအတိုင်းရှိနေခဲ့သည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ပြဿနာကိုဖြေရှင်းရန် လိုအပ်သည့် အသေးစား အခြေခံအဆောက်အအုံ ပြင်ဆင်ခြင်းကို ဦးစားပေးကိစ္စအဖြစ် ရှုမြင်မှုမရှိခြင်းကြောင့် ဖြစ်နိုင်သည်။ သို့မဟုတ်ပါက အရည်အသွေးပြည့်ဝသည့် ပြင်ဆင်မှုအား မဆောင်ရွက်ခြင်းကြောင့် ဖြစ်နိုင်သည်။ ထိုကိစ္စများတွင် အောက်ပါတို့ ပါဝင်သည်။
    - နေရာတစ်ခုရှိ ပိုက်လိုင်းသည် ရွာ၏ အဓိကရေရရှိရာ စမ်းချောင်းကိုဖြတ်၍ တည်ဆောက်ခဲ့သည်။ ယင်းစမ်းချောင်းသည် ရေအားလျှပ်စစ်ရရှိရန်အတွက်လည်း အသုံးပြုပြီး ဘေးကင်းသည့် သောက်ရေရရှိမှုအတွက်ပါ အသုံးပြုခြင်းကြောင့် ပိုက်လိုင်းဖြတ်သန်းတည်ဆောက်ခြင်းကြောင့် ရေများခန်းခြောက်သွားစေသည်။ ထိုကိစ္စတွင် ပတ်သက်နေသောကုမ္ပဏီမှ ၎င်းကိုသတိထားမိသည်နှင့် ပြဿနာကိုလျှော့နည်းစေရန် နည်းလမ်းရှာဖွေခဲ့သည်။ သို့သော် ပြင်ဆင်မှုအား ရပ်ရွာမှ ကျေနပ်လက်ခံနိုင်စရာ မရှိသလို လိုအပ်သည့် ရေပမာဏကိုလည်း ပေးဝေနိုင်ခြင်းမရှိပါ။ ထိုဒေသတွင် အလုပ်လုပ်နေသည့် နိုင်ငံတကာ NGO အဖွဲ့တစ်ခုမှ ထိုဒေသရှိ ရပ်ရွာလူထုကိုယ်စား ကြားဝင်စေ့စပ်ပေးခဲ့ပါသည်။ သို့သော် ကုမ္ပဏီအား ပို၍သင့်တော်သည့် ဖြေရှင်းမှု၊ ထောက်ပံ့ပေးရန် စည်းရုံးနိုင်စွမ်းမရှိခဲ့ပေ။
    - ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းတစ်ခုအတွက် တည်ဆောက်ခဲ့သည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ခုသည် ဒေသရပ်ရွာတစ်ခုအတွက် ရေပေးသွင်းထောက်ပံ့မှုအပေါ် မြင်သာသည့်သက်ရောက်မှုရှိခဲ့သည်။ ထိုဒေသရှိ လယ်သမားများအတွက် စိုက်ပျိုးလေ့ရှိသော စပါးအသီးအနှံအတွက် ရေရရှိမှုမလုံလောက်တော့သောကြောင့် အခြားသီးနှံသို့ ပြောင်းလဲစိုက်ပျိုးခဲ့ရသည်။ (စပါးမှ ပြောင်းဖူးသို့)

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တည်ဆောက်ပေးခဲ့သော ရပ်ရွာလူထုအတွက် ရေထောက်ပံ့မှုတွင် သံပိုက်များ သုံးထားသည်ကို တွေ့ရသည်။ ထိုသံပိုက်လိုင်းများသည် တပ်ဆင်ပြီးသိပ်မကြာမီတွင် သံချေးနံ့များရလာသည်။ (ဘေးကင်းသော်လည်း အရည်အသွေးညံ့သည်)။ သို့သော် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းအတွက်မူ ပလတ်စတစ် ပိုက်များသုံးထားသည်ကို ရွာသားများက နှိုင်းယှဉ်ကြသည်။ စီမံကိန်းဖော်ဆောင်သူများနှင့် တန်းတူညီမျှဆက်ဆံမှု မရရှိခဲ့သည့်အတွက် ရွာသားများ၏မကျေနပ်မှုနှင့် မယုံကြည်မှုတို့ဖြစ်လာစေခဲ့သည်။

- ■ အလုပ်သမားများ၏ အိမ်ယာနယ်မြေအတွင်း သောက်ရေရရှိရာနေရာတွင် စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များစွန့်ပစ်သည့် ကိစ္စများရှိခဲ့သည်ဟု အစီရင်ခံမှုများရှိခဲ့သည်။ ကိစ္စအများစုတွင် လုပ်ငန်းဖော်ဆောင်သူများမှ တည်ဆောက်ထောက်ပံ့ပေးခြင်း မဟုတ်ပါ။
- ■ ဓာတ်ငွေ့အတွင်း သဘာဝအတိုင်းတွေ့ရသည့် ပြဒါးသည် ဒေသတွင်းရေထောက်ပံ့မှုအပေါ် ညစ်ညမ်းစေမည်ကို စိုးရိမ်ကြောင်း သုတေသီများအားအချို့သော ဒေသခံများမှတင်ပြကြသည်။

## အခြေခံကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အဆင့်အတန်း ဖြစ်နိုင်သမျှ အမြင့်ဆုံးရရှိပိုင်ခွင့်၊ သတင်းအချက်အလက် ရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ■ ဒေသရပ်ရွာလူထုအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းဆောင်ရွက်မှု၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိမှု အလွန်နည်းပါးနေပါသည်။ ကျန်းမာရေး၊ အစားအစာ ထုတ်လုပ်မှုနှင့် အသက်မွေးမှုတို့အပေါ် ဖြစ်လာနိုင်သည့် အကျိုးဆက်များနှင့်ပတ်သက်၍လည်း သတင်းအချက်အလက် မရရှိဘဲ ဖြစ်နေတတ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းနေရာမှ ပိုက်လိုင်းယိုစိမ့်မှုနှင့် အညစ်အကြေးထုတ်လွှတ်မှုများ အပါအဝင် စားသုံးကုန်များအပေါ် ကုန်ထုတ်လုပ်ငန်းများမှ ဖြစ်လာစေသည့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု၏ အကျိုးဆက်အဖြစ် ဒေသခံများ၏ ကျန်းမာရေးအပေါ် ဆိုးရွားသည့် သက်ရောက်မှုရှိနေသည်ကို ၎င်းတို့ သိမြင်ကြသည်။
- ■ ယေဘုယျအားဖြင့် လူမှုအသိုင်းအဝိုင်းသည် ပိုက်လိုင်းယိုစိမ့်မှုအကြောင်း သတင်းပို့မှု မရှိခြင်း၊ သို့မဟုတ် စိုးရိမ်မှုကို လျော့ပါးစေရန် ပညာပေးမှုမရှိခြင်းတို့အတွက် စိုးရိမ်မှုရှိကြသည်။ ကွင်းဆင်းသုတေသနအဖွဲ့များထံသို့ ပိုက်လိုင်းယိုစိမ့်မှုအကြောင်း သတင်းပို့ထားသည့် ကိစ္စအများစုမှာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ (MOGE)နှင့် ဆက်နွှယ်နေသည်။ ထိုသို့သောကိစ္စမျိုးတွင် ရပ်ရွာလူထုအား ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းစဉ်များအတွက် ကြိုတင်အသိပေးထားမှု၊ သို့မဟုတ် ယိုစိမ့်မှုအကြောင်း သတင်းပို့မှုများ မရှိပေ။ ပိုက်လိုင်းများသည် ပြုပြင်ထိန်းသိမ်းမှု အလွန်အားနည်းပြီး စောင့်ကြည့်ထိန်းသိမ်းမှုနည်းပါးကာ ပုံမှန်လည်းမရှိပေ။ ထို့အပြင် ပိုက်လိုင်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းမှုမလုပ်ဘဲ ပြည်သူများထံမှ ယိုစိမ့်မှုအကြောင်းသတင်းပို့မှုကို စောင့်နေသည့်ပုံပေါ်နေသည်။ တုံ့ပြန်ရေး ထိန်းသိမ်းပြုပြင်ရေးအဖွဲ့သည် ပိုက်လိုင်းဇရိယာ၏ အပြင်ဘက်ဝေးရာတွင် ရှိနေခြင်းသည် ယိုစိမ့်မှုအား အမြန်ဆုံးပြုပြင်လျှင်ပင် အနည်းဆုံး တစ်ရက်ကြာမည်ဟု အဓိပ္ပာယ်ရသည်။

## မြေဆီလွှာနှင့် လေထု

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအဆင့်အတန်း ဖြစ်နိုင်သမျှအမြင့်ဆုံး ရရှိပိုင်ခွင့်၊ သတင်းအချက်အလက် ရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရေနံတွင်းများမှယိုစိမ့်မှုသည် သီးနှံအထွက်နှုန်းကိုထိခိုက်ကြောင်း လယ်သမားများက ကွင်းဆင်းလေ့လာရေးအဖွဲ့အား ထုတ်ဖော်အသိပေးကြသည်။ ကုန်းတွင်းရေနံမြေတစ်ခုတွင် မှတ်သုန်မိုးရာသီတွင် တွင်းပတ်လည်လျှံတက်ပြီး အနီးပတ်ဝန်းကျင်ရှိ စိုက်ခင်းများကို ထိခိုက်ညစ်ညမ်းစေခဲ့သည်။ ပျက်စီးသွားသည့် သီးနှံများအတွက် မည်သည့်လျော်ကြေးမှ မရရှိခဲ့ပါ။ ရေရှည်ပြဿနာများအား ကိုင်တွယ်မှုမှာလည်း လုံလောက်မှုမရှိပါ။ ဒေသတွင်းရေ၏ အရည်အသွေးအား စမ်းသပ်ရန်ကိရိယာ ပစ္စည်းမရှိသဖြင့် ရေအရည်အသွေးစမ်းသပ်မှုအား နေပြည်တော်သို့ ပို့ဆောင်၍ပြုလုပ်စေခဲ့ရကြောင်း သိရှိရသည်။
- ဆိုးရွားပြင်းထန်သည့် ကိစ္စတစ်ခုတွင် အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများအား မြို့နှင့်အလှမ်းဝေးသော လေယာဉ်ကွင်းဟောင်းတွင် မီးရှို့ခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ထိုနေရာသည် ရပ်ရွာနှင့် နီးကပ်သည့်နေရာဖြစ်သည်။ ပြာထဲတွင်ပါသည့်အဆိပ်သည် ပြင်းထန်လွန်းသဖြင့် လယ်သမား (၂) ဦး ပိုင်ဆိုင်သည့် နွား (၁၉) ကောင်သည် ပြာအားရက်မိပြီး နာရီပိုင်းအတွင်း သေဆုံးကုန်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဒေသတွင်းအာဏာပိုင်များ ပါဝင်သော်လည်း ရပ်ရွာအား မည်သည့်သတင်းအချက်မှ မပေးပါ။ စုံစမ်းစစ်ဆေးမှုရှိသော်လည်း ရပ်ရွာမှတွေ့ရှိချက်များနှင့် ပတ်သက်၍ သတင်းပြည့်စုံစွာ မရရှိခဲ့ပါ။ ဤစာတမ်းကို ရေးနေချိန်အထိ လျော်ကြေးကိစ္စမှာ အငြင်းပွားနေရဆဲ ဖြစ်သည်။
- မြစ်အားဖြတ်၍ ပိုက်လိုင်းတည်ဆောက်ရာတွင် မြစ်ကြောင်းအတွင်းရှိ ပိုက်လိုင်း ဖြတ်သွားမည့်နေရာ၌ မြစ်ကြမ်းပြင်တွင် အလုပ်လုပ်နိုင်ရန်အတွက် ထိုနေရာရှိရေများအား စုပ်ထုတ်ရန် လိုအပ်သောကြောင့် သဲအိတ်များချထားပြီး ၎င်းသဲအိတ်ကာရံထားသော နေရာအတွင်းမှ ရေများကို စုပ်ထုတ်ခြင်းအား နှစ်နေရာအတွက် (မြစ်၏ တစ်ဘက်အတွက် တစ်ကြိမ်၊ အခြားတစ်ဘက်တွက်တစ်ကြိမ်) နှစ်ကြိမ် ပြုလုပ်ခဲ့ရပါသည်။ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးသွားသောအခါ သဲအိတ်များအား ပြန်လည်ရှင်းလင်း သိမ်းယူခြင်းမပြုဘဲ ထားပစ်ခဲ့ပါသည်။ ထို့ကြောင့် သဲအိတ်များရှိနေသော မြစ်ကမ်းနှင့်ဆန့်ကျင်ဘက်ကမ်းပါးတွင် ရေများ ပိုမိုတိုက်စားမှုအား ဖြစ်ပေါ်စေပြီးအကျိုးဆက်အနေဖြင့် ၎င်းဘက်အခြမ်းရှိ ကမ်းပါးနှင့်နီးစပ်သော စိုက်ခင်းများတွင် မြစ်ရေလျှံခြင်းနှင့် အနားပတ်ဝန်းကျင်ရှိ အိမ်များအားလည်း မြစ်ရေတိုက်စားခြင်းအန္တရာယ်မှ ခြိမ်းခြောက်မှုများ ဖြစ်စေခဲ့သည်။
- စီမံကိန်းနေရာသို့သွားသည့် ထရပ်ကားများကြောင့် လမ်းတစ်လျှောက် ဖုန်လုံးများထခြင်းနှင့်ပတ်သက်၍ အနီးရှိ ရွာများစွာမှ မကျေမနပ် ပြောဆိုမှုအများသည် ပုံမှန်တွေ့ရှိရသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ အလုပ်နေရာ၊ ကုမ္ပဏီအချို့ တည်ဆောက်သည့်လမ်းပေါ်နှင့် အခြားစီမံကိန်းတည်ဆောက်တပ်ဆင်ခြင်းများ ပြုလုပ်ရာနေရာများတွင် ဖုန်ထူထပ်ခြင်းမှကာကွယ်ရန် အရေးယူဆောင်ရွက်မှု နည်းပါးသည်ဟုလည်း သိရှိရပါသည်။ စီမံကိန်းများတည်ရှိသော နေရာတစ်ခုတွင် လမ်းဖောက်လုပ်ပြီးသောအခါ လုပ်ငန်းစုံ၊ နေရာစုံနှင့် လူများစွာတို့မှ လမ်းသုံးစွဲကြသောကြောင့် အကျိုးဆက်အနေဖြင့် ဆက်စပ်သက်ရောက်မှုများ (cumulative impacts) ဖြစ်လာကြောင်း မှတ်သားတွေ့ရှိရသည်။

## ရိုးရာလက်မှုလုပ်ငန်းအဖြစ် ရေနံထုတ်လုပ်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - အသက်ရှင်နေထိုင်ခွင့်၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ရပိုင်ခွင့်

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ရေနံအားတစ်နိုင်တစ်ပိုင် လက်ယက်တွင်းများမှ ထုတ်ယူမှုအချို့ကို ရခိုင်ပြည်နယ်အတွက် ကွင်းဆင်းသုတေသန ပြုလုပ်ရာတွင် လေ့လာတွေ့ရှိခဲ့ရပြီး မကွေးတိုင်းဒေသကြီးတို့တွင်လည်း များစွာမှတ်သားသိရှိခဲ့ရပါသည်။ နိုင်ငံ၏ အခြားနေရာများတွင်လည်း ထိုသို့ဆောင်ရွက်သည့် အလေ့အထများ ရှိနေပါသေးသည်။

- လုပ်ငန်းစဉ်နှင့်နည်းလမ်းများသည် အလွန်တရာ အခြေခံကျပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအား ကာကွယ်တားဆီးရေးအား ဖော်ဆောင်နိုင်သည့်စွမ်းရည် လုံးဝမရှိသည်ကို တွေ့ရှိရပါသည်။
- အလုပ်သမားများသည်လည်း မည်သည့်အကာအကွယ် ကိရိယာ၊ ဝတ်စုံမှဝတ်ဆင်ထားခြင်း မရှိပါ။ ကျန်းမာရေးနှင့် ဘေးကင်းရေး လုပ်ထုံးလုပ်နည်းများလည်း မရှိသည်ကို တွေ့ရသည်။
- ဘေးကင်းလုံခြုံရေးသည် စိုးရိမ်ဖွယ်ကောင်းသော ကိစ္စတစ်ရပ်ဖြစ်ပြီး ရေနံတူးဖော်ရာနေရာဘေးတွင်ပင် ကပ်လျက် ဆေးလိပ်သောက်ကြသောကြောင့် မီးလောင်မှုနှင့် အခြားမတော်တဆမှုများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရှိရသည်။

## သဘာဝအရင်းအမြစ်အပေါ် သက်ရောက်ခြင်း

**လူ့အခွင့်အရေးဆိုင်ရာ ရည်ညွှန်းချက်** - လုံလောက်သော လူနေမှုအဆင့်အတန်း ရရှိပိုင်ခွင့်၊ သတင်းအချက်အလက်များ ရရှိပိုင်ခွင့်။

### ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များ

- ငါးဖမ်းလုပ်သားများစွာက အစဉ်အလာအရ ငါးဖမ်းသောနေရာများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်မှုနှင့် ၎င်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသောတည်ဆောက်မှုလုပ်ငန်းများ ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ နယ်မြေအတွင်းမှ ယေဘုယျအားဖြင့် ငါးရရှိမှု လျော့နည်းလာကြောင်း ညည်းညူကြသည်။ ငါးအကောင်ရေ ကျဆင်းမှုနှင့် ပတ်သက်၍ ရပ်ရွာလူထုတွင်သော်လည်းကောင်း၊ ကုမ္ပဏီများတွင်သော်လည်းကောင်း ကနဦးကောက်ခံထားရှိသော အခြေခံအချက်အလက်များ (Baseline data) များ မရှိပါ။ တိုင်တန်းထားမှုပိုများလာသည်ကို ကုမ္ပဏီတစ်ခုက သတိပြု မှတ်သားထားပါသည်။ ကုမ္ပဏီတစ်ခုအနေဖြင့် ဒေသတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနမှနေ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ဆက်စပ်သော တိုင်တန်းမှုများပိုမို ပြုလုပ်လာကြောင်း သတိပြုမိသည်။
- ပြည်တွင်းပညာရှင်တစ်ဦးမှ ကမ်းလွန်ရေနံလုပ်ငန်းဆောင်ရွက်ရာတွင် အကောင်းဆုံးလုပ်ဆောင်ပုံ လမ်းညွှန်ချက်အရ လိုအပ်သည့် ရေနေနို့တိုက်သတ္တဝါများအား လေ့လာစောင့်ကြည့်သူများ (Marine Mammal Observers) မရှိဘဲ လုပ်ဆောင်မှုအပေါ် ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုထားသည်။ လမ်ပိကျွန်းတွင် ဝေလငါးသောင်တင်ခြင်းမှာ ဤအကြောင်းကိစ္စနှင့် တစ်နည်းတစ်ဖုံဆက်စပ်နိုင်ကြောင်း ထိုပညာရှင်က ပြောကြားပါသည်။ သို့သော် သောင်တင်ဝေလငါးသေရခြင်းအကြောင်းအရင်းအား ခွဲစိတ်လေ့လာမှုမပြုနိုင်မီ ပုပ်သိုး၍ မြေမြှုပ်လိုက်ရသောကြောင့် မည်သည့်အကြောင်းကြောင့် သေဆုံးရသည်ဆိုသည့်အကြောင်းအား မဖော်ထုတ်နိုင်ခဲ့ပါ။

**မြန်မာနိုင်ငံမှ ကောင်းမွန်သော အလေ့အထကောင်းများ ဥပမာ**

- စီမံကိန်းတစ်ခုအတွင်း ပူးပေါင်းလုပ်ကိုင်နေသော လုပ်ငန်းများမှ ၎င်းတို့ပိုက်လိုင်းဖြတ်သွားရာ နေရာများအတွက် EIA မှ ဖော်ပြပေးသည့် သက်ရောက်မှုလျော့ပါးစေရန် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ ရံပုံငွေများစွာ ထည့်ဝင်လှူဒါန်းခဲ့သည်။ ဒေသ၏သစ်တောနှင့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် ပိုက်လိုင်းရှိနေခြင်း၏ သက်ရောက်မှုနှင့် အမဲလိုက်သွားရာ လမ်းကြောင်းများအပေါ် သွယ်ဝိုက်သောအားဖြင့် သက်ရောက်မှုဖြစ်နိုင်ခြေများကို ကာမိစေရန် စသည်တို့အား ဆောင်ရွက်ရန်ဖြစ်သည်။
- ကုမ္ပဏီတစ်ခုသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ရာ မြို့နယ်အနီးတွင် လမုပင်ပြန်လည်ပျိုးထောင်ရေးနှင့် ကာကွယ်ရေးကို အာရုံစိုက်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်တစ်ခုကို ဘဏ္ဍာရေးအထောက်အပံ့ပေးခဲ့သည်။ ဒေသတွင်း ငါးလုပ်ငန်း/သားပေါက်မှု တိုးတက်လာစေပြီး ၎င်းတို့အပေါ် ကောင်းကျိုးသက်ရောက်နိုင်သည့် အသက်မွေးမှုများ တိုးတက်လာစေရန် ဒေသခံရပ်ရွာလူထုမှ စိုက်ပျိုးပေးခြင်းဖြင့် ဆောင်ရွက်သည်။ ၎င်းစီမံကိန်းသည် လက်ရှိတွင် ဧက (၈၀၀) ကျယ်ဝန်းသည်။

၅

# ဆက်စပ်သက်ရောက်မှုအဆင့် အကျိုးသက်ရောက်မှုများ



အပိုင်း - ၅

# ဆက်စပ်သက်ရောက်မှုအဆင့် အကျိုးသက်ရောက်မှုများ

**ဤအပိုင်းတွင် ပါဝင်သော ကဏ္ဍများ -**

(က) နောက်ခံအကြောင်းအရာ

(ခ) ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

(ဂ) လေ့လာတွေ့ရှိချက်များ

## (က) နောက်ခံအကြောင်းအရာ

"ဆက်စပ်သက်ရောက်မှုများ" အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက် အမြောက်အများရှိသော်လည်း ယခု ကဏ္ဍအလိုက် အကျိုးသက်ရောက်မှုများလေ့လာဆန်းစစ်ခြင်း (SWIA) အစီရင်ခံစာမှ အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ အမျိုးအစားမတူညီသည့် စီမံကိန်းများ၊ သို့မဟုတ် နယ်မြေတစ်ခုတည်းတွင် ဆောင်ရွက်လုပ်ကိုင်နေသော စီမံကိန်းများ၊ သို့မဟုတ် တူညီသောရင်းမြစ်များ (ဥပမာ- ရေဝေရေလဲနှင့်လေထု)မှပေါင်းစပ်ကာ ပတ်ဝန်းကျင်၊ လူမှုရေးအပေါ် သက်ရောက်မှုများ ဆက်တိုက်တိုးလာသောအခါ ဖြစ်ပေါ်လာသည့် သိသာထင်ရှားသော သက်ရောက်မှုကို ဆိုလိုသည်။ စီမံကိန်းတစ်ခုချင်းစီ (မတူညီသောစီမံကိန်းများ၊ သို့မဟုတ် စီမံကိန်းတစ်ခုတည်း၏ မတူညီသောလုပ်ငန်းအဆင့်ဆင့်များ)သည် တည်ရှိပြီးသော စီမံကိန်းများ၊ အစီအစဉ်များ ရေးဆွဲထားပြီး ဖြစ်သော၊ သို့မဟုတ် အနာဂတ်တွင်လုပ်ဆောင်မည်ဟု သေချာခန့်မှန်းနိုင်သော စီမံကိန်းများအပေါ်တွင်လည်း သက်ရောက်မှုရှိပြီး ၎င်းသက်ရောက်မှုများသည် နေရာတစ်ခုတည်းတွင် ပေါင်းစပ်မိလာခြင်းဖြင့် ဆက်စပ်သက်ရောက်မှုများ ဖြစ်ပေါ်လာသည်။ များသောအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် စီမံကိန်းတစ်ခုတည်း၏ သက်ရောက်မှုမှာ သိသာထင်ရှားမှု မရှိသေးပေ။ သို့သော် သေးငယ်သောသက်ရောက်မှုများ အချိန်ကြာလာသည်နှင့်အမျှ၊ သို့မဟုတ် တစ်နေရာတည်းတွင်သာ စုပြုံသက်ရောက်လာမှုကြောင့် ၎င်းတို့၏ဒဏ်များ တဖြည်းဖြည်းချင်း ပေါင်းစပ်မိကာ ဆက်စပ်သက်ရောက်မှု ဖြစ်လာသည်။ တစ်ခါတစ်ရံ သေးငယ်သောဖြစ်ရပ်မှာ ဆက်တိုက်ဖြစ်ခြင်းကြောင့် နောက်ဆုံးခံနိုင်ရည်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်သော ပတ်ဝန်းကျင်၊ သို့မဟုတ် လူမှုရေးရာများအပေါ် ရုတ်တရက်ပြောင်းလဲမှုများ ဖြစ်နိုင်ပြီးပိုမိုကြီးမားသော သက်ရောက်မှုများလည်း ဖြစ်လာတတ်သည်။ (ဥပမာ - အလုပ်ရှာသူများမှ အသစ်စတင်သော စီမံကိန်းနေရာများသို့၊ သို့မဟုတ် အနီးပတ်ဝန်းကျင်သို့ အလျင်အမြန်ဝင်ရောက်လာခြင်း၊ - မြို့ပြပေါက်ကွဲမှု (Boomtown Effect) မျိုးဖြစ်သည်)။ ထိုကိစ္စများသည် ကုမ္ပဏီများ၏ ထပ်တလဲလဲ မှားနေသော အားနည်းသည့်မူဝါဒများကြောင့်လည်း ဖြစ်တတ်သည်။ သဘာဝပတ်ဝန်းကျင်၊ သို့မဟုတ် လူမှုအသိုင်းအဝိုင်းများ အပေါ် ဆက်စပ်သက်ရောက်မှု၊ ဒဏ်ခံနိုင်ရည်ရှိမှုသည် သက်ရောက်မှုသဘောသဘာဝနှင့် လူမှုအသိုင်အဝန်း၊ သို့မဟုတ် ဂေဟစနစ်၏ ထိခိုက်လွယ်မှုအပေါ် မူတည်သည် (ထိခိုက်ရန်အလားအလာနှင့် ထိခိုက်ပျက်စီးမှုကို ရင်ဆိုင်နိုင်စွမ်းနည်းပါးမှု)

မကြာသေးမီက နည်းလမ်းများသည် "ရှုထောင့်စုံ ဆက်စပ်သက်ရောက်မှုများ"ကို ရည်ညွှန်းထားပြီး "စုပေါင်းသိမြင်မှု နည်းလမ်းအရ အကျိုးသက်ရောက်မှုများကို နားလည်လက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အဓိကရှုထောင့်များ"ဟု အဓိပ္ပာယ်ရပါသည်။ ၎င်း၏အကျိုးကျေးဇူးများမှာ အကျိုးသက်ရောက်မှု သီးသန့်တစ်ခုတည်းမဟုတ်ဘဲ စီမံအုပ်ချုပ်မှု၊ စုပေါင်းလုပ်ငန်းစဉ်များနှင့် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပေးပါသည်။ ဤသို့ဖြင့် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက်များကို စီမံကိန်းစက်ဝန်းအတွင်းနှင့် စီမံကိန်းအပေါ်ပြောင်းလဲမှုများအလိုက် အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲနိုင်မည့် ပြုပြင်ပြောင်းလဲနိုင်သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ် ဖြစ်စေပါသည်။ စုပေါင်းသက်ရောက်မှုသည် အပျက်သဘောဖြစ်နိုင်သကဲ့သို့ (ဥပမာ - မြေများ စုပြုံသိမ်းပိုက်ခံရခြင်းကြောင့် လူများအခြားနေရာသို့ ရွှေ့ပြောင်းထွက်ခွာသွားခြင်းမျိုး ဖြစ်ပေါ်လာသောအခါ အစိုးရမှ ထိုဒေသအတွက်ထားရှိသော ကျန်းမာရေးဝန်ဆောင်မှုများကို ရုပ်သိမ်းလိုက်ခြင်း)၊ အပြုသဘော သက်ရောက်မှုများလည်း ဖြစ်နိုင်ပါသည် (ဥပမာ - ဒေသတစ်ခုတွင် စုစည်းဖြစ်ထွန်းလာသော စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်နိုင်ရန်ဖြစ်လာခြင်း)။ အချို့သော ကိစ္စများတွင် စုပေါင်းသက်ရောက်မှုသည် အပြုသဘောနှင့် အပျက်သဘောနှစ်မျိုးလုံး ရောထွေးနေတတ်သည်။

ကောင်းစွာစီမံခန့်ခွဲခြင်းမရှိပါက စုပေါင်းသက်ရောက်မှုသည် ပြောင်းလဲမှုများကို ကြံ့ကြံ့ခံနိုင်မည့်၊ သို့မဟုတ် ပြန်လည်ထူထောင်ပေးနိုင်မည့် ပတ်ဝန်းကျင်/လူမှုရေးရာ "လုပ်ဆောင်နိုင်စွမ်း" များကို လျှော့ဆုံးသွားနိုင်သည်။ အကြောင်းမှာ -

- **ဖွဲ့စည်းတည်ရှိမှုပိုင်း** - ဆက်စပ်သက်ရောက်မှုသည် ဒေသတွင်းရှိ ဝန်ဆောင်မှုစွမ်းရည်များကို ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ ထို့အတူ လူအများ၏ လူ့အခွင့်အရေးကာကွယ်ရန်၊ သို့မဟုတ် ဖြည့်ဆည်းရန်၊ သို့မဟုတ် ကုစားရန်၊ သို့မဟုတ် စီမံခန့်ခွဲရန်၊ သို့မဟုတ် ပြုပြင်ပြောင်းလဲရန် စသည့်ကိစ္စများအပေါ်တွင်လည်း သက်ရောက်နိုင်သည်။
- **လူမှုရေးရာပိုင်း** - အလျင်အမြန်စတင်ဝင်ရောက်လာသော သက်ရောက်မှုနှင့်ပြောင်းလဲမှုများသည် လူ့အဖွဲ့အစည်း၏ တည်ဆောက်ပုံ (Social Structure) ပြောင်းလဲမှုကို စီမံခန့်ခွဲနိုင်သည့် စွမ်းရည်တို့ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သကဲ့သို့ အခြေအနေတင်းမာမှု၊ သို့မဟုတ် အကြမ်းဖက်မှုများမြင့်တက်လာခြင်းနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားခြင်းတို့ ဖြစ်လာနိုင်သည်။
- **ပတ်ဝန်းကျင်ပိုင်း** - ဇီဝရူပဗေဒဆိုင်ရာ သက်ရောက်မှုများသည် ပတ်ဝန်းကျင်၏ လက်ခံနိုင်စွမ်းကို ကျော်လွန်သွားနိုင်သည်။

ထိုသို့သော သက်ရောက်မှုများကို စီမံခန့်ခွဲရာ၌ များစွာသောရှင်းလင်းသည့် စိန်ခေါ်မှုများရှိနေပါသည်။ တစ်ခါတစ်ရံတွင် စီမံကိန်းစတင်ချိန်၌ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို သတ်မှတ်ပေးသော လုပ်ငန်းစတင်ခွင့်လိုင်စင်များနှင့်ပင်လျှင် သက်ရောက်မှုကို ဖြစ်မြောက်စေသည့် အကြောင်းအချက်များစွာရှိနေခြင်း၊ သက်ရောက်မှုများသည် စုပေါင်းလာပြီး အချိန်ကြာလာသည်နှင့်အမျှ ကြိုတင်မှန်းဆနိုင်ရန်ခက်ခဲခြင်း၊ လုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်မှုမရှိသည့် အကျိုးသက်ရောက်မှုများအား တာဝန်ယူနိုင်ရေးမက်လုံးပေးနိုင်သည့် အရာများမရှိခြင်းနှင့် ထိန်းညှိမှုပေးနိုင်မည့်အရာများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း၊ စွမ်းဆောင်ရည် မရှိခြင်းတို့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကျိုးဆက်များသည် ပုံမှန်အားဖြင့် အကြောင်းအရာ တစ်ခုထက်ပို၍ ပါဝင်နေပြီး ထိုသို့သော အကျိုးဆက်မျိုးကို စီမံခန့်ခွဲနိုင်မည့် စုပေါင်းနည်းလမ်းတစ်ခုပင် လိုအပ်လေ့ရှိပါသည်။

ပူးတွဲညှိနှိုင်းရေး မဟာဗျူဟာများမှာ အရိုးရှင်းဆုံး သတင်းအချက်အလက်မျှဝေခြင်း၊ ဖိုရမ်များ၊ ရပ်ရွာလူထုနှင့် ကွန်ရက်ချိတ်ဆက်ခြင်း၊ သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းမှ ပါဝင်ပတ်သက်သူများအား စောင့်ကြည့်သုံးသပ်ခြင်း၊ သို့မဟုတ် အချက်အလက်များအား ပေါင်းစည်းစီမံခန့်ခွဲမှုကဲ့သို့သော အားစိုက်ထုတ်မှုပိုမိုလိုအပ်သည့်၊ ပိုမိုညှိနှိုင်းရန် လိုအပ်သည့် ရှုပ်ထွေးမှုမြင့်မားသော နည်းလမ်းများအထိ ပါဝင်ပါသည်။ မဟာဗျူဟာမြောက် လွှမ်းခြုံရေးဆွဲထားသည့်အစီအစဉ် များနောက်တွင် ဒေသတစ်ခုအတွက် စီမံကိန်းရေးဆွဲပြီး၊ သို့မဟုတ် အစီအစဉ်ရေးဆွဲပြီးဖြစ်သည့် ကဏ္ဍပေါင်းစုံနှင့် မြောက်များစွာသော လုပ်ငန်းဆောင်ရွက်မှုများအား မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက်များ တစ်ဆက်တည်းပါဝင်ခြင်းသည် အရေးကြီးသည့် စမှတ်တစ်ခုအဖြစ် ပံ့ပိုးပေးနိုင်ပါသည်။ ထို့အတွက် ကဏ္ဍအလိုက် လွှမ်းခြုံရေးဆွဲထားသည့် အစီအစဉ်များနှင့် ပူးပေါင်းညှိနှိုင်းရန် လိုအပ်မည်ဖြစ်သည်။ သို့သော်လည်း အစီအစဉ်ရေးဆွဲခြင်း နှစ်မျိုး (ဒေသအလိုက်နှင့် ကဏ္ဍအလိုက်) ပင်လျှင် လုံလောက်သော ပူးပေါင်းညှိနှိုင်းမှုများ မရှိပါ။

## ဆက်စပ်သက်ရောက်မှုများနှင့် ပတ်သက်သည့် လူ့အခွင့်အရေးကိစ္စရပ်များ

**ဆက်စပ်သက်ရောက်မှုများ**သည် လူ့အခွင့်အရေး ရှုထောင့်မှကြည့်ပါက စိုးရိမ်စရာပင်ဖြစ်သည်။ အကြောင်းမှာ-

- စီမံကိန်းတစ်ခုကြောင့်ဖြစ်ပေါ်သော သက်ရောက်မှုတစ်ခုတည်းထက် စီမံကိန်းအများနှင့် ဆက်စပ်ပြီးသက်ရောက်လာသော ဆက်စပ်သက်ရောက်မှုများကို ခန့်မှန်းရန် ပို၍ခက်ခဲသည်။ သို့သော် ထိုသက်ရောက်မှုများ၏ အလားအလာကို အကဲဖြတ်မှုနှင့် သုံးသပ်မှုများကိုအပင်ပန်းခံ၍ သေသေချာချာမလုပ်လျှင် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ရေရှည်ထိခိုက်မှုများကို ကာကွယ်တားဆီးမှုလုပ်ရန် ပိုမိုခက်ခဲသည်။ ထိုထိခိုက်မှုများသည် အသက်ရှင်သန်ခွင့်၊ လုံခြုံခွင့်၊ ကျန်းမာရေး၊ ပညာရေးနှင့်သင့်တင့်သော လူနေမှုအဆင့်ကဲ့သို့သော လူ့အခွင့်အရေးများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်သည်။
- ဆက်စပ်သက်ရောက်မှုများသည် သက်ရောက်မှု အမျိုးအစားအရ (အရည်အသွေးညံ့သော အဆောက်အဦအပေါ် စုပြုံနေထိုင်မှုကြောင့် ပြိုကျပြီး လူရာပေါင်းများစွာ သေဆုံးခြင်း)၊ သို့မဟုတ် သက်ရောက်မှု၏ ကျယ်ပြန့်သောသဘောအရ (စုပေါင်းရေသုံးစွဲမှုကြောင့် ရေလျော့နည်းလာခြင်းသည် မိုးခေါင်ရေရှားပါးမှုကိုဖြစ်စေပြီး ကျေးလက်နေလူထု၏ အစာရေစာဖူလုံမှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ခြင်း)၊ သို့မဟုတ် ထပ်ခါတလဲလဲဖြစ်ပေါ်သော သက်ရောက်မှုများကြောင့် ပိုမိုပြင်းထန်သောသက်ရောက်မှုများကို တိုးပွားဖြစ်ပေါ်စေသည် (တစ်ကြိမ်တစ်ခါသာဖြစ်သော အသေးစား သက်ရောက်မှုသည် လူ့အခွင့်အရေးကို ခြိမ်းခြောက်မှု မဖြစ်နိုင်သော်လည်း၊ ထပ်တလဲလဲဖြစ်သော အသေးစား သက်ရောက်မှုများသည် လူ့အခွင့်အရေး ထိခိုက်မှုများကို ဖြစ်ပေါ်လာနိုင်သည်)

- လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသော ကိစ္စရပ်တစ်ခုတွင် တာဝန်ရှိသောအဖွဲ့အား တာဝန်ခံမှုရရှိရန် ပြုလုပ်ရသည်မှာ ခက်ခဲပါသည်။ တစ်ခုမကသော သက်ရောက်မှုများ၊ ဆက်စပ်သက်ရောက်မှုများ ပါဝင်လာသောအခါ၊ တာဝန်ရှိသောအဖွဲ့များသည် ပို၍များပြားကျယ်ပြန့်လာပြီး၊ သက်ရောက်မှုများအတွက် တာဝန်ရှိသောအဖွဲ့များကို အတိအကျဖော်ထုတ်ရန် ပို၍ခက်ခဲလာကာ ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ခြင်း၊ လျှော့ချခြင်းနှင့် ကုစားခြင်းတို့အတွက် ထိုအဖွဲ့များ၏ တာဝန်ခံမှုရယူရန် ပို၍ပင်ခက်ခဲလာသည်။
- ကုမ္ပဏီများနှင့် စည်းမျဉ်းချမှတ်သူများသည် စုပေါင်းသက်ရောက်မှုများအတွက် ၎င်းတို့တွင် တာဝန်ရှိသည်ဟု သုံးသပ်လိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ ကုမ္ပဏီတစ်ခုချင်းအနေဖြင့် သက်ရောက်မှုတစ်ခုစီသာပြုလုပ်ပြီး အထူးသဖြင့် ထိုတစ်ခုချင်း၏ သက်ရောက်မှုများသည် သတ်မှတ်ထားသော လက်ခံနိုင်သည့် စည်းမျဉ်းဘောင်အတွင်းတွင် ရှိနေတတ်သည်။ သို့ရာတွင် ထိုစည်းမျဉ်းများသည် အချိန်နှင့်နေရာကိုလိုက်၍ဖြစ်ပေါ်သော စုပေါင်းသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားနိုင်လောက်သော အဆင့်မြင့်မားမှုမရှိပေ။
- စုပေါင်းသက်ရောက်မှုများသည် အခက်အခဲပြဿနာကြုံတွေ့ရဖွယ်ရှိသော လူအုပ်စုအဖွဲ့များအပေါ်တွင် ပိုမိုသက်ရောက်ဖွယ်ရှိသည်။ ထိုသူများသည် သက်ရောက်မှုများ၏ ဒဏ်မခံနိုင်ရည် နည်းပါးပြီး အာဏာပိုင်များ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းများအပေါ် တောင်းဆိုမှုများပြုလုပ်နိုင်သော စွမ်းရည်အနည်းပါးဆုံးသူများလည်း ဖြစ်သည်။
- စုပေါင်းသက်ရောက်မှုများသည် တခါတရံ နှေးကွေးပြီး၊ အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းချင်း စုမိလာကြသည်။ ထို့ကြောင့် တာဝန်ရှိသောအဖွဲ့များ၏ အာရုံစိုက်ခံရမှုကို ရယူရန်ခက်ခဲပြီး ပြုပြင်မှုများကို ချက်ချင်းလက်ငင်း လုပ်ဆောင်ရန် ခက်ခဲသည်။

## (ခ)ပတ်သက်ဆက်နွှယ်သော နိုင်ငံရေးရာအခြေအနေ

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သူများ (ရှာဖွေရေးကုမ္ပဏီများ၊ အော်ပရေတာများ)နှင့် စည်းမျဉ်းချမှတ်သူများသည်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် အကျိုးသက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (ESIA) ကို လုပ်ရိုးလုပ်စဉ်သာလုပ်ဆောင်ကြပြီး စီမံကိန်းတစ်ခုချင်းစီ၏ သက်ရောက်မှုကိုသာ အကဲဖြတ်သောကြောင့် နယ်မြေတစ်ခု၊ သို့မဟုတ် အရင်းအမြစ်သုံးစွဲမှုအပေါ် တဖြည်းဖြည်းချင်း ပိုမိုတိုးပွားလာသော သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်း မပြုမိကြပါ။ တခြားတည်ရှိနေပြီးသော၊ လုပ်ရန်စီစဉ်ထားသောစီမံကိန်းများ၏ တိုက်ရိုက်သက်ရောက်မှုများ၊ သို့မဟုတ် အရင်းအမြစ် အသုံးပြုမှုများကို ထည့်သွင်းမစဉ်းစားပေ။ ဒေသတစ်ခုတွင် ၎င်း၏ပတ်ဝန်းကျင်နှင့် လူမှုရေးရာစနစ်များအပေါ်သို့ ဆိုးကျိုးသက်ရောက်မှုများရှိနေပြီး ထိုသက်ရောက်မှုများကို မထိန်းညှိနိုင်တော့သော၊ ပြုပြင်ပြောင်းလဲမှု မပြုလုပ်နိုင်တော့သော အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်ပါက (အိမ်နီးချင်းတရုတ်နိုင်ငံ၏ အစိတ်အပိုင်းများမှ အဖြစ်အပျက်တစ်ခုအဖြစ်) ထိုဒေသအတွင်းသို့ မကောင်းသော ဆက်စပ်သက်ရောက်မှုများ ထပ်မံကျရောက်လာပါက စိုးရိမ်ဖွယ် အရေးကြီးသောကိစ္စ ဖြစ်လာသည်။ ထိုနည်းတူစွာ ဆက်စပ်သက်ရောက်မှုများကို မြန်မာနိုင်ငံအတွင်းရှိအချို့သော ဒေသများကဲ့သို့ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသော ဒေသများအတွက်လည်း ထည့်သွင်းစဉ်းစားရန် အလားတူအရေးကြီးသည်။ ဆက်စပ်သက်ရောက်မှုများနှင့် ဆိုင်သောမူဘောင်၊ သို့မဟုတ် ကျွမ်းကျင်မှုသည်လက်ရှိ မြန်မာနိုင်ငံတွင်၊ သို့မဟုတ် ဈေးကွက်အသစ်များ၊ လုပ်ငန်းသစ်များတွင် မရှိသေးပါ။ သို့သော်လည်း အရေးကြီးသည့် ပထမခြေလှမ်းအနေဖြင့် စီပွားရေးနှင့်လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဘောင် (FESR)မှ စီမံကိန်းများ၊ အစီအစဉ်များ၏ ဒေသများအပေါ်၊ လူအုပ်စုများအပေါ် အချိန်နှင့်အမျှ ကဏ္ဍပေါင်းစုံအလိုက် ဆက်စပ်သက်ရောက်နေသော အကျိုးဆက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ၎င်းဖော်ပြချက်မှာ "အစီအစဉ်ရေးဆွဲသူများနှင့် မူဝါဒရေးဆွဲသူများသည် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို မျှတစေမည့် ရေရှည် တည်တံ့ရေးရှုထောင့်များမှ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အထူးသဖြင့် စီမံကိန်းများ၊ သို့မဟုတ် အစီအစဉ်များသည် တစ်သီးတစ်သန့်ဖြစ်တည်နေပြီး သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအား ဆက်စပ်သက်ရောက်နေကြောင်း တစ်ခုနှင့်တစ်ခု အသိအမှတ်မပြုကြသော်လည်း ပါဝင်ပတ်သက်နေသော လူအုပ်စုများအပေါ် တစ်ပြိုင်နက်တည်း အကျိုးသက်ရောက်မှုဖြစ်စေသည်ကိုလည်း အလေးထားသတိပြုမိရန် လိုအပ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များတွင်လည်း ထိုသို့သော ဆက်စပ်သက်ရောက်မှုများအတွက် ထည့်သွင်းထားရန် လိုအပ်မည်ဖြစ်သည်။ ရေရှည်

တည်တံ့ရေး ရှုထောင့်အရ ဆောင်ရွက်မည်ဆိုပါက ကာလတိုအတွင်း မျှတသောဖွံ့ဖြိုးရေးအပေါ် ပိုမိုအာရုံစိုက်သော အခြေအနေများတွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ရွေးချယ်ရမည့်အရာတစ်ခုခုအတွက် ပြေလည်နိုင်ရန် ကူညီနိုင်မည်ဖြစ်ပြီး ကာလရှည်ကြာလာသည်နှင့်အမျှ ပိုမို၍ ရေရှည်တည်တံ့မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပါသည်။" ထို့အပြင် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်ခြင်း (EIA)လုပ်ငန်းစဉ်မူကြမ်း ရေးဆွဲရာတွင် ဆက်စပ်သက်ရောက်မှုများ အထူးသဖြင့် ရှုပ်ထွေးသော စီမံကိန်းများအတွက် ရည်ညွှန်းကိုးကားချက်များ ပါဝင်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee-NEMC) သည် လက်ရှိတွင် အမျိုးသားစွမ်းအင်မူဝါဒတစ်ရပ်ကို ရေးဆွဲနေပါသည်။ ထိုကော်မတီ၏ လုပ်ပိုင်ခွင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှု ဆန်းစစ်လေ့လာခြင်းကို မဖြစ်မနေ အကဲဖြတ်လေ့လာဆန်းစစ်ရန်လည်း ပါဝင်ပါသည်။ ထိုမူဝါဒများကို မည်သည့်အတိုင်းအတာအထိ အသေးစိတ်လုပ်မည်ဆိုသည်နှင့် စွမ်းအင်ကဏ္ဍ၏ ဆက်စပ်သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းမှု လုပ်၊ မလုပ်ဆိုသည်မှာ မရှင်းလင်းပေ။ စွမ်းအင်ကဏ္ဍ၏ ဆက်စပ်သက်ရောက်မှု အလားအလာများကို ဖော်ထုတ်ရန်အတွက် အသေးစိတ်ကျသောအစီအစဉ်တစ်ရပ် ရေးဆွဲခြင်းသည် ကောင်းမွန်သောလုပ်ငန်း စတင်ခြင်းဖြစ်သည်။ သို့မှသာ ဒေသခံနှင့် ဒေသဆိုင်ရာ အစိုးရကြားပူးပေါင်းမှု၊ သို့မဟုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၏ လက်ရှိလုပ်ကိုင်နေဆဲ၊ သို့မဟုတ် အသစ်ဆောင်ရွက်မည့်စီမံကိန်းများ၊ အော်ပရေတာများကြား ပူးပေါင်းမှုအလားအလာများရှိလာပါမည်။ ထိုကဲ့သို့ ကဏ္ဍအလိုက်အစီအစဉ်များသည် ဒေသဆိုင်ရာအစီအစဉ်များနှင့်လည်း ကိုက်ညီရန် အလွန်အရေးကြီးသည်။ သို့မှသာ ဆက်စပ်သက်ရောက်မှုများအား ထည့်သွင်းစဉ်းစားခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုပြုနိုင်ခြင်းများကို ဆောလျင်စွာပြုလုပ်နိုင်မည်ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ရှိနေသော၊ သို့မဟုတ် မကြာမီအချိန်ကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ တနင်္သာရီနှင့် မကွေးတိုင်းဒေသကြီးကဲ့သို့သော နေရာများတွင် ဖြစ်နိုင်သမျှ အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ပါသည်။

လုပ်ဆောင်နိုင်စွမ်း အကန့်အသတ်များရှိနေသည့်အတွက် အစိုးရအနေနှင့် ဆက်စပ်သက်ရောက်မှု အကျိုးဆက်များကို ကဏ္ဍအလိုက် ဖော်ထုတ်ဖြေရှင်းနိုင်မည့် အထိရောက်ဆုံးနည်းလမ်းကို သေချာစွာ ဂရုတစိုက်စဉ်းစားရန် လိုအပ်ပါသည်။ သတ်မှတ်ထားသော နယ်ပယ်အကြောင်းအရာကိစ္စ အနည်းငယ်ကိုဦးစွာရွေးချယ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ အော်ပရေတာများနှင့် ဒေသဆိုင်ရာ၊ သို့မဟုတ် ဒေသခံအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို စတင်သင့်ပါသည်။ ထိုမှတစ်ဆင့် အဓိကအလားအလာရှိသော ဆက်စပ်သက်ရောက်မှုများ၊ သက်ရောက်မှုများ၏ လမ်းကြောင်းများနှင့် ထိုသက်ရောက်မှုများသည် ဒေသခံများအပေါ် မည်သို့ထိခိုက်မှုရှိမည်ဆိုသည်တို့ကို နားလည်ရန်အတူတကွ ဖော်ထုတ်သင့်သည် (အကြံပြုချက်များကို အခန်း-၇ တွင် ကြည့်ပါ)။

## (ဂ) လေ့လာတွေ့ရှိချက်များ

### မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍမှ ဖြစ်လာဖွယ်ရှိသော ဆက်စပ်သက်ရောက်မှုများ

#### ဖွဲ့စည်းတည်ရှိမှုပိုင်း

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ထိထိရောက်ရောက် သုံးသပ်ရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို စောင့်ကြည့်ရန်အတွက် ဒေသခံနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ စွမ်းဆောင်ရည်တို့အပေါ် ဝန်ပိလာခြင်း၊ အထူးသဖြင့် ဆက်စပ်သက်ရောက်မှုများကို စီမံခန့်ခွဲရာတွင် ဝန်ပိလာနိုင်ခြင်း။
- အလုပ်ရှာသူများ အလျင်အမြန် ဝင်ရောက်လာမှုကြောင့် လက်ရှိလူမှုဝန်ဆောင်မှုများအပေါ် ဝန်ပိလာခြင်း (ဥပမာ-ကလေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး)၊
- အထူးသဖြင့် ကမ်းလွန်လုပ်ကွက်များတွင်ရှိသော ရေနံလုပ်ငန်းများစွာရှိ လုပ်ငန်းခွင်အတွင်း အလုပ်သမားဥပဒေများကို သေချာစွာလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးပေးရသော အလုပ်သမားရေးရာ စစ်ဆေးရေးမှူးများ (labour inspectors) အတွက် ဝန်ပိလာခြင်း၊

- ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ဆိပ်ကမ်းများအားစီးပွားရေး လုပ်ငန်းများမှ အသုံးပြုမှု သိသိသာသာတိုးပွားလာမှုကြောင့် ဒေသခံတံငါသည်များအနေဖြင့် ထိုဆိပ်ကမ်းများမှနေရာ ရွှေ့ပြောင်းရခြင်း။
- စစ်တွေဆိပ်ကမ်းကို ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ အသုံးပြုမှုများလာသောကြောင့် ထိုဒေသအတွင်း ဆောင် ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်းများအတွက် နှောင့်နှေးမှုဖြစ်စေခြင်းနှင့် လူမျိုးစုအခြေပြု အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခြင်း။

## လူမှုရေးရာအပိုင်း

- အလုပ်သမားဈေးကွက်အပေါ် ဝန်ပိလာခြင်း၊ အလုပ်သမားများအကြား ပြိုင်ဆိုင်မှုမြင့်မားလာခြင်း၊ လုပ်ခလစာနည်းသော အလုပ်သမားများအား ဆွဲဆောင်သော်လည်း အရေးပါသောကျန်းမာရေးနှင့် ပညာရေးကဲ့သို့ အစိုးရဝန်ဆောင်မှုများ၌ မလုံလောက် မှုများဖြစ်ပေါ်ခြင်း။
- အပြိုင်အဆိုင် လုပ်သားရှာဖွေခြင်းကြောင့် လခများမြင့်တက်စေပြီး ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေခြင်း။ အကျိုးဆက် အနေနှင့် ဒေသခံအတွင်း အခြေခံစားသောက် နေထိုင်မှုစရိတ် မြင့်တက်လာစေပြီး ဒေသခံများ၏ နေထိုင်မှု အဆင့် အတန်းအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်လာဖွယ် ရှိပါသည်။
- နေရာဒေသတစ်ခုတည်းတွင် ပိုက်လိုင်းများ ဆောက်လုပ်ခြင်းကို ထပ်ခါထပ်ခါ ဆောင်ရွက်ခြင်းကြောင့် အရပ်ဒေသတစ်ခု တည်းရှိ ကျေးလက်နေသူများအား အကြိမ်ကြိမ် အနှောင့်အယှက် ဖြစ်စေခြင်း။
- မြေများ ဆက်တိုက်သိမ်းယူခြင်းကြောင့် ဒေသခံလူထုများ၏ အသက်မွေးဝမ်းကျောင်းအတွက် အသုံးချရန်မြေများ အလျင်အမြန် ပျောက်ဆုံးသွားခြင်း၊
- ယောက်ျား အလုပ်သမားအများအပြား ဝင်လာခြင်းကြောင့် လိင်လုပ်သားများလည်း ဝင်ရောက်လာခြင်း၊ အန္တရာယ်ကျ ရောက်ဖွယ်ရှိသော လူအုပ်စုများ (at risk groups) အပေါ် အမြတ်ထုတ်ခံရနိုင်ချေရှိခြင်းနှင့် ရာဇဝတ်မှုများတိုးလာနိုင်ခြင်း

## ပတ်ဝန်းကျင်အပိုင်း

- ဒေသခံရေရင်းမြစ်များ၊ သို့မဟုတ် မြေကြီးများ၊ အနည်ကျမှုများတွင် ညစ်ညမ်းမှုများတိုးလာခြင်း၊ သို့မဟုတ် နေရာ တစ်ခုတည်းတွင် စီမံကိန်းအများအပြား လုပ်ဆောင်မှုကြောင့် ဇီဝစုစည်းမှုများဖြစ်လာခြင်း၊
- ရေ၏ အရည်အသွေးကျဆင်းခြင်း (ဥပမာ- ညစ်ညမ်းစေသော အညစ်အကြေးများအား မြစ်အတွင်းသို့စွန့်ခြင်း)နှင့် ရေသုံးစွဲသူ အများပြားမှ ရေသုံးစွဲမှုကြောင့် (မြေအောက်ရေနှင့်မြေပေါ်ရေ) ရေပမာဏ လျော့နည်းလာခြင်း၊
- ကားပိတ်ခြင်း၊ လမ်းပျက်ခြင်းနှင့် လမ်းတစ်လမ်းပေါ်တွင် အမျိုးမျိုးသော စီမံကိန်းများအတွက် သွားလာအသုံးပြုမှုကြောင့် ဖုန်ပိုထူထပ်လာခြင်း၊
- ငါးဖမ်းရရှိမှုနည်းလာခြင်း၊ ကမ်းလွန်ရေနံတူးခြင်းမှ (အသံများ၊ ပိတ်ဆို့မှုများ၊ ညစ်ညမ်းမှုများ) လှေများ ကူးသန်း သွားလာမှုများလာပြီး ရေနေသတ္တဝါများကို အနှောင့်အယှက်ဖြစ်ခြင်း၊
- ကမ်းလွန်လုပ်ငန်းများ (ကွန်တိန်နာများမှ အညစ်အကြေးများ ထုတ်လွှတ်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ အညစ်အကြေးများထုတ်လွှတ်ခြင်း) ကြောင့် ကမ်းလွန်ဒေသတွင် ညစ်ညမ်းမှုများစုလာခြင်း၊

၅

## မြန်မာနိုင်ငံတွင် ဆက်စပ်သက်ရောက်မှုများကို ရေတိုဖြေရှင်းရန်အတွက် လုပ်ဆောင်မှုများနှင့်ပတ်သက်သည့် အဓိကစိုးရိမ်ပူပန်မှုများ

- **ဆွေးနွေးညှိနှိုင်းပွဲများကြောင့် ဒေသခံများ ဝန်ပိခြင်း** - လက်ရှိကုန်းတွင်းနှင့် ကမ်းလွန်လုပ်ငန်းများ လုပ်ခွင့်ရရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ဆောင်သူများမှ EIA ကို သတ်မှတ်ထားသည့် တိုတောင်းသောအချိန် (ခြောက်လ) အတွင်း ဆောင်ရွက်ကြပါမည်။ EIA လုပ်ဆောင်ရာတွင်  ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများလုပ်ရန် လိုအပ်သည်။ EIA ကို ဒေသတစ်ခုတည်းမှာပင် ဒေသခံများနှင့် အဖွဲ့အသီးသီးမှလာရောက်၍ အကြိမ်များစွာ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် ထိုဒေသခံများ ပင်ပန်းနွမ်းနယ်စေခြင်းနှင့် စိတ်ရှုပ်ထွေးမှုတို့ ဖြစ်လာစေနိုင်သည်။ ကမ်းလွန်ရေနံထုတ်လုပ်မှုများမှ ကုန်းပေါ်သို့ ပိုက်လိုင်းများ သွယ်တန်းတက်ရောက်နိုင်သော နေရာအနည်းငယ်သာရှိသဖြင့် စီမံကိန်းများအနေဖြင့် ဆက်စပ်သက်ရောက်မှုများ အပါအဝင် ၎င်းလုပ်ငန်းနေရာများအတွက် EIA ပြုလုပ်ရာတွင်  အဖွဲ့များပူးပေါင်း လုပ်ဆောင်သင့်သည်။ ထို့ပြင် ဖြစ်နိုင်ချေရှိသော ဆက်စပ်သက်ရောက်မှုများကို ဒေသခံပြည်သူများနှင့် တစ်ခါတည်းစုပေါင်း၍ ဆွေးနွေးတိုင်ပင်မှုပြုနိုင်ရန် လုပ်ဆောင်သင့်ပါသည်။ ကုန်းတွင်းလုပ်ကွက်များ ဖော်ထုတ်ရာတွင် တစ်ခုနှင့်တစ်ခု မည်မျှနီးနီးကပ်ကပ် ရှိသည်ဆိုသည့်အပေါ်တွင် မူတည်၍ (တူညီသောဒေသတွင် လုပ်ကွက်သစ်များလုပ်ဆောင်မှု)၊ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များကို စုပေါင်းညှိနှိုင်းလုပ်ဆောင်ခြင်းသည် ပို၍အဓိပ္ပာယ်ရှိပါသည်။
- တူညီသောနေရာဒေသတစ်ခုတည်းတွင် ဆက်စပ်သက်ရောက်မှု အကြောင်းကို ထည့်သွင်းမစဉ်းစားဘဲ EIA အမြောက်အများ လုပ်ခြင်းသည် လုပ်အား၊ ငွေအား၊ ရင်းမြစ်များပါ ဆုံးရှုံးခြင်းပင်ဖြစ်ပါသည်။ ဤလုပ်ဆောင်မှုတွင် EIA အဖွဲ့များ ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ထပ်မံအကြံပြုလိုပါသည်။

## ဆက်စပ်သက်ရောက်မှုများ (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်)နှင့် ပတ်သက်ဆက်နွယ်ရန် အလားအလာရှိသော အဓိကနေရာဒေသများ၊ သို့မဟုတ် ဆောင်ရွက်ချက်များ -

- ဒေသတစ်ခုတည်းတွင် (ကုန်းတွင်းနှင့် ကမ်းလွန်နှစ်မျိုးလုံး) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုအမျိုးမျိုးကို များစွာသောအော်ပရေတာများက လုပ်ဆောင်နေသော နေရာများရှိနိုင်ပြီး ထိုနေရာများကို ဖော်ထုတ်သတ်မှတ်နိုင်သည် -
  - ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ ကမ်းပေါ်သို့ စတင်ဝင်ရောက်သောနေရာ (ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝင်ရောက်လာဖွယ်ရှိသော နေရာများ)။
  - ကမ်းကပ်ရာနေရာနှင့် ကမ်းလွန် ပလက်ဖောင်းကြား သွားလာမှုလမ်းကြောင်းများ။
  - ပိုက်လိုင်းများပြိုင်တန်းလျက်၊ သို့မဟုတ် တခြားအဆောက်အဦးများ (တနင်္သာရီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်မှ ရှမ်းပြည်နယ်ထိ) တစ်ခုပြီးတစ်ခု ဆက်တိုက်ဆောက်လုပ်ခြင်းသည် ထိုဒေသတွင်းနေထိုင်သော ဒေသခံများအား အဆက်မပြတ် နှောင့်ယှက်နေခြင်း။
  - စုပြုံနေသော ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စီမံကိန်းများ (ဥပမာ- မကွေးတိုင်းဒေသကြီးရှိ မင်းဘူး၊ ချောက်၊ ရေနံချောင်း မြို့နယ်များ)။
  - လမ်းများ၊ သို့မဟုတ် တခြားသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအားသုံးစွဲမှု စုပြုံ ကျရောက်ရာ နေရာဒေသများ။
  - အထူးစီးပွားရေးဇုန် (SEZs) (ဥပမာ-ကျောက်ဖြူ၊ထားဝယ်) ဒေသများတွင် ထပ်တိုးလုပ်ဆောင်ရန် အစီအစဉ်ဆွဲထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စီမံကိန်းများ။

၇

၇.၁

# ထောက်ခံအကြံပြုချက်များ

# ၇

၇.၁

# အပိုင်း - ၇.၁

# မြန်မာအစိုးရသို့အကြံပြုချက်များ

**မှတ်ချက်။**
အောက်ပါအကြံပြုချက်များကို တင်ပြရာတွင် လတ်တလောလုပ်ဆောင်ရန်၊ ရေတိုလုပ်ဆောင်ရန်နှင့် ရေရှည်လုပ်ဆောင်ရန် အတွက် အစဉ်လိုက်တင်ပြထားခြင်း ဖြစ်သည်။

## ၁။ ပတ်ဝန်းကျင် (နှင့် လူမှုရေး) ထိခိုက်မှု ဆန်းစစ်ခြင်း (E(S)IA) လုပ်ထုံးလုပ်နည်းတွင် လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ တို့နှင့်ပတ်သက်သော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

ရပ်ရွာအသိုင်းအဝိုင်းတွင် အစိုးရနှင့်ကုမ္ပဏီများကဦးဆောင်ပြီး ပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းမှုများနှင့် ဖော်ထုတ်ခြင်း ကိစ္စရပ်များအပါအဝင် နိုင်ငံတကာစံနှုန်းများ၊ ကောင်းမွန်သော အလေ့အထကောင်းများကို မြန်မာနိုင်ငံ (E(S)IA) ၏ လိုအပ်ချက်များနှင့် ပိုမိုနီးစပ်လာစေရန်အတွက် ထို E(S)IA လုပ်ထုံးလုပ်နည်းမူကြမ်းမှ အပြောင်းအလဲများကို ကြိုဆိုလျက်ရှိပါသည်။ (အပိုင်း ၃ တွင် ကြည့်ပါ)။ လုပ်ထုံးလုပ်နည်းကို နောက်ဆုံးအတည်ပြုသည့်အခါတွင်လည်း ယခုကဲ့သို့ တိုးတက်မှုများကို ထည့်သွင်းသင့်ပါသည်။ သို့သော် အကောင်အထည်ဖော်ချိန်တွင် ဖြစ်နိုင်သော သက်ရောက်မှုများကို တတ်နိုင်သမျှ ခြုံငုံမိစေရန် တိုးတက်မှုများ ထပ်ပေါင်းထည့်ထားသော E(S)IA၏ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ဆောင်မှုများသည် ထိရောက်မှုရှိသော၊ စွမ်းဆောင်မှုရှိသော လုပ်ငန်းစဉ်များဖြစ်ရန် သေချာရပါမည်။ ထို့အတူ E(S)IA လုပ်ငန်းစဉ်များလုပ်ဆောင်ရန် အစိုးရ၏ အရင်းအမြစ်များမှာ အကန့် အသတ်ဖြင့် ရှိနေသည့်အချိန်တွင် အလွန်အန္တရာယ်များသည့် စီမံကိန်းများကိုသာ ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပြီး၊ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းစဉ်တွင် အဓိပ္ပာယ်ပြည့်ဝသည့် အရာများကို သေချာစေရန် လုပ်ဆောင်ရပါမည်။

### အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- **E(S)IA လုပ်ထုံးလုပ်နည်းတွင် လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းမြင်သာစွာ ဖော်ပြရပါမည်။** လုပ်ထုံးလုပ်နည်းထဲတွင်ပါဝင်သည့် ခေါင်းစဉ်များတွင် "လူမှုရေး" ဆိုသည့်ခေါင်းစဉ်ပါဝင်ရန်လိုအပ်ပြီး ၎င်းတွင် "လူမှုရေး ဆိုင်ရာသက်ရောက်မှုများ"နှင့် "လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်ရပါမည်။ ထို့အပြင် ၎င်းသက်ရောက်မှုများအား ကုစားစားမည့်ပုံစံများကိုလည်း ထည့်သွင်းဖော်ပြပေးရမည်။ နောင်တွင် လူမှုရေးနှင့် လူ့အခွင့်အရေး သက်ရောက်မှုများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ (ဌာနေတိုင်းရင်းသားများအပေါ် အလေးထား မှု၊ အတင်းအဓမ္မ ရွှေ့ပြောင်းနေရာချထားမှုစသော အကြောင်းအရာများ)ကို ခွဲထုတ်ရန်မှာ ဝန်ကြီးဌာနများ၏ တာဝန်ဖြစ် သည်ဟု ညွှန်းဆိုပါသည်။
- ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း ကာလတစ်လျှောက်လုံး အဆင့်တိုင်းတွင် ဖြစ်နိုင်ချေရှိသော အဆိုးဆုံး သက်ရောက်မှု များရှိနိုင်သည့်အတွက် ယင်းအဆင့်တို့ကို E(S)IA အပြည့်အဝ လုပ်ဆောင်ရန်အတွက် လိုအပ်ချက်များကို ဦးစားပေးထားရှိ ရပါမည်။
- ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်း လုပ်ဆောင်ချက်များကြောင့်ဖြစ်လာသည့် သက်ရောက်မှုများကို လက်တွေ့ကျသည့် ဆန်းစစ်မှု များ၊ ဒေသခံလူထုနှင့် အဓိပ္ပာယ်ပြည့်ဝသည့်တိုင်ပင်ဆွေးနွေးမှုများကို ကုမ္ပဏီဖက်မှ လုပ်ဆောင်နေသည်ဆိုသည့်အချက်ကို မတွေ့ရသရွေ့ ၎င်းအား (E(S)IA) ကို လုပ်ဆောင်ခွင့် ပေးရန်မလိုပါ။
- သတင်းအချက်အလက် ရယူပိုင်ခွင့်ရှိရေးအတွက် အားကောင်းလာစေရန်။

- အခုလက်ရှိ မူကြမ်းတွင် တိုင်ပင်ဆွေးနွေးမှုနှင့် ပတ်သက်၍ ကောင်းမွန်သည့် အချက်များများကို တွေ့ရသော်လည်း ဒေသခံလူထုကဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စီမံကိန်းနှင့်ပတ်သက်၍ နောက်ထပ် သိချင်သည့်အချက်များကို ထုတ်ပြန်ပြောဆိုရန် တောင်းပိုင်ခွင့်ရှိသည်ဆိုသည့်အချက်ကို ပွင့်လင်းစွာ မဖော်ပြထားပေ။ ကုမ္ပဏီဘက်က ဖွင့်ချထုတ်ပြန်သည့် သတင်းအချက်အလက်များအား ရယူပိုင်ခွင့်ကိုသာ ဖော်ပြထားသည်။
- ဤအချက်များကို လက်ခံ၊ လက်မခံ အမှန်ခြစ်၍ ဖော်ပြပါဆိုသည်ထက် ပို၍ကျယ်ပြန့်သည့် ယခုလုပ်ငန်းစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် စီမံကိန်းကြောင့် သက်ရောက်မှုရှိနိုင်သည့် လူထုအနေဖြင့် E(S)IA လုပ်ငန်းစဉ်အပေါ် ငြင်းချက်ထုတ်ရန်အတွက် ပန်ကြားတင်ပြခြင်းကို ပံ့ပိုးကူညီဆောင်ရွက်ရမည်။
- (E(S)IA) လုပ်ထုံးလုပ်နည်း လုပ်ငန်းအဆင့်ဆင့်တွင် ကျန်နေသေးသည့် မရေရာသော အချက်များကို ဖော်ပြရမည်ဆိုပါက -
  - လူမှုရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ဆန်းစစ်ချက်များကို စီစစ်ခြင်းတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ ပါဝင်သည်ဆိုပါက ထိုအဖွဲ့သည် ဒေသခံများ၏ သဘာထား၊ အမြင်များကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်သလို ၎င်းဒေသခံတို့၏သဘောထားကို မည်သို့မည်ပုံ ရယူသလဲဆိုသည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။
  - MIC နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ ထုတ်ပေးသည့် စာချုပ်များ (PSC ကဲ့သို့စာချုပ်) တွင် E(S)IA ဆိုင်ရာ လိုအပ်ချက်များကို ပြုပြင်မွမ်းမံနိုင်ရန်ဆိုသည့် အချက်များ ပါရှိသလား၊ မပါရှိလားပင် ဖြစ်ပါသည်။
  - PSC လက်မှတ်ထိုးနိုင်ရေးအတွက် (E(S)IA) ကို (၆) လအတွင်း လုပ်ဆောင်ရမည်လား (သို့မဟုတ်) နောက်တစ်ဆင့်ဖြစ်သော လုပ်ငန်းလုပ်ဆောင်ခွင့်ရရန်အတွက် ထို E(S)IA ကို လုပ်ဆောင်ရခြင်းလား။ (အများအားဖြင့် ထိုသို့လုပ်ဆောင်သည့် အလေ့အထကို တွေ့ရသည်)
  - ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များတွင် စမ်းသပ်လုပ်ဆောင်မှုများကဲ့သို့သော ESIA တစ်ခုချင်းစီအတွက်ရှိပြီး စံနှုန်းများကို ရည်ညွှန်းမလား (သို့မဟုတ်) ပိုပြီး အသေးစိတ်ကျသော စံနှုန်းသတ်မှတ်ချက်များ၊ သက်ရောက်မှုဆန်းစစ်ခြင်းများကို မည်သို့လုပ်ဆောင်မလဲနှင့် စမ်းသပ်လုပ်ကိုင်မှုများကို ဆက်တိုက် လုပ်လိမ့်မလား စသည်တို့ကို MOECAF အနေဖြင့် ထုတ်ပြန်မလား၊ မထုတ်ပြန်ဖူးလားတို့ ကြည့်ရပါမည်။

## ၂။ ထုတ်လုပ်မှုအပေါ်အကျိုးအမြတ်ခွဲဝေ စာချုပ် (PSC) တွင် ပတ်ဝန်းကျင်၊လူမှုရေး၊ လူ့အခွင့်အရေးဆိုင်ရာ လိုအပ်ချက်များကို အားဖြည့်ဆောင်ရွက်ရန်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအတွက် ဥပဒေပိုင်းဆိုင်ရာ မူဘောင်များသည် ခေတ်နှင့်အညီဖြစ်ရန် ထပ်မံမွမ်းမံရန်လိုအပ်နေကြောင်းကို FESR က လက်ခံ အသိအမှတ် ပြုထားသည်။ ယင်းမူဘောင်များတွင် PSC ကိုလည်းထည့်သွင်းသင့်သည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ကုန်းတွင်းနှင့် ကန်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေစာချုပ်နှင့် အခြားနိုင်ငံများ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၏ စာချုပ်များမှ ကောင်းမွန်သောဆောင်ရွက်ပုံ အလေ့အထများကို သုံးသပ်ဖော်ပြထားပါသည်။ အဓိကပြောင်းလဲရန် အကြံပြုထားသည့်အချက်များထဲမှ (၂)ချက်ကို အောက်တွင်ဖော်ပြထားသည်၊ PSC တွင် ပြောင်းလဲရန်အကြံပြုထားသည့် အချက်များနှင့် ပတ်သက်သည့် အသေးစိတ်ကို အကြံပြုချက်များကို နောက်ဆက်တွဲ အပိုင်းတွင် ထည့်သွင်းဖော်ပြထားသည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများအတွက်အသုံးပြုရန် ရည်ရွယ်ရေးဆွဲထားသည့် ကမ်းလွန် (သို့မဟုတ်) ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် IFC လုပ်ငန်းဆောင်ရွက်ပုံဆိုင်ရာစံသတ်မှတ်ချက်များနှင့် WBG ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များအား လုပ်ငန်းဆောင်ရွက်သူများက လိုက်နာမှုရှိစေရန်အတွက် သဘောတူညီချက် ထားရှိစေရမည်။ PSC ကိုလည်း မူကြမ်းဆွဲသင့်သည်၊ သို့မှသာ မြန်မာ့ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာဥပဒေများတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ယင်းဥပဒေများကလည်း IFC

လုပ်ငန်းဆောင်ရွက်ပုံဆိုင်ရာ စံသတ်မှတ်ချက်က အကာအကွယ်ပေးထားသည်နှင့် ညီမျှသော (သို့မဟုတ်) ပိုကောင်းမွန်သော အခြေအနေများဖြစ်လာစေရန် ရည်ရွယ်ထားသင့်သည်။ သို့မှသာ လာမည့်နိုင်ငံအဆင့် ဥပဒေများတွင် ထည့်သွင်းစဉ်းစားကြရပါမည်။ ထိုချဉ်းကပ်ဆောင်ရွက်မှုသည် -

- အစိုးရက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအပိုင်းများတွင် အဆင့်မြင့်မားစွာ လုပ်ဆောင်မည်ဟုပိုင်းဖြတ်၍ ပြောဆိုထားသည့်အတိုင်း အကောင်အထည်ဖော်ရန် လိုအပ်သော ခိုင်မာသည့်ခြေလှမ်းများလှမ်းနေသည်ကို ဖော်ပြသလို တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာလည်း ကျပေသည်။
- ဒေသစုံမှလာ၍ အပြိုင်အဆိုင်လုပ်ကိုင်ကြမည့် လုပ်ငန်းရှင်များအားလုံးအတွက် ညီမျှသော ပြိုင်ဆိုင်နိုင်ခွင့်ကိုပေးခြင်းဖြစ်သလို သူတို့အားလုံးအား စံသတ်မှတ်မှုတူညီစွာ (လက်တွေ့လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်ကို မသိရနိုင်ပေမယ့် သီအိုရီအရ) လုပ်ဆောင်ရန် သတ်မှတ်ပေးထားခြင်းလည်း ဖြစ်သည်။
- ကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တာဝန်ယူမှုရှိစေရန်အလို့ငှာ လုပ်ငန်းစီမံကိန်းများစသည်နှင့် တစ်ပြိုင်နက် သင့်လျော်သည့်ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ  အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ခြင်းရှိ၊ မရှိတိုင်းတာသည့် ပေတံကိုပေးလိုက်ခြင်း ဖြစ်သည်။
- ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကုမ္ပဏီများကလည်းကောင်း၊ ယင်းကုမ္ပဏီများနှင့် အခြားငွေရင်းကြီးမားသည့် လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်ကူပေးလေ့ရှိသည့် ကမ္ဘာ့တလွှားက ဘဏ်ကြီး(၈၀)ခန့်ကလည်းကောင်း၊ မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို လုပ်မည့်သူများအား အာမခံ (သို့မဟုတ်) ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများ လုပ်နိုင်သည့် OECD နိုင်ငံများမှ တင်ပို့ကုန် အရည်အသွေး ဆိုင်ရာသတ်မှတ်သည့် အဖွဲ့အစည်း (Export Credit Agencies) အများအပြားကလည်းကောင်း အသုံးပြုနေသည့် စံသတ်မှတ်ချက်များနှင့် အလားတူ သတ်မှတ်ထားခြင်းဖြစ်သည်။

□ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ အပြုအမူများနှင့် ဆက်စပ်သော ဥပဒေများတွင် ပြောင်းလဲမှုများမဖြစ်စေရန် ရည်ရွယ်ထားသည့် စာသားများကိုမွမ်းမံပြင်ဆင်စေမည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို တွန်းအားပေးမည့် (သို့မဟုတ်) သက်ရောက်မှု အနည်းဆုံးဖြစ်စေမည့် ဥပဒေအများအပြား ပေါ်ထွန်းလာအောင် ဥပဒေများပြုရေးပိုင်းဆိုင်ရာ အပြောင်းအလဲများ ဖြစ်လာစေသောအစီအစဉ်လည်း ဖြစ်သည်။ ဥပဒေပိုင်းဆိုင်ရာ၌ အပြောင်းအလဲ ဖြစ်သည့်အခါ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၏ စီးပွားရေးဆိုင်ရာမျှခြေကို ထိန်းသိမ်းထားရမည်ဟူသည့် ပြောင်းလဲမှုများ မဖြစ်စေရန်ရည်ရွယ်ထားသည့် စာသားများ လက်ရှိ PSC တွင် ပါဝင်နေသည်။ ထိုသို့သော ပြောင်းလဲမှုများမဖြစ်စေရန် ရည်ရွယ်ထားသည့် စာသားများကို ရင်းနှီးမြှုပ်နှံသူများက အလေးထားကြည့်တတ်ကြပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အရေးကြီးသည့်ဥပဒေပိုင်းတွင် ထိုသို့သော စာသားများ မပါဝင်စေရန် အလေးထားပြုလုပ်ရမည်။ သို့မဟုတ်ပါက ဥပဒေပိုင်းဆိုင်ရာ မူဘောင်များတွင် ဖြစ်လာနိုင်သည့် ပြောင်းလဲမှုများ (သို့မဟုတ်) လိုအပ်နေသည့်ပြောင်းလဲမှုများကို အစိုးရအနေဖြင့် လုပ်ဆောင်ရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ ကုန်ကျမှုများကို ပြန်ဖာပေးရန် (သို့မဟုတ်) ပြန်လျော်ပေးရန်လုပ်ရမည့် အခြေအနေများအောက်တွင် အစိုးရကိုယ်တိုင် ပိတ်မိသွားနိုင်သည်။

## ၃။ သတင်းအချက်အလက် ရယူနိုင်ခွင့်ဥပဒေကို ခေတ်နှင့်အညီ ပြည့်စုံစွာပြဌာန်းခြင်းနှင့်အတူ MEITI ကို ပြည့်ဝစွာ အကောင်အထည်ဖော်ခြင်း အပါအဝင် အစိုးရဌာန အဆင်ဆင့်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု တိုးမြှင့်လုပ်ဆောင်သွားရန်။

ပြည်ထောင်စုအစိုးရသည် EITI ကိုဝင်သည့် ပိုင်းဖြတ်မှုရှိခြင်းနှင့် မကြာခင်ကာလအတွင်း ကပင်International Aid Transparency Initiative (IATI) ဝင်ခဲ့ခြင်း စသည်တို့အပါအဝင် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်သည့် တိုင်းတာမှုများကိုဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရမှ မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ EITI အသစ်အရ ကုမ္ပဏီများအနေဖြင့် သူတို့၏ ဝင်ငွေကို တစ်ခု

ချင်းခွဲပြထားသည့် အစီရင်ခံစာလုပ်ရန် လိုအပ်သည့်အပြင် အစိုးရပိုင်လုပ်ငန်းများ (State Owned Enterprises – SOEs) အနေဖြင့်လည်း အစီရင်ခံစာတင်ရန် လိုပါသည်။ နိုင်ငံတွင်း ငွေပြောင်းငွေလွှဲများ၊ ကုန်ပို့ (လှူပို့) ရာတွင် ကုန်ကျစရိတ်များ၊ ကုမ္ပဏီများ၏ လူမှုရေးဆိုင်ရာ သုံးစွဲငွေများစသည်တို့သည် EITI အသစ်အရ အစီရင်ခံစာတွင် ပါဝင်ရမည်။ ထိုသို့သော အချက်များသည် ဤကဏ္ဍအတွင်းဝင်ငွေများ စီးဆင်းမှုကို အကောင်းဆုံးမြင်အောင် ကြည့်နိုင်မည့် (အခုလက်ရှိအချိန်အထိ) အကောင်းဆုံးအချက်များ ဖြစ်သည်။ EITI ကို သေချာစွာ အကောင်အထည်ဖော် လုပ်ကိုင်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှု အကျိုးရလဒ်ကို ချက်ချင်းရနိုင်မည်သာမက သွယ်ဝိုက်အကျိုးစီးပွားများဖြစ်သည့် - စီမံကိန်း၏ ကောင်းကျိုးဆိုးကျိုး သက်ရောက်ခံရမည့်သူများအားလုံး၏ အပြုသဘောဆောင်သော ညှိနှိုင်းဆွေးနွေးမှုများ ဖြစ်ထွန်းလာခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများပေါ်ထွန်းလာရေးကို အကာအကွယ်ပေး၍ ၎င်းတို့၏ အရည်အသွေးများကို မြှင့်တင်ပေးနိုင်ခြင်း၊ တင်ဒါခေါ်ခြင်း၊ ထောက်ပံ့ကုန်သွင်းခြင်း၊ ဘတ်ဂျက်ခွဲခြင်းစသည့်အပိုင်းတို့တွင် တိုးတက်လာခြင်း၊ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ခြင်းစသည့် အကျိုးများကို ရရှိစေမည်။ အစိုးရ၏ဘတ်ဂျက်ပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိစေရန်လုပ်မည်ဟု အစိုးရက FESR တွင် ဖော်ပြထားသည်။ အစိုးရအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍဘက်တွင် ပွင့်လင်းမြင်သာမှုအပိုင်းနှင့်ပတ်သက်၍ ထိုသို့သော တိုးတက်မှုများကို ကျော်လွှန်အောင်လုပ်ဆောင်နိုင်သည့် နောက်ထပ်အဆင့်များ ရှိသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- □ အရေးကြီးသော EITI ဥပဒေ တခုကို မှီငြမ်းပြီး မြန်မာနိုင်ငံ၏ ဥပဒေတွင် EITI အတွက် လိုအပ်ချက်များကို ဥပဒေကြောင်းအရ ခိုင်မာစေရန် လုပ်ဆောင်ပါ။ အကျိုးစီးပွားပိုင်ဆိုင်မှုကို ထုတ်ဖော်ပြရခြင်း၊ သဘောတူစာချုပ်များကို ထုတ်ဖော်ပြရခြင်းများကို လုပ်ဆောင်ရန်ရသော ၂၀၁၃ EITI စံသတ်မှတ်ချက်များအောက်တွင် စဉ်ဆက်မပြတ် တိုးတက်လာသည့် ချဉ်းကပ်မှုများ အပေါ် အမြင်များ ပါဝင်ရပါမည်။
- □ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များကို လေလံတင်သည့်လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရန်။ FESR အရ အစိုးရအနေဖြင့် တူးဖော်ထုတ်လုပ်ခွင့်ပေးသည့် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရန်၊ မျှတစွာပြိုင်ဆိုင်ခွင့်ရှိရန်၊ အချက်အလက်များကို ပွင့်လင်းစွာချပြရန် စသည်တို့ကို လုပ်ဆောင်ပေးရမည်။ အခြား EITI အဖွဲ့ဝင် အသစ်များအနေဖြင့် ယခင်က ချထားပေးသည့် လုပ်ငန်းလိုင်စင်များကို EITI နှင့်အညီ စာရင်းပြန်စစ်သည်ကို တွေ့ရသည်။ ယခင်က လုပ်ငန်းနှင့် ပတ်သက်၍ဖြစ်စေ အနာဂတ်တွင်လုပ်မည့် လုပ်ငန်းနှင့် ပတ်သက်၍ဖြစ်စေ အဆိုပါအချက်အလက်များကို ဖွင့်ဟထုတ်ဖော်ပါက ယင်းအပြုအမူ လုပ်ဆောင်ချက်သည် လေလံတင်ရာတွင်ဖြစ်စေ၊ လုပ်ကိုင်ခွင့်ပေးမည့်သူကို ရွေးချယ်ရာတွင်ဖြစ်စေ ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို တိုးတက်စေသည်။
  - မည်သူ့ ကို ဆုံးဖြတ်ချက်ချနိုင်သည့် လုပ်ပိုင်ခွင့် ပေးအပ်မလဲ။
  - လေလံ အအောင်ပေးမည့်သူများကို ရွေးချယ်ရာတွင် ဦးစားပေးအဆင့်သတ်မှတ်မှု၊ လိုအပ်သည့် အရည်အချင်းများ သတ်မှတ်မှု (၎င်းလိုအပ်သည့်အရည်အချင်း သတ်မှတ်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့်ပတ်သက်၍ လေလံဆွဲသူက ကောင်းမွန်စွာလုပ်ဆောင်မည်ဟု ပိုင်းဖြတ်ထားချက် ရှိ၊ မရှိကိုဆန်းစစ်နိုင်မည့် သက်ဆိုင်ရာ ကုမ္ပဏီက ချမှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ၊ ဒေသခံရပ်ရွာ အသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမည့်စနစ်များ၊ မူဝါဒများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို လေ့လာနိုင်ရန်အတွက် ထည့်သွင်းစဉ်းစားထားရပါမည်။)
  - အပိုဆုကြေး (Bonus) ပေးထားသလား ဆိုသည်ကိုလည်း ကြည့်ရှုရန်လိုအပ်ပြီး၊ ပေးထားကြောင်းတွေ့ရပါက မည်သူက ပေးသည်၊ မည်မျှပေးသည်ကို မှတ်သားရမည်။
  - လုပ်ငန်းဆောင်ရွက်မည့်သူများကို မျှတစွာရွေးချယ်သည့်ပုံစံဖြစ်စေရန် MOGE က သုံးနေသည့်အမှတ်ပေးပုံ၊ လိုအပ်သည့် အရည်အချင်းသတ်မှတ်ပုံတို့ကို ပြန်လည်သုံးသပ်အကဲဖြတ်ရန် လိုပါသည်။
- □ သဘောတူစာချုပ်ထဲတွင် အဓိကကျသော လိုအပ်ချက်များ ပါဝင်သော MIC ၏ ခွင့်ပြုချက်ချထားပေးသည့် လုပ်ငန်းစဉ်များ အားကောင်းလာစေရန်။

- တာဝန်ယူမှုရှိသည့်စီးပွားရေး လုပ်ငန်းများဖြစ်လာစေရန် လိုအပ်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များကို (မွမ်းမံပြင်ဆင်ထားသည့် PSC တွင်ပါသည့်အတိုင်း) MIC လုပ်ငန်းလိုင်စင် ချပေးသည့်အခါ လိုက်နာရမည့် အချက်များအနေဖြင့် ထည့်သွင်းသင့်သည်။ ထို MIC က ချထားပေးသော လုပ်ငန်းလိုင်စင်ကိုလည်းMICနှင့် အရပ်ဘက် အဖွဲ့အစည်းများက စောင့်ကြည့်လေ့လာသင့်သည်။
- MICအနေဖြင့်လည်းလုပ်ငန်းလိုင်စင်ချပေးသည့်ကိစ္စနှင့်ပတ်သက်၍ပြည်သူသို့အသိပေးသတင်းထုတ်ပြန်ခြင်းများကို MIC မှလုပ်နေသကဲ့သို့ လုပ်ပိုင်ခွင့်ချပေးထားသော ရင်းနှီးမြှုပ်နှံမှုများစာရင်းကိုသာ ထုတ်ပြန်ခြင်းမျိုးမဟုတ်ဘဲ၊ ရင်းနှီးမြှုပ်နှံသည့် စီမံကိန်း၏သဘောသဘာဝ၊ လုပ်ငန်းလုပ်ဆောင်ခွင့်ပေးထားသည့် အချိန်ကာလ၊ လုပ်ငန်းစီမံကိန်းမှ လိုက်နာရမည့် အဓိကစည်းမျဉ်းများကိုပါ ပြည်သူသို့ ထုတ်ပြန်သင့်သည်။

□ လွတ်လပ်စွာ သတင်းအချက်အလက် ရယူခွင့်ဥပဒေပြုရန်။ အစိုးရမှ ချုပ်ကိုင်ထားသော သတင်းအချက်အလက်များကို ပြည်သူလူထုမှ လက်လှမ်းမီရန် ထိုဥပဒေမှ ခွင့်ပြုပေးနိုင်ပါသည်။ (ခြွင်းချက်ထားသော အကြောင်းအရာများမှအပ) သတင်းအချက်အလက် ရယူပိုင်ခွင့်ဥပဒေကိုချမှတ်ရန် ထိုကဲ့သို့သောဥပဒေများ မြန်မာနိုင်ငံတွင် မပေါ်ထွန်းသေးပါ။ ပြည်သူလူထုမှဖြစ်စေ၊ ကိုယ်စားလှယ်များမှဖြစ်စေ၊ မီဒီယာများမှဖြစ်စေ ထိုကဏ္ဍအား ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် ၎င်းဥပဒေသည် အထောက်ပံ့ကောင်းပေးနိုင်သော အရေးကြီးလက်နက် ဖြစ်ပါသည်။

## ၄။ မူဝါဒချမှတ်ရေးစီမံချက်ကို တိုးတက်အောင်လုပ်ရန်နှင့် လုံလောက်သော ဘေးကင်းလုံခြုံမှုစည်းကမ်းချက်များသတ်မှတ်၍ ရေနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် ရေ့နောက်ညီညွတ်မှုရှိသည့် မူဘောင်များ ပြုလုပ်နိုင်ရေးအတွက် ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။

"သဘာဝအရင်းအမြစ်များကို ရေရှည်ထုတ်ယူသုံးစွဲခြင်း"ကိစ္စရပ်များကို FESR၏ကတိကဝတ်ထဲတွင် ထည့်သွင်းသည့်အခါ စွမ်းအင်နှင့် ဘဘာဝသယံဇာတ အရင်းအမြစ်မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များဖြင့် ပူးပေါင်း၊ ချိတ်ဆက်၊ လိုက်လျောညီထွေစွာဖြစ်ရန်လိုအပ်ပြီး၊ လူနှင့်ပတ်ဝန်းကျင်များကို ကာကွယ်ပေးနိုင်သော တိုင်းတာမှုများကိုလည်း ထည့်သွင်းရပါမည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော ဥပဒေများတွင် ပြင်ဆင်ရန်လိုသော ဥပဒေအများအပြားရှိသည်။ ထို့ကြောင့် ခေတ်မီတိုးတက်လာသည့် လုပ်ငန်းဆောင်ရွက်ပုံ အလေ့အထများနှင့်အညီ ဥပဒေမူဘောင်များကို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တစ်ခုဖြင့် အစားထိုးခြင်းစသည်တို့လုပ်ဆောင်ရန် လိုအပ်သလို ယင်းသို့ ဥပဒေမူဘောင်များဆိုင်ရာကို ပြောင်းလဲရာ၌လည်း လူ့အခွင့်အရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စသည်တို့နှင့်ပတ်သက်သော စဉ်းစားချက်များကို ရောင်ပြန်ဟပ်ရန် လိုသည်။ ယခု ပြုပြင်ပြောင်းလဲမှုများသည် အချိန်ယူရန်လိုသည်။ အထူးသဖြင့် နိုင်ငံသားများနှင့် တိုင်ပင်ခြင်း၊ အခြားကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ခြင်းစသည်တို့အတွက် အချိန်ပေးရမည်။ အကြံပြုချက် (၂)တွင် ဖော်ပြထားသည့်အတိုင်း ကြားကာလတွင် လစ်ဟာနေမှုများကို ဖြည့်ဆည်းရန်နှင့် ဤကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတကာစံသတ်မှတ်ချက်နှင့်အညီ အာမခံမှုပေးနိုင်ရန်အတွက် (အနည်းဆုံး သဘောတူစာချုပ်များတွင် ပါအောင်ထည့်ရန်) PSC သဘောတူညီမှုဆိုင်ရာမူဘောင်ကို အစိုးရအနေဖြင့် အသုံးချနိုင်သည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

□ မူဝါဒတစ်ခုချင်းစီတွင် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ငန်းလုပ်ဆောင်မှုများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာတို့အပေါ် လုံခြုံမှုပေးရေးတွင် လုံလောက်သော အာမခံချက်ရှိအောင် ထည့်သွင်းရမည်။ ထို့ကြောင့် စီမံကိန်းများတွင်လုပ်ဆောင်နေသောစံနှုန်းများနှင့်ဥပဒေရေးရာမူဘောင်များထဲတွင်လုံခြုံမှုပေးရေးဆိုင်ရာအကြောင်းအရာများ၊ အသေးစိတ်အစီအစဉ်များကို ထည့်သွင်းရန် လိုပါသည်။

□ သေချာခိုင်မာသော မူဝါဒရေးရာမူဘောင်များတွင် လိုအပ်သော ရေရှည်မဟာဗျူဟာများကို အဓိကအာရုံစိုက်ထားခြင်းနှင့် အတူ စွမ်းအင်နှင့်သဘာဝအရင်းများအချင်းချင်းနှင့် လယ်ယာစိုက်ပျိုးရေးများတွင်လည်း ဖွံ့ဖြိုးမှုရှိစေရန်အတွက် မြေနေရာ ရယူသုံးစွဲခြင်း အစီအစဉ်များကိုလည်း ညှိနှိုင်းလုပ်ကိုင်ကြရပါမည်။

- ၁၉၃၄ က ပြဌာန်းထားသော လက်ရှိ ရေနံဥပဒေတွင် အစားထိုးမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဥပဒေသစ်ကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အညီဖြစ်အောင် ရေးဆွဲရမည်။
- နိုင်ငံပိုင် အမျိုးသားရေနံကုမ္ပဏီအဖြစ် MOGE ကို ပြောင်းလဲခဲ့ပြီး၊ ဤလုပ်ငန်းကဏ္ဍတွင် ရေရှည်အတွက် ကောင်းမွန်သော စည်းမျဉ်းများ ဖြစ်လာစေရေးကို ရည်ရွယ်ရင်း အကျိုးစီးပွားများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ငြိနေသည်များကို ဖယ်ရှားနိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၏ အခြားအပိုင်းတစ်ခုအဖြစ် ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်ရန် ခွဲထားပါသည်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် လုပ်ဆောင်မည်ဟု ရည်ရွယ်သတ်မှတ်ထားသည့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်ရေးဆွဲခြင်းကို ပြီးပြည့်စုံအောင် ဆောင်ရွက်ရန်။
- ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖြစ်လာသည်နှင့်အညီ ယာယီလုပ်သားများ၊ ရွှေ့ပြောင်းလုပ်သားများ စသည့် အလုပ်သမား အမျိုးအစားအသစ်များကို အကာအကွယ်ပေးခြင်း၊ စုပေါင်းရောင်းချပြီး အကျိုးအမြတ်များရရှိခွင့်၊ လွတ်လပ်သောအဖွဲ့များ ဖွဲ့စည်းနိုင်ခွင့်ရှိခြင်းများပါဝင်သော နိုင်ငံတကာ အလုပ်သမားအခွင့်အရေး စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေမည့် ကြောင်းကျိုးညီမျှပြည့်စုံကာ ဘက်ပေါင်းစုံကိုလည်း ဆက်စပ်လွှမ်းခြုံနိုင်မည့် အလုပ်သမားဆိုင်ရာ ဥပဒေမူဘောင်ကို ရေးဆွဲရန်။
- ပေါ်လစီမူဘောင်များကို ရေရှည်အမြင်ဖြင့်ကြည့်၍ ရေးဆွဲရေးအတွက် သေချာအောင်လုပ်ဆောင်ရမည်။ သဘာဝအရင်းအမြစ်များနှင့် စွမ်းအင်ပိုင်းဆိုင်ရာ အတူတကွ တိုးတက်နေစေရန်၊ ထို့အတူ စိုက်ပျိုးရေးကဏ္ဍပိုင်းလည်းတိုးတက်စေရန် မြေအသုံးချမှု စီမံကိန်းများတွင် အလေးထား စဉ်းစားထည့်သွင်းရမည်။
- ဥပဒေမဲ့မြေသိမ်းခြင်းများကို ပယ်ဖျက်နိုင်ရန် (သို့မဟုတ်) လျော့ကျသွားစေရန် ရည်ရွယ်ပြီး နိုင်ငံအတွင်းတွင်အစဉ်အလာ ဓလေ့အရ ပုံမှန် နည်းလမ်းကြောင်းနှင့်မဆိုင်ဘဲ ကျင့်သုံးလာကြသည့် မြေငှားခွင့်ကို အာမခံထားသည့် အကာအကွယ်ပေးမှုများ၊ သင့်လျော်သည့် အကာအကွယ် အာမခံချက်ပေးမှုများကို ရောင်ပြန်ဟပ်သည့် ရှင်းလင်းသည့် အကာအကွယ်ပေးမှုများကို အာမခံသည့် မြေယာဥပဒေ ဖြစ်လာစေရန်ရည်ရွယ်၍ လက်ရှိ မြေယာဥပဒေကိုပြုပြင်ပြောင်းလဲ ရေးဆွဲရန်။
- အများပြည်သူလူထု၏ အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ဖြင့် အိမ်ရာ၊ မြေစသည့် ပိုင်ဆိုင်မှုများကို သိမ်းယူရာ၌လက်ရှိ ကျင့်သုံးနေသည့် ၁၈၉၄ မြေယာသိမ်းဆည်းရေးဥပဒေကို အစားထိုးပြုပြင်ပြောင်းလဲပြီး ဥပဒေသစ်ဆွဲရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရန်။
- ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုအကြောင်းပြု၍ ဆန္ဒထုတ်ဖော်ပြခြင်းများကို ရာဇဝတ်မှုအဖြစ် လုပ်ဆောင်နေခြင်းကို ဖျက်သိမ်းခြင်းဖြင့် ထိုသို့ ဆန္ဒပြသူများအား အကာအကွယ်ပေးနိုင်မည်ဖြစ်သလို၊ ထိုသူတို့ လက်တုံ့ပြန်ခံရမည့်အရေး၊ ထောင်ချခံရမည့်အရေးကို ကြောက်ရွံ့နေရသည့်အဖြစ်မှ လွတ်မြောက်အောင်လုပ်ပေးနိုင်ပေလိမ့်မည်။

## ၅။ သယံဇာတတူးဖော်ထုတ်လုပ်ရေး စီမံချက်များမှရရှိသည့် အကျိုးအမြတ်ကို ဒေသခံပြည်သူများနှင့် ခွဲဝေယူရာတွင် သင့်လျော်သည့် နမူနာပုံစံတစ်ခုကို ချမှတ်ရန်။

EITI စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ဤကဏ္ဍမှရသောဝင်ငွေများ၏ အကျိုးပြုမှုများက ပို၍ နားလည်နိုင်ရန် အထောက်အကူပြုသည်။ သို့ရာတွင် အစိုးရက မြန်မာပြည်သူလူထုအတွက် အခုလက်ရှိအချိန်နှင့် အနာဂတ်၌ အကျိုးစီးပွားဖြစ်စေရေးအတွက် ဤကဏ္ဍအား စီမံခန့်ခွဲပုံကို တိုးတက်အောင် စီမံ ဆောင်ရွက်နေသည့်နေရာတွင် ယခုပြုပြင်ပြောင်းလဲမှုသည် ပို၍ကျယ်ပြန့်သည့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာရွေးချယ် လုပ်ကိုင်ရမည့် အထဲမှအစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအကြား အကျိုးစီးပွားကိုခွဲဝေရာတွင်သုံးမည့် ရွေးချယ်စရာနည်းလမ်းများနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးပွဲများကို လူထုရှေ့တွင် ပွင့်လင်းစွာ လုပ်ဆောင်သင့်သည်။ သို့ဖြစ်မှသာ အကျိုးစီးပွားခွဲဝေမှုဆိုင်ရာအပိုင်းတွင် ဒေသတွင်းပြည်သူတို့၏ ဆိုးကျိုးရိုက်ခတ်ခံရမှုတို့ကိုလည်း ထည့်သွင်းစဉ်းစားရာကျပေမည်။ ထိုရွေးချယ်စရာ နည်းလမ်းများတွင်လည်း ဒေသက လိုအပ်ချက်များ ပါ၊ မပါ၊ ပို၍ကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်၊ မဖြစ် စသည့် ကောင်းကျိုးဆိုးကျိုးများကိုလည်း လူထုအများရှေ့တွင်လုပ်သည့် ဆွေးနွေးပွဲများတွင် ဆွေးနွေးရမည်။ ဒေသခံရပ်ရွာအသိုင်းအဝိုင်း ဖွံ့ဖြိုးရေးဆိုင်ရာ သဘောတူညီချက် (Community Development Agreement; CDA) နမူနာပုံစံတစ်ခုကို ပို၍ပို၍ ထည့်သွင်းလာကြသည့် သယံဇာတစီမံကိန်းများဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုကောင်းမွန်သည့် လုပ်ဆောင်ပုံအလေ့အထများကို စဉ်းစားရမည်။
- လူမှုရေးအရ ကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် စီမံကိန်းများ အကြားစီးပွားရေးဆိုင်ရာ ဆက်နွယ်မှုကိုထိန်းသိမ်းထားသည့် မဟာဗျူဟာကျသော စီးပွားရေးလုပ်ငန်းများတွင် ကျင့်သုံးသည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန် (CSR) ကို ကုမ္ပဏီများမှ အလေးပေးစေရန် အားပေးရမည်။ ကုမ္ပဏီများအနေဖြင့် အစိုးရကတာဝန်ယူရမည်ဖြစ်သော လုပ်ငန်းများ (ဥပမာ - ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ ဖြည့်ဆည်းပေးမှုများ) ကို အဓိကတာဝန်ယူဖြည့်ဆည်းပေးရန် မလိုအပ်ပါ။ နစ်စဉ် ပြည်သူသို့ထုတ်ပြန်သည့် အစီရင်ခံစာကဲ့သို့ ကုမ္ပဏီ၏ CSR အစီအစဉ်များသည် ပွင့်လင်းမြင်သာမှုရှိရန် လိုသည်။
- အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် ရွေးချယ်စရာများကို စဉ်းစားပါ။ ယင်းသို့လုပ်ဆောင်ရာတွင် လက်ရှိရှိနေသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထားခြင်းလည်း ပါဝင်သည် (ရာသီဥတု ပြောင်းလဲလာသည့်အရေးကို စဉ်းစားခြင်းလည်းဖြစ်သည်။ အနာဂတ်မျိုးဆက်အတွက် နိုင်ငံ၏ရန်ပုံငွေထားခြင်း၊ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုကို ချောချောမွေ့မွေ့နှင့် ရေရှည်ခံအောင်လုပ်ဆောင်သည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းစနစ်များ ကျင့်သုံးခြင်း၊ နိုင်ငံဘဏ္ဍာ အစိတ်အပိုင်းအချို့ကို မသုံးဘဲစုဆောင်းထားခြင်း။

စသည့် နည်းလမ်းများကို စဉ်းစားနိုင်သည်။ ရေတိုလိုအပ်ချက်နှင့် ရေရှည်လိုအပ်ချက်များကို နှိုင်းယှဉ်စဉ်းစားလုပ်ကိုင်ခြင်း အပါအဝင် ရွေးချယ်စရာနည်းလမ်း အများအပြားရှိသည်။

## ၆။ ပြည်သူလူထုနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို အကာအကွယ်ပေးရန် ကြိုးစားရာတွင် လူ့အခွင့်အရေးကို လေးစားသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရန်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ငန်းတွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားမှုများအပေါ် ဖြစ်လာသည့်တင်းမာမှုများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က လျော့ကျစေသည့်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ငန်းများမှရသည့် အကျိုးကျေးဇူးများ ပိုဖြစ်လာနိုင်သလို နိုင်ငံတွင်းသို့ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများ ဝင်လာအောင် ဆွဲဆောင်ရာလည်းရောက်ပေသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများတဝိုက် စစ်တပ်အင်အား အများအပြားချထားခြင်းကို လျော့ချနိုင်တော့မည်ဆိုသည့် ဖြစ်တန်စွမ်းသည် ပဋိပက္ခကိုဦးတည်သွားနိုင်သည့် တိုက်ခိုက်မှုများဖြစ်မလာအောင် လုပ်ဆောင်ပေးခြင်းလည်းဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် ရာဇဝတ်မှုများလာသည့် အခြေအနေများမှ လွတ်မြောက်သွားမည်ဖြစ်သလို ပို၍လုံခြုံစိတ်ချရသည်ဟု စိတ်ချခံစားနိုင်ပေသည်။ ထို့အတူမြေယာနှင့် သဘာဝသယံဇာတများကို သိမ်းယူသည့်အဖြစ်များ အပါအဝင်ဒေသခံတို့ ထိခိုက်နိုင်သည့်အဖြစ်များ ဖြစ်လာခြင်းမှလည်း ကင်းဝေးသွားပြီဟု ခံစားနိုင်ပေမည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများဘက်မှလည်း သူတို့ဝန်ထမ်းများနှင့်လုပ်ငန်းများကို ကာကွယ်ရန်အတွက် ဥပဒေအရခွင့်ပြုထားချက်ကို ရရှိထားသည်။ စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့အား လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ တိုးမြှင့်စေရန် သင်တန်းအစီအစဉ်များဖြင့် လုပ်ဆောင်နေပေသည်၊ သို့သော် ယင်းအစီအစဉ်များတွင် လောလောဆယ်အားဖြင့် စီးပွားရေးစီမံကိန်းများနှင့် ဆက်နွယ်သည့်လုံခြုံရေးကိစ္စများကို မည်သို့ဆောင်ရွက်ကြမည်ဆိုသည်နှင့် ပတ်သက်၍ မပါဝင်သေးပေ။

### အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- ကိုလံဘီယာကဲ့သို့သော ရေနံထုတ်နိုင်ငံများထဲတွင် တိုးတက်လာနေသည့် နိုင်ငံများမှ အတွေ့အကြုံများကို လေ့လာသင်ယူပြီး သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍနှင့် ဆက်နွယ်သည့် လူ့အခွင့်အရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ အရေးကိစ္စတို့ကို ပြဿနာဖြစ်မလာခင် အချိန်ကတည်းက ကြိုတင်၍ အကာအကွယ် လုပ်ထားရန်။
- အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းပိုင်းတို့ (၃) ဘက်ပါဝင် ကမကထပြု အကောင်အထည်ဖော်သည့် လုံခြုံရေးဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများဖြင့် ဆောင်ရွက်ရန်စဉ်းစားသင့်သည်။
- ယင်းအခြေခံစည်းမျဉ်းများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ငန်းများ လုပ်ဆောင်ရာတွင် လူ့အခွင့်အရေးများကို အလေးထားဆောင်ရွက်သည်ကို အားပေးသည့် လုပ်ငန်းဆောင်ရွက်ပုံများနှင့်အတူ သူတို့၏ လုပ်ငန်းစီမံကိန်းများလုံခြုံရေးနှင့် ဘေးကင်းရေးတို့အတွက် သဘာဝသယံဇာတ ထုတ်လုပ်ငန်းများအား လမ်းညွှန်ရန် ချမှတ်ထားသောစည်းမျဉ်းများ ဖြစ်သည်။
- ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ငန်းများ လုပ်ဆောင်မည့် နေရာဒေသတွင် လုံခြုံရေးဆိုင်ရာ အစီအစဉ်များရေးဆွဲရာ၌ အစိုးရ (စီးပွားရေးလုပ်ငန်း ကုမ္ပဏီနှင့်အတူ) အနေဖြင့် ယင်းကိစ္စကို ဒေသအစိုးရများ၊ ဒေသခံရပ်ရွာအသိုင်းအဝိုင်းများ စသည်တို့နှင့် ထိတွေ့ဆက်ဆံတိုင်ပင်သင့်သည်။ သို့မှသာ ထိုသူတို့အနေဖြင့် စိတ်ပျက်ခံပြင်းစရာများအထိ ဖြစ်သွားနိုင်သည့် သူတို့ကို ဖယ်ထုတ်ထားသည်ဟူသော ခံစားချက် မဖြစ်စေတော့ပါ။
- အချို့ရေနံတွင်း လုပ်ကွက်များ (OFA) တွင် ၁၉၆၀ နှစ်များ တစ်ဝိုက်ကပင် စတင်ကျင့်သုံး လုပ်ဆောင်နေသည့် လုံခြုံရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကို ကိုင်တွယ်ဖြေရှင်းပါ။ ယင်း အရေးယူဆောင်ရွက်ချက်များသည် ဒေသခံပြည်သူများ၏ ဘဝရှင်သန်ရပ်တည်ရေးဆိုင်ရာ အလုပ်များကို ဆိုးကျိုးသက်ရောက်နေပေသည်။ ရေနံထုတ်နေရာများသို့ အခြားသူများ မဝင်နိုင်ရေး၊ ရေနံခိုးမည့်အန္တရာယ်မှကာကွယ်ရေး စသည့်တို့နှင့်ပတ်သက်၍ ယင်းရည်ရွယ်ချက်များကို တခြားနည်းလမ်းဖြင့် အောင်မြင်အောင်လုပ်ဆောင်ကာ OFA တွင် ယခုကျင့်သုံးနေသည့် အရေးယူဆောင်ရွက်ချက်များကို အစားထိုးပြောင်းလဲရန် လိုသည်။ OFA တွင် လုံခြုံရေးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ချက်များဆိုင်ရာ ပုဒ်မ ၁၄၄ အရ အရေးယူဆောင်ရွက်ချက်များသည် ဒေသခံပြည်သူများ၏ လူ့အခွင့်အရေးကို အကာအကွယ် မပေးထားသလို၊ ဒေသစီးပွားရေးလုပ်ငန်းများကို ဒေသခံတို့အနေဖြင့် လုပ်နိုင်စေရန် သင့်လျော်အောင် စီစဉ်မပေးခြင်း၊ လွတ်လပ်စွာ သွားလာခွင့်မပြုခြင်း စသည်တို့ကိုလည်း ဖြစ်နေစေသည်။

## ၇။ ပြည်သူများက သူတို့၏နစ်နာမှုများကို တရားရုံးစနစ်ပြင်ပတွင် တိုင်ကြားနိုင်သော လုပ်ငန်းစဉ်များ ဖြစ်လာအောင် လုပ်ဆောင်ရန်နှင့် ခိုင်မာလာစေရန်အားပေးရန်၊ စီမံကိန်းအဆင့်တွင် နစ်နာမှုများ တိုင်ကြားနိုင်သည့်လုပ်ငန်းစဉ်များကို စီးပွားရေးလုပ်ငန်းများက ပံ့ပိုးထားစေရေးအတွက် လုပ်ဆောင်ရန်။

မြန်မာ့တရားစီရင်ရေးစနစ်သည် ဘက်ပေါင်းစုံက ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီး ထိုသို့ပြုလုပ်ရန်မှာလည်း နှစ်ပေါင်းများစွာ ကြာပေဦးမည်။ ထို့ကြောင့် ကြားကာလတွင် (ထိုကြားကာလမှာလည်း ရှည်ကြာဦးမည့် ကာလဖြစ်သည်) ပုံမှန်ဥပဒေလမ်းကြောင်း အရမဟုတ်ဘဲ သင့်လျော်ပြီးထိရောက်သည့် အစားထိုးစရာ အလုပ်လုပ်ပုံစနစ် တစ်ခုရှိရန် အရေးကြီးသည်။ သို့မှသာ စီးပွားရေးလုပ်ငန်းများကြောင့် ထိခိုက်ခံစားရသည့် သူများအဖို့ ဖြေရှင်းကုစားချက်ရရှိရန် လမ်းကို တွေ့နိုင်ပေမည်။ မြန်မာနိုင်ငံတွင် တရားစီရင်ရေးစနစ်၏ပြင်ပ၌ ဖွင့်ဟတင်ပြနိုင်သော အလုပ်လုပ်ပုံစနစ်အချို့ အသစ်အဖြစ် ပေါ်ထွက်လာသော်လည်း သူတို့ထံသို့ တိုင်ကြားမှုများများလွန်း၍ ဝန်နှင့်အားမမျှဘဲ ဖြစ်နေခြင်းများရှိနေသလို ရည်ရွယ်လုပ်ဆောင်ရန် သတ်မှတ်ထားချက်များက အကန့်အသတ်နှင့် ရှိနေ၍ အလုပ် မတွင်သည်များလည်း ရှိနေသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်၍ လူ့အခွင့်အရေးဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုများ ခံစားကြသည့်သူများအား လက်ရှိ ရှိနေပြီဖြစ်သည့် တရားစီရင်ရေးစနစ်၏ ပြင်ပ၌ ဖွင့်ဟတင်ပြနိုင်သော အလုပ်လုပ်ပုံစနစ်ကို ပြန်လည်သုံးသပ်ရန်နှင့် အားကောင်းအောင်လုပ်ခြင်းဖြင့် ထိုသူများအား အဆိုပါ အလုပ်လုပ်ပုံစနစ်ဖြင့် ကူညီပံ့ပိုး (သို့မဟုတ်) ကုစားပေးနိုင်ပေမည်။ ထိုသို့ကုစားပေးရာတွင် နည်းအမျိုးမျိုးရှိသည်။ ပိုင်ရှင်မှန်ထံ ပြန်လွှဲပေးခြင်း၊ ထိခိုက်ဒဏ်ရာရမှုများအတွက် လျော်ကြေးပေးခြင်း၊ တောင်းပန်ခြင်း၊ ပြန်လည်ပြုစု ပျိုးထောင်ပေးခြင်း၊ ငွေကြေးဖြင့် (သို့မဟုတ်) အခြားနည်းဖြင့် လျော်ကြေးပေးခြင်း၊ အရေးယူခြင်း (ရာဇဝတ်အပြစ်အရ၊ အုပ်ချုပ်ရေးအရ ငွေဒဏ်ချမှတ်ခြင်း) စသည်တို့ ဖြစ်သည်။
- စီမံကိန်းလုပ်ငန်းအဆင့်တွင် ဖွင့်ဟတင်ပြနိုင်သော အလုပ်လုပ်ပုံစနစ် ဖွံ့ဖြိုးလာစေရန် အားပေးခြင်း၊ ထိုသို့လုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်းများအား အားပေးခြင်းတို့ကို လုပ်ဆောင်ပါ။ အဆိုပါ အလုပ်လုပ်ပုံစနစ်သည်အစိုးရ ကိုယ်တိုင်(သို့မဟုတ်) အစိုးရနှင့် စီးပွားရေးလုပ်ငန်းတို့ ဆက်စပ်ပူးပေါင်း၍ လုပ်ဆောင်ရမည့် ကျယ်ပြန့်သော စနစ်ပိုင်းတွင် အလုပ်ဖြစ်စေရန် စွမ်းဆောင်နိုင်မည် မဟုတ်ပါ။ သို့သော်လည်း စီးပွားရေးကုမ္ပဏီအနေဖြင့်အဆိုပါ တရားစီရင်ရေးစနစ်ပြင်ပ အလုပ်လုပ်ပုံ စနစ်ကို အစွမ်းရှိအောင် လုပ်ထားပါက သက်ဆိုင်သူတို့၏ စိုးရိမ်ပူပန်မှုများကို စောလျင်စွာ တိုက်ရိုက်ဖြေရှင်းပေးနိုင်မည်။ ထို့ပြင် ယင်းကဲ့သို့သော ထိခိုက်မှုများ ပိုများပြားလာမည့်အရေးမှ တားဆီးနိုင်မည် ဖြစ်သလို ယင်းသို့ထိခိုက်နစ်နာမှုများကို ရင်ဖွင့်သည့် အဖြစ်များတိုးလာမည့် အရေးမှလည်း ရှောင်ရှားနိုင်မည်။

## အပိုင်း - ၇.၂

# ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများသို့ အကြံပြုချက်များ

ဤအပိုင်းသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေကြသော နိုင်ငံခြားကုမ္ပဏီဖြစ်စေ၊ မြန်မာကုမ္ပဏီဖြစ်စေ ကုမ္ပဏီအားလုံးသို့ ရည်ညွှန်းသကဲ့သို့ ယင်းကုမ္ပဏီများနှင့် ဆက်စပ်လုပ်ကိုင်နေသော ထောက်ပံ့ပေးသည့် (သို့မဟုတ်) ဝန်ဆောင်မှုပေးသည့် (သို့မဟုတ်) အလုပ်များ လုပ်ဆောင်ပေးသည့် လုပ်ငန်းအားလုံးကိုလည်း ရည်ညွှန်းသည်။ SWIA ၏ ပင်မမူဘောင်ဖြစ်သည့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများအပေါ် အခြေခံ၍ ဤအကြံပြုချက်အားလုံး (အပိုင်း ၁ မှ ၇ အထိ) ကို ဖွဲ့စည်းရေးသားထားခြင်း ဖြစ်သည်။

ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်အခြေခံမူများကို လိုက်နာအကောင်အထည်ဖော်ရန် အလို့ငှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍအတွက် ချမှတ်ထားသော လမ်းညွှန်ချက်များ ရှိသည်။

- ဥရောပကော်မရှင် (ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူများကို လိုက်နာအကောင်အထည်ဖော်ရန်အလို့ငှာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွက် ချမှတ်ထားသော လမ်းညွှန်ချက်များ) (၂၀၁၃)
- IPIECA နှင့် Danish Institute for Human Rights (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှု ဆန်းစစ်ရာတွင် လူ့အခွင့်အရေးကိုလည်း ထည့်သွင်းထားသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင်းဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်) (၂၀၁၃)
- IPIECA (လူ့အခွင့်အရေး လိုက်နာစောင့်ထိန်းစေရန် အမြဲစောင့်ကြည့်ရေး လုပ်ငန်းစဉ် - ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကုမ္ပဏီများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လက်တွေ့လုပ်ငန်းလမ်းညွှန်ချက်) (၂၀၁၂)
- IPIECA (စီမံကိန်းလုပ်ငန်းအဆင့်တွင် မကျေနပ်ချက်များကို ဖွင့်ဟတင်ပြနိုင်သည့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် - ကောင်းမွန်သည့် ဆောင်ရွက်ပုံအလေ့အထဖြင့် စစ်တမ်းကောက်ယူခြင်း) (၂၀၁၄)

## ၁။ လူ့အခွင့်အရေး လေးစားလိုက်နာခြင်းနှင့်အတူ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဖြစ်စေရန် လုပ်ဆောင်မည်ဟု ပိုင်းဖြတ်ထားသည့် ပေါ်လစီမူဘောင်များချမှတ်ရန်၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

အစိုးရကဖြစ်စေ၊ (ကုမ္ပဏီများ၏) မူရင်းနိုင်ငံ အစိုးရများကဖြစ်စေ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများက ဖြစ်စေ မြန်မာနိုင်ငံတွင်လုပ်ကိုင်နေကြသည့် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင်က တာဝန်ယူမှုရှိရှိ လုပ်ကိုင်ကြမည်ဟု မျှော်လင့်ထားသည့်အကြောင်း ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုလေ့ရှိသည်။ ထိုမျှော်လင့်ချက်များ အမှန်တကယ် ဖြစ်လာနိုင်ရေးအတွက် တကယ်တမ်းပိုင်းဖြတ်စွာ လုပ်ဆောင်မည်ဆိုသည့် စိတ်ထားရှိရန် လိုသည်။ ကြီးမားသည့် နိုင်ငံတကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ အများအပြားသည်လည်းကောင်း၊ မြန်မာနိုင်ငံတွင် လုပ်ကွက်များရထားသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများသည်၎င်း လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပေါ်လစီများ (သို့မဟုတ်) လူထုသို့ထုတ်ပြန်ချက်များကို နိုင်ငံတကာအဆင့်တွင် ချမှတ်ထုတ်ပြန်ပြီးဖြစ်သည်။ ယင်းအချက်များကို ဒေသဆိုင်ရာတွင် ရှိနေသည့်အခြေအနေများနှင့် ပေါင်းစပ်၍ ထပ်မံလုပ်ဆောင်ရန်လိုအပ်သည်။ ထို့ပြင် ယင်းသို့လုပ်ဆောင်မည်ဟု ပိုင်းဖြတ်ချက်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အဂတိလိုက်စားမှု ဆန့်ကျင်ရေးစသော စီးပွားရေးအရတာဝန်ယူမှုရှိရေးဆိုင်ရာ အခြားလုပ်ဆောင်သင့်သည့် နေရာများအထိ ချဲ့ထွင်လုပ်ဆောင်သွားရန်လည်း လိုအပ်သည်။ မြန်မာနိုင်ငံသားများ ပိုင်ဆိုင်လုပ်ဆောင်နေသည့် လုပ်ငန်း

ကုမ္ပဏီများသည်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ လုပ်ဆောင်မည့် ပိုင်းဖြတ်ချက်များလုပ်လာသည်ကို တွေ့ရသည်။ ထိုသို့ လုပ်ဆောင်ချက်များသည် ဤလုပ်ငန်းကဏ္ဍအတွင်းရှိ အခြားသောကုမ္ပဏီများကိုလည်း လိုက်ပါလုပ်ဆောင်စေရန် ဥပမာကောင်းများ ဖြစ်ပေသည်။

### အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- စီးပွားရေးလုပ်ငန်းကုမ္ပဏီများ၊ သူတို့၏ဝန်ထမ်းများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့်လုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပါမည်ဟု ပိုင်းဖြတ်ထားချက်များ ရှိ၊ မရှိ သေချာအောင် လုပ်ဆောင်ပါ။
- ထိုသို့ ပိုင်းဖြတ်ချက်များတွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့်သူများအား မြန်မာနိုင်ငံ၌လုပ်ငန်းလုပ်ဆောင်ရာတွင် အရေးကြီးသည့် အောက်တွင် ဖော်ပြထားသည့်အချက်များ အပါအဝင် လုပ်ဆောင်ရမည့် သီးသန့်လမ်းညွှန်ချက်များကို စဉ်းစားရမည်။
    - သင့်တော်သော ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နစ်နာမှုများ၊စိုးရိမ်မှုများနှင့် မကျေနပ်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်း (အပိုင်း ၄ (၁)ကိုလည်း ကြည့်ရန်)
    - မြေသိမ်းခြင်းများနှင့် မြေအသုံးချခြင်းများ၊ ပြောင်းရွှေ့အခြေစိုက်နေထိုင်ခြင်း (အပိုင်း ၄ (၃) ကိုလည်း ကြည့်ရန်)
    - အလုပ်သမားများအနေဖြင့် စည်းရုံးပိုင်ခွင့်နှင့် လိုလားချက်များကို စုဖွဲ့၍ တောင်းဆိုညှိနှိုင်းနိုင်ခွင့် - ယာယီအလုပ်သမား စာချုပ်ဆိုင်ရာ (အပိုင်း ၄(၄) ကိုလည်းကြည့်ရန်)
    - ဌာနေ လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ယခုလုပ်ဆောင်မည်ဟု ပိုင်းဖြတ်ချက်များက ၎င်းဌာနေလူနည်းစု တိုင်းရင်းသားတို့၏ အခွင့်အရေးများ၊ အတွေးအမြင်ယူဆချက်များနှင့် မည်သို့ ဆက်နွယ်ပတ်သက်သည်ဆိုသည့် အချက် (အပိုင်း ၄ (၅) ကိုလည်းကြည့်ရန်)
    - အလုပ်သမားများကြားတွင်ဖြစ်စေ၊ ဒေသခံရပ်ရွာအသိုင်းအဝိုင်းကြားတွင်ဖြစ်စေ၊ အထူးသဖြင့် အန္တရာယ်ကျရောက်နိုင်သည့် လူအုပ်စုများအကြားတွင် ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရေးသေချာစေရန်အတွက် စိမ်ခေါ်ချက်များ (အပိုင်း ၄ (၆) ကိုလည်း ကြည့်ရန်)
    - ကုမ္ပဏီလုပ်ငန်းဆောင်ရွက်မှုများကို ကာကွယ်ခြင်း၊ လုံခြုံရေးအတွက် လုပ်ဆောင်ခြင်း (အပိုင်း ၄ (၇) ကိုလည်း ကြည့်ရန်)
- ဤလုပ်ဆောင်မည်ဟု ပိုင်းဖြတ်ချက်များအား အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဆိုပါ ပိုင်းဖြတ်ချက်များကို ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ ပေါ်လစီများ၊ လုပ်ငန်းလုပ်ဆောင်ပုံ လမ်းညွှန်များတွင် ထည့်သွင်းပါ။
- ကုမ္ပဏီအတွင်းတွင်လည်းကောင်း၊ ကုမ္ပဏီလုပ်ငန်းအတွက် အကျိုးတူပူးပေါင်းဆက်စပ်လုပ်ဆောင်နေသော လုပ်ငန်းများတွင်လည်းကောင်း ဤပိုင်းဖြတ်ချက်များ လုပ်ဆောင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပါ။

## ၂။ နိုင်ငံအဆင့် ဥပဒေပိုင်းဆိုင်ရာမူဘောင်များ မဖြစ်ထွန်းသေးသည့်အချိန်တွင် နိုင်ငံတကာ အဆင့်က လက်ခံထားသည့်စီးပွားရေးလုပ်ငန်းများ၏တာဝန်ယူမှုရှိသောအပြုအမူများအားလိုက်နာဆောင်ရွက်မည်ဟု ပိုင်းဖြတ်ဆုံးဖြတ်ခြင်း။

SWIA အနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိရှိနေသော ဥပဒေဆိုင်ရာမူဘောင်များတွင် လစ်ဟာကွာဟချက်များ ရှိနေသည်ကို အလေးပေးဖော်ပြထားသည်။ အပြောင်းအလဲများက အလျင်အမြန်ဖြစ်ပေါ်နေသည်က တစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများနှင့် ဥပဒေပြု လွှတ်တော်အမတ်များအပိုင်းတွင်လည်း အတွေ့အကြုံနှင့် အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိနေသည်က တစ်ကြောင်း စသည်တို့ကြောင့် ယခုဥပဒေပိုင်းဆိုင်ရာမူဘောင်များကို ချက်ခြင်းဆိုသလိုချမှတ်နိုင်မည်ဟု အာမခံချက်မရှိသေး

သလို၊ နိုင်ငံအဆင့်ဥပဒေများ ထွက်ရှိလာသည့်အခါတွင်လည်း မြန်မာနိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများအား နိုင်ငံတကာအဆင့်က လက်ခံထားသည့် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိသော အပြုအမူများ လုပ်ဆောင်စေရေးအတွက် ရည်ညွှန်းဖော်ပြချက်များ အပြည့်အစုံပါဝင်လိမ့်မည်ဟု မျှော်မှန်း၍ မရနိုင်ပါ။ စီမံကိန်းအဆင့် လုပ်ငန်းဆောင်ရွက်ချက်များဆိုင်ရာ သက်ရောက်မည့်အချက်များအပိုင်းတွင် ဖော်ပြထားသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍကို အဓိကသက်ရောက်မည့်အချက်များတွင် မီးမောင်းထိုးပြထားသော အန္တရာယ်များ မဖြစ်လာစေရန် ဤဖြစ်လာသည့် ဥပဒေက အလုပ်သမားများကိုဖြစ်စေ၊ ဒေသခံရပ်ရွာလူထုကိုဖြစ်စေ၊ (ဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း) စီးပွားရေးလုပ်ငန်း ကိုယ်တိုင်ကိုဖြစ်စေ အကာအကွယ်ပေးနိုင်မည် မဟုတ်ပေ။ (အပိုင်း ၄)

နိုင်ငံတွင်းဥပဒေပိုင်းဆိုင်ရာဖြစ်ထွန်းမှု မသေချာသည့်အချိန်ကာလတွင် အခုကဲ့သို့ နိုင်ငံတကာစံသတ်မှတ်မှုများကို ကုမ္ပဏီများသို့ ပံ့ပိုးပေးသည့်အတွက် သေချာရေရာမှုများ ဖြစ်လာသလို စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမှ ဆိုးကျိုးကောင်းကျိုး ပတ်သက်ခံစားရမည့်သူများအတွက်လည်း ယုံကြည်စိတ်ချရမှုကို ပေးနိုင်မည်။ ယခု SWIA တွင် မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံချက်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိသော အပြုအမူများဆိုင်ရာ နိုင်ငံတကာ စံသတ်မှတ်ချက်များကို ဖော်ပြထားပြီး၊ အထူးသဖြင့် - စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏လမ်းညွှန်အခြေခံမှုများ၊ IFC ၏ လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ စံသတ်မှတ်ချက်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (ယင်းတွင် လူ့အခွင့်အရေး အပါအဝင် အဓိကကျသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အန္တရာယ်များအား ဆန်းစစ်ခြင်း၊ စီမံလုပ်ဆောင်ခြင်းတို့အတွက် အသေးစိတ်လမ်းညွှန်ချက်များ ပါဝင်သည်) စသည့်မြန်မာနိုင်ငံအတွင်း လုပ်ငန်းများလုပ်ဆောင်ရာ၌ လိုက်နာရမည့်လမ်းညွှန်ချက်များကို အလေးပေးဖော်ပြထားသည်။ OECD နိုင်ငံများတွင် အခြေစိုက်သော ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ ကုမ္ပဏီများဆိုင်ရာ OECD ၏ လမ်းညွှန်ချက်များအား အသုံးပြုမည်ဟု မျှော်လင့်ရသကဲ့သို့ ယင်းလမ်းညွှန်ချက်များသည် အခုဖော်ပြပါ အခြား စံသတ်မှတ်ချက်များနှင့်လည်း လိုက်လျောညီထွေရှိသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏တွင် နိုင်ငံတကာအဆင့် စံသတ်မှတ်ချက်များကို အသုံးပြုရန် ပိုင်းဖြတ်လုပ်ဆောင်ပါ။ ယင်းလုပ်ဆောင်ချက်သည် ပိုင်းဖြတ်လုပ်ဆောင်မည်ဟူသည့် ပေါ်လစီ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သွားပေမည် (အထက်တွင်ဖော်ပြထားသော အကြံပြုချက်များအပိုင်း (၁) ကိုကြည့်ပါ)၊ ထို့ပြင် MOGE နှင့် PSC ဆိုင်ရာ သဘောတူညီချက်တွင်လည်းကောင်း၊ ESIAs တွင် ဖော်ပြထားသော လုပ်ဆောင်မည်ဟု ပိုင်းဖြတ်ဖော်ပြထားသည့် အချက်များတွင်လည်းကောင်း ယင်းလုပ်ဆောင်ချက်ကို ထည့်သွင်းနိုင်ပေသည်။

## ၃။ စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် ဖြစ်လာနိုင်သည့်သက်ရောက်မှုများအား ဆန်းစစ်ရာတွင် ဒေသတွင်းရှိ ဆက်နွယ်ပတ်သက်ရှုပ်ထွေးသော အခြေအနေများ၊ အတိတ်ဖြစ်ရပ်ဆိုင်ရာနှင့် ပတ်သက်၍ လက်ခံထားချက်များကို ထည့်သွင်းစဉ်းစားရန် လိုသလို၊ ဆန်းစစ်တွေ့ရှိချက်များတွင် ထည့်သွင်းရန်နှင့် အရေးယူစီမံလုပ်ဆောင်ရန်။

လာမည့် E(S)IA လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းလုပ်ဆောင်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်သည့် ၎င်းတို့၏လုပ်ငန်းများကြောင့် သက်ရောက်မှုအားလုံး အလုံးစုံကို နားလည်စေရေး စီမံလုပ်ဆောင်နိုင်စေရန် အလို့ငှာ အဆိုပါသက်ရောက်မှုများကို အားလုံးမဟုတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ စီမံဆောင်ရွက်ရန် လိုကြောင်း ထည့်သွင်းထားသည်။ ယခု SWIA တွင် မြန်မာနိုင်ငံတွင် သီးသန့်ရှိနေသည့် အန္တရာယ်အချို့အား ထည့်သွင်းဖော်ပြထားပြီး ယင်းအန္တရာယ်များမဖြစ်စေရန် ကာကွယ်သည့်နည်းလမ်းများ၊ အန္တရာယ်ကို လျော့ကျသွားအောင်လုပ်နိုင်သည့် နည်းလမ်းများကိုလည်း ထည့်သွင်းထားသည်။ ယင်းတို့ကို အသုံးချခြင်းဖြင့် ကုမ္ပဏီများအနေဖြင့် ကိုယ်တိုင် လှုံ့လစိုက်ထုတ်သတိထားမှုများ ဖြစ်လာစေနိုင်သလို E(S)MP ကဲ့သို့သော သက်ရောက်မှုဆန်းစစ်ခြင်းနှင့် စီမံချက်ရေးဆွဲခြင်း အပိုင်းတို့တွင်လည်း တိုးတက်လာစေမည်။

၇

၇.၂

## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေသည့်ကာလပတ်လုံး လူ့အခွင့်အရေးအပါအဝင် ကုမ္ပဏီအနေဖြင့် ရင်ဆိုင်ကြုံတွေ့လာရနိုင်သည့် အန္တရာယ်များ၊ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းဆိုင်ရာ၊ ဒေသတွင်းဆိုင်ရာ၊ တစ်နိုင်ငံလုံးဆိုင်ရာ ဖြစ်ရပ်များနှင့် ပတ်သက်၍ နောက်ခံဆက်စပ်ပတ်သက်နေသည့် အခြေအနေများကို နားလည်နေစေရန် အမြဲတမ်း လုပ်ဆောင်နေရမည်ဖြစ်သလို အမြဲသတိထား စောင့်ကြည့်နေရန်လိုသည်။ အခြေအနေတစ်ခုကို ကုမ္ပဏီဘက်မှ စဉ်းစားသည့်အခါ အတိတ်တွင်ဖြစ်ခဲ့သောဖြစ်ရပ်များနှင့် ပတ်သက်သည့် အခြေအနေတစ်ခုသာ (legacy) ဟု စဉ်းစားနေချိန်တွင် အခြားဆက်စပ်ပတ်သက်သူများအနေဖြင့် ယင်းအခြေအနေသည် အခုလက်ရှိတိုင် ဖြစ်နေသေးသည်ဟူ၍ စဉ်းစားနေနိုင်သည်ကို အသိအမှတ်ပြုရန်လိုအပ်သည်။ ဒေသခံရပ်ရွာအသိုင်းအဝိုင်းနှင့် လုပ်သားအင်အားစုများ မည်သို့ဖွဲ့စည်းဖြစ်ပေါ်နေသည်ကို နားလည်ရန် လိုအပ်ပြီး ပထမဆုံးအဆင့်အနေဖြင့် မတန်တဆ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်၊ မနိုင် ဆန်းစစ်ရန်လိုသကဲ့သို့ ဒေသခံရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ဖြစ်စေ၊ အလုပ်ခန့်အပ်ရာတွင်ဖြစ်စေ ခွဲခြားဆက်ဆံခြင်း ဖြစ်လာနိုင်၊ မနိုင်ကိုလည်း ဆန်းစစ်ရန်လိုသည်။
- အကာအကွယ်ပေးရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းဆောင်ရွက်ချက်များကို ပြုလုပ်ရာတွင် အခြေအနေ ပိုမဆိုးသွားစေရန်အတွက် ဒေသဆိုင်ရာ ဆက်စပ်အခြေအနေများနှင့် လျော်ညီအောင် ရေးဆွဲလုပ်ဆောင်သည်နှင့်အတူ ၎င်းလုပ်ဆောင်ချက်များကို စောလျင်စွာဆောင်ရွက်ပါ။ ၎င်းလုပ်ဆောင်ချက်များတွင် မြေယာသိမ်းဆည်းခံရမှုများအတွက် ကြားနာအတိုင်ပင်ခံသော လုပ်ငန်းစဉ်ရှိရေးနှင့် ငွေကြေးပေးလျော်မှုများသည် ပွင့်လင်းမြင်သာမှုနှင့် (သို့မဟုတ်) လိုက်လံဆန်းစစ်ရန်အတွက် လက်လှမ်းမီမှုတို့ရှိရေး၊ လုံခြုံရေးဆိုင်ရာအရေးများနှင့် အဟန့်အတား၊ အနှောင့်အယှက်များဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ အပါအဝင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် စောလျင်စွာဆက်သွယ်နိုင်မှု တည်ဆောက်ရေး၊ ယာယီအလုပ်သမားများ အသုံးချခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းခွင်အခြေအနေကို ဆန်းစစ်ရေး၊ ကုမ္ပဏီက တိုက်ရိုက်ခန့်သော အလုပ်သမားဖြစ်စေ၊ ကုမ္ပဏီ က တင်သွင်းအသုံးချသည့် ပစ္စည်း( သို့မဟုတ်) ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသည့်အလုပ်သမားဖြစ်စေ ထိုသူတို့အား အလုပ်ခန့်အပ်ထားမှုအခြေအနေနှင့် အချက်အလက်များကို သေချာစွာမှတ်တမ်း ပြုစုထားခြင်း၊ ကလေးသူငယ်များအား အလုပ်စေခိုင်းခြင်းမရှိရန်၊ အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းမရှိရန်၊ အကြွေးပေးထားပြီးမတန်တဆအလုပ်စေခိုင်းကာ ဆပ်ခိုင်းခြင်းမျိုး (Bonded labor) မရှိရန် သေချာအောင် လုပ်ဆောင်ရန်လိုအပ်သည့်အရေးယူဆောင်ရွက်ချက်များရှိရေး စသည်တို့ပါဝင်ရမည်။
- လက်ရှိနှင့် ရှေ့တွင်အလားအလာရှိနိုင်သည့် စီးပွားရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် ကိုယ့်ဘက်က လုံခြုံစိတ်ချနိုင်ရေးအတွက် သေချာစွာ ဂရုစိုက်ဆောင်ရွက်ပါ။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်ဝန်ဆောင်မှုများ၊ ပစ္စည်းကရိယာများကို အများအားဖြင့် သူတို့၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ (Business Partners) (ဥပမာ - ဆောက်လုပ်ရေး ကန်ထရိုက်များ၊ ငလျင်ဘေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ အလုပ်သမားရှာဖွေရေးဆိုင်ရာ စသည့် အထူးသီးသန့် ဝန်ဆောင်မှုပေးသူများ) မှ တစ်ဆင့်ယူ၍ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ ယင်း Business Partners များ၏ လုပ်ငန်းလုပ်ဆောင်ချက်များက လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများ အပါအဝင် အခြားသက်ရောက်မှုများ ဖြစ်နိုင်သည့် အန္တရာယ်ရှိနိုင်၊ မရှိနိုင်ဆိုသည့်အပေါ် တွင်လည်းကောင်း၊ ယင်းBusiness Partners များ၏ ပေါ်လစီများ၊ စနစ်များနှင့် လုပ်ငန်းစဉ်များက အဆိုပါ သက်ရောက်မှုများကို ဆန်းစစ်နိုင်ခြင်း ရှိ၊ မရှိဆိုသည့် အပေါ် တွင်၎င်း အသေအချာ လေ့လာသုံးသပ်ရန်လိုအပ်သည်။
- စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုများတွင် ပူးတွဲထည့်သွင်းရန်နှင့် လမ်းညွှန်မှုပြုရန် အတွက်ရည်ရွယ်သည့် လုပ်ငန်းစဉ်များတွင် E(S)MP လုပ်ငန်းအဆင့်များ၊ ထပ်ဆောင်းစီမံမှုဆိုင်ရာ ဆောင်ရွက်ချက်များအား ပါဝင်စေရန် လုပ်ဆောင်ပါ။ ၎င်းဆောင်ရွက်ချက်များတွင် စာချုပ်စာတမ်းချုပ်ဆိုမှုများ၊ လုပ်ငန်းစီမံဆောင်ရွက်ရာတွင်ပါဝင်သည့် လုပ်ထုံးလုပ်နည်းများ၊ သင်တန်းများ၊ စွမ်းရည်မြှင့်တင်မှုများကဲ့သို့သော ထပ်ဆောင်းအားပေးသည့် ဆောင်ရွက်ချက်များကို အကျိုးတူပူးပေါင်းလုပ်ဆောင်မည့်စီးပွားရေးလုပ်ငန်း ထည့်သွင်းရမည်။

## ၄။ လုပ်ငန်းဆောင်ရွက်ခြင်း အဆင့်တိုင်းတွင် အရင်ကဖြစ်ဖူးသော၊ လက်ရှိဖြစ်နေသော၊ ဖြစ်လာနိုင်ဖွယ် ရှိသော ပဋိပက္ခဆိုင်ရာ အရေးများကို ထည့်သွင်းစဉ်းစားရန်။

SWIA သည် မြန်မာပြည်တွင် သယံဇာတထုတ်လုပ်သည့်လုပ်ငန်းများနှင့် ပဋိပက္ခဖြစ်ပွားခြင်းတို့ အပြန်အလှန်ဆက်စပ်နေခြင်းနှင့် ကြာရှည်စွာရှိနေခဲ့ခြင်းတို့ကို မီးမောင်းထိုးပြထားသည်။ ထို့ပြင် ယင်းသယံဇာတထုတ်လုပ်သည့် လုပ်ငန်းများက တိုင်းရင်းသားလူမျိုးများအကြားတွင် ဖြစ်စေ၊ မတူညီသည့် လူ့အသိုင်းအဝိုင်းနစ်ခုကြားမှာဖြစ်စေ တင်းမာမှုနှင့် အကြမ်းဖက်မှုများ ဖြစ်နိုင်ချေမှာ အမြဲဆက်ရှိနေသည်ကို လည်း SWIA က ထောက်ပြထားသည်။ စီးပွားရေး လုပ်ဆောင်ရာ တွင် ပဋိပက္ခအရေး ကို ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်ဆောင်ရွက်မှု လိုအပ်သည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ဖူးသည့် ဒေသများ၊ ကွဲပြားသည့် လူမျိုးစုံနေထိုင်ကြသည့် ဒေသများတွင် ပို၍အလေးထားသင့်သည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် အဓိကအချက်များ

- ပဋိပက္ခဆိုင်ရာအခြေအနေကို နားလည်နိုင်ရန်အတွက် ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုဖြစ်စေ၊ အရပ်ဘက်အဖွဲ့အစည်းများကိုဖြစ်စေ၊ အမျိုးသမီးခေါင်းဆောင်များအပါအဝင် အခြားသောဒေသခံရပ်ရွာအသိုင်းအဝိုင်းကိုဖြစ်စေ မည်သို့မည်ပုံ ဆက်ဆံဆောင်ရွက်ရမည်ကို နားလည်တတ်ကျွမ်းသောသူများထံမှ အကြံဉာဏ်ကို ရယူသင့်သည်။ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ (သို့မဟုတ်) အုပ်စုတစ်စု (သို့မဟုတ်) အဖွဲ့တစ်ဖွဲ့တည်းမှ ဒေသအသိုင်းအဝိုင်းတစ်ခုလုံးကို လွှမ်းခြုံသောအမြင်များကို ရလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။ အချို့ကိစ္စများတွင် ဖိအားပေးသည့် ဆက်ဆံဆောင်ရွက်မှုများကိုပင် ကြုံရနိုင်ပေသည်။
- မြေယာနှင့် သဘာဝသယံဇာတ ဆိုင်ရာအရေးများက ပဋိပက္ခကို ပိုကြီးသွားစေရန် (သို့မဟုတ်) ငြိမ်းချမ်းရေးတည်ဆောက်မှု ပိုခက်ခဲစေရန် တွန်းအားပေးနိုင်သည့် အရေးကြီးကိစ္စများအဖြစ် လက်ခံသတ်မှတ်ပြီး ဆက်ဆံဆောင်ရွက်မှုများလုပ်ဆောင်ရမည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ခဲ့ဖူးသော ဒေသများတွင်းရှိ မြေယာအားလုံးသည် နိုင်ငံ၏မြေစာရင်းတွင် ပါဝင်နေခြင်း မရှိသည့်အတွက်၊ ဤမြေနေရာသည် မြေရိုင်းလား၊ မြေလွတ်လား၊ ပလပ်ထားသည့်မြေလားဆိုသည်ကို မဆုံးဖြတ်နိုင်သည့် အခက်အခဲနှင့် ကြုံရနိုင်သည်။ အစဉ်အလာအရ လက်ခံထားသည့် ထုံးတမ်းအစဉ်လာစည်းမျဉ်းတို့နှင့် စဉ်းစားဆုံးဖြတ်၍ပင် မရနိုင်လောက်အောင် ဤကိစ္စများမှာ ရှုပ်ထွေးတတ်သည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားအဖွဲ့များက တောင်းဆိုသည့်အချက်များတွင် ဗဟိုနှင့် (တိုင်း)/ ပြည်နယ်အစိုးရများအကြား နိုင်ငံဘဏ္ဍာခွဲဝေမှုအရေးသာမက သက်ဆိုင်ရာဒေသများတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအား ဒေသက စီမံခန့်ခွဲခွင့်ပိုင်း၌ ပို၍ထိန်းချုပ်ခွင့်ရှိရေးကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဌာန်းရန် အဓိကအချက်အနေဖြင့် တောင်းဆိုနေကြသည်ကို ထည့်သွင်းစဉ်းစားပါ။ ကုမ္ပဏီများအနေဖြင့် ထိုအခြေအနေများကို ကြိုတင်မစဉ်းစားထား၊ မပြင်ဆင်ထားလျှင်၊ အနည်းဆုံးအဆင့်အနေဖြင့် နားမလည်ထားလျှင်ဖြစ်စေ၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေသည့် တောင်းဆိုချက်များကို အလေးမထားလျှင်ဖြစ်စေ အဆိုပါအခြေအနေများအောက်တွင် ပြဿနာများနှင့် ကြုံရနိုင်သည်။
- စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က မတရားအနိုင်ကျင့်သည့်အန္တရာယ်များကို လျော့ကျစေနိုင်ရေးကိုရည်ရွယ်ရာတွင် ကျဉ်းမြောင်းသည့် ချဉ်းကပ်မှုနည်းလမ်းကို သုံးမည့်အစား ကျယ်ပြန့်သော၊ စနစ်ကျသော တုန့်ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်ပါ။ စီမံကိန်းနေရာတွင် ပိုင်နက်နေရာ သတ်မှတ်ပြီး အစောင့်ချသည့်လုပ်ဆောင်မှုများကို ရှောင်ကြဉ်ပါ။ ထိုသို့ ပြုမူဆောင်ရွက်ချက်များသည် ငွေတောင်းခြင်း၊ အလုပ်စေခိုင်းခြင်းစသည့် အနိုင်ကျင့်မှုများကို အဝေးတစ်နေရာသို့ ပို့လိုက်သည်နှင့်သာ အလားတူပြီး လက်တွေ့ပြဿနာများကို ဖြေရှင်းခြင်းမဟုတ်ပါ။

## ၅။ ကျရောက်နိုင်သည့် အန္တရာယ်များ၊ သက်ရောက်မှုများကို အလုပ်သမားများနှင့် ဒေသခံရပ်ရွာ အသိုင်းအဝိုင်းမှလူများ ပါဝင်စေလျက် စောင့်ကြည့်၍ တုန့်ပြန်မှုများဆောင်ရွက်ရန်။

မြန်မာပြည်တွင် ပြောင်းလဲမှုများက အလျင်အမြန် ဖြစ်နေသည်နှင့်အညီ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ ချမှတ်လုပ်ဆောင်ရာတွင် လိုအပ်သောပြင်ဆင်ထိန်းညှိမှုများ လုပ်ဆောင်နိုင်ရန်အလို့ငှာ လိုက်လံစောင့်ကြည့်လေ့လာခြင်းက အရေးကြီးသည်။ ကုမ္ပဏီများမှတဆင့် ကန်ထရိုက် (Sub-contractor) ပေးထားသူများ၏ လုပ်ငန်းဆောင်ရွက်ပုံများကို စောင့်ကြည့်လေ့လာခြင်းသည်လည်း အထူးအရေးကြီးသည်။ SWIA သုတေသန စစ်တမ်းများအရ ဒေသခံရပ်ရွာ အသိုင်းအဝိုင်းအနေဖြင့် ကုမ္ပဏီများ၊ စီမံကိန်းများ၏ လက်ရှိလုပ်ငန်းလုပ်ဆောင်နေမှုများနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ကုမ္ပဏီများအနေဖြင့် အရေးပေါ်အခြေအနေများအပါအဝင် အန္တရာယ်ကျရောက်နိုင်မှုများအား မည်သို့ကိုင်တွယ်ဖြေရှင်းကြမည်ဆိုသည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အထူးစိတ်ဝင်စားကြောင်း သိရသည်။ လာမည့် E(S)IA လုပ်ထုံးလုပ်နည်းများတွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ဝက်ဆိုဒ်များကတစ်ဆင့် E(S)MP ဆန်းစစ်လေ့လာချက် အစီရင်ခံစာများအား ပြည်သူအများထံသို့ ဖွင့်ချစေရန် ပါဝင်ပေလိမ့်မည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် အဓိကအချက်များ

- □ လုပ်ငန်းဆောင်ရွက်ချက်များမှ ရိုက်ခတ်လာနိုင်သော သက်ရောက်မှုများကို ဒေသခံရပ်ရွာ အသိုင်းအဝိုင်းနှင့်အတူ ပူးတွဲ၍ စောင့်ကြည့်လေ့လာမှုဆောင်ရွက်ရန် စဉ်းစားပါ။ ယခုအချိန်အထိ ယင်းသို့သောလုပ်ဆောင်ချက်များ မြန်မာပြည်တွင် မပေါ်ထွန်းသေးသော်လည်း အခြားနိုင်ငံများတွင် နမူနာပုံစံများရှိပေသည်။ ထိုသို့ပူးတွဲလုပ်ဆောင်ခြင်းသည် သက်ရောက်မှုများအပေါ် အတူနားလည်နိုင်ပြီး အငြင်းပွားမှုများကို ပို၍မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရန်အတွက်လည်း အားပေးသည်။
- □ ဒေသခံရပ်ရွာအသိုင်းအဝိုင်းနှင့် ဆန်းစစ်လေ့လာချက်အစီရင်ခံစာများကို သူတို့မတောင်းဆိုခင်အချိန်ကပင် ကြိုတင်၍ မျှဝေထားရန် စဉ်းစားသင့်သည်။ ထိုသို့ပြုလုပ်ရာတွင် အစီရင်ခံစာရေးရာ၌ သက်ဆိုင်ရာ ဒေသခံဘာသာစကားနှင့် ရေးသားခြင်း၊ အကျဉ်းချုပ်ရေးသားပေးခြင်း စသည့် သူတို့လက်လှမ်းမီနိုင်သည့်အခြေအနေသို့ ဖန်တီးပေးခြင်းဖြင့် သူတို့နှင့် ဆက်ဆံဆောင်ရွက်ခြင်းအတွက် အစဉ်တဆက်ကောင်းမွန်သလို ဆွေးနွေးပွဲများတွင် ကိုးကားစရာ အထောက်အထားများအဖြစ် ပံ့ပိုးပေးခြင်းလည်း ဖြစ်ပေသည်။

## ၆။ နားလည်မှုတည်ဆောက်ရန်နှင့်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသည်ဆိုသည်တို့ကို ပြသနိုင်ရန်အတွက် သက်ဆိုင်ပတ်သက်သူများအားလုံးကို (အထူးသဖြင့် အလုပ်သမားများ၊ ဒေသခံရပ်ရွာလူထု) ဆက်သွယ်ဆောင်ရွက်ရန်။

ဆက်သွယ်ဆောင်ရွက်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း စသည်တို့အား အကြံပြုချက်အများအပြားတွင် ထည့်သွင်းထားသလို၊ ယင်းအကြံပြုချက်များ အောင်မြင်နိုင်ရေးမှာလည်း အဆိုပါဆောင်ရွက်ချက်တို့က အခရာကျနေပေသည်။ ကုမ္ပဏီတစ်ခုအနေနှင့် အလုပ်သမားများ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ ဒေသခံရပ်ရွာလူထုများ စသည်တို့ကို ရိုးသားသည့်အပြန်အလှန် ဆက်ဆံဆောင်ရွက်ခြင်းသည် ပြဿနာ၊ အန္တရာယ်များကိုလျော့ချရန်ဖြစ်စေ၊ ကာကွယ်ရန်ဖြစ်စေ စသည်တို့အတွက် အလွန်တန်ဖိုးရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ SWIA ကွင်းဆင်း သုတေသနပြုချက်များအရ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ဖော်ရေးလုပ်ငန်းများနှင့် ဒေသခံရပ်ရွာလူထုတို့ကြား ဆက်သွယ်ဆက်ဆံဆောင်ရွက်ခြင်းကို အစိုးရဘက်က ဖြစ်စေ၊ ကုမ္ပဏီများဘက်မှဖြစ်စေ (အနည်းငယ်သော ခြွင်းချက်အဖြစ် လုပ်ဆောင်ခဲ့သည်များမှလွဲ၍) လုပ်လေ့လုပ်ထရှိသည်ကို မတွေ့ရပေ။ အခုအချိန်တွင် မြန်မာနိုင်ငံသည် EITI တွင် အဖွဲ့ဝင်လောင်း နိုင်ငံတစ်ခုဖြစ်လာခြင်း၊ ESIAs လုပ်ရန်လိုသည်ဆိုသည့် လိုအပ်ချက်များ သတ်မှတ်လာခြင်း စသည်တို့ အပါအဝင် အပြောင်းအလဲများ လုပ်လာသည်ကို တွေ့ရသည်။ SWIA တွေ့ရှိချက်များအရ ဒေသခံရပ်ရွာ အသိုင်းအဝိုင်းများဖြင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအာဏာပိုင်များ (သို့မဟုတ်) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းထက်ကို သူတို့ဒေသရှိ

လုပ်ငန်းများလုပ်ဆောင်နေသော ကုမ္ပဏီများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအား ပို၍လုပ်ချင်ကြသည်ကို တွေ့ရသည်။ အချက်အလက်ရရှိရေးအတွက် ဆုံရပ်တစ်ခုရှိရန် လိုလားကြသည်။ ဒေသခံတွေကြား ပေါင်းကူးဆက်ဆံဆောင်ရွက်ပေးခြင်းကို ပံ့ပိုးပေးသည့် ဒေသခံရပ်ရွာကော်မတီများသည် အကောင်းဆုံးဥပမာများပင် ဖြစ်သည်။ သက်ဆိုင်ရာ ဒေသခံများအကြား ဆက်သွယ်ဆောင်ရွက်မှုများ မဖြစ်မနေလုပ်ဆောင်ကြရမည့်အပြင် အချို့ကုမ္ပဏီများအနေဖြင့် အစိုးရမှဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူများမှဖြစ်စေ အစီရင်ခံခြင်းဆိုင်ရာလမ်းညွှန်ချက်နှင့်ပတ်သက်၍ တိကျသည့်လမ်းညွှန်ချက်ကို ရယူရန်လိုအပ်လိမ့်မည်။

## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- လုပ်ငန်းစီမံကိန်း ကာလတစ်လျှောက်လုံးတွင် အလုပ်သမားများ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဒေသခံရပ်ရွာလူထုအသိုင်းအဝိုင်းများ စသည်တို့နှင့် စဉ်ဆက်မပြတ်ဆွေးနွေးပွဲများ ပြုလုပ်ရပါမည်။ လုပ်ငန်းစီမံကိန်းဖြစ်စဉ် စက်ဝိုင်းတစ်လျှောက်လုံး တိုင်ပင်ညှိနှိုင်းဆောင်ရွက်သင့်သလို ESIA တိုင်ပင်ဆွေးနွေးပွဲများ မတိုင်ခင်အချိန်ကပင် သက်ဆိုင်သောဒေသခံများအားလုံးအား တိုင်ပင်ဆွေးနွေးပွဲများတွင် အကျိုးဖြစ်ထွန်းစွာ တိုင်ပင်နိုင်စေရန် ကြိုတင်ပြင်ဆင်ထားသင့်သည်။
- ထိုတိုင်ပင်ဆွေးနွေးပွဲများသည် အနည်းငယ်သာ အရေးကြီးသည့်ပုံစံမဟုတ်ပဲ အရမ်းကိုအရေးကြီးသော အရာတစ်ခုဖြစ်ပါသည်။ ပြုလုပ်သောစီမံကိန်းလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများ၏ သက်ရောက်မှုများကို ပြောင်းလဲရန်အတွက် အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များ၊ ဒေသခံများနှင့် အလုပ်သမားများဖြင့် ချိတ်ဆက်ပြီး ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးတိုင်ပင်မှုအစီအစဉ်များ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သင့်သည်။
- အလုပ်သမားများနှင့် ဒေသခံရပ်ရွာအသိုင်းအဝိုင်းများနှင့် သင့်တော်သည့် ဆက်သွယ်ဆောင်ရွက်မှု ပုံစံ၊ အရေးအတွက် စသည်တို့ကို စဉ်းစားရမည်၊ ၎င်းတို့အန္တရာယ်ဖြစ်စေရန် မလုပ်ဆောင်ရ။ ထိုသို့လုပ်ဆောင်ရာတွင် ပါဝင်သူတို့သည် မည်သည့်လူမျိုး၊ မည်သည့်ဘာသာစကား ပြောဆိုသည်၊ ၎င်းတို့၏ ရေးတတ်ဖတ်တတ်နိုင်စွမ်း၊ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ၎င်းတို့အား ချိတ်ဆက်ဆောင်ရွက်ရေး အတွက် လက်တွေ့ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများမှာ မည်သည့်အရာတွေရှိသည်။ စသည်တို့ကို စုံစမ်းလေ့လာပြီးမှသာ ၎င်းတို့နှင့် ဆက်သွယ်ပြောဆိုရမည့် ဘာသာစကားနှင့် နည်းလမ်းတို့ကို ရှာဖွေနိုင်မည်ဖြစ်သည်။ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံတိုင်ပင်ဆောင်ရွက်ခြင်းအားဖြင့် အဓိကကြုံရနိုင်သည့် အန္တရာယ်များ၊ ယခင်က မှားဖူးခဲ့သော သင်ခန်းစာများ၊ လက်တွေ့ ဆောင်ရွက်ပုံအလေ့အထများကို ပိုမိုနားလည်သွားစေမည့် အကျိုးကျေးဇူး ရနိုင်ပေသည်။
- စီမံကိန်းနှင့်ပတ်သက်၍ အလေးထားသင့်သည့် ကိစ္စရပ်အားလုံး - ဥပမာ အခြေခံ သတင်းအချက်အလက်၊ အရေးပေါ်အရေးကိစ္စများ၊ စီမံကိန်းတွင် လုပ်ကိုင်နေကြသော အဓိကကုမ္ပဏီကိုဖြစ်စေ၊ အခြားပါဝင်ပတ်သက်နေသော ကုမ္ပဏီများကိုဖြစ်စေ မကျေနပ်ချက်များကို တင်ပြပြောဆိုနိုင်ရေး ကိစ္စများစသည့်အားလုံးကို ဒေသခံရပ်ရွာ အသိုင်းအဝိုင်းအနေဖြင့် လက်လှမ်းမီမီ ဆောင်ရွက်နိုင်ရန် ဒေသတွင်း၌ပင် တစ်နေရာ၊ တစ်ဌာနတည်း (One-Stop Shop) ၌ ပြောဆိုတင်ပြနိုင်အောင် နေရာဌာနတစ်ခု သတ်မှတ်စီစဉ်ရမည်။ ဒေသခံရပ်ရွာ အသိုင်းအဝိုင်းအနေဖြင့် သူတို့ မေတ္တာရပ်ခံလိုသည်များ၊ ငြင်းဆိုကန့်ကွက်လိုသည်များကို မည်သည့်နေရာတွင် သွားပြောရမည်နည်းဆိုသည့်အပေါ် ရှုပ်ထွေးမှုများလည်း ဖြစ်ခဲ့သလို၊ စိတ်ပျက်အားလျော့သည်တို့နှင့်လည်း ကြုံခဲ့ရသည်ဟု ဆိုကြသည်။

## ၇။ ဆိုးကျိုးသက်ရောက်မှုများအတွက် ဖြေရှင်းရန်ပြင်ဆင်ထားရန်လိုပြီး ထိုသို့ပြင်ဆင်ရာတွင် နစ်နာချက်များကို မြန်ဆန်ထိရောက်စွာဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းစဉ်များထားရှိရန်။

ဆိုးကျိုးသက်ရောက်မှုများကို ပြန်လည်ဖြေရှင်းရန်အတွက် ကုမ္ပဏီအနေဖြင့် အထိရောက်ဆုံးနည်းလမ်းများထဲမှ တစ်ခုမှာ စီမံကိန်းလုပ်ငန်းအဆင့် မကျေနပ်မှုများ တင်ပြဖြေရှင်းနိုင်သည့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် ထားရှိရန်ဖြစ်ပါသည်။ ၎င်း လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်သည် ဖြစ်လာသောကိစ္စရပ်များကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်အချက်ပေး သည့်စနစ်အဖြစ် အထောက်အကူပေးသည်။ သို့သော် ၎င်းကို လျစ်လျူရှုထားပါက အချိန်ကာလကြာမြင့်စွာ ဖြေရှင်းသည့်တိုင် ဖြေရှင်း၍မရနိုင်သည့် မကျေနပ်မှုများအဖြစ်သို့ ရောက်သွားသည်ကို ကြုံရနိုင်သည်။ မြန်မာနိုင်ငံတွင် တရားဥပဒေလမ်းကြောင်း

၇

၇.၂

အရဖြစ်စေ၊ တရားဥပဒေလမ်းကြောင်း ပြင်ပမှဖြစ်စေ မကျေနပ်ချက်များကို ထိရောက်စွာဖြေရှင်း ပေးနိုင်သည့်နည်းလမ်း အနည်းငယ်ကို SWIA တွင် ဖော်ပြထားသည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- One-Stop Shop (အကြံပြုချက် ၆ တွင်ကြည့်ပါ) များ ပြုလုပ်ပေးထားခြင်းသည် ကုမ္ပဏီနှင့် ပတ်သက်သည့်မကျေနပ်ချက်ကို ဖြစ်စေ၊ ကုမ္ပဏီမှ ကန်ထရိုက်စာချုပ်လွှဲ၍ လုပ်ကိုင်စေသော လုပ်ငန်းများနှင့် ပတ်သက်သည့် မကျေနပ်ချက်ကို ဖြစ်စေ ကုမ္ပဏီသို့တိုက်ရိုက်တင်ပြ ဆွေးနွေးဖြေရှင်းနိုင်ရေးအတွက် အများလက်လှမ်းမီ၍ ထိရောက်မှုရှိသော လုပ်ငန်းစဉ်များဖေထာက်ပံ့ပေးထားခြင်းများကို သေချာအောင် လုပ်ဆောင်ပါ။ စီမံကိန်းလုပ်ငန်းအဆင့် မကျေနပ်မှုများ တင်ပြဖြေရှင်းနိုင်သည့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် ထိရောက်မှုရှိစေရန် လိုအပ်သည့်စံချိန်စံညွှန်းများကို ကုလသမဂ္ဂဆိုင်ရာ စီးပွားရေးနှင့် လူ့အခွင့်အရေး လမ်းညွှန်အခြေခံမူများတွင် ထည့်သွင်းဖော်ပြထားသည်။
- မကျေနပ်ချက်များကိုတင်ပြ ပြောဆို၍ ဖြေရှင်းချက်တောင်းမည့်သူများအနေဖြင့် ကုမ္ပဏီကလုပ်ပေးသည့် မကျေနပ်မှု တင်ပြရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကိုဖြစ်စေ၊ အစိုးရ (သို့မဟုတ်) အခြားကြားအဖွဲ့တစ်ခုက ကူညီသည့် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကိုဖြစ်စေ လွတ်လပ်စွာ ရွေးယူနိုင်ခွင့်ရှိစေရေးလုပ်ဆောင်ပါ။ မြန်မာပြည်တွင် အလုပ်သမားသမဂ္ဂများသည် ပေါ်ထွန်းကာစပင် ဖြစ်သော်လည်း ကုမ္ပဏီများအနေဖြင့် ၎င်းတို့အား အလေးမထား ဂရုမစိုက် မဖြစ်စေရန် သတိထားသင့်သည်။ အစိုးရကပြုလုပ်ပေးသည့် မကျေနပ်မှုများ တင်ပြဖြေရှင်းနိုင်သည့် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်သည်လည်း လာမည်နှစ်ပိုင်းတွေအတွင်း ပေါ်ထွန်းလာနိုင်ပါသည်။ ဥပမာ - အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (သို့မဟုတ်) ပို၍ထိရောက်သော ဒေသဆိုင်ရာ တရားရုံးများ။
- ကုမ္ပဏီအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ မကျေနပ်မှုတိုင်တန်းတင်ပြသူများကို လက်တုန့်ပြန်ခြင်း ခံရမည့်အရေးမှ ကာကွယ်ပါ။ ကုမ္ပဏီများအနေဖြင့် တိုင်ကြားမှုများ၊ ဆန္ဒပြပွဲများအား ကိုင်တွယ်ဖြေရှင်းရာတွင် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လူအများစုဝေးခွင့်နှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကို လေးစားလိုက်နာသည့်ပုံစံဖြင့် တုန့်ပြန်ဆောင်ရွက်ရမည်။ ၎င်းတို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများအား ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြသူများအားနှိပ်ကွပ်ခြင်း၊ မတရားပြုမူခြင်းတို့လုပ်နေသည်ကို သက်ဆိုင်ရာအာဏာပိုင်များအား သိစေရေးအတွက် လုပ်ဆောင်ပေးရန်လည်း ပါဝင်သည်။

## ၈။ ရပ်ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့် စသည့် အဆင့်တိုင်းတွင် ကောင်းကျိုးသက်ရောက်မှုများ ရရှိစေရန် မဟာဗျူဟာများ ချမှတ်ထားရန်။

စီမံကိန်းလုပ်ငန်းအစီအစဉ်များကို အသေအချာချမှတ်သည်နှင့်အတူ ကုမ္ပဏီအတွင်းမှ လုံလောက်သည့် ပံ့ပိုးမှုများလည်း ရရှိပါက သဘာဝသယံဇာတ ထုတ်လုပ်ရေးကဏ္ဍသည် နိုင်ငံဘဏ္ဍာကို ရေရှည်အခွန်ဘဏ္ဍာငွေရရှိရေးအတွက် အထောက်အကူပြုနိုင်သည်သာမက ရေတိုကာလအတွင်း စီမံကိန်းတည်ရှိရာဒေသအတွင်း ကောင်းကျိုးသက်ရောက်မှု ခံစားရနိုင်သည်ဟု အသိအမှတ်ပြုကြသည်။ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ရှာဖွေရေး လုပ်ကွက်သစ်အများအပြားသည် အလုပ်ဖြစ်လာရန် နှစ်ရှည်လများစောင့်ဆိုင်းရတတ်ပြီး ထိုအချိန်မှသာဝင်ငွေရလာနိုင်ပြီး ထိုအချိန်မှသာ နိုင်ငံတော်သို့ ဘဏ္ဍာငွေရှာဖွေပေးနိုင်သော်လည်း မြန်မာနိုင်ငံအတွက် ရေတို လက်တွေ့ကောင်းကျိုးသက်ရောက်မှုများပေးနိုင်သော အခြားသော အခွင့်အလမ်းများလည်း ရှိနေပေသည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- ဒေသရပ်ရွာအသိုင်းအဝိုင်းက လိုလားနေသည့် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်မည့် လက်ငင်းချက်ချင်း ရေတို၊ ရေလတ်၊ ရေရှည် မဟာဗျူဟာများချမှတ်ပါ။ လုပ်ငန်းကဏ္ဍတွင် လိုအပ်သည့်စွမ်းရည်များကို တပ်ဆင်ပေးနိုင်သည့်

အခြေခံပညာရေးနှင့် လုပ်ငန်းအတတ်ပညာသင်တန်းများ ပါဝင်ပါစေ။ လုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများနှင့် အန္တရာယ်သက်ရောက်နိုင်သော လူမှုအသိုင်းအဝိုင်းမှသူများ ပို၍ ပါဝင်နိုင်စွမ်းရှိလာစေရေး ဖြေရှင်းဆောင်ရွက်ပါ။

- ဒေသခံများအနေဖြင့် အသေးစားဖွံ့ဖြိုးရေးစီမံချက်များကို မိမိတို့ဘာသာရွေးချယ်၍ မိမိတို့ဘာသာစီမံ ခန့်ခွဲတတ်စေရေးအတွက် အားပေးမည့် ဒေသခံရပ်ရွာအသိုင်းအဝိုင်းအတွက် ဒေသခံများကိုယ်တိုင်က လုပ်ဆောင်သောအသေးစားလူမှုဖွံ့ဖြိုးမှုဆိုင်ရာအစီအစဉ်များကို ချမှတ်လုပ်ဆောင်ပါ။ ၎င်းအစီအစဉ်များအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးဆိုင်ရာ စီမံကိန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်ဖို့လိုအပ်သလို အန္တရာယ်သက်ရောက်မှု ကြုံတွေ့နိုင်သော၊ ဘေးဖယ်ခံထားရသော အသိုင်းအဝိုင်းက ပါဝင်လာမှုတိုးလာစေရန်အတွက်လည်း အားပေးဖို့လိုသည်။ သို့သော် လှူဒါန်းခြင်းပုံစံဖြင့်လုပ်ဆောင်ခြင်းတို့မှ ရှောင်ကျဉ်ရမည်။ သယံဇာတ ရှာဖွေထုတ်လုပ်သည့်စီမံကိန်းများအတွက် အသုံးပြုသော ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသဘောတူညီမှု (Community Development Agreement – CDA)အားပို၍ အားပေးသော နိုင်ငံတကာတွင် အသုံးပြုသော အလေ့အကျင့်ကောင်းများအား ထည့်သွင်းစဉ်းစားရန်။
- စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အရည်အသွေးသည် စီမံကိန်းကိုလည်း အားပေးရမည်ဖြစ်သလို ဒေသခံရပ်ရွာ အသိုင်းအဝိုင်း၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိုလည်း အထောက်အကူ ပြုသင့်သည်။ ထို့အတွက် စီမံကိန်း၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အရည်အသွေးကို ပို၍စနစ်တကျဖြစ်အောင် စီမံရန်လိုသည်။
- ဒေသလိုအပ်ချက်နှင့် အညီလည်းဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် ၎င်းမှ ကန်ထရိုက်ချပေးထားသော အခြားကုမ္ပဏီများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည့် ဒေသခံတို့၏စီးပွားရေးလုပ်ငန်းများ၏ အရည်အသွေးများအားတိုးမြှင့်ပေးရန်အလို့ငှာအသေးစားစီးပွားရေးလုပ်ငန်းသင်တန်းများပေးခြင်း၊လုပ်ငန်းရှင်များမွေးထုတ်ခြင်းစသည်တို့ကို မြှင့်တင်ရမည်။
- ဘဏ္ဍာရေးဆိုင်ရာအခြေခံများကို စီမံခန့်ခွဲနိုင်စေရန်လည်းကောင်း၊ အလျော်ပေးရေးလုပ်ငန်းစဉ်များအတွက် လိုက်လံစောင့်ကြည့်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့ကို အားပေးရန်အတွက်လည်းကောင်း ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြုနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင်ပါ။

## ၉။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးရာတွင် သင့်လျော်သည့် စုပေါင်း၊ အစုပေါင်းရယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများပါဝင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍဆိုင်ရာ အဖွဲ့အစည်းမျိုး မရှိသေးပေ။ သို့သော် ယင်းသို့သော အဖွဲ့အစည်းမျိုး ပေါ်ထွန်းလာနိုင်သည့် အခြေအနေလည်း ရှိပါသည်။ ယခုအချိန်ကာလ၌ မြန်မာပြည်ရှိ စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာတို့နှင့် ပတ်သက်သည့် ကိစ္စများအပါအဝင် အချို့ကိစ္စတို့ကို ဖြေရှင်းရန်ကြိုးပမ်းပါက စုပေါင်းဆောင်ရွက်ခြင်းကပိုမို အကျိုးရှိနိုင်ပေသည်။ မျှတစွာ ယှဉ်ပြိုင်နိုင်ရေး၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသကဲ့သို့ မကောင်းသူတချို့ကြောင့် လုပ်ငန်းကဏ္ဍတစ်ခုလုံး သိက္ခာကျဆင်းသည့်အဖြစ် မရောက်စေရေး စသည်တို့လုပ်ဆောင်နေသည်နှင့်အတူ အထိအခိုက်မခံသည့် (ထိလွယ်ရှလွယ်ဖြစ်သည့်) အရေးများကို စုပေါင်း၍ ချဉ်းကပ်ခြင်း၊ မိမိနိုင်ငံနှင့်အလားတူသော အခြားနိုင်ငံများတွင်ချမှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်းများအား အသုံးချခြင်းတို့ကို လုပ်ဆောင်ပါမှ ပို၍ထိရောက်ပေမည်။ အစိုးရနှင့်ဖြစ်စေ၊ အခြား သက်ဆိုင်ပတ်သက်သူများနှင့်ဖြစ်စေ ဆွေးနွေးတိုင်ပင်ရာ၌ ကုမ္ပဏီများအနေဖြင့် (အခြားသူများ)နှင့် ပူးပေါင်းလုပ်ဆောင်ရန် သင့်လျော်သည့် ကိစ္စရေးရာ များ အတော်များများ ရှိပေသည်။

### အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် အဓိကအချက်များ

- MEITI လုပ်ငန်းစဉ်ကို အားပေးပါ။ PSC ပုံစံအရ ကုမ္ပဏီများအနေဖြင့် MEITI နှင့် ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ချက်တစ်ခုအနေဖြင့် သတ်မှတ်ပြီးဖြစ်သည်။ EITI နှင့်ပတ်သက်သော အတွေ့အကြုံရှိပြီးသည့်ကုမ္ပဏီတိုင်းက ရေနံနှင့် သဘာဝ

ဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ ကဏ္ဍတွင် သက်ဆိုင်ပါဝင်ပတ်သက်သူများ အစုအဖွဲ့ (Multi-Stakeholders Group) ၏ အဖွဲ့ဝင်များအားအားပေးခြင်း၊ လုပ်ငန်းကဏ္ဍနှင့် ပတ်သက်သည်များ၊ ယင်းလုပ်ငန်း၏ ဘဏ္ဍာရေးဆိုင်ရာများနှင့် ပတ်သက်သည်များ စသည်တို့ကို ၎င်းတို့ သိမြင်နားလည်စေရေးအတွက်ကူညီခြင်း စသည်တို့ကို လုပ်ဆောင်ပေးသင့်သည်။ ထိုကုမ္ပဏီများအနေဖြင့် အားပေးသင့်သော၊ လိုက်နာရာညွှန်းဆိုထောက်ခံထားကြပြီးဖြစ်သော2013 MEITI စံနှုန်းလိုအပ်ချက်များ (ဥပမာ - MEITI တွင် ပွင့်လင်းမြင်သာမှုရှိရေး စာချုပ်ခြင်း) တို့ကို အားပေးရမည်။

- ESIA လုပ်ငန်းစဉ်များ တိုးတက်စေရန် MOECAF, MOGE ၊ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တို့နှင့် လက်တွဲလုပ်ကိုင်ပါ။ ESIA လုပ်ရန်အတွက် မြန်မာနိုင်ငံတွင် လက်တွေ့ရှိနေသည့် လိုအပ်အရင်းအမြစ်အခြေအနေမှာ နည်းသည့်အပြင်၊ အစိုးရအတွင်းမှာသာ စီမံခန့်ခွဲနေသည့်အတွက်၊ စီးပွားရေးလုပ်ငန်း ကုမ္ပဏီများကစုပေါင်း၍ အစိုးရကို အကြံဉာဏ်များ၊ လုပ်နိုင်စွမ်းအားများပေး၍ အားပေးခြင်းဖြင့် ESIA လုပ်ငန်းစဉ် တိုးတက်လာစေနိုင်သည်။ ထိုလုပ်ငန်းစဉ်များ လုပ်ရာတွင်လည်း ဆိုးကျိုးသက်ရောက်မှု အများဆုံးရှိနိုင်သော စီမံကိန်းလုပ်ငန်းများကို အဓိကထားရန် လုပ်ဆောင်ရမည်။
- မည်သည့်နိုင်ငံမှ လာ၍လုပ်ကိုင်သည်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ စံသတ်မှတ်ချက်များ တပြေးညီလိုက်နာစေရန်လိုအပ်ကြောင်း အစိုးရကသတ်မှတ်ပေးစေရေး အားပေးရန်အတွက် အားလုံးပူးပေါင်းလုပ်ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် PSC များကို ပြုပြင်ပြောင်းလဲခြင်းများလုပ်၍ လုပ်ဆောင်ရမည် ဖြစ်သလို၊ ထိုသို့လုပ်ဆောင်မှုကြောင့် မျှတစွာယှဉ်ပြိုင်နိုင်သည့် လုပ်ငန်းလုပ်ကိုင်ရာတွင် သာတူညီမျှယှဉ်ပြိုင်နိုင်ခွင့်ကို ဖန်တီးပေးခြင်းလည်း ဖြစ်သည်။ PSC သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ငန်း ကုမ္ပဏီများကိုလည်းကောင်း၊ MOGE ကိုလည်းကောင်း ချည်နှောင်ထားသည်ဖြစ်၍ MOGE ၏လုပ်နိုင်စွမ်းအားကို မြှင့်တင်နိုင်သလို နိုင်ငံတကာ စံချိန်စံညွှန်းများကို အသုံးချစေရန်အတွက် အားပေးပေသည်။ (အစိုးရအတွက် အကြံပြုချက် အမှတ်စဉ် ၂ ကို ကြည့်ပါ)
- နိုင်ငံခြားကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီများအကြား အပြန်အလှန်သင်ယူခြင်းကို မြှင့်တင်ပါ။ ကောင်းမွန်သည့် လုပ်ငန်းအလေ့အထများ(ဥပမာ-လုံခြုံဘေးကင်းရေးဆိုင်ရာ၊ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာဘက်တွင်) မြှင့်တင်ပေးရန်အလို့ငှာ တိုတယ်(လ) TOTAL ကုမ္ပဏီမှစတင်၍ လုပ်ဆောင်နေသည့် မြန်မာကုမ္ပဏီများအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကုမ္ပဏီများအကြား ဆွေးနွေးပွဲများလုပ်ဆောင်နေခြင်းကို အားပေးမြှင့်တင်ပေးရန် လိုသည်။ ကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံသည့် အဖွဲ့အစည်းတစ်ခု ပေါ်ထွန်းလာသည့်အခါ ၎င်းအဖွဲ့အစည်းအနေဖြင့် အခုလိုလုပ်ဆောင်မှုများအား ဦးဆောင်လုပ်သွားနိုင်ပေသည်။ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိသော အပြုအမူများအား ထောက်ခံမည်လား (သို့မဟုတ်) ပစ်ပယ်မည်လားကိုသတ်မှတ်မည့် အနာဂတ်ပေါ်လစီ (သို့မဟုတ်) ဥပဒေများအပေါ် ထိုအဖွဲ့အစည်း၏ သဘောထားသည်လည်းကောင်း၊ ထိုသဘောထားရပ်တည်မှု ဖြစ်လာသည့်ဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှု အနေအထားသည်လည်းကောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ ကဏ္ဍ၏ ပေါင်းစုသက်ရောက်မှုများကို ဖော်ပြနိုင်သည့် ညွှန်းကိန်းများ ဖြစ်နေပေလိမ့်မည်။
- နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ စံသတ်မှတ်ချက်များကို စစ်တပ်နှင့်ရဲတပ်ဖွဲ့များက အသုံးပြုရန် လေ့ကျင့်သင်တန်းပေးရန်အတွက် အစိုးရအား ချဉ်းကပ်ဆောင်ရွက်ပါ။ ၂၀၁၃-၁၄ တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်အချို့ရသွားသော ကုမ္ပဏီများသည် လုံခြုံဘေးကင်းရေးဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာတို့တွင် သူတို့ ကိုယ်၌က လိုက်နာဆောင်ရွက်နေသော (the VPs) ကုမ္ပဏီများထံချဉ်းကပ်ခဲ့ကြသည်။ ထိုကုမ္ပဏီများသည် VP ကို အခြေခံကာ စစ်တပ်နှင့် ရဲတပ်ဖွဲ့များအား လူ့အခွင့်အရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများပေးရန်အတွက် VP ကို ထောက်ခံသောအစိုးရနှင့်အတူ လက်တွဲလုပ်ကိုင်သင့်သည်။ ဥရောပသမဂ္ဂ (EU) အနေဖြင့် မြန်မာရဲတပ်ဖွဲ့အား လူစုလူဝေးအား လုံခြုံဘေးကင်းသည့်ထိန်းသိမ်းနည်းများကို သင်တန်းများ စတင်ပေးနေပြီဖြစ်ပြီး ထိုလုပ်ငန်းများကို ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်။
- အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်အတွက် အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွင်း စွမ်းဆောင်ရည်မြင့်လာစေရန်အတွက် ပညာရေးနှင့်လုပ်ငန်း အတတ်ပညာသင်တန်းများ လုပ်ဆောင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေကြသော အဖွဲ့အစည်းများဖြင့် လက်တွဲလုပ်ကိုင်ရမည်။ လက်ရှိပေါ်ထွန်းနေသော ပညာရေးနှင့်လုပ်ငန်း အတတ်ပညာသင်တန်းများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအား ရည်ရွယ်မထားသည်ကို တွေ့ရသည် (ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေကြသော အဖွဲ့အစည်းများအတွက် အကြံပြုချက် အမှတ် ၃ ကို

ကြည့်ပါ)။ ပညာရေး၊ နည်းပညာ၊ အရည်အသွေးသတ်မှတ် အသိအမှတ်ပြုခြင်း အစီအစဉ်များကို ကုမ္ပဏီများ၊ အစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများက ပူးပေါင်းစီစဉ်ခြင်းအားဖြင့် ရေလတ်ကာလတွင် စွမ်းရည်ပိုင်းဆိုင်ရာ မပြည့်မီမှုများ ကင်းပနိုင်ရေးအတွက် အကူအညီ ဖြစ်စေမည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အတွက် အစီအစဉ်များက စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပေးလာနိုင်အောင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများပေါ်ထွန်းလာရေးအတွက် ဦးတည်ချက်ထားသင့်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ကုမ္ပဏီများသည် ဒေသက ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုကို ရရှိနိုင်သလို၊ ဒေသစီးပွားရေး အကျိုးစီးပွားကိုလည်း မြှင့်တင်နိုင်ပေသည်။

အစီရင်ခံစာ တစ်လျှောက်လုံးတွင် ပါဝင်သည့် ဇယား ၁၇ - ၂၃ အထိ ကြည့်ပါ။ စတင်လုပ်ဆောင်နေပြီဖြစ်သော လုပ်ငန်းများကို ပူးတွဲပေးထားပြီး ယင်းတို့သည် လုပ်ငန်းအတူဆောင်ရွက်နိုင်သော အဖွဲ့အစည်းများကို ညွှန်ပြနေပေသည်။

## အပိုင်း - ၇.၃

# အရပ်ဘက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

### ၁။ ESIA ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများ၊ လုပ်ငန်းစဉ်များအား တင်ပြရှင်းလင်းမှုများ ပြုလုပ်ရာတွင် တက်ကြွစွာပါဝင်ရန်၊ ESIA တွေ့ရှိချက် အစီရင်ခံစာများအား ခွဲခြမ်းစိတ်ဖြာလေ့လာပြီး အကြံပြုချက်များပေးရန်နှင့် ကုမ္ပဏီများအား တာဝန်ခံမှုရှိစေရန် တွန်းအားပေးရန်။

အစိုးရ၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် ရိုးရှင်းစွာရေးသားထားသည့် စာမျက်နှာပေါင်းထောင်ချီသော ESIA အစီရင်ခံစာများကို ရေသားထားသော်လည်း မည်သည့်အခါ မဖတ်ကြခြင်းမှာ အခက်အခဲတစ်ခုဖြစ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီများ၏ လုပ်ငန်းလုပ်ဆောင်နေမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် တာဝန်ခံမှုများ တိုးမြင့်လာစေရေး တိုက်တွန်းဆောင်ရွက်ရန်ဖြစ်သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများအနေဖြင့် ESIAs နှင့် ESMPs များကိုလေ့လာရန် ကျွမ်းကျင်မှုများ လိုအပ်နေသေးသကဲ့သို့ ကုမ္ပဏီများမှ ၎င်းတို့၏ ကတိကဝတ်နှင့်အညီ တာဝန်ခံမှုရှိစွာလုပ်ဆောင်ရန် အစိုးရနှင့် ကုမ္ပဏီတို့နှင့်အချိန်ယူပြီး ချိတ်ဆက်လုပ်ဆောင်ကြရပါမည်။

### ၂။ မြန်မာ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အဖွဲ့ (MEITI) နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပြီး ၂၀၁၃ တွင် ချမှတ်ထားသော EITI စံသတ်မှတ်ချက်များ လိုက်ပါဆောင်ရွက်စေရန်အတွက် MEITI အားတိုက်တွန်းရန်။

မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများသည် အင်တာနက်နှင့် မိုဘိုင်းဖုန်းဆက်သွယ်ရေး ဆိုင်ရာတွင်ဖြစ်စေ၊ နိုင်ငံတကာ အရေးကိစ္စများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အတွေ့အကြုံအရ ဖြစ်စေအားနည်းနေခြင်း၊ အကန့်အသတ်များရှိနေသော်လည်း MEITI ၏ လုပ်ငန်းစဉ်တွင်ပါဝင် ပတ်သက်ရန်အတွက် တနိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆက်စပ်ဆောင်ရွက်ကြသည်မှာ အားရဖွယ်ဖြစ်သည်။ EITI အဖွဲ့ဝင်လောင်းအဖြစ် လျှောက်ထားခြင်းနှင့် အလုပ်အစီအစဉ်များ ပြီးမြောက်ခြင်းနှင့် အတူပေးထားသော ကတိများအပေါ် အသိအမှတ်ပြုစောင့်ထိန်းရန် ခက်ခဲသောညှိနှိုင်းမှုများဖြင့် ရှေးဆက်ပြီးလုပ်ကိုင်ကြရန် များစွာကျန်နေသေးပြီး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အခန်းကဏ္ဍတွင် စီမံအုပ်ချုပ်မှုများတိုးတက်လာရန် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးစားအားထုတ်မှုများ၊ ကတိကဝတ်များဆက်လက်ရှိနေရန် လိုအပ်ပါသည်။ ၂၀၁၃ EITI စံသတ်မှတ်ချက်များတွင် အကျိုးစီးပွားပိုင်ဆိုင်မှုထုတ်ဖော်ပြသခြင်းနှင့် စာချုပ်များကို ထုတ်ဖော်ပြသခြင်းကဲ့သို့သော ကိစ္စရပ်များကို အားပေးခြင်းနှင့် အမြင်များကို ထောက်ခံအားပေးခြင်း စသည့်နည်းလမ်းများကို MEITI တွင် ထည့်သွင်းလာနိုင်ပါက အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား ပိုမိုယုံကြည်မှု ရှိလာနိုင်ပါသည်။

### ၃။ EITI က လုပ်ဆောင်မည်ဟု ရည်ရွယ်သတ်မှတ်ထားချက်များတွင် မပါဝင်သည့် အခြားသယံဇာတ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ပါတ်သက်ဆက်နွယ်သူအားလုံး ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို ဆောင်ရွက်စေရေးအတွက် ကုမ္ပဏီများနှင့်အစိုးရကို အားပေးတိုက်တွန်းရန်။

နိုင်ငံ၏တွင်းထွက်သယံဇာတကဏ္ဍနှင့် ဆက်စပ်သော ပြဿနာများအပေါ် ကုမ္ပဏီများ၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများကြား ချိတ်ဆက်မှုဖြေရှင်းမှုများ အရင်ကမရှိခဲ့သည်အပေါ် အချို့ CSO များက MEITI ၏ ရည်ရွယ်လုပ်ဆောင်မည့် ရည်ညွှန်းချက်

များကိုချဲ့ထွင်ရန် စိတ်ထက်သန်နေကြသည်။ ၎င်းတို့အနေဖြင့် အခြားလုပ်ငန်းကဏ္ဍများတွင်ဖြစ်နေသည့် ပြဿနာများ အတွက်လည်း အဖြေရှာလိုကြပြီး ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု သာမက လူ့အခွင့်အရေးကိုလေးစားခြင်း၊ သဘာဝပတ်ဝန်းကျင်ကို အလေးထားခြင်းစသည့် ကျယ်ပြန့်သည့် အရေးကိစ္စများနှင့်ပတ်သက်၍ လုပ်ဆောင်လိုကြသည်။ ၂၀၁၃ EITI ပြုပြင်ပြောင်းလဲရေးတွင် ဒေသတွင်းရှိ ပါတ်သက်ဆက်နွယ်သူ အားလုံးပါဝင်သော အစုအဖွဲ့များအနေဖြင့် ဒေသခံပြည်သူများမှ ဦးစားပေးအနေဖြင့် လုပ်စေချင်သည့်ကိစ္စရပ်များကို သတ်မှတ်ပေးရန် အားပေးချိန်တွင် မြန်မာနိုင်ငံလို အဖွဲ့ဝင်လောင်းအသစ်အဖြစ် လျှောက်ထားသည့်နိုင်ငံအဖို့ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရသည့်ဝင်ငွေကို ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ရမည့် အရေးမှာ စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေသေးဟန်တူသည်။ အရပ်ဘက်အဖွဲ့အစည်းများက စိုးရိမ်စရာကောင်းသည်ဟု သတ်မှတ်ထားသော အရေးကိစ္စများကို (ထိုကိစ္စများအထဲမှ အများစုကို SWIA တွင် ထည့်သွင်းဖော်ပြထားသည်) ဖြေရှင်းနိုင်ရန်အတွက် ပါတ်သက်ဆက်နွယ်သူ အားလုံးပါဝင်သော အစုအဖွဲ့များမှ ဆွေးနွေးတိုင်ပင်သောပွဲများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနအနေဖြင့်လည်း ၎င်းဆက်ဆံဆွေးနွေးပွဲများ ဖြစ်လာစေရန်အတွက် ကူညီရန်အသင့် ရှိပါသည်။

## ၄။ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သည့် သတင်းများကို မီဒီယာများသို့ ပို၍ပေးပို့ရန်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍဖြစ်သည့်အတွက် ကုမ္ပဏီနှင့်အစိုးရပိုင်းက တာဝန်ယူမှု၊ ဤကဏ္ဍတွင်ပွင့်လင်းမြင်သာမှု၊ ဤကဏ္ဍအပေါ်ပြည်သူအများနားလည်မှု စသည့်နေရာများတွင် တိုးတက်လာစေရန်အတွက် ထိုကဏ္ဍရှိ သက်ရောက်မှုရှိသည့် အကြောင်းအရာများကို  သတင်းမီဒီယာများသို့ ပေးပို့ခြင်းကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။

# အပိုင်း - ၇.၄

# ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ/ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ၏ မိခင်နိုင်ငံအစိုးရများသို့ အကြံပြုချက်များ

၁။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင်ပို၍ ကောင်းမွန်သည့်အုပ်ချုပ်မှု၊ ပို၍ကောင်းမွန်သည့် စီမံခန့်ခွဲမှုစသည်တို့ပေါ် ထွန်းလာရေးအားပေးရန်၊ ၎င်းလုပ်ငန်း၏ကောင်းမွန်သော သက်ရောက်မှုများ ရရှိရန် သေချာစေရေးအတွက် အစီအစဉ်များလုပ်ဆောင်ရန်။

## လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- မြန်မာ့ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (MEITI) လုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီထောက်ပံ့ရန်နှင့် ၂၀၁၃-ခုနှစ် EITI စံသတ်မှတ်ချက်များတွင်ပါသည့် ရွေးချယ်စရာ နည်းလမ်းများကို ထည့်သွင်း၍ ပွင့်လင်းမြင်သာမှုအဆင့် မြင့်တက်လာစေရေးကို အားပေးရန်။
- MEITI ကို အခြေခံကာ ပွင့်လင်းမြင်သာမှုတိုးတက်လာစေရေး လုပ်ဆောင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများအား ထောက်ပံ့ကူညီရန်။ ထိုသို့ လုပ်ဆောင်ရာတွင် လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့် ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများကို အကြောင်းပြု၍ ဆန္ဒထုတ်ဖော်သူများကို ရာဇဝတ်မှုအဖြစ် လုပ်ဆောင်နေခြင်းကို ဖျက်သိမ်းခြင်းဖြင့် ထိုသူများအား အကာအကွယ်ပေးနိုင်မည်ဖြစ်သလို ၎င်းတို့အား လက်တုံ့ပြန်ခံရမည့် အရေးနှင့် ထောင်ချခံရမည့်အရေးကို ကြောက်ရွံ့နေသည့်အဖြစ်မှလွတ်မြောက်အောင် ပြုလုပ်ပေးနိုင်လိမ့်မည်။ ထိုသို့ သက်ရောက်မှုများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကြောင့်လည်း သက်ရောက်ရန် အလားအလာရှိသကဲ့သို့ အမှန်တကယ်လည်း သက်ရောက်နိုင်သည်။
- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရှုပ်ထွေးမှု (confusion)နှင့် ပုံစံတူများ (duplication) ဖြစ်နေခြင်းတို့အား ရှောင်ရှားနိုင်စေရန် ထိုကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်ရေးကို ပြင်ဆင်ဆောင်ရွက်နိုင်သော စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများအား ကူညီဆောင်ရွက်ရန်နှင့် လမ်းညွှန်များကို အတူတကွ ပါဝင်ဆောင်ရွက်ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် စွမ်းအင်မူဝါဒ မူဘောင်ကို အခြေပြုကာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချဉ်းကပ်ဆောင်ရွက်နေသော ADB နှင့် JICA တို့၏ လုပ်ငန်းများနှင့် UNDP မှ လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေသည့် သဘာဝသယံဇာတဆိုင်ရာ မူဝါဒ မူဘောင်လုပ်ငန်းစဉ်များတွင် နီးနီးကပ်ကပ် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ကဏ္ဍအတွက် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီသော ခေတ်နှင့်အညီ စာချုပ်စာတမ်းများ ပြုပြင်မွမ်းမံရန်၊ SWIA တွင် အကြံပြုထားသည့် ကောင်းမွန်သော ဆောင်ရွက်ပုံ အလေ့အထများကို တက်ကြွစွာ ဆောင်ရွက်ရန် (အပိုင်း ၇.၁ နှင့် အကြံပြုချက် နောက်ဆက်တွဲကို ကြည့်ပါ)နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာဥပဒေဆိုင်ရာအတတ်ပညာများကို အစိုးရသို့ ထောက်ပံ့ကူညီရေး လုပ်ငန်းများအား ရန်ပုံငွေများ ဖြည့်ဆည်းပေးရန်။
- အများပါဝင်သော လယ်ယာမြေမူဝါဒ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ကူညီရန်။ ထိုသို့လုပ်ဆောင်ရာတွင် လယ်သမားများအား အကာအကွယ်ပေးရန်နှင့် ကူညီရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်း၊ လယ်ယာမြေ အမြောက်အများကို အသုံးပြုခြင်းအား ထိန်းညှိနိုင်သော မဟာဗျူဟာမြောက် ရေရှည်မြေအသုံးချမှု လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်သော စွမ်းဆောင်ရည်များအား အစိုးရသို့ ထောက်ပံ့ပေးရန်။

- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တွင်းထွက်သယံဇာတလုပ်ငန်းကဏ္ဍတွင်ဒေသခံကုမ္ပဏီများမှဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့၍ အကျိုးအမြတ်များရရှိလာစေရေးအတွက် ၎င်းတို့အား စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို ထောက်ပံ့ပေးရန်။
- လုပ်ငန်းကဏ္ဍမှ နိုင်ငံအတွက် အကျိုးအမြတ်များ အပြည့်အဝရရှိစေရန် လိုအပ်သော ကျွမ်းကျင်မှုအဆင့် တိုးတက်ရေး အစီအစဉ်များကို ထောက်ပံ့ကူညီရန်။ ထိုသို့လုပ်ဆောင်ရာတွင် အများပါဝင်သော ပညာရေးကဏ္ဍအား ပြန်လည်ဆန်းစစ်ခြင်း (CESR)၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်း (TVET) များ ဖော်ဆောင်နိုင်ရေး နည်းပညာများနှင့် ILO မှ လက်ရှိ ဆောင်ရွက်နေသော မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သစ် (new investment strategies) တွင် မျိုးဆက်သစ်များအား ပိုမိုအလုပ်ခန့်ထားခြင်းများပါရှိလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုအား ထောက်ပံ့ရန်။

## ၂။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေမူဘောင်များ အား ကောင်းလာစေရေးအတွက် ထောက်ပံ့ရန်။

### လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- ESIA လုပ်ငန်းများအတွက် ထိရောက်ကောင်းမွန်သည့် မူဘောင်များအား အစိုးရသို့ မိတ်ဆက်ပေးခြင်းနှင့် ADB၊ JICA နှင့် World Bank တို့မှ ပူးပေါင်းဆောင်ရွက်နေသော ESIA လုပ်ထုံး လုပ်နည်းများကို အားပေးထောက်ပံ့ရန်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများနှင့် တခြားသော စီးပွားရေးလုပ်ငန်းများမှ စည်းကမ်းစနစ်ကျ ဆောင်ရွက်နိုင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝဆိုင်ရာဥပဒေများအား မွမ်းမံပြင်ဆင်ရေးကို တိုးမြှင့်ထောက်ပံ့ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် ဥပဒေမူကြမ်းမထွက်မီ ကျွမ်းကျင်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများကြား တွေ့ဆုံဆွေးနွေးမှု များ လုပ်ဆောင်သင့်သည်။
- လက်ရှိကြားကာလတွင် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသော လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများမှ အစိုးရအား နိုင်ငံတကာ စံချိန်စံနှုန်းများ (ဥပမာ- အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ လုပ်ငန်း ဆောင်ရွက်ပုံဆိုင်ရာ စံသတ်မှတ်ချက်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာလမ်းညွှန်များ) ကို ကိုးကား၍ ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများတွင် ထည့်သွင်းလာစေရေးကို အားပေးသင့်သည်။
- အစိုးရမှ အလုပ်သမားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုစွမ်းရည်မြင့်မားစေရန် ပံ့ပိုးဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ILO မှတစ်ဆင့်လည်း ဆောင်ရွက်နိုင်သည်။
- ကောင်းမွန်သော တိုင်ကြားနိုင်သည့် စနစ်ဖြင့် ပြည်သူများ၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မြန်ဆန်စွာ အောင်မြင်နိုင်ရေး ပြောင်းလဲပြင်ဆင်မှုများအား ထောက်ပံ့ရန်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများနှင့် ထိရောက်စွာ စေ့စပ်ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သတင်းမီဒီယာများမှ ESIA ဆောင်ရွက်မှုများ အပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို တင်ပြနိုင်သည့် စွမ်းဆောင်ရည်များမြှင့်တင်ခြင်း အစီအစဉ်များအား ထောက်ပံ့ကူညီရန်။

## ၃။ နိုင်ငံတကာ ကုမ္ပဏီများမှ လူ့အခွင့်အရေးအား လေးစားလိုက်နာရန် တာဝန်ဝတ္တရားများကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အားပေးရန်။

### လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- နိုင်ငံခြားကုမ္ပဏီများ၏အစိုးရမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် ၎င်းတို့နိုင်ငံမှ ကုမ္ပဏီများလိုက်နာရန် ဥပဒေဆိုင်ရာ မျှော်လင့်ချက်များကို ကြိုတင်၍ဖော်ပြသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုဘောင်များနှင့် OECD ၏ နိုင်ငံပေါင်းစုံပါဝင်သော လုပ်ငန်းများဆိုင်ရာ လမ်းညွှန်များမှ ဆက်စပ်သောအချက်များကို ၎င်းတို့ မည်သို့ကျင့်သုံးသင့်ကြောင်း အစိုးရ၏ရှင်းလင်းသော မျှော်လင့်ချက်များ ပါဝင်သင့်သည်။ ထို့အပြင် မြန်မာဥပဒေများ အဆင့်မြင့်စံနှုန်းများဖြင့် ခိုင်မာစွာရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိသည့် အခိုက်အတန့်တွင် ၎င်းကုမ္ပဏီများမှ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ လုပ်ငန်းဆောင်ရွက်ပုံဆိုင်ရာ စံသတ်မှတ်ချက်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ လမ်းညွှန်များကို ကျင့်သုံးလုပ်ဆောင်ရန်ကိုလည်း အားပေးသင့်သည်။
- ခေတ်မီသောအစီရင်ခံရာလိုအပ်သည့်အချက်အလက်များ (reporting requirement) ပုံစံ တစ်ခုဖြစ်လာစေရန် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် အစီရင်ခံရန်လိုအပ်သည့်ပုံစံကို သုံးသပ်၍ ရွေးချယ်ဆောင်ရွက်ရန် အားပေးသင့်သည်။

## ၄။ မြန်မာအစိုးရနှင့် ညှိနှိုင်းပြီး ရင်းနှီးမြှုပ်နှံမှုများ၊ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်များတွင် တာဝန်ယူမှုရှိသောစီးပွားရေးဆောင်ရွက်ပုံ အလေ့အထများ ခိုင်မာစွာ ပါဝင်စေရေး သေချာစွာဆောင်ရွက်ရန်။

### လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- ရင်းနှီးမြှုပ်နှံမှု/လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်များတွင် နိုင်ငံတစ်ခုချင်းစီ၏ အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများ (နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်၏ တာဝန်ဝတ္တရားများ ပါဝင်ရန်) ရှင်းလင်းစွာပါဝင်ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများကိုလည်း သေချာစွာကိုးကား၍ ၎င်းစာချုပ်များတွင် ထည့်သွင်းရန်။
- သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝနှင့် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မှုများ တိုးတက်လာစေရန်အတွက် ပြည်တွင်းမူဝါဒများပြုပြင်ပြောင်းလဲမှုပြုလုပ်နိုင်ရန် နှစ်ဘက်စလုံး၌ မူဝါဒပြုပြင်မှုများအား လက်ခံနိုင်သည့် အနေအထားရှိရမည်။
- လိုအပ်သော မူဝါဒအခြေအနေကို ပြောင်းလဲမှုပြုနိုင်မည့်အခြေအနေရှိရန် လိုအပ်သည်။ ထိုအပြင် အစိုးရမှ ခိုင်မာစွာဆောင်ရွက်ထားသော သဘောတူညီချက်များတွင် တာဝန်ယူမှုရှိသော စီးပွားရေးဆောင်ရွက်ပုံ အလေ့အထများအား ကန့်သတ်ထားခြင်းမျိုး ထည့်သွင်းပါဝင်မှု မရှိရန်လည်း သေချာစွာ ဆောင်ရွက်သင့်သည်။

၇

၇.၄

## အပိုင်း - ၇.၅

# ရင်းနှီးမြှုပ်နှံသူများသို့ အကြံပြုချက်များ

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအဆင့် တိုးမြင့်လာစေရန် due diligence များကို သိသာထင်ရှားစွာ ကြိုးပမ်းဆောင်ရွက်ပါ။

ထိုသို့လုပ်ဆောင်ရာတွင် due diligence များအတွက် မူဝါဒများ၊ စနစ်များ၊ အစီရင်ခံချက်များ၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး စိန်ခေါ်မှုများနှင့်ဆက်စပ်သော တုန့်ပြန်ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရာတွင် ပါဝင် လုပ်ဆောင်သင့်သည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်း၍ ထို ကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ ၎င်းတို့၏ဆက်စပ်လုပ်ငန်းများတွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီ သော (သို့မဟုတ်) ပိုလွန်သော တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသလား ဆိုသည်ကို သေချာစေရန် ဆောင်ရွက်ပါ။

ထိုသို့လုပ်ဆောင်ရာတွင် တိုက်ရိုက်စေ့စပ်ညှိနှိုင်းခြင်း (သို့မဟုတ်) အစုအစပ်ပါဝင်သူများ၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်သည်။

၃။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စီးပွားရေးလုပ်ဆောင်နေသော ကုမ္ပဏီများမှ အန္တရာယ် များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်သောသက်ရောက်မှုများကို ၎င်းတို့ မည်သို့ စီမံခန့်ခွဲ ကြောင်းအစီရင်ခံစာတွင် ထည့်သွင်းတင်ပြရန် တိုက်တွန်းသင့်သည်။

ထိုသို့ ထုတ်ဖော်သည့် အစီရင်ခံစာများတွင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ အတွက် အစီရင်ခံရန် လိုအပ်သည့်အချက်အလက်များ (reporting requirement) အား မူဘောင်အဖြစ် ထည့်သွင်းအသုံးပြု နိုင်သည်။

# အပိုင်း - ၇.၆

# စုပေါင်းသက်ရောက်မှုနှင့်ပတ်သက်၍ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော အုပ်စု၊ အဖွဲ့အစည်းများသို့ အကြံပြုချက်များ

## ၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ ပြည်ထောင်စုအစိုးရ၊ ကုမ္ပဏီများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အတူတကွပူးပေါင်း၍ ဖြစ်နိုင်ဖွယ်ရှိသော စုပေါင်းသက်ရောက်မှုများအား တားဆီးရန် (သို့မဟုတ်) လျှော့ပါးစေရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သင့်သည်။

ဆက်စပ်သက်ရောက်မှုများသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြောင့် သက်ရောက်လာနိုင်ဖွယ်အဆင့်ကို ကြိုတင်မျှော်မှန်း၍ လုပ်ဆောင်ထားသင့်ကြောင်း SWIA တွင် မီးမောင်းထိုးပြထားသည်။ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့်တွင် တခြားသောလုပ်ငန်းကဏ္ဍများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း သက်ရောက်နိုင်သည်။ သဘာဝသယံဇာတစီမံကိန်းများကြောင့် ဆက်စပ်သက်ရောက်မှု၏ ဖြစ်လာနိုင်သည့်အန္တရာယ်များကို သတ်မှတ်၍ ၎င်းတို့အား စွမ်းအင်မူဝါဒ၊ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာစီမံကိန်း (Energy Master Plan) နှင့် သဘာဝသယံဇာတ မူဝါဒတို့တွင် ထည့်သွင်းကျင့်သုံးရန် လိုအပ်သည်။ ထိုဆက်စပ်သက်ရောက်မှုများကို တားဆီးရန်နှင့် လျှော့ပါးစေရန် ကြိုတင်၍ တက်ကြွစွာဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကုမ္ပဏီများပါဝင်သော စုပေါင်းလုပ်ငန်းစဉ်များ လိုအပ်သည်။ ဖြစ်နိုင်လျှင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ/ပြည်ထောင်စုအစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) နှင့် တခြားသော ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

### လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ/ပြည်ထောင်စုအစိုးရများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) (တခြားသေ သက်ဆိုင်သည့် ဝန်ကြီးဌာနများ) နှင့် ကုမ္ပဏီများကြားစုပေါင်းသက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသည့်နယ်မြေများကို သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။
- စံနှုန်းထားနှင့်ကိုက်ညီသည့်ပုံစံများ သတ်မှတ်ထားရှိနိုင်ရန်၊ လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် အထူးသဖြင့် ကမ်းလွန်ဆိုက်စမစ် (seismic) လုပ်ငန်းများကဲ့သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းအများအားတစ်နေရာတည်းတွင် လုပ်ဆောင်သောနေရာဒေသများတွင် ကနဦးလေ့လာဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်ပြီးတွေ့ရှိချက်များအားလည်း အစိုးရထံ ပေးပို့ရန် လိုအပ်သည်။
- ဆက်စပ်သည့်နယ်မြေများတွင် ပြုလုပ်မည့် စီမံကိန်းအဆင့် ESIA အစီအစဉ်များကို ဝေငှခြင်းများပြုလုပ်ရန်။ ထိုသို့ ဝေငှခြင်းကြောင့် ESIA အတွက် အဓိက မီးမောင်းထိုးပြထားသော စိုးရိမ်ချက်များကို သတ်မှတ်ရန် အကူအညီဖြစ်စေမည်။ ထိုစိုးရိမ်ချက်များသည် ဖြစ်လာနိုင်ဖွယ်ရှိသော ဆက်စပ်သက်ရောက်မှုအား ညွှန်ပြရာ (indicator) တစ်ခု ဖြစ်လာနိုင်သည်။ နီးနီးကပ်ကပ် (သို့မဟုတ်) ပူးပေါင်းလုပ်ဆောင်သည့် ESIA ဆန်းစစ် လေ့လာချက်များတွင် ဆက်စပ်သက်ရောက်မှုသည် ထိရောက်သေချာစွာ ဆောင်ရွက်နိုင်ရေးအတွက် ရွေးချယ်စရာ နည်းလမ်း တစ်ခုလည်း ဖြစ်လာနိုင်သည်။ ၎င်းတို့မှာ ဒေသဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရဌာနများ၏ လုပ်ငန်းအစိတ်ပိုင်းများကို စီမံဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည် တစ်ခုအဖြစ်လည်း အထောက်အကူဖြစ်နိုင်သည်။

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍနှင့် ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာ တွင်လူပုဂ္ဂိုလ်ပြောင်းလဲဆွေးနွေးခြင်းမရှိဘဲ အမြဲတစေမေးမြန်းဆွေးနွေးပြီး ပုဂ္ဂိုလ်များအား အထပ်ထပ်အခါခါ ဆွေးနွေးညှိနှိုင်းမှုမျိုးကို ရှောင်ရှားရန်နှင့် ပူးပေါင်းဆောင်ရွက်သည့် ချဉ်းကပ်မှု (coordinated approach) မျိုးကိုရွေးချယ်ရန်လိုသည်။ ထိုသို့လုပ်ဆောင်ရာတွင ပါဝင်ပတ်သက်သူများ၏ ဆက်စပ်သက်ရောက်မှုနှင့်ပတ်သက်သော အကြီးမားဆုံးသော စိုးရိမ်ချက်များကို အတူတကွအဖြေရှာဆောင်ရွက်ရန်၊ လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံ မှုများ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (social joint investment Programme) များကို ထည့်သွင်းသင့်သည်။